# ဒုတိယအကြိမ်
# ရှမ်းပြည်နယ်လွှတ်တော်
# (၂၀)ကြိမ်မြောက်ပုံမှန်
# အစည်းအဝေး
# မှတ်တမ်း

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ | ၁ |
| (၂) | ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၄) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၃ |
| (၅) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၃ |
| (၆) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။ | ၆ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၀ |
| (၈) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၂၇ |
| (၉) | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၂၇ |

(က) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အစိုးရ ဒုတိယသက်တမ်းကာလအတွင်း မေးမြန်းခဲ့သည့် မေးခွန်း၊ အဆိုများနှင့်ပတ်သက်၍ လွှတ်တော်ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့်လုပ်ငန်းများ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၇

(၂) **"ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းကျေးရွာအနီးရှိ နမ့်ခင်ချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် သဲနုန်းပြန်လည်တူးဖော် ပေါင်ဆင့်ခြင်းလုပ်ငန်းအား ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀

(ခ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စုတွင် ထီအိုးနောင်ကျေးလက် ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦ ရရှိရေး စီမံဆောင်ရွက်ပေးမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅

(၂) **"လွိုင်လင်မြို့နယ်၊ ကုန်းယောကျေးရွာအုပ်စုတွင် ခေးဟွမ် ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦတည်ဆောက်နိုင်ရေး စီမံဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅

(ဂ) ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွာငံမြို့နယ်၊လယ်ကိုင်းကျေးရွာအုပ်စု၊ လယ်ကိုင်းကျေးရွာတွင် MPT ဆက်သွယ်ရေးတာဝါတိုင် သို့မဟုတ် အခြားဆက်သွယ်ရေးတာဝါတိုင် (၁)တိုင်အား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၇

(ဃ) ဗိုလ်မှူးပြည့်ဖြိုးအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **"ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသော ရေအရင်းအမြစ်မှ ရေကောင်းရေသန့် လုံလောက်စွာရရှိရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၉

( င) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“Covid- 19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရသည့် ပြည်သူလူထုများထံသို့ သွားရောက်ကူညီလှူဒါန်းမှု”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၂

(၂) **“မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ နမ့်ဆင်ချောင်း မြေသား ကျောက်စီနံရံ အလျား(၁၄၀၀)ပေအား တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၆

( စ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **“ပင်းတယမြို့နယ်၊ ရွှေပုထိုးကျေးရွာအုပ်စု၊ ရွှေပုထိုးကျေးရွာ အနီးရှိ အင်းယားကန်၏ ရေပြင်ဧရိယာ၊ ကန်နယ်နိမိတ် ဧရိယာ မည်မျှရှိကြောင်း သိရှိလိုပါသည်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၄၈

(၂) **“ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းလီကျေးရွာ ရေရှားပါးမှုပြဿနာကို မည်သို့စီမံဆောင်ရွက်ပေးမည်”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၈

(ဆ) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရွာငံမြို့နယ် အတွင်း တယ်လီဖုန်းလိုင်းမရှိ၍ ဆက်သွယ်ရန် အခက်အခဲရှိသော ကျေးရွာ(၁၆)ရွာအတွက် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက် ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၀

( ဇ) ဗိုလ်ကြီးမျိုးကိုကိုဝင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **“ရပ်စောက်မြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် (၁၇၀×၃၀)ပေ RC နှစ်ထပ် ကျောင်း ဆောင်သစ် ဆောက်လုပ်ပေးရန်နှင့် စာသင်ခုံများ ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၃

(၁၀) ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကအဆိုပြုသော ရှမ်းပြည်နယ်အဆင့်အဖွဲ့အစည်း ဝင်ပုဂ္ဂိုလ်များဖြစ်သည့် **“ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး (၂)ဦး”**၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာခြင်း။ ၅၆

(၁၁) **"ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများ"** အဖြစ် အမည် စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၅၆

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၅၈

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း)တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။ ၆၆

(၁၄) ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသော **"ရှမ်းပြည်နယ်တရား လွှတ်တော် တရားသူကြီး (၂)ဦး"** ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူခြင်း။ ၆၇

(၁၅) ဒေါ်နန်းစံပွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သောစနစ်ဖြင့် ရေတိုရေရှည် စီမံချက်များ ချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံး အဖြတ်ရယူခြင်း။ ၆၈

(၁၆) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၇၂

(၁၇) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှု များကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၇၃

(၁၈) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၇၈

(၁၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နား ကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၇၈

**( ခ) (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၁

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၁

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၁

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၈၂

(၅) ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၈၄

(က) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"သိန္နီမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဟိုဝိန်း ကြာကန်အနီးတွင် ဆက်သွယ်ရေးတာဝါတိုင် ဆောက်လုပ်ထားခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၄

( ခ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအားလုံးအတွက် အထက်တန်းပြ ဆရာ/ ဆရာမ (၄၃)ဦး လိုအပ်နေမှု"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၉၀

(၂) **"ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စုရှိ မြို့ကြီးဆည်အား မည်သို့ပြုပြင်ထိန်းသိမ်းကာကွယ်ပေးမည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၉၂

( ဂ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်ကျေးရွာအုပ်စုရှိ ဝမ်ဆောင်းလယ်ရေပေးမြောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၇

(ဃ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"လွိုင်လင်မြို့နယ်ရှိ မိုင်းပွန်- ခဲလုံ- ကောင်းတန်ကျေးလက်ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၉

(၂) **"၂၀၂၀ ပြည့်နှစ် စိုက်ပျိုးရာသီတွင် ရိတ်သိမ်းထွက်ရှိမည့် အစေ့ထုတ်ပြောင်း ဈေးကောင်းရရှိရေးနှင့် တည်ငြိမ်ခိုင်မာသော ဈေးကွက်ပေါ်ထွန်းရေးအတွက် မည်သို့ စီမံဆောင်ရွက်ထားသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၂

(င) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းကိုင်မြို့နယ်၊ ဟမ်းငိုင်းကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းပြ ဆရာ/ ဆရာမ ခန့်ထားနိုင်ရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၅

(စ) ဗိုလ်ကြီးရဲနောင်ဇော်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ **"ရှမ်းပြည်နယ်အတွင်း လျော့နည်းလာသောမြေအောက်ရေချို အရင်းအမြစ်များအား ပြန်လည်ဖြည့်တင်းရန်မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၇

(ဆ) ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွာငံမြို့နယ်၊ မြင်းကျုဒိုးကျေးရွာအုပ်စု၊ ရေလှကျေးရွာနှင့် ရနဲကျေးရွာအုပ်စု၊ မင်းပလောင် ကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပေးရန်နှင့် အရှည်(၈၀)ပေ တံတား(၁)စင်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၁

(ဇ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်ထောင်စု (Budget)ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ကြီးကြပ်၊ ထိန်းကျောင်းမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၅

(ဈ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်တွင် Covid- 19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြည်သူလူထုများထံသို့ ထောက်ပံ့ပစ္စည်းများ လှူဒါန်းရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၀

(ည) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသောအစားအသောက်ဥပဒေ၏ နည်းဥပဒေ အမြန်ဆုံးရေးဆွဲပေးရန်အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၂

(၄) ဒုတိယဗိုလ်မှူးကြီးလှိုင်းထွန်းအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ **"ကျိုင်းတုံမြို့နယ်အတွင်းရှိ ပြည်သူများအတွက် ကျေးရွာသုံး ထင်းစိုက်ခင်းများကို ဘဏ္ဍာရေးနှစ်အလိုက် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၂၅

(၆) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သောစနစ်ဖြင့် ရေတိုရေရှည်စီမံချက်များ ချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၂၉

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၃၁

(၈) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၃၆

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၄၁

(၁၀) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသောဈေးကွက် ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၄၅

(၁၁) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၄၉

(၁၂) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၅၀

(၁၃) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၅၃

(၁၄) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် မြေယာခွန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၁၅၃

(၁၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် မြေယာခွန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၆၆

(၁၆) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၁၆၇

(၁၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၇၃

**( ဂ) (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၇၄

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၇၅

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၇၅

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၇၅

(၅) **“ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး (၂)ဦး”** ခန့်အပ်ကြောင်း လွှတ်တော်သို့ ကြေညာခြင်း၊ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၁၇၇

(၆) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၇၈

(က) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ၏ **“၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၇ အရ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေများနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၈

( ခ) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏

(၁) **"မောက်မယ်မြို့နယ်အတွင်း၌ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက် ရှိသော လုပ်ငန်းများ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၆

(၂) **"မောက်မယ်မြို့နယ် စည်ပင်သာယာရေး နယ်နိမိတ် အတွင်း၌ အစိုးရဌာနဆိုင်ရာ ရုံးများအတွက် လျာထား သော မြေနေရာများ၊ စိုက်ခင်းများ၊ ဝန်ထမ်းအိမ်ရာ များ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၁

( ဂ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (EIA)နှင့် လူမှုအကျိုးသက်ရောက်မှု (SIA)နှင့်ပတ်သက်သည့် အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည် ဖော်ဆောင်ရွက်မှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၅

(ဃ) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဆဟောင်းကျေးရွာအုပ်စု အတွင်း အလျား(၃၆)ပေ၊ အမြင့်(၁၀)ပေရှိ နောင်တောင်-ဟွေဆန်းတံတားအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၁

( င) ဗိုလ်ကြီးဝင်းမင်းထွေး၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **"ရှမ်းပြည်နယ်အတွင်း လေအားမှ လျှပ်စစ် စွမ်းအင်ထုတ်လုပ်ရရှိနိုင်ရန်အတွက် စီမံကိန်းများချမှတ်ပြီး စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ် ရှိ/ မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၃

(စ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အာလူးစိုက်ပျိုးသော တောင်သူများ၏ အကျိုးစီးပွား ကာကွယ်နိုင်ရေး စီမံဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၇

(ဆ) ဒေါ်နန်းစံပှမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ ဖြန့်ဝေပေးရန် အစီအစဉ်ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၃

(ဇ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၈

(၂) **"လက်ရှိအစိုးရ၏ သက်တမ်းကာလတွင် ရှမ်းပြည်နယ်အတွင်းရှိ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၃

(ဈ) ဗိုလ်ကြီးထင်ကျော်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ **"အင်းလေးကန်ဧရိယာ ကျဉ်းမြောင်းလာမှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၇

(ည) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"Covid- 19 ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ စာသင်တိုက်များနှင့် ကျောင်းတိုက်များသို့ ပစ္စည်း(၄)ပါး ဆက်ကပ်လှူဒါန်းခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၇

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၃၉

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၄၆

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၄၇

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၆၂

(၁၁) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသောဈေးကွက် ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၆၃

(၁၂) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၆၈

(၁၃) ဒေါ်နန်းခင်ထားရီ၊ သီနီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၇၈

(၁၄) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၈၃

(၁၅) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၂၈၆

(၁၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာ ခြင်း။ ၂၉၁

**(ဃ) ဆုံးဖြတ်ချက်များ** ၂၉၂

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း
# ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်နေ့
# ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်
# [ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော် ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ် ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

ကျွန်ုပ်သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

အားလုံးထိုင်နိုင်ပါပြီ။ ယခု ကတိသစ္စာပြုပြီးတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မိမိနေရာသို့ ပြန်လည်နေရာယူရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ ပြည်နယ် လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက်

ဒီကနေ့ အစည်းအဝေးကို (၁၁၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၅.၆၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂- ၉- ၂၀၂၀ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၂) ဦးအာဗေလ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၃) ဦးဇုတ်ဒေါင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၄) ဦးယောသပ်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးဂူဆာ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၇) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၈) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၉) ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၀) ဦးခွန်ထွန်းလူ(ခ) ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၁) ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၂) ဦးအောင်သန်းထွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၃) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၁၄) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၁၅) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၆) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၁၇) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၈) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၉) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၀) ဗိုလ်ကြီးအောင်သက်ဦး၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၂၀) ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက်

ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါ တယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့အတူ လိုရာကောင်းကျိုး မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ယခုအချိန်ဟာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း (၅)နှစ် ပြည့်မြောက်တော့မဲ့ ကာလသို့ ရောက်ရှိလာပြီဖြစ်သလို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးအတွက် လိုအပ်သည့် အစီအမံများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ အဆင့်ဆင့်က တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေသည့်ကာလလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်တာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်၊ စောင့်ကြည့်ထိန်းကျောင်းရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြု တာဝန်များကို ဆောင်ရွက်ဖို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အလံတော်အောက်မှာ စုစည်းရောက်ရှိလာသူများ ဖြစ်ကြပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ နေရာဒေသ အသီးသီး၊ အလွှာ အသီးသီးနှင့် မတူကွဲပြားသော အဖွဲ့အစည်းများမှ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသော်လည်း ဘုံရည်မှန်းချက်ကတော့ ပြည်သူတို့၏ လိုအပ်ချက်နှင့် ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးဆိုတဲ့ ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ (၅)နှစ်တာကာလအတွင်း ကျွန်တော်တို့ တစ်တွေဟာ လွှတ်တော်တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်ခဲ့ကြပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ပုံရိပ်ကို ပုံဖော်ပေးသည့် သမိုင်းပေးတာဝန်များကို ထမ်းဆောင်သော ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါတယ်။ ကျွန်တော့်အနေနဲ့ဆိုလို့ရှိရင် လွှတ်တော်သက်တမ်းတစ်လျှောက် လွှတ်တော်ကိုယ်စားလှယ်များကို အတတ်နိုင်ဆုံး ကျောသားရင်သား မခွဲခြားဘဲနဲ့ ပြောဆိုပြုမူ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။ မထင်မှတ်ပဲ အားနည်းချက်များ၊ ချွတ်ယွင်းချက်များရှိပါကလည်းပဲ နားလည်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ပုံရိပ်ကောင်းခြင်း၊ မကောင်းခြင်း၊ လွှတ်တော်လုပ်ငန်း အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းတို့ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်သုံးသပ်ရမည့် အချိန်သို့ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိမိတို့ရဲ့ လုပ်ဆောင်ချက်နဲ့ စွမ်းဆောင်ရည်ကို ဆန်းစစ်သုံးသပ်သည့်နည်းတူ ကျွန်တော်တို့ကို ရွေးချယ်တာဝန်ပေးအပ်ထားတဲ့ မဲဆန္ဒရှင် ပြည်သူတွေကလည်းပဲ ယခုအချိန်ဆိုရင် ကျွန်တော်တို့တစ်တွေကို အကဲဖြတ်ပြီးသားလည်း ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီ(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်က မဖြစ်မနေ ဆောင်ရွက်ပေးရမဲ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို အဓိကထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းမှာပါဝင်တဲ့ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်းပြီး အထူးအစည်းအဝေး (၁/၂၀၂၀)မှာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး

ကော်မတီက စိစစ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းမဲ့ ဒီဥပဒေကြမ်း(၂)ခုအပေါ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ တင်ပြချက်နှင့်အတူ လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူသွားဖို့ ရှိပါတယ်။

ယခု လွှတ်တော်က အတည်ပြုပေးရမဲ့ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများဟာဆိုလို့ရှိရင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှာ စတင်ပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ ဖြစ်တဲ့အတွက် ဒုတိယအကြိမ် လွှတ်တော် သာမက တတိယအကြိမ် လွှတ်တော်ကပါ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမဲ့ အစီအမံ ဖြစ်ပါတယ်။

ဒီလွှတ်တော်အစည်းအဝေးမှာ ဆောင်ရွက်ရန် အကြောင်းအရာ တစ်ခုအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး (၂)ဦး ခန့်ထားရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ထံ အဆိုပြုတင်ပြပြီး ပြည်ထောင်စုတရားသူကြီးချုပ်ကလည်း သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ညီညွတ်မှု ရှိကြောင်း ပြန်ကြားချက်အရ ယခုအစည်းအဝေးမှာ အဆိုပါ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး(၂)ဦး ခန့်ထားခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောတူညီချက်ရယူဖို့လည်း ရှိပါတယ်။

ဒီလွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၁)ဦးတို့က ဩဂုတ်လ(၂၂)ရက်အထိ ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၃၇)ခု မေးမြန်း ဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး တို့က ဩဂုတ်လ (၁၇)ရက်နေ့အထိ ပေးပို့ထားတဲ့ အဆို(၄)ခု တင်သွင်းခြင်းကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျင်းပပြုလုပ်ခဲ့တဲ့ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် မြေယာခွန် ဥပဒေ(မူကြမ်း)ကိုလည်းပဲ ဒီအစည်းအဝေးမှာ အတည်ပြုဖို့လည်း ရှိပါတယ်။

လွှတ်တော်အစည်းအဝေးများကို ခေါ်ယူရတဲ့နေရာမှာ အများအားဖြင့် ပုံမှန်ဥပဒေ (Routine Laws) များဖြစ်ကြတဲ့ ဒေသန္တရစီမံကိန်း ဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများနှင့် ငွေစာရင်းများကို သတ်မှတ်ကာလအတွင်း အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန် ခေါ်ယူ

တာများပါတယ်။ ယခုအစည်းအဝေးမှာ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် ၂၀၂၀- ၂၀၂၁ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) တို့ကို အတည်ပြုပြီးပါက ဒီသက်တမ်းအတွင်းမှာ ပုံမှန်ဥပဒေအတည်ပြုခြင်းဟာ နောက်ဆုံးအကြိမ် ဖြစ်မှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့တစ်တွေဟာ လွှတ်တော် သက်တမ်း (၅)နှစ်ပြည့်တော့မဲ့ ကာလအတွင်းမှာ ပြည်သူ့အကျိုး၊ ပြည်နယ်အကျိုးနှင့် နိုင်ငံတော် အကျိုးအတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ လွှတ်တော်များအတွက် အခြေခံမူများဖြစ်သော ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု အားလုံးပါဝင် နိုင်မှုတို့ကို ဦးတည်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီအခြေခံမူ (၆)ချက်ဟာ ဥပဒေနဲ့ ပြဋ္ဌာန်းထားတာ မဟုတ်ပေမဲ့ လိုက်နာဖို့ လိုအပ်တဲ့ ကျင့်ဝတ်တွေ ဖြစ်ပါတယ်။ ဒီကျင့်ဝတ် အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအကြား အပြန်အလှန် ယုံကြည်မှုဟာ မြင့်မားလာမယ်လို့ မှတ်ယူပါတယ်။ လွှတ်တော်တာဝန်များကို ထမ်းဆောင်ရာမှာ အားသာချက်၊ အားနည်းချက်များ ရှိနိုင်မှာဖြစ်သလို သက်တမ်း (၅)နှစ်အတွင်း မပြီးပြတ်နိုင်သေးသော လုပ်ငန်းများလည်း ရှိနေဦးမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများကို ကျန်ရှိတဲ့ အချိန်အတွင်းမှာ ပြီးပြတ်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ် ပြောကြားလိုတာကတော့ မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းမှာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် စတင်ဖို့ အတွက် ပထမခြေလှမ်း ဖြစ်ပြီး၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဟာ ဒုတိယခြေလှမ်း ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ကျွန်တော်တို့ဟာ ဒုတိယခြေလှမ်းအတွက် တာဝန်ယူရုန်းကန်ကြရသူများ ဖြစ်ကြပါတယ်။ ဒီလိုရုန်းကန်လှုပ်ရှားဆောင်ရွက်ရာမှာ အထူးသဖြင့် (၁၀)စုနှစ်အထိ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ လှော်တက်ပဲ့ကိုင်တာဝန်ယူရတဲ့ ကျွန်တော်အတွက်ဆိုလို့ရှိရင် အတွေ့အကြုံများစွာ ရရှိစေ

ခဲ့ပါတယ်။ ရရှိတဲ့ အတွေ့အကြုံကပေးတဲ့ အသိတရား၊ အသိတရားကပေးတဲ့ သင်ခန်းစာများကိုလည်းပဲ များစွာရရှိခဲ့ပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုကာလဟာ COVID- 19 ကပ်ရောဂါကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက် Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်ရေး၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ညွှန်ကြားချက်များ၊ ကန့်သတ်ချက်များနှင့် စည်းကမ်းချက်များပါဝင်သော ပြည်သူသို့ ပန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်လျက်ရှိတဲ့ ကာလဖြစ်ပါတယ်။ အထူးသဖြင့် ပြည်တွင်းအချို့ဒေသတွေမှာ ရောဂါကူးစက်မှုနှုန်းဟာဆိုလို့ရှိရင် ရက်ပိုင်းအတွင်း များပြားလာတဲ့အတွက် အထူးသတိပြုရမည့် ကာလလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဘေးအန္တရာယ် မဖြစ်စေရေးအတွက် ဒီအစည်းအဝေးမှာ Social distancing အစီအမံများကို ဆောင်ရွက်ထားရှိပြီး အစည်းအဝေး ကျင်းပတဲ့ရက်ကိုလည်းပဲ ရက်တိုအတွင်းပြီးစီးအောင် စီမံထားတာကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နားလည်သဘောပေါက်မယ်လို့ ယုံကြည်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရောဂါဘေးအန္တရာယ်များမှ ကင်းဝေးကြပြီး အစည်းအဝေးမှာ ဆောင်ရွက်ရန်ရှိသည့် အစီအစဉ်များကို အောင်မြင်စွာ ပြီးစီးအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါလို့ နှုတ်ခွန်းဆက်စကား ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ မဲဆန္ဒနယ်အသီးသီးတို့မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ အခမ်းအနားမှူးများနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ အရာထမ်း၊ အမှုထမ်းများ၊ တက်ရောက်လေ့လာသူ

ပုဂ္ဂိုလ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်လာခဲ့သည်မှာ ၄ နှစ်တာ ကာလကျော်လွန်ခဲ့ပြီ ဖြစ်ပြီး ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအစီရင်ခံ လိုပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေး၊ ပြည်နယ် ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းချက်ထား၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိတဲ့ ပြည်နယ် ကြီးတစ်ခုဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄ ခု၊ ခရိုင် ၁၂ ခရိုင်၊ မြို့နယ် ၅၅ မြို့နယ်၊ မြို့ ၈၉ မြို့မှာ လူဦးရေ ၅၅ သိန်းခန့် မှီတင်းနေထိုင်လျက် ရှိပါတယ်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍအနေဖြင့် ရဲအရေးပိုင်မှု ၁၀၆၄၀ မှု၊ မော်တော်ယာဉ်မှု ၂၂၈၆ မှုတို့ကို အရေးယူဆောင်ရွက်ခဲ့ပြီး မှုခင်းအသိပညာ ပေးခြင်း ၁၁၂၃၁ ကြိမ်၊ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောမှု ၁၅၈ ကြိမ်၊ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှု ၇၁၆ ကြိမ်နှင့် လက်ကမ်းစာစောင် ဖြန့်ဝေ ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေနဲ့ အမှုပေါင်း ၂၉၀၀ ကျော် ရှိပြီး တရားခံ ၃၈၀၀ ကျော်နှင့် တန်ဖိုးငွေကျပ် ၃၃၁.၈ ဘီလီယံ ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပြီး (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့မှာ မြန်မာကျပ်ငွေ ၃၃၁.၈ ဘီလီယံ၊ အမေရိကန် ဒေါ်လာ ၂၂၈.၈ သန်းကျော် တန်ဖိုးရှိတဲ့ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီး ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှာ တရားမဝင်သစ် စုစုပေါင်းတန်ချိန် ၅၀၀၀ ခန့် ဖမ်းဆီးရမိပြီး တရားခံ ၄၅၀ ဦး၊ ယာဉ် ၃၂၃ စီးကို ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မီးသတ်ဦးစီးဌာနအား နယ်မြေစခန်း (၂)ထပ် ၁ ခု၊ နယ်မြေမီးသတ်စခန်း (၁)ထပ် ၄ ခု၊ ၄ ခန်းတွဲ (၂)ထပ် ၃ ခု၊ စုစုပေါင်း အဆောက်အဦ ၈ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး မီးသတ်ယာဉ်၊ ရာဖွေကယ်ဆယ်ရေး ပစ္စည်းနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများကို စုစုပေါင်း ရန်ပုံငွေ ကျပ် ၉၆၄.၀၈၃ သန်းဖြင့် ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပါတယ်။

စီမံကိန်းရည်မှန်းချက်များမှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ) ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို (နှစ်အလိုက် ဈေးနှုန်းများအရ) ကျပ် ၆,၇၂၀.၃ ဘီလီယံ အကောင်အထည်ဖော်ရန်နှင့် (၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ) ၅.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ရာ အောက်တိုဘာလမှ မတ်လကုန်အထိ ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းအရ) ကျပ် ၄,၂၅၆.၃ ဘီလီယံ ရရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၆၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ (၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန် ဈေးနှုန်းများအရ) ၈.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း တင်ပြအစီရင်ခံလိုပါတယ်။

ကုန်သွယ်ရေးကဏ္ဍမှာ စတုတ္ထတစ်နှစ်တာကာလတွင် နယ်စပ်ကုန်သွယ်ရေးစခန်း မူဆယ် (၁၀၅)မိုင်မှ ပို့ကုန်သွင်းကုန် ပမာဏမှာ အမေရိကန် ဒေါ်လာ ၅,၀၃၀.၄၉၆ သန်း၊ ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၄၇၄.၄၁၈သန်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၂၀.၂၄၅ သန်း ရရှိခဲ့ပြီး ကုန်သွယ်မှုပမာဏ တိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဟိုတယ်/ တည်းခိုရိပ်သာလိုင်စင်၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန် လိုင်စင်များကို ထုတ်ပေးနိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ပြည်တွင်း ဧည့် ၇.၄၇ သိန်း၊ ပြည်ပဧည့် ၃.၀၆ သိန်းနှင့် နယ်စပ်ဝင်ပေါက်များမှ နေ့ချင်းပြန်ဧည့် ၂၂.၁၄ သိန်း လာရောက်လည်ပတ်ခဲ့ပါတယ်။

ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်ချက်များအနေနဲ့ ရှမ်းပြည်နယ်ရှိ တစ်ခုတည်းသော တောင်ဇလပ်ပန်းပွင့်ရာနေရာဖြစ်သည့် ပင်းတယ၊ ရွာငံ၊ ရပ်စောက် (၃)မြို့နယ်ဆုံရာ နေရာမှာ တည်ရှိတဲ့ “ **အရှေ့မြင် အနောက်မြင်တောင် တောင်တက်ခရီးစဉ်**” ရုပ်သံမှတ်တမ်းကို

ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ပံ့ပိုးမှု၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်)၏ စီစဉ်မှုဖြင့် DVB ရုပ်သံမှ ရိုက်ကူးခဲ့ပါတယ်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှာ စိုက်ပျိုးထုတ်လုပ်သော သီးနှံများ အစားအစာဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်း၍ ဈေးကွက်ရရှိစေရန် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP ကို တောင်သူတစ်ဦးချင်းသော် လည်းကောင်း၊ တောင်သူအစုအဖွဲ့ဖြင့်သော် လည်းကောင်း၊ ကုမ္ပဏီများကို လည်းကောင်း GAP အသိအမှတ်ပြုလက်မှတ်ရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယနေ့အထိ ရှမ်းပြည်နယ်၏ အဓိကသီးနှံများဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများအပါအဝင် သီးနှံစုစုပေါင်း ၃၆ မျိုး၊ တောင်သူပေါင်း ၃၃၄၇ ဦး၏ စုစုပေါင်း ဧကတစ်သောင်းသုံးထောင်ကျော်အား GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းရှိတိုင်းရင်းသားတောင်သူများ အသိအမြင် ဗဟုသုတ ကြွယ်ဝစေရန် တောင်သူ အချင်းချင်း၊ အစုအဖွဲ့ အချင်းချင်းသော်လည်းကောင်း ကုမ္ပဏီလုပ်ငန်းရှင်များနှင့်သော် လည်းကောင်း၊ အချင်းချင်းချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးစုံညီပွဲတော်ကြီးကိုလည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ရှမ်းပြည်နယ်မှာ ပထမဆုံးအကြိမ်အနေဖြင့် စည်စည်ကားကားကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခု COVID-19 ကာလအတွင်းမှာလည်း ဒေသခံတိုင်းရင်းသားပြည်သူများ လူစုလူဝေးရှောင်ရှားနိုင်ရေးနှင့် ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လတ်ဆတ်သန့်ရှင်းသော ဟင်းသီးဟင်းရွက်များ စားသုံးနိုင်စေရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များ၊ ကျေးရွာအုပ်စုများမှာ Home Gardening စိုက်ပျိုးနိုင်ရေး မျိုးစေ့၊ ပျိုးပင်များ၊ မြေဩဇာများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်နဲ့ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

၎င်းအပြင် မိုးရာသီစိုက်ပျိုးရာသီချိန် ရောက်ရှိပြီဖြစ်တဲ့အတွက် မျိုးစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးချိန်မှာ FAW ငမြှောင်တောင် ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ၊

မိုးသီးနှံများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း နည်းစနစ်များ ကျင့်သုံးပြီးတော့ စိုက်ပျိုးနိုင်စေရန်အတွက် ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သဘာဝမြေသြဇာ ထောက်ပံ့ပေးခြင်း၊ မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခုဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အတွင်းရှိ ဆည်/ ကန် ၉၄၅ ခုရှိပြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော ဆည်/ ကန် ၄၂ ခု၊ ကျေးရွာဆည် ၂၉၇ ခု၊ န.တ.လ ဆည် ၁၃ ခု၊ ဖွံ့ဖြိုးရေးဆည် ၁၃၉ ခု၊ ပုဂ္ဂလိကဆည် ၄၄၈ ခု၊ အထူးဒေသ (၄) ဧရိယာအတွင်းရှိ ဆည် ၆ ခုတို့ဖြစ်ပြီး၊ အကျိုးပြု ဧကပေါင်း ၂.၉ သိန်းကျော်ကို အကျိုးပြုလျက်ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာနှစ်တွင် ဆည်/ ကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၁၄၈ ခုကို ရန်ပုံငွေ ကျပ် ၁၀.၈ ဘီလီယံနဲ့ ဆောင်ရွက်ခဲ့ရာမှာ စိုက်ပျိုးဧက ၈ သောင်းကျော်ကို အကျိုးပြုစေခဲ့ပါတယ်။

ပြည်နယ်ရန်ပုံငွေဖြင့် လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၊ စိမ့်စမ်းရေသွယ် လုပ်ငန်း၊ မြေအောက်ရေ တူးဖော်ရေး လုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်း ၅၀ ခုကို ရန်ပုံငွေကျပ် ၁.၅ ဘီလီယံနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ/ ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ရေ ရရှိရေးအတွက် ကျေးရွာပေါင်း ၅၅၀ ရွာမှာ လုပ်ငန်း ၄၄၇ ခုအား ငွေကျပ် ၈.၅ ဘီလီယံဖြင့် လည်းကောင်း၊ ကျေးလက်ကုန်ထုတ်လမ်းပေါင်း ၇၀ လမ်း၊ အရှည်မိုင် ၁၃၇ မိုင်၃ ဖာလုံနှင့် ကုန်ထုတ်တံတား ၉၂ စင်း၊ ၆၁၈ ပေအား ငွေကျပ် ၄ ဘီလီယံဖြင့် လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆိုလာမီးလင်းရေးလုပ်ငန်း အနေဖြင့် ငွေကျပ် သန်း ၁၀၀ ဖြင့် လျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဝင်မရ မြို့နယ်များမှအပ မြို့နယ် ၅၀ မြို့နယ်မှာ သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရန် ရည်ရွယ်ပြီးတော့ မြို့နယ်တစ်မြို့နယ်လျှင် ငွေကျပ်သန်း ၂၀ ဖြင့် ပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၁ ဘီလီယံ ထောက်ပံ့ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း မြစိမ်းရောင်ကျေးရွာအကောင်အထည်ဖော် ဆောင်ရွက်မှုအနေနဲ့ ၁၁၂ ယူနစ်၊ ကျေးရွာ ၁၄၀ ရွာတွင် လုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း နှစ်အလိုက် လူထုဗဟိုပြုစီမံကိန်း (Community Driven Development)အနေနဲ့ မြို့နယ်(၄)မြို့နယ်မှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေး (Village

Development Plan) စီမံကိန်းအနေနဲ့ ကျေးရွာပေါင်း ၆၄၉ ရွာကို လုပ်ငန်းပေါင်း ၇၄၅ ခုအား စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံလိုပါတယ်။

ရှမ်းပြည်နယ်အတွင်း စက်မှုလယ်ယာများဖော်ထုတ်ရေး စီမံကိန်းအနေနဲ့ သိန္နီမြို့နယ်၊ ကျိုင်းတုံမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့မှာ မြေဧက ၃၀၀ ကို ပြည်ထောင်စုရန်ပုံငွေနဲ့ လည်းကောင်း၊ အဆိုပါ မြို့နယ်(၃)မြို့နယ်၌ တစ်မြို့နယ်လျှင် ဧက ၂၀၀ စီ၊ စုစုပေါင်း ဧက ၆၀၀ အား ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လည်းကောင်း၊ မိုင်းတုံမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့မှာ ဧက ၃၄၀ တို့အား ပုဂ္ဂလိကတင်ဒါစနစ်ဖြင့် လည်းကောင်း၊ စုစုပေါင်း လယ်ယာမြေ ၁၂၄၀ ဧကအား ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

COVID-19 Economic Relief Plan အရ ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသများမှာ ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး အထောက်အကူပြုစေမည့် Cash for Work စီမံကိန်းအား ကျေးရွာ ၂၇၀ တွင်လည်းကောင်း၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ကျေးရွာ ၂၅၆ ရွာတွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မွေးမြူရေးကဏ္ဍအနေနဲ့ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၂၇ သန်းကျော်ခန့် တန်ဖိုးရှိတဲ့ မေထုန်မဲ့ သားစပ်လုပ်ငန်းသုံး ပစ္စည်းများကို ခရိုင်/ မြို့နယ် အသီးသီးသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ နယ်စပ်ဒေသလူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုရန်ပုံငွေ/ ပြည်နယ်ရန်ပုံငွေ ကျပ် ၃၇.၂ ဘီလီယံနဲ့ လမ်းတံတား လုပ်ငန်း၊ ရေရရှိရေး လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ ဦးစီးဌာနလုပ်ငန်း၊ ထောက်ပံ့လုပ်ငန်း၊ အခြားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အဆိုပါ နယ်စပ်ဒေများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုများမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ငြိမ်းချမ်းရေးရန်ပုံငွေနဲ့ ဆီဆိုင်မြို့နယ်၊ နောင်ထော် -ပွန်ချောင်း တံတားလမ်းပိုင်း ၃ မိုင်ကျော်မှာ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ၎င်းလမ်းပိုင်းတွင် ၁၀ ပေ Box Culvert ၁ စင်းတည်ဆောက်ခြင်းနှင့် ပွန်ချောင်း- ဇန်းမတ် ၆ မိုင်ကျော် လမ်းပိုင်းပေါ်မှာ ၁၀ ပေ Box Culvert ၁ စင်းတည်ဆောက်ခြင်းကို ငွေကျပ် ၃၂၂.၄ သန်းဖြင့် လည်းကောင်း၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု၊ ဘုရားကုန်း- ထိတဖြေ- ဒုံပုံးလမ်းပိုင်းမှာ ၄ မိုင်ကျော်

မြေသားလမ်း ဖောက်လုပ်ခြင်း၊ ၎င်းလမ်းပိုင်းမှာ ၅ ပေ Box Culvert ၅ စင်း၊ ၁၀ ပေ Box Culvert ၁ စင်းတို့အား ငွေကျပ် ၆၆.၁၄၉၀ သန်းနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်အတွင်း လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပြည်ထောင်စုလမ်း ၃၀ လမ်း၊ ပြည်နယ်လမ်း ၁၆၃ လမ်း၊ စုစုပေါင်း ၁၉၂ လမ်းရှိပြီး၊ စုစုပေါင်း လမ်းမိုင်အရှည် ၆၈၂၁ မိုင်ရှိကာ တစ်နိုင်ငံလုံး မိုင်အရှည်ရဲ့ လေးပုံတစ်ပုံခန့်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်တွင်း အစိုးရသစ်လက်ထက် စတုတ္ထ (၁)နှစ်တာကာလအတွင်း ကတ္တရာ ကွန်ကရစ် AC လမ်းခင်းခြင်း ၂ မိုင်၅ ဖာလုံ၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၅၇ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်လမ်းသစ်ခင်းခြင်း ၂၁ မိုင်၊ ကတ္တရာလမ်း တိုးချဲ့အဆင့်မြှင့်တင်ခြင်း ၉၂ မိုင်၇ ဖာလုံ၊ သံကူကွန်ကရစ်တံတား/ ရေပြွန် ၄၅၈ စင်းတို့ကို တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၁၈၀ ပေအထက် တံတားကြီးများအနေနဲ့ တာကော်တံတား ၁၁၅၀ ပေ၊ မိုင်းရှူးတံတား ၄၂၆ ပေ၊ ပွန်ချောင်းတံတား ၁၉၀ ပေ၊ နမ္မတူမြို့တွင်းတံတား ၂၈၀ ပေ၊ နမ့်ဝမ်း(၂) တံတား ၂၂၀ ပေ၊ တာဆန်းတံတား ၈၇၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့များသန့်ရှင်းသာယာလှပစေရေးအတွက် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အထိ နှစ်အလိုက်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို တင်ပြရမယ်ဆိုလျှင် ရွှေညောင်- ညောင်ရွှေလမ်း ကတ္တရာကွန်ကရစ် လမ်းပေါ်မှာ Road Line များရေးဆွဲခြင်း၊ မိတ္ထီလာ - တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း၊ လွိုင်လင်- ပန်ကေတု- သီပေါလမ်း တံတားအမှတ် (၂/၈) ကွန်ကရစ်တံတားအဟောင်းအား (၄၅ ပေ × ၃၀ ပေ) ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း တံတားအသစ် တည်ဆောက်ခြင်း၊ တောင်ငူ- လိပ်သို- ယာဒို- လွိုင်ကော်- ဟိုပုံးလမ်း မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းအား ၁၈ ပေ အကျယ်သို့ တိုးချဲ့ခြင်း၊ ပင်းတယ- သဲကုန်းလမ်း တံတားချဉ်းကပ်လမ်းတည်ဆောက်ခြင်း၊ ရွှေညောင်- ရပ်စောက်- အင်တော- ကျောက်ဂူ- တောင်ခမ်း- နောင်ချိုလမ်း ၃၄ ပေအကျယ် ကျောက်တောင် လမ်းချဲ့ခြင်း၊ နမ့်မျှော်- မိုင်းယော်- မိုင်းကျက်- ကာမိုင်း- ဟိုလီလမ်းအတွင်း လမ်းတာချဲ့ခြင်း၊

မန္တလေး- မိုးကုတ်- မိုးမိတ်- မဘိမ်း- စီဦ- ဗန်းမော်လမ်းရှိ နမ့်မိတ်တံတား (၃/ ၃၁) တည်ဆောက်ခြင်း၊ မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း ကတ္တရာကွန်ကရစ် ခင်းခြင်း၊ ကျိုင်းတုံ- လေယာဉ်ကွင်းလမ်း ကတ္တရာကွန်ကရစ်ခင်းခြင်း၊ တာလေမြို့ရှောင်လမ်း ၄၀ ပေအကျယ် မြေသားတာပေါင် တည်ဆောက်ခြင်း၊ တာချီလိတ်မြို့ရှောင်လမ်း ၄၀ ပေအကျယ် မြေသားတာပေါင် တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက် လျက်ရှိပါကြောင်း အစီရင်ခံ တင်ပြလိုပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို ဆက်စပ်ပေးရန် အင်တောမြို့ အတွင်းမှ သဘာဝတံတား (ပန်ဝ) အထိ ၃၆ မိုင် ၂ ဖာလုံ၊ သီပေါမြို့နယ်အတွင်း သဘာဝ တံတား(ပန်ဝ)မှ နမ့်လန်အထိ ၁၅ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၅၁ မိုင် ၆ ဖာလုံ ရှိတဲ့ ကျောက်ဂူ- နောင်ပိုး- နမ့်လန်လမ်းကို အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မိတ်ဖက်၊ အရပ်ဖက်၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် (Public Private Partnership) P.P.P အစီအစဉ်အရ B.O.T (Build Operate Transfer) စနစ်ဖြင့် လမ်း- တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကုမ္ပဏီ (၆)ခု နဲ့ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆင်းရဲနွမ်းပါးမှုလျော့ကျရေး ရည်မှန်းချက် အား အထောက်အကူဖြစ်စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရေး၊ ဆင်းရဲမှုလျော့ချရေးဆိုင်ရာ ဒေသဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်-၂) JICA ODA Loan နဲ့ ဟန်မြင့်မိုရ်- မြို့ကြီး- ရွာငံ- အောင်ပန်းလမ်းနှင့် တောင်ငူ- လိပ်သို- ယာဒို- လွိုင်ကော်- ဟိုပုံးလမ်းတို့ကို အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန် စေရန် ကျေးလက်လမ်းများကို ဂျာမန်ဖွံ့ဖြိုးရေးဘဏ် KfW နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မှာ KfW Phase I ၊ KfW Phase II ၊ KfW Phase III အနေနဲ့ ၉၇.၂ km ဆောင်ရွက်ပေးနိုင်ခဲ့ပြီး KfW Phase IV အနေနဲ့ တောင်ကြီးခရိုင်အတွင်းတွင် လှည်းကုန်း- မိုးနဲ- သရဖူ- ကျားတွန်- အင်းတိန်လမ်း၊ နောင်ပီ- တီးလုံ- မိုးဦး- နမ့်ဖာမူလမ်းအတွက် 41 km နှင့် လွိုင်လင်ခရိုင် အတွင်းမှာ မင်္ဂလာဦး- တိပေလမ်းနှင့် ကွန်ကရစ်တံတား 2.1km အတွက် လမ်းအဆင့်မြှင့်တင်

ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအနေနဲ့ ၈၇.၇၂ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရေးအတွက် သီပေါမြို့နယ်၊ ဆွန်လုံ ကျေးရွာတွင် နေထိုင်လျက်ရှိသော ကျေးရွာနေပြည်သူများသည် ဒုဋ္ဌဝတီမြစ်တဘက် ကမ်းမှာ နေထိုင်ကြပြီး လူမှုစီးပွားဘဝဖော်ဆောင်ရွက်ရာမှာ မန္တလေး- လားရှိုး ပြည်ထောင်စု လမ်းမကြီးပေါ်သို့ သွားရောက်ရန် ဒုဋ္ဌဝတီမြစ်ကို ဖြတ်သန်းရသည့် အခါမှာ အခက်အခဲများ ကြီးစွာဖြစ်ပေါ် နေပါ၍ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၆၆.၈ သန်း နဲ့ ကုန်းသာ- ဆွန်လုံမြေသားလမ်း ၂ မိုင် ၂ ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ငွေကျပ် ၉၂.၈ သန်းနဲ့ ဒုဋ္ဌဝတီမြစ် ဖြတ်ကူးရန်အတွက် ရေစီးအားသုံး ကူးတို့ဖောင် Fly Ferry တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ၃- ၈- ၂၀၂၀ ရက်နေ့ တွင် တည်ဆောက် ပြီးစီးခဲ့ပြီး ခံနိုင်ဝန် ၁၆ တန်နဲ့ ဒုဋ္ဌဝတီမြစ်ကူး Fly Ferry ကို ၂၅- ၈- ၂၀၂၀ ရက်နေ့မှာ ကျေးရွာနေပြည်သူများအတွက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြစ်ချောင်းများကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း ၈ ခု အား ၂၀၁၉- ၂၀၂၀ ခုဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၁.၉ ဘီလီယံဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း တင်ပြလိုပါတယ်။

ဒီလိုရှမ်းပြည်နယ်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက် စည်ပင်သာယာရေးအတွက် ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ စုစုပေါင်း လမ်းအရှည် ၆၈ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားစုစုပေါင်းတံတား ၂၄၈ စင်း၊ ရေပေးရေးလုပ်ငန်း ၁၂၄ ခု၊ အခြား တည်ဆောက်ရေးလုပ်ငန်း ၄၈၈ ခုတို့ကို စုစုပေါင်းငွေကျပ် ၁၆.၅ ဘီလီယံဖြင့် မြို့ပြလမ်း၊ တံတား၊ ရေပေးရေးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ ယခုအစီရင်ခံသည့်ကာလအထိ စုစုပေါင်း လမ်းအရှည် ၃၇ မိုင် ၆ ဖာလုံကို လည်းကောင်း၊ စုစုပေါင်း တံတား ၁၅၅ စင်းကို လည်းကောင်း၊ ရေပေးရေးလုပ်ငန်း ၇၁ ခုကို လည်းကောင်း၊ အခြားတည်ဆောက်ရေးလုပ်ငန်း ၂၄၉ ခုကို လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက် ပြီးဖြစ်ပါတယ် ခင်ဗျား။

၂၀၁၉- ၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ရန်ပုံငွေကျပ် ၁၂.၇ ဘီလီယံနဲ့ စည်ပင်သာယာရေး တည်ဆောက်ရေးလုပ်ငန်း ၁၈၁ ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်းမှာ စည်ပင်သာယာရေးမှ လုပ်ငန်းရှင် တင်မြင့်ရီ ကုမ္ပဏီ၏ မတည်လှူဒါန်းငွေနဲ့ တောင်ကြီးမြို့၊ ကမ္ဘောဇလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း လမ်းအရှည် ၁၇၀၀ ပေအား လည်းကောင်း၊ ကမ္ဘောဇလမ်း၏ လမ်းနယ် တိုးချဲ့ခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကျောက်ရိုးစီမြေကာနံရံ ပြုလုပ်ခြင်းလုပ်ငန်းများအား တည်ဆောက်ပေးလျက်ရှိပါတယ်။ လမ်းများမှာ မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်နေသည့် ရေစီးရေလာကောင်းမွန်စေရေးအတွက် တောင်ကြီးမြို့ပေါ်ရှိ ပြည်တော်သာ၊ စဝ်စံထွန်း၊ ညောင်ဖြူစခန်း၊ မြို့မရပ်ကွက်များတွင် ရေကြီးရေလျှံမှု လျော့ချစေရေးအတွက် လမ်းမြှင့်တင်ခြင်းလုပ်ငန်း၊ တံတားပြုပြင်ခြင်းလုပ်ငန်း၊ ရေထုတ် စနစ်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရေမြောင်းဖြောင့်ခြင်းလုပ်ငန်း၊ ပင်မရေနုတ်မြောင်း တည်ဆောက်ခြင်း၊ ကွန်ကရစ် ရေတံလျှောက်နှင့် ရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ကျပ် ၂.၇ ဘီလီယံနဲ့ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း အစီရင်ခံပါတယ်။

၎င်းအပြင် တောင်ကြီးမြို့၊ ဗိုလ်ချုပ်လမ်းတစ်လျှောက် ( မြင်းစီးရုပ်မှ သပြေပင်ပန်းခြံထိ) ပင်မရေနုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်း လမ်းအရှည် ၅၃၈၂ ပေကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ၂ ဘီလီယံကျော်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့အကျိုးပြု အစိမ်းရောင်လုပ်ငန်းများ ဆောင်ရွက်မှုအနေနဲ့ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် သစ်တောဖုံးလွှမ်းမှုကောင်းမွန်စေရေး အပါအဝင် ဒေသခံပြည်သူများ ပူးပေါင်းလျက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ်မှာ အကြိမ်ပေါင်း ၁၆၁၅ ကြိမ် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးပင်ပေါင်း ၁၁ သိန်းကျော်၊ သစ်ပင်မျိုးပေါင်း ၁၇၂ မျိုးကို စိုက်ပျိုး ပြီးစီးပြီး ကျန်ရှိသည့် ပျိုးပင်ပေါင်း ၁ သိန်း ၂ သောင်းကျော်ကို ကျေးရွာပေါင်း ၃၅၅ ရွာသို့ အခမဲ့ ဖြန့်ဝေပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း သစ်ပင်များ ပေါက်ရောက်ခြင်းမရှိတဲ့ တောင်ကတုံးများမှာ သစ်ပင်များ ပြန်လည်ပေါက်ရောက်လာနိုင်ရေးအတွက် မျိုးစေ့မြေလုံးများ ကြဲချခြင်းကို တပ်မတော်နှင့် ထူးကုမ္ပဏီတို့မှ ရဟတ်ယာဉ်များ အကူအညီနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် မြေပြင်မှာ ပြည်သူ့အားနဲ့ စူးထိုးစိုက်ပျိုးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပြီး တောင်ကတုံးများကို အရောင်ဖုံးပေးနိုင်မှု ကြိုးစားခဲ့ပါကြောင်းကိုလည်း တင်ပြအစီရင်ခံလိုပါတယ်။

ဒေသခံပြည်သူ အဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာနှစ်အတွင်း ဧရိယာ ဧကပေါင်း ၁၅၅၇၀.၀၅ ဧက ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ခေတ်သတ္တုအကြီးစား၊ အလတ်စား၊ အသေးစား၊ စမ်းသပ်ထုတ်ခွင့် စုစုပေါင်း ၃၁၃ ခု၊ ဧရိယာဧက ၁ သိန်းကျော်အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါကြောင်းကိုလည်း တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်သတ္တုလုပ်ကွက် စိစစ်ချထားရေးအဖွဲ့မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးပွားလာစေရန် အသေးစားခွင့်ပြုမိန့် ၁၃၆ ခု၊ ဧရိယာ ၁၇၅၁.၅ ဧက၊ လက်လုပ်လက်စားခွင့်ပြုမိန့် ၅၅ ခု၊ ဧရိယာ ၁၁၃.၅၉ ဧက၊ စုစုပေါင်းခွင့်ပြုမိန့် ၁၉၁ ခု၊ ဧရိယာ ၁၈၆၅.၀၉ ဧက ခွင့်ပြုခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်စေရန် ရှမ်းပြည်နယ်အတွင်းမှာ မြို့ပေါင်း ၈၆ မြို့ရှိရာမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ၅၃ မြို့၊ အခြားစနစ်ဖြင့် ၃၃ မြို့ လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲလျက်ရှိပါတယ်။ ကျေးရွာမီးလင်းရေးလုပ်ငန်းများဆောင်ရွက်မှုအနေနဲ့ ကျေးရွာပေါင်း ၁၃၇၈၂ ရွာရှိပြီး ဓာတ်အားစနစ်ဖြင့် ၁၉၉၁ ရွာ၊ အခြားစနစ်ဖြင့် ၂၆၀၄ ရွာ မီးရရှိသုံးစွဲနေပြီ ဖြစ်ပါတယ်။ အိမ်ထောင်စုအားဖြင့် ၁၁ သိန်းကျော်ရှိသည့်အနက် ၅ သိန်းကျော် မီးရရှိပြီဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၄၇.၂၂ ရာခိုင်နှုန်း မီးရရှိပြီးဖြစ်ပါကြောင်း တင်ပြပါတယ်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) ပထမအဆင့် စီမံကိန်းဖြင့် ကျေးရွာပေါင်း ၄၇၇ ရွာ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းဘတ်ဂျက်ဖြင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၁.၇၇ မိုင်၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၁.၄ မိုင်၊ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၃ ရုံ၊ ၃၃/ ၁၁ကေဗွီ ဓာတ်အားခွဲရုံ ၆ ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါစနစ်နဲ့ စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သော ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၅.၄ မိုင်၊ ၂၂ ကေဗွီ ဓာတ်အားလိုင်း ၃.၄၁ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၂၂.၄ မိုင်၊ ၃၃/ ၀.၄ ကေဗွီ ထရန်စဖော်မာ ၅ လုံး၊ ၂၂/ ၀.၄ ကေဗွီ ထရန်စဖော်မာ ၃ လုံး၊ ၁၁/ ၀.၄ ကေဗွီ ထရန်စဖော်မာ ၂၂၃ လုံး တည်ဆောက်ခြင်း လုပ်ငန်းများမှာ ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း အစီရင်ခံလိုပါတယ်။

ရှမ်းပြည်နယ် နမ့်စန်- မိုင်းပျဉ်း- ကျိုင်းတုံ မဟာဓာတ်အားလိုင်းနဲ့ ကျိုင်းတုံပင်မ ဓာတ်အားခွဲရုံ၊ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးပြီ ဖြစ်လို့ ၈- ၈- ၂၀၂၀ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီး တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများသို့ လျှပ်စစ်ဓာတ်အား ၂၄ နာရီပတ်လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်း ၂၃၀ ကေဗွီဓာတ်အားခွဲရုံကို ဗဟိုပြုပြီးတော့ တာချီလိတ်- မိုင်းခုတ်- မိုင်းဆတ်- မိုင်းဝဒေသများသို့ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပြီး ရှမ်းပြည်နယ်တစ်ခုလုံး နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်နိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းကိုလည်း တင်ပြလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာ ရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ၃.၁ ဘီလီယံ ကျပ်ငွေဖြင့် တောင်ကြီး၊ ပင်းတယ၊ လောက်ကိုင်၊ ကုန်းကြမ်း၊ မိုင်းဆတ်၊ မိုင်းယောင်း၊ လားရှိုး၊ မိုးမိတ်မြို့နယ်များမှာ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။

ပညာရေးကဏ္ဍအနေနဲ့ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်အတွင်း အခြေခံပညာကျောင်း ၆၃၉၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဆရာ/ ဆရာမ ၃၇၅၄၅ ဦးတို့နဲ့ ကျောင်းသား/ ကျောင်းသူ (၈)သိန်း (၅)သောင်းကျော်တို့အား ပညာသင်ကြားပေးခဲ့ပါတယ်။ ယခင်နှစ်က အခြေခံပညာကျောင်း ၆၂၃၆ ကျောင်းရှိရာကနေပြီးတော့ ၆၃၉၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ၁၅၅ ကျောင်း တိုးတက်လာခဲ့ပါတယ်။ ၂၀၁၉- ၂၀၂၀ ပညာ သင်နှစ်မှာ အခြေခံပညာ ကျောင်းပေါင်း ၉၂၈ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဆင့်မြင့် ပညာရေး အနေဖြင့်လည်း တောင်ကြီး/ ပင်လုံ/ လားရှိုးနှင့် ကျိုင်းတုံတို့မှာ တက္ကသိုလ်၊

ကွန်ပျူတာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (၁)ကျောင်းစီနဲ့ ၁၂ ကျောင်း၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံတို့တွင် ပညာရေးကောလိပ် (၁)ကျောင်းစီနဲ့ ၃ ကျောင်း ဖွင့်လှစ်သင်ကြား လျက်ရှိပါတယ်။

နည်းပညာ အသက်မွေးပညာသင်တန်းကျောင်းများအနေဖြင့် နည်းပညာအထက် တန်းကျောင်း ၅ ကျောင်းကို အေးသာယာ၊ ပင်းပက်၊ ပင်လုံ၊ လားရှိုးနှင့် ကျိုင်းတုံမြို့တို့မှာ ဖွင့်လှစ်ထားပြီး သက်မွေးပညာသင်တန်းကျောင်းကို ညောင်ရွှေမြို့မှာ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အတွက် ဆေးရုံ ၁၆၄ ရုံ၊ ကျန်းမာရေးဌာနနှင့် ဆေးခန်း ၁၂၁၀ ခုတို့ကို ဖွင့်လှစ်၍ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ ခွင့်ပြုရန်ပုံငွေကျပ် ၇ ဘီလီယံနဲ့ ဆေးဝါးများဝယ်ယူပြီး ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် တိုင်းရင်းဆေးရုံ ၃ ရုံ၊ ခရိုင်ဆေးကုဌာန ၄ ခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၀ ခုတို့ကို ဖွင့်လှစ်ပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ ပါကြောင်း တင်ပြအစီရင်ခံပါတယ်။

ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ် (တောင်ကြီး)မှာ သင်ကြားရေး ဆရာ/ဆရာမ ၁၃၁ ဦးမှလည်း သင်တန်းသား/ သင်တန်းသူ ၆၂၅ ဦးကို သင်တန်းပို့ချပေးလျက်ရှိပြီး တောင်ကြီးမြို့မှာ သူနာပြုသင်တန်းကျောင်း ၁ ကျောင်း၊ သားဖွားသင်တန်းကျောင်း ၁ ကျောင်း၊ လားရှိုးနှင့် ကျိုင်းတုံမြို့မှာ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၂ ကျောင်း၊ သူနာပြု/ သားဖွားသင်တန်းကျောင်းပေါင်း ၄ ကျောင်း ဖွင့်လှစ်ပြီး သင်တန်းများ ပို့ချပေးခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization- WHO) က ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ကြေညာ ထားသည့် COVID- 19 ရှမ်းပြည်နယ်အတွင်း ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ပြည်နယ် အဆင့် Coronavirus Disease 2019 (COVID- 19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိရာမှာ အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine)

ပြင်ဆင်ထားသည့် နေရာ ၃၄၂ ခု ထားရှိပြီး စောင့်ကြည့်သူဦးရေ ၃၂၀၉ ဦး၊ COVID-19 ရောဂါပိုး တွေ့ရှိသူ ၁၁ ဦးရှိသည့်အနက် (၁၀)ဦးမှာ ရောဂါပိုးကင်းစင်ပြီးဖြစ်တဲ့အတွက် Quarantine Center များမှ ပြန်လည်စေလွှတ်ခဲ့ပြီး ကျန်(၁)ဦးကိုတော့ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီး တွင် Hospital Quarantine ထားရှိ၍ စောင့်ကြည့်ကုသ ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်မှာ နယ်စပ်ဂိတ် ဝင်ပေါက်/ ထွက်ပေါက်များဖြစ်သည့် မိုင်းလား၊ မူဆယ်၊ လောက်ကိုင် (ချင်းရွှေဟော်)၊ တာချီလိတ်တံတားအမှတ်(၂)၊ တာချီလိတ်(လာအိုဝင်ပေါက်) နှင့် မူဆယ်(အခြားဝင်ပေါက်)တို့မှတစ်ဆင့် နေ့အလိုက် နေရပ်ပြန်များဝင်ရောက်မှုမှာ ၁၆- ၄- ၂၀၂၀ ရက်နေ့မှ ၃၁.၈.၂၀၂၀ ရက်နေ့အထိ စုစုပေါင်း ၅၃၇၉၉ ဦးရှိပြီး နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံ စားကုန် (၅)မျိုး တန်းဖိုးငွေကျပ် ၁.၅ ဘီလီယံ ထောက်ပံ့ပြီးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုး ကြောင့် ထောက်ပံ့ရန်ကျန်ရှိသည့် အိမ်ထောင်စု ၆ သောင်းကျော်အား အိမ်ထောင်စု ၁ စုလျှင် ငွေကျပ် ၁၅၀၀၀ိ/-နှုန်းဖြင့် ငွေကျပ် ၀.၉ ဘီလီယံ ထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ ထပ်မံ၍ ၃.၄ ဘီလီယံခန့် ခွင့်ပြုချထားမှုအပေါ် အခြေခံလူတန်းစား အိမ်ထောင်စု ၁ သိန်း ၇ သောင်းကျော် အား ပထမအကြိမ်ငွေကျပ် ၂၀,၀၀ဝိ/- နှုန်းဖြင့် လျာထားခဲ့ပြီး ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ်ပေးရန် ငွေကျပ် ၃.၄ ဘီလီယံခန့်ကို စတင်ထောက်ပံ့ဆောင်ရွက်လျက်ရှိပါ တယ်။

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီတာ ၄၀၀ ပြေးလမ်း အားကစားကွင်း ၂ ကွင်း၊ ရိုးရိုးဘောလုံးကွင်း ၄ ကွင်း၊ အလေးမ/ ကာယဗလ ရုံ ၃ ရုံ၊ လေ့ကျင့်ရေး အားကစားရုံ ၃ ခု၊ ကျောင်းအားကစားကွင်း ၂၆ ကွင်း၊ ကျေးရွာ အားကစားကွင်း ၃၀ ကွင်း၊ ကြက်တောင်ရုံ ၂ ရုံ၊ ပွဲကြည့်စင် ၇ ခု၊ သေနတ်ပစ်ရုံ ၃ ရုံတို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ် အတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက်လည်းကောင်း မြို့နယ်များအလိုက် အားကစား ပြိုင်ပွဲများ၊ စုပေါင်း စက်ဘီးစီးနင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း စခန်းအခြေပြု မူးယစ်ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းအနေနဲ့ လားရှိုးပြန်လည်ထူထောင်ရေးစခန်း၊ ကျိုင်းတုံပြန်လည်ထူထောင်ရေး စခန်းနှင့် တာချီလိတ်ပြန်လည်ထူထောင်ရေးစခန်းများမှာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်

ပေးလျက်ရှိရာမှာ ကျိုင်းတုံပြန်လည်ထူထောင်ရေးစခန်းအနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူ ၁၁၃ ဦးအား မူးယစ်ဆေးဖြတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး သင်တန်းအတွင်း စိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ဆောင်ရွက်ပေးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကြောင်းပညာ သင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့ပြင် တောင်ပေါ် ဒေသမှ သွားလာရန်ခက်ခဲပြီး ကျောင်းတက်ရန် အခက်အခဲရှိသော ဆင်းရဲနွမ်းပါး ကျောင်းသား ၅၀ ဦးအား အတန်းပညာသင်ကြားရန် ကျိုင်းတုံပြန်လည်ထူထောင်ရေးစခန်းမှာ လက်ခံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ရှမ်းပြည်နယ် အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီမှ ပေးပို့လာသည့် မြေယာကိစ္စတိုင်ကြားစာ အမှုပေါင်း ၆၉၀ မှုအား ပြည်နယ်မြေ/ စစ်ကော်မတီမှ စိစစ်ဆောင်ရွက်ပြီး အမှုတွဲပေါင်း ၅၀၁ မှုကို ဗဟိုကော်မတီသို့ သဘောထား တင်ပြထားရှိပြီးတော့ ကျန်ရှိသည့်အမှုပေါင်း ၁၈၉ မှုကိုလည်း သက်ဆိုင်ရာ မြေ/ စစ်ကော်မတီ အဆင့်ဆင့်မှ ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

သိမ်းဆည်းစွန့်လွှတ်မြေများ တောင်သူများလက်ဝယ်သို့ ပြန်လည်အပ်နှံမှုအခြေအနေ မှာ ရှမ်းပြည်နယ်အတွင်း၌ ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ဧရိယာပေါင်း ၄၂၀၄၅.၁၃၀ ဧကကို ပြန်လည်စွန့်လွှတ်ခဲ့ပြီး ၎င်းစွန့်လွှတ်မြေများအနက်မှ ၄၀၅၈၈.၃၈၅ ဧကကို သက်ဆိုင်ရာ လက်ဝယ်သို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါကြောင်းနှင့် ကျန်မြေဧရိယာများကိုလည်း ပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟို ကော်မတီလက်ထက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ် သည့်အမှုကိစ္စပေါင်း ၁၆၆ မှုမှာ မြေဧရိယာဧက ၄ သောင်း ၂ ထောင်ကျော်အား တောင်သူ ၃၇၇၅ ဦးနှင့် သက်ဆိုင်ရာသို့ အသီးသီးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ကျန်မြေ ဧရိယာဧက ၁ ထောင်ကျော်အား ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးကို မူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၉- ၂၀၂၀ ခုနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လာသည့် တိုင်ကြားစာ စုစုပေါင်း ၃၄၀၇ စောင်အနက် ၃၃၀၅ စောင်အား ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသည့် ၁၀၂ စောင်အားလည်း ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံစာတင်ပြပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ KIA / TNLA/ MNDAA/ AA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှု ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများအတွက် စစ်ဘေးရှောင် ကယ်ဆယ်ရေး စခန်း ၂၃ ခု ဖွင့်လှစ်ပေးခဲ့ပြီး အိမ်ထောင်စု ၁၄၀၁ စုအတွက် အခြေခံစားသောက်ကုန် ထောက်ပံ့မှုအတွက် ငွေကျပ် ၇၈.၅၂၆ သန်းအားလည်းကောင်း၊ IDP Camps စခန်းများမှာရှိတဲ့ ကိုယ်ဝန်ဆောင်မိခင် ၇၃ ဦးနှင့် အသက်(၅) နှစ်အောက် ကလေး ၃၃၂ ဦး၊ စုစုပေါင်း ၄၀၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀/– နှုန်းနဲ့ ငွေကျပ် ၁၂.၁၅ သန်းကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

မသန်စွမ်းသူများ ထောက်ပံ့ခြင်း၊ ပေးအပ်ခြင်းအနေနဲ့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း COVID-19 ကာလအရေးပေါ်ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် မသန်စွမ်းသူ စုစုပေါင်း ၁၅၁၂၀ ဦးတို့အား (၁)ဦးလျှင် ၃၀၀၀၀/– နှုန်းဖြင့် ငွေကျပ် ၄၅၃.၆ သန်းအား ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း ဘေးအမျိုးအစား အလိုက် ဖြစ်ပေါ်ခဲ့သည့် မီးဘေး၊ လေဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေး၊ ရေဘေး၊ မိုင်းနင်းဘေး၊ တိုက်ပွဲရှောင်ဘေး၊ မိုးသီးကြွေ၊ ပိုးမွှားဘေး၊ အခြားဘေး စုစုပေါင်း ၃၀၂ ကြိမ် ဖြစ်ပွားခဲ့မှု အပေါ် အိမ်ခြေ ၂၀၈၃ အိမ်နှင့် အိမ်ထောင်စု ပေါင်း ၇၈၃၂ စုတို့အား ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၂.၇ သန်းနှင့် ငွေသားရန်ပုံငွေ ကျပ် ၃၂၈.၃ သန်းတို့ကို ထောက်ပံ့ ကူညီနိုင်ခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ နိုင်ငံတော်အနေနဲ့ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေရသည့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍဟာလည်း အလွန်ပင်အရေးကြီးလှပါတယ်။ လုပ်ငန်းခွင်အတွင်း လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန် လေ့ကျင့်ဆောင်ရွက်

ပေးလျှက်ရှိပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် ဝန်ထမ်းများအား အရေးယူအပြစ်ပေးမှုများအနေနဲ့ ဝန်ထမ်း ၂ ဦးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismiss) ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ထို့အပြင် ၂၀၁၉ ခုနှစ်မှာ ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများအား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ မွေးမြူ ထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ထူးချွန်ဆု၊ လူမှု ထူးချွန်ဆုစသည့် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ၃၈ ဆု ပေးအပ်ချီးမြှင့်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းကိုလည်း တင်ပြအစီရင်ခံလိုပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်သူတို့၏ လိုအပ်ချက်များကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်အတွင်း မြို့နယ်များအလိုက် ရွေ့လျားဝန်ဆောင်မှု (Mobile Service Delivery) ကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှစတင်ပြီးတော့ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်မှုအား မြို့နယ်များသို့ (၁၅)ကြိမ်ခန့် ကွင်းဆင်းဆောင်ရွက်ခဲ့တဲ့အတွက် ပြည်သူ၊ ဝန်ထမ်း၊ လွှတ်တော်၊ အစိုးရအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာကာ ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အစိုးရသစ် တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၉- ၂၀၂၀ စတုတ္ထနှစ်တစ်နှစ်တာကာလအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးခြင်း၊ မြို့ပေါ်ကျေးလက်မကျန် လမ်း/ တံတားများ တည်ဆောက်ပေးခြင်း၊ သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ အဆင့်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှု၊ ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်အကောင်အထည်ဖော်

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ (ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့ ၂.၉.၂၀၂၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အခမ်းအနားမှူး လွှတ်တော်ဒုတိယညွှန်ကြားမှူးချုပ်နှင့်တကွ လွှတ်တော်ဝန်ထမ်းများအားလုံး ဒီ Covid-19

ကာလကြီးရဲ့ ဒုတိယလှိုင်းရိုက်ခတ်မှုအတွင်းမှာ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့်လုပ်ငန်းများ နှင့်ပတ်သက်ပြီး လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးခဲ့သည်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ ၂၀၁၀ မှ ၂၀၁၅ အထိ ပထမအကြိမ် လွှတ်တော်သက်တမ်း ပြီးဆုံးခဲ့ပြီး ၂၀၁၅ ခု ရွေးကောက်ပွဲမှာ ပေါ်ပေါက်လာခဲ့ရတဲ့ ဒုတိယ အကြိမ် လွှတ်တော်သက်တမ်းမှာ ပုံမှန်အစည်းအဝေးများ ကျင်းပခဲ့တာ ဒီကနေ့ဆိုရင် အကြိမ် (၂၀)တိုင်ခဲ့ပြီး ကျွန်တော်သိရသလောက် ဒီအကြိမ်ဟာလည်း ဒုတိယအကြိမ် လွှတ်တော် သက်တမ်းအတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းဟာလည်း နောက်ဆုံးအကြိမ် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အနေနဲ့ အခုလက်ရှိ ဒီမိုကရေစီ အစိုးရဒုတိယသက်တမ်းကာလဖြစ်တဲ့ (၁.၄.၂၀၁၆)ရက်နေ့မှ ဒီကနေ့အထိ ရှမ်းပြည်နယ်လွှတ်တော်အတွင်း ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ မိမိတို့ အရပ်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်တွေ၊ မိမိလွှတ်တော် မဲဆန္ဒရှင် တိုင်းရင်းသား ပြည်သူများရဲ့ လိုအပ်ချက်တွေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများ တင်သွင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်ခင်ဗျား။

ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းခဲ့တဲ့ မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့-

(၁) လွှတ်တော်ကတိကဝတ်ဖြစ်ခဲ့တဲ့ လုပ်ငန်းများ မည်မျှရှိသည်၊

(၂) ယင်းကတိကဝတ်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းများ မည်မျှရှိသည်၊

(၃) ဆောင်ရွက်ရန် လုပ်ငန်းများ မည်မျှ ကျန်ရှိသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိအစိုးရသက်တမ်းကာလဟာလည်း (၆)လ ခန့်သာ ကျန်ရှိပါတော့သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကျန်ရှိတဲ့ အဆိုပါကြွေးကျန်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်ရှိအစိုးရသက်တမ်းကာလအတွင်း ပြီးပြတ်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနဲ့ ပြည့်စုံကြပါစေ။ ရောဂါခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်းမှလည်း ကင်းဝေးကြပါစေလို့ ဦးစွာပထမဂါရဝပြု ဆုတောင်းပေးပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးရဲ့ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ ဖြစ်သည့် (၁.၄.၂၀၁၆) ရက်နေ့မှာ ယနေ့အထိ ရှမ်းပြည်နယ်လွှတ်တော်အတွင်း မေးမြန်းခဲ့သည့် မေးခွန်း၊အဆိုများနှင့် ပတ်သက်၍ လွှတ်တော်ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့် လုပ်ငန်းများ မည်မျှရှိသည်၊ ယင်းကတိကဝတ်လုပ်ငန်းများအပေါ် သက်ဆိုင်ရာဌာနများအနေဖြင့် ဆောင်ရွက်ပြီးလုပ်ငန်း မည်မျှရှိသည်၊ ဆောင်ရွက်ရန်လုပ်ငန်း မည်မျှကျန်ရှိသည်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်ရှိအစိုးရသက်တမ်းကာလအတွင်း ကတိကဝတ် ကြွေးကျန်များကို ပြီးပြတ်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီအစိုးရ ဒုတိယ သက်တမ်းကာလဖြစ်သည့် (၁. ၄. ၂၀၁၆)ရက်နေ့မှ ယနေ့အထိ ရှမ်းပြည်နယ်လွှတ်တော်အတွင်း မေးမြန်းခဲ့သည့်မေးခွန်း၊ အဆိုများနှင့်

ပတ်သက်၍ လွှတ်တော်ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် အဆို (၃၆)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၉၂၉)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၇၂၆)ခု ရှိပါတယ်။ ယင်းကတိကဝတ် လုပ်ငန်းများအပေါ် သက်ဆိုင်ရာဌာနများအနေဖြင့် အဆို (၃၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၆၅၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၄၂၉)ခုကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်အဆို (၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၂၇၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၂၉၇)ခုတို့မှာ ဆောင်ရွက်ဆဲဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကတိကဝတ်အဖြစ် ဆောင်ရွက်ဆဲလုပ်ငန်းများအား သက်ဆိုင်ရာမြို့နယ်၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းရေးဆွဲပြီး ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း၊ ၂၀၂၁-၂၀၂၅ ဘဏ္ဍာရေးနှစ် (၅)နှစ်စီမံကိန်းများတွင်လည်းကောင်း အသီးသီးထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကတော့ ကျိုင်းတုံမြို့နယ်မှာရှိတဲ့ နမ့်ခင်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန်ကိစ္စနှင့်စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ပေါ်မှာရှိတဲ့ ဒေသခံတိုင်းရင်းသားများဟာ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြပါတယ်။ မြို့၏ အရပ်လေးမျက်နှာမှာရှိတဲ့ လျှိုမြောင်တောင်တန်းများကို အခြေပြုပြီးတော့ စီးဆင်းလျက်ရှိတဲ့ ချောင်းလက်တက်များမှာ အသီးသီးပေါင်းဆုံကြပြီး နမ့်ခင်ချောင်း၊ နမ့်လပ်ချောင်း၊ နမ့်ဟတ်ချောင်း၊ နမ့်ခတ်ချောင်း၊ နမ့်ဖူးချောင်း၊ နမ့်တင်းချောင်းစသဖြင့် စိုက်ပျိုးရေးအတွက် အားထားစရာ ချောင်းများအပေါ် မှီခိုအားထားလျက်ရှိကြပါတယ်။

ဤသို့စီးဆင်းလျက်ရှိသော ချောင်းများမှာ နမ့်ခင်ချောင်းအတွင်းသို့ အသီးသီးစီးဝင်ကြလျက် နမ့်ခင်ချောင်းမှာ နာမည်နဲ့ လိုက်အောင်ပင် အထက်ကို ဆန်တက်ခြင်း သဘောသဘာဝအရ တောင်မှ မြောက်သို့ ဆက်လက်စီးဆင်းလာပြီးနောက် ကျိုင်းတုံမြို့ကနေပြီးတော့ (၁၅)မိုင် (၅)ဖာလုံခန့်ကွာဝေးတဲ့ နမ့်လွေချောင်းအတွင်း စီးဝင်ပြီး နမ့်လွေချောင်းမှတစ်ဆင့် မဲခေါင်မြစ်အတွင်းသို့ စီးဝင်လျက်ရှိပါတယ်။ နမ့်ခင်ချောင်းမှာ ရှည်လျားသော ချောင်းတစ်ချောင်းဖြစ်ပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်မြေများအတွက် စိုက်ပျိုးရေရယူသုံးစွဲရာမှာ အဓိကကျသော ချောင်းကြီးတစ်ချောင်း ဖြစ်ပါတယ်။ နမ့်ခင်ချောင်းရေကို အမှီပြုပြီး စိုက်ပျိုးသော လယ်ယာမြေများမှာ ဧကပေါင်း (၂၅၀၀)ဧကခန့် ရှိပါတယ်။

မိုးတွင်းကာလ မိုးများစွာရွာသွန်းသည့်အခါမှာ နမ့်ခင်ချောင်းတစ်လျှောက်မှာရှိတဲ့ ပတ်ဝန်းကျင် ကျေးရွာများ၊ နမ့်ခင်ချောင်း တိမ်ကောလာမှုကြောင့် မိုးကောင်းသောက်လယ်မြေများ၊ ရေကြီးရေလျှံရေလွှမ်းမိုးမှုများ နှစ်စဉ်ဖြစ်ပေါ်နေခြင်းကို ကာကွယ်ရန် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း၊ ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၁၂- ၂၀၁၃)ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ နှစ်စဉ်အပိုင်းလိုက် စီမံချက်များရေးဆွဲပြီးတော့ သဲနုန်းတူးဖော် ပေါင်ဆင့်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် ဒေသခံတောင်သူများကိုယ်စား ကျေးဇူးတင်ကြောင်း လည်းပြောကြားလိုပါတယ်။

ယခုအခါမှာတော့ ကျိုင်းဖောင်းကျေးရွာအနီး နမ့်ခင်ချောင်းပိုင်းဟာ သဲနုန်းတူးဖော်ခဲ့သည်မှာ (၆)နှစ်ခန့် ကြာခဲ့ပြီဖြစ်ပါတယ်။ သဲနုန်းပို့ချမှုများပြားလာပြီး ချောင်းကြမ်းပြင်မြင့်တက်လာသည့်အတွက် ၎င်းကျေးရွာအနီး လယ်မြေများ၊ ရေကြီးရေလျှံ ရေလွှမ်းမိုးမှုများ၊ လယ်မြေများ၊ ပျက်စီးမှုများမှ ကာကွယ်ရန် ပြန်လည်တူးဖော်ဖို့ ပေါင်ဆင့်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းအနေဖြင့် ကျိုင်းဖောင်းကျေးရွာဒေသခံတောင်သူလယ်သမားများနှင့် ကျိုင်းတုံမြို့ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုချက်အရ နမ့်ခင်ချောင်းသဲနုန်းပြန်လည်တူးဖော် ပေါင်ဆင့်ခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိကို ဤဒုတိယအကြိမ်

လွှတ်တော်သက်တမ်းတွင်းမှာ ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပိုပြီးတော့ မြင်သာထင်သာရှိအောင် ပါဝါပွိုင့် နည်းနည်းလေး ထပ်ဆင့်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါ ခင်ဗျား။ ဒါကတော့ ဒီပုံလေး ကတော့ ချောင်းလက်တက်တွေကို ဖော်ပြထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျိုင်းဖောင်း ရေလွှဲဆည် တည်နေရာပုံဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ သောင်ထွန်းနေတဲ့နေရာတွေ တွေ့ပါလိမ့်မယ်။ ကျွန်တော် ဟာ ၁၉၇၈ ခုနှစ်လောက်မှာ ကျိုင်းတုံမြို့ကို ရောက်လာပါတယ်။ အဲ့အချိန်တုန်းက ဒီကျိုင်းဖောင်းချောင်းနေရာမှာ ရေထဲကို ဒိုင်ပင်ထိုးပြီးတော့ ဆင်းလို့ရပါတယ်။ အခုတော့ ရေရဲ့ အနေအထားဟာ ခြေမျက်စိသာသာလောက်မှာ ရှိပါတော့တယ်။ ဒါကတော့ နမ့်ခင် ချောင်းတစ်လျှောက် စီးဆင်းတဲ့ ပုံဖြစ်ပါတယ်။ ရေအရောင်ကလည်း တွေ့မြင်တဲ့ အတိုင်းပဲ ရေတွေ ညိုညစ်ပြီးတော့ ဖြစ်နေပါတယ်။ အဓိကတော့ ဒီကနေ့ လွှတ်တော်မှာလည်း ကျိုင်းတုံရေရရှိရေးနဲ့ပတ်သက်ပြီးတော့ မေးခွန်း(၁)ခု တပ်မတော်သား ကိုယ်စားလှယ် တစ်ယောက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ အဓိကဘာဖြစ်လဲဆိုတော့ တောင်ပေါ်မှာ ထင်းခုတ်၊ သစ်ခုတ် တောင်ယာလုပ်တဲ့ လုပ်ငန်းတွေကို စည်းမရှိ၊ ကမ်းမရှိ လုပ်တဲ့အတွက် တောင်ယာတွေပြုန်းပြီးတော့ မြေဩဇာ မထိန်းသိမ်းနိုင်တဲ့အတွက် တောင်ပေါ်က ရေဆင်း လာတဲ့အခါမှာ သဲနုန်းတွေ ပါလာတဲ့အတွက် ရေညစ်လာရခြင်း ဖြစ်ပါတယ်။ ဒီလိုပဲ ဒီချောင်းက တော်တော်ရှည်ပါတယ်။ တောက်လျှောက် ဘေးမှာရှိတဲ့ လယ်ဧက ၁၅၀၀ ခန့်ကိုလည်း ဒီချောင်းရဲ့ ရေကိုသုံးပြီးတော့ လယ်ရေသောက် ပြုလုပ်နေရပါတယ်။ တစ်ခါတစ်ရံမှာကြတော့ ချောင်းသဲနုန်းတက်လာတဲ့အတွက်ကြောင့် ချောင်းက ကောသွားတဲ့ အတွက်ကြောင့် ရေကြီးလာတဲ့အခါမှာ ဘေးက လယ်တွေ မြုပ်တယ်။ တစ်ချို့နေရာတွေမှာ ရွာတွေကို ရေလျှံသွားတဲ့အထိ ဖြစ်သွားပါတယ်။ ဒီဆည်နေရာအထိ သဲနုန်းတွေ ပြန်တူးဖို့ ဆန္ဒရှိပါတယ်။ ဒေသခံတောင်သူများရဲ့ တင်ပြချက်အရ ဒီချောင်းအတိုင်းအတာအရ ဒီကျွဲခေါင်းချောင်းကနေ ဒီဖက်ဆည်အထိကို တူးပေးဖို့ အစီအစဉ် ရှိပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး မေးမြန်းတဲ့ ကျိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ ရေဘေးကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ကျိုင်းဖောင်းကျေးရွာအနီး နမ့်ခင်ချောင်း ရေစီးရေလာကောင်းမွန်ဖို့ သဲနုန်းပြန်လည်တူးဖော် ပေါင်ဆင့်ပေးခြင်းလုပ်ငန်းများကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး အောက်ပါအတိုင်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်-

ဒီနမ့်ခင်ချောင်းဟာ ကျိုင်းတုံမြို့ရဲ့ ချောင်း ၅ ချောင်းကနေ စီးဝင်လာတဲ့ ချောင်းဖြစ်ပါတယ်။ ချောင်းကနေပြီးတော့ ဒါနောက်ဆုံး မဲခေါင်မြစ်ထဲဝင်တဲ့ ချောင်းဖြစ်ပါတယ်။ ဒီနမ့်ခင်ချောင်းဟာ ရှည်လျားတဲ့ ချောင်းဖြစ်ပြီးတော့ ဒေသခံတောင်သူများ၏ လယ်မြေ (၂၅၀၀) ကေကို အကျိုးပြုတဲ့ ချောင်းဖြစ်ပါတယ်။

ဒီနမ့်ခင်ချောင်းဟာ တောင်ကုန်းတောင်တန်းနားကနေပြီးတော့ အခြေပြုစီးဆင်းတဲ့အတွက် ရေဝေရေလဲ ဧရိယာများကနေ သစ်တောများ ပြုန်းတီးလာတွေ၊ လမ်းများတိုးချဲ့လို့ လျောကျတဲ့ မြေစာများကြောင့် ချောင်းအတွင်းသို့ ဝင်ရောက်ပြီး နုန်းများ ပို့ချလာပြီး ချောင်းတိမ်ကောမှု ကျဉ်းမြောင်းလာတာတွေ မိုးတွင်း မိုးများစွာရွာသွန်းမှုကြောင့် နမ့်ခင်ချောင်းတစ်လျှောက် ဘေးဝဲ/ ယာ ကျေးရွာများမှာရှိတဲ့ မိုးကောင်းသော လယ်မြေများ ရေကြီးရေလျှံရေလွှမ်းမိုးမှုများ နှစ်စဉ်ဖြစ်ပေါ် ခံစားရသဖြင့် ဌာနမှ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး နှစ်အလိုက်၊ အပိုင်းလိုက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျိုင်းဖောင်းကျေးရွာအနီး၊ နမ့်ခင်ချောင်း သဲနုန်းတူးဖော်ခြင်းကို (၂၀၁၂- ၂၀၁၃) ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ သဲနုန်းတူးဖော်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မိုးရာသီမှာ ဒေသခံတောင်သူများ၏ လယ်မြေ (၂၅၀၀)ကေခန့်ကို စိုက်ပျိုးရေလုံလောက်စွာ သုံးစွဲနိုင်တဲ့အပြင် အနိမ့်ပိုင်းရပ်ကွက်များမှာရှိတဲ့ စိုက်ပျိုးလယ်မြေများကိုလည်း ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဒဏ်မှ ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

ဒီကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းကျေးရွာအနီးမှာရှိတဲ့ နမ့်ခင်ချောင်းအပိုင်းဟာ သဲနုန်းတူးဖော်ပေးခဲ့သည်မှာ (၆)နှစ် ကြာမြင့်ပြီ ဖြစ်သဖြင့် ချောင်းအတွင်း သဲနုန်းပို့ချ မှုများပြားပြီး ချောင်းကြမ်းပြင်မြင့်တက်လာသည့်အတွက် ကျေးရွာများ၊ လယ်မြေများ စိုက်ပျိုးရေရရှိရေး၊ ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဒဏ်များ လျော့ပါးသက်သာစေရန်နှင့် ကာကွယ်ပေးနိုင်ဖို့အတွက် သဲနုန်းပြန်လည်တူးဖော်ခြင်းနှင့် ပေါင်ဆင့်ခြင်းကို ဆောင်ရွက်ပေးရမှာ လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်ပေးဖို့အတွက်လည်း ချောင်းဘေးမှာရှိတဲ့ လယ်မြေများပေါ်မှာ ပေါင်တင်ပေးရမှာ ဖြစ်သဖြင့် ချောင်းဘေးမှာရှိတဲ့ လယ်မြေများ ထိခိုက်မှုတွေရှိလာနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသမှ တောင်သူလယ်သမားများရဲ့ လယ်မြေများသဘောတူညီမှုရရှိမှသာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒီကျိုင်းဖောင်းကျေးရွာအနီးမှာရှိတဲ့ နမ့်ခင်ချောင်းကို (ကျိုင်းဖောင်းကျေးရွာမှ ဝမ်နောင်ကျေးရွာ)ထိ ချောင်းအလျားပေ (၉၀၀၀)ခန့်ရှိပါတယ်။ ပျမ်းမျှအကျယ် ပေ(၁၅၀) ခန့်ရှိပြီး ပျမ်းမျှအမြင့်(၃)ပေခန့်နှင့် မြေကြီးကျင်းပေါင်း (၄၀၀၀၀)ကျော် ကျင်းကို ပြန်လည်တူးဖော်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း (၁၂၀.၀၀)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ပါက လယ်မြေ (၂၅၀၀)ကေကိုလည်း စိုက်ပျိုးရေလုံလောက်စွာ ရရှိမည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများ၊ မိုးကောင်းသော လယ်မြေများ ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဒဏ်ကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီနမ့်ခင်ချောင်း သဲနုန်းတူးဖော်ခြင်း၊ ပေါင်ဆင့်ခြင်းလုပ်ငန်းကို (ကျိုင်းဖောင်းကျေးရွာကနေပြီး ဝမ်နောင်ကျေးရွာ)ထိ ပုံစံကျပြန်လည်တူးဖော်မယ်ဆိုရင် လယ်မြေများ ထိခိုက်နိုင်မည်ဖြစ်၍ ဒေသခံများ၏ သဘောတူညီမှုကို ဦးစွာရယူပြီးမှသာလျှင် ကျိုင်းတုံမြို့နယ်၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ရေးဆွဲတင်ပြလာရင် ရရှိတဲ့ရန်ပုံငွေခွဲဝေမှုအပေါ် မူတည်ပြီး ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦ ရရှိရေးနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လှိုင်လင်မြို့နယ် အတွင်းမှာရှိတဲ့ ဟွေတောက်ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း (၁၇)ရွာ၊ အိမ်ခြေပေါင်း (၄၂၈) အိမ်ခြေ၊ အိမ်ထောင်စု(၅၇၁)စု၊ လူဦးရေ (၂၇၂၂)ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်နိုင်ရန် အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ သားဖွားဆရာမ တစ်ဦးခန့်ထားပေးပြီး ထီအုံးနောင် ကျေးရွာမှာ အခြေပြုတာဝန်ထမ်းဆောင်စေလျက်ရှိပါတယ်။ လိုအပ်တဲ့ ဌာနခွဲယာယီ အဆောက်အဦနှင့် မြေနေရာကို ကျေးရွာသူ၊ ကျေးရွာသားများ၏ အစီအစဉ်နှင့် စီမံ ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားများ၏ အစီအစဉ်နှင့် တည်ဆောက်လှူဒါန်းထားသည့်အတွက် ခေတ်စနစ်နှင့်ကိုက်ညီသော အဆောက်အဦ မဟုတ်သေးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ အဆင်ပြေစွာကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ရန်နှင့် တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများ လုံခြုံစိတ်ချ အဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော ထီအုံးနောင် ကျေးလက်ကျန်းမာရေး ဌာနခွဲ စံကိုက်အဆောက်အဦ ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်သို့စီမံဆောင်ရွက် ပေးသွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်း တင်ပြအပ်ပါတယ်။

ကြယ်ပွင့်ပြမေးခွန်း(၂)အနေနဲ့ လှိုင်လင်မြို့နယ်၊ ကုန်းယောကျေးရွာအုပ်စုဟာ ကျေးရွာပေါင်း (၁၃)ရွာ၊ အိမ်ခြေပေါင်း (၄၀၈)အိမ်နှင့် လူဦးရေ (၁၅၀၀)ကျော် နေထိုင်လျက် ရှိပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားများကို ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက်

ကျန်းမာရေးဝန်ကြီးဌာနမှ သားဖွားဆရာမတစ်ဦး တာဝန်ချထားပေးပြီး ယာယီကျန်းမာရေးဌာနခွဲ အဆောက်အဦဌာနခွဲကို ခေးဟွမ်ကျေးရွာတွင်ထားရှိပြီးတော့ လိုအပ်တဲ့ မြေနေရာနှင့် ယာယီအဆောက်အဦကို ဒေသခံကျေးရွာသူ၊ ကျေးရွာသားများက ကိုယ်ထူကိုယ်ထ တည်ဆောက်လှူဒါန်းထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကုန်းယောကျေးရွာအုပ်စုအတွင်းရှိ ပြည်သူ ပြည်သားများ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်စွာ စောင့်ရှောက်နိုင်ရန်နှင့် တာဝန်ကျကျန်းမာရေးဝန်ထမ်းများ လုံခြုံအဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော ခေးဟွမ်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦ တည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း (၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ လွိုင်လင်မြို့နယ်၊ ထီအုံးနောင်ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦ ရရှိရေးနှင့် ခေးဟွမ်ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦ တည်ဆောက်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်း (၂)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းမှ တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်၏ (၂၇-၆-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ပကရ/ စမက/ ဖွံ့-၂၁၈/ ၂၀၁၉/ ၁၀၇၆ ဖြင့် ထီအုံးနောင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ခေးဟွမ်ကျေးလက်ကျန်းမာရေးဌာနခွဲများကို စံကိုက်ဖွဲ့စည်းပုံ ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲများ စံကိုက်

အဆောက်အဦ ဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ဒီကနေ့ ၂- ၉- ၂၀၂၀ ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော် ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှာငံမြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ လယ်ကိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှာ အိမ်ထောင်စု (၂၄၀)စုနှင့် လူဦးရေ (၁၃၈၀)ဦးခန့်ရှိတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ အဲ့ကျေးရွာတွေမှာ ရွှာငံမြို့နယ် ဆက်သွယ်ရေး တာဝါတိုင်နှင့် (၅)မိုင်လောက်ပဲ ကွာဝေးပြီးတော့မှ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများနဲ့ ဌာနဆိုင်ရာတွေအနေနဲ့ ဆက်သွယ်ဆောင်ရွက်တဲ့နေရာမှာ ဆက်သွယ်ရေးဖုန်းလိုင်းတွေ မမိတဲ့ အခြေအနေရှိတဲ့အတွက်ကြောင့် အခက်အခဲများစွာ ကြုံတွေ့နေရတဲ့ အနေအထားရှိပါတယ်။

ဒါကြောင့်မလို့ အဆိုပါ လယ်ကိုင်းကျေးရွာ ပတ်ဝန်းကျင် ဆက်သွယ်ရေးအဆင်ပြေချောမွေ့စေဖို့အတွက်ကို လိုအပ်နေတဲ့ MPT ဆက်သွယ်ရေးတာဝါတိုင် သို့မဟုတ် အခြားဆက်သွယ်ရေး တာဝါတိုင်(၁)တိုင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုတဲ့အတွက် ကြယ်ပွင့်ပြ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ- ၉၈၊ ၉၉၊ ၁၀၅ အရ မေးမြန်းတင်ပြအပ်တာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရွှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ် မေးမြန်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ လယ်ကိုင်းကျေးရွာမှာ လိုအပ်နေတဲ့ MPT ဆက်သွယ်ရေးတာဝါတိုင် (သို့မဟုတ်) အခြားဆက်သွယ်ရေး တာဝါတိုင် ၁ တိုင်အား ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်မေးခွန်းနဲ့ စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေး မိုဘိုင်းစခန်းတွေ တည်ဆောက်ရာမှာ တည်ဆောက်မည့် နေရာရဲ့ အိမ်ခြေ၊ လူဦးရေ၊ မြေနေရာရရှိမှု၊ (မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု)အစရှိတဲ့ အဝေးဆက်သွယ်ရေးလမ်းကြောင်းတွေ ချိတ်ဆက်နိုင်မှု၊ ရာသီဥတုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုအခြေအနေ စသည်တို့အပေါ် မူတည်၍ တည်ဆောက်ရခြင်းဖြစ်ပြီးတော့ အဝေးဆက်သွယ်ရေး လမ်းကြောင်းရရှိမှုကို အခြေခံပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့်ရှေ့သို့ တိုးဝင်ဆောင်ရွက်ရခြင်း ရဲ့ သဘာဝကိုဦးစွာတင်ပြရခြင်းဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်အတွင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ကနေပြီးတော့ GSM Mobile စခန်း(၁၈)ခုနှင့် CDMA-450 Mobile စခန်း (၁)ခု စုစုပေါင်း(၁၉)ခု တည်ဆောက်တပ်ဆင်သုံးစွဲလျက်ရှိပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ လယ်ကိုင်းကျေးရွာမှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)အနေဖြင့် မိုဘိုင်းတာဝါတိုင်စခန်း တည်ဆောက်တပ်ဆင်နိုင်ရန် အစီအစဉ်လျာထားချက် မရှိသေးသော်လည်း အခြား ဆက်သွယ်ရေး Operatorများမှ ဆက်သွယ်ရေးကွန်ရက်များ ချိတ်ဆက်ပြီး ဆောင်ရွက် ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၁- ၈- ၂၀၂၀ ရက်စွဲပါစာဖြင့် ပို့ဆောင်ရေးနှင့်

ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်း သွားမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အတွက် သန့်ရှင်းသော ရေအရင်းအမြစ်မှ ရေကောင်းရေသန့်လုံလောက်စွာရရှိရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်သည် ဧရိယာ ၃၇၈၃.၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ရပ်ကွက်(၅) ရပ်ကွက်၊ ကျေးရွာအုပ်စု(၃၁)အုပ်စု၊ အိမ်ထောင်စု(၃၄၀၉၆)စု၊ လူဦးရေ(၁၇၁၆၂၀)ဦး နေထိုင်ကြပါတယ်။ ကျိုင်းတုံမြို့နယ်အတွင်း အိမ်ထောင်စုများ၏ ၅၅.၆ ရာခိုင်နှုန်းသည် သောက်ရေအတွက် ရေကောင်းရေသန့် (ရေပိုက်လိုင်း၊ အဝီစိတွင်း၊ ရေတွင်း (အုတ်စီ)၊ ရေသန့်စက်၊ ရေသန့်ဗူး)တို့ကို လည်းကောင်း၊ ၃၈.၉ ရာခိုင်နှုန်းသည် တောင်ကျရေ မိုးရေမှ ရရှိသော ရေကိုလည်းကောင်း၊ ၂၀.၀ ရာခိုင်နှုန်းသည် ရေတွင်း(အုတ်စီ)မှ ရရှိသော ရေကိုလည်းကောင်း သုံးစွဲနေကြပါတယ်။ အိမ်ထောင်စု ၄၄.၄ ရာခိုင်နှုန်းသည် မသန့်ရှင်းသော ရေအရင်းအမြစ်မှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါတယ်။ ကျေးလက်ဒေသရှိ အိမ်ထောင်စု ၅၈.၉ ရာခိုင်နှုန်းသည် မသန့်ရှင်းသော ရေအရင်းအမြစ်မှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရကြောင်း ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာတွင် တွေ့ရှိရမှာ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ အချက်အလက်များအရ ကျိုင်းတုံမြို့နယ်အတွင်း နေထိုင်သူ မိဘပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးမှာ လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ယခုအခါ ရာသီဥတု ယိုယွင်းလာခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် မိုးရွာသွန်းမှု နည်းပါးလာခြင်းတို့ကြောင့် တောင်ကျရေများ၊ မိုးရေများ၊ စိမ့်စမ်းရေများ၊ ရေဦး/ရေထွက်များ ရေထွက်ရှိမှု နည်းပါးလာခြင်းများ ဖြစ်ပေါ်လာသဖြင့် နွေရာသီမှာ ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများမှာ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေရှားပါးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။

ထို့ကြောင့် သန့်ရှင်းသော သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး ရည်ရွယ်၍ ရေပြတ်လပ်မှု ဖြစ်နိုင်ခြေများအား ကွင်းဆင်း၍ ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်း၊ နွေရာသီ သောက်သုံးရေရှားပါးမှု ရှိသောကျေးရွာများအား အခက်အခဲအားလုံး ဖြည့်ဆည်းကူညီဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်သွားရန် လိုအပ်မှာပဲ ဖြစ်ပါတယ်။ ရေရှားပါးပြတ်လပ်မှုရှိနိုင်သော ကျေးရွာများအတွက် စိမ့်စမ်းရေသွယ်ယူခြင်း၊ အဝီစိရေတူးဖော်ခြင်းနှင့် ရေတွင်းရေကန်များတူးဖော်ခြင်းစသည့် လုပ်ငန်းများအား သင့်လျော်သည့် ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောရေအရင်းအမြစ်မှ ရေကောင်းရေသန့် လုံလောက်စွာရရှိရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင် မေးမြန်းတဲ့ ကျိုင်းတုံမြို့နယ် အတွင်းမှာရှိတဲ့ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းတဲ့ ရေအရင်းအမြစ် ရေကောင်း ရေသန့် လုံလောက်စွာ ရရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ကနေပြီးတော့ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိဖို့အတွက် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျိုင်းတုံမြို့နယ် အတွင်း ကျေးရွာပေါင်း(၆၄၁)ရွာ၊ အိမ်ထောင်စုပေါင်း(၁၉၉၂၂)စုမှာ သန့်ရှင်းသော သောက်သုံး ရေရရှိရေးအတွက် ပြည်ထောင်စု/ ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို နှစ်စဉ်လျာထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၉ - ၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးရွာ (၃၇)ရွာ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် LUXEMBOURG အဖွဲ့တို့ ပူးပေါင်းပြီး ကျေးရွာ(၂၁)ရွာ၊ စုစုပေါင်း ကျေးရွာ(၅၈) ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပြီးဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်အတွင်း ကျေးရွာ (၆၄၁)ရွာအနက် ကျေးလက်ရေရရှိရေးလုပ်ငန်း များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Unicef ၊ အခြား အရပ်ဖက်လူမှုအဖွဲ့အစည်းများ (NGO, INGO) အလှူရှင် လှူဒါန်းငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လကုန် အထိ ကျေးရွာပေါင်း (၃၅၆)ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသဖြင့် မြို့နယ်အတွက် ရေလွှမ်းခြုံမှု ဟာ ၅၅.၆ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်။ ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှာလည်း ပြည်ထောင်စု ရန်ပုံငွေဖြင့် ကျေးရွာ (၃)ရွာ၊ ပြည်နယ်ရန်ပုံငွေဖြင့် ကျေးရွာ (၂)ရွာ၊ စုစုပေါင်းကျေးရွာ (၅)ရွာတို့ကိုလည်း သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံစမ်းရေသွယ်

ယူခြင်းလုပ်ငန်း (၅)ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လျာထားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၀ ခု နွေရာသီ ကာလများဖြစ်တဲ့ မတ်၊ ဧပြီ၊ မေလများတွင်ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် စိမ့်စမ်း၊ ရေတွင်း၊ ရေကန်များ အနည်းငယ်ခမ်းခြောက်မှုဖြစ်သော်လည်း ကျိုင်းတုံမြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေ ပြတ်လပ်မှုမရှိကြောင်းတွေ့ရှိရပြီး ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်ပါက ကျေးလက်ဦးစီးဌာနသို့ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူကြီးများထံ ဖြန့်ဝေအသိပေးအကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ရေရှားပါးမှုဖြစ်ပေါ်လာပါက ကျေးလက်ဦးစီးဌာနမှ ရေသယ်ယာဉ်များဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ လူမှုအဖွဲ့အစည်း၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးဌာနတို့နှင့် ချိတ်ဆက်ပြီး သန့်ရှင်းသော သောက်သုံးရေ အချိန်မီပေးပို့နိုင်ရေး စီမံချက်များ နှစ်စဉ်ရေးဆွဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျိုင်းတုံမြို့နယ်အတွင်း ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသော ရေအရင်းအမြစ်မှ ရေကောင်းရေသန့် လုံလောက်စွာရရှိရေး ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၆) မျှော်မှန်းချက်မှာဖြစ်တဲ့ ၂၀၃၀ ခုနှစ်တွင် ကျေးလက်နေပြည်သူများအားလုံး လက်လှမ်းမီသော သန့်ရှင်းသည့်သောက်သုံးရေရရှိရေး မျှော်မှန်းချက်ကို ပြည့်မီစေရန်နှစ်စဉ်စီမံကိန်းရေးဆွဲ လျာထားပြီး ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာများအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် နှစ်စဉ်ဘဏ္ဍာရေးအလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်များဖြင့် လျာထားအကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။

ကျွန်တော်ဟာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ Covid- 19 ရောဂါစတင်ဖြစ်ပွားပြီး ယနေ့အထိ ရှမ်းပြည်နယ်အတွင်း စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရသည့် တိုင်းရင်းသားပြည်သူလူထု မိသားစုများအတွက် ကူညီထောက်ပံ့ လှူဒါန်းပစ္စည်းအမျိုးမျိုးတို့၏ ကျသင့်ငွေ တန်ဖိုးမည်မျှရှိသည်ကို သိရှိလိုပါကြောင်း စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ လက်ရှိဒီကနေ့မှာဆိုလို့ရှိရင် ကမ္ဘာ့အဖွဲ့အစည်း မီဒီယာရဲ့ ထုတ်ပြန်တဲ့ သတင်းအချက်အလက်များအရဆိုလို့ရှိရင် တစ်ကမ္ဘာလုံးမှာ Covid- 19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ ၂၅ သန်းကျော် ရှိနေပါတယ်။ ဒီ့အပြင် သေဆုံးတဲ့ လူဦးရေဟာ ၈ သိန်းခွဲကျော် ရှိနေပါတယ်။

ထို့သို့ ရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံမှာလည်း အမေရိကန်မှာဆိုရင် ၈ သန်းကျော်ရှိပြီး ဘရာဇီးက ၄ သန်းကျော်၊ အိန္ဒိယက ၃ သန်းကျော် ဖြစ်နေကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ ထို့အတူပါပဲ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဒီကနေ့မှာဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာန ထုတ်ပြန်ချက်အရ ဖြစ်ပွားတဲ့ Covid- 19 ဆိုလို့ရှိရင် (၉၀၀)ကျော်ရှိသည်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၉.၈.၂၀၂၀) ရက်နေ့ထုတ်ပြန်သော သတင်းအချက်အလက်များအရ တစ်ကမ္ဘာလုံးနှင့် Covid- 19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ ခုတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း(၁၉)သန်းကျော်နှင့် သေဆုံးသူဦးရေ စုစုပေါင်း (၇)သိန်းကျော်ရှိကြောင်း သိရှိရပါတယ်။

ရောဂါဖြစ်ပွားမှုအများဆုံး နိုင်ငံများမှာ အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယ၊ ရုရှားနိုင်ငံတို့မှာ ထိပ်ဆုံးမှာ ရှိနေပြီး၊ ကျွန်တော်တို့ မြန်မာနိုင်ငံသည် Covid- 19 ဖြစ်ပွားသူ (၉.၈.၂၀၂၀)ရက်နေ့တွင် (၃၆၀)ဦးရှိပြီး၊ သေဆုံးသူ (၆)ဦးသာ ရှိသဖြင့် စိတ်ချမ်းမြေ့ဖွယ်ရာ သတင်းကောင်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါတယ်။ Covid- 19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း စားဝတ်နေရေး အခက်အခဲကြုံတွေ့နေကြရသည့် ပြည်သူလူထုမိသားစုများအတွက် နိုင်ငံတော်အစိုးရအဖွဲ့၊ တိုင်း/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်ကုမ္ပဏီများ၊ ဘဏ်လုပ်ငန်းရှင်များနှင့် အများပြည်သူ စေတနာအလှူရှင်များတို့ဟာ

အမျိုးမျိုးသော ပစ္စည်းများ ကူညီထောက်ပံ့လှူဒါန်းလာကြသည်ကို လေ့လာတွေ့ရှိရပါသဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါတယ်။

သို့ပါ၍ အောက်ပါအချက်အလက်များ သိရှိလိုပါသဖြင့် ဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါသည်-

(က) ရှမ်းပြည်နယ်ပြည်သူလူထုများအတွက် ထောက်ပံ့ကူညီလှူဒါန်းရရှိခဲ့သည့် ပစ္စည်းအမျိုးမျိုးတို့၏ ကျသင့်ငွေတန်ဖိုး မည်မျှရှိခဲ့သနည်း။

(ခ) ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းဒေသအသီးသီးထံသို့ မည်သည့်စနစ်ဖြင့် ကူညီထောက်ပံ့လှူဒါန်းပြီး မည်မျှရရှိခဲ့ကြသနည်း။

(ဂ) သက်ဆိုင်ရာ မြို့နယ်အသီးသီးတို့ မည်သည့်စနစ်ဖြင့် ခွဲဝေကူညီပြီး မည်မျှ ရရှိခဲ့ကြသနည်း။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း Covid- 19 ရောဂါဖြစ်ပွားနေသည့် အချိန်ကာလအတွင်း စားဝတ်နေရေးအခက်အခဲကြုံတွေ့နေရသည့် တိုင်းရင်းသားပြည်သူမိသားစုများအား အမျိုးမျိုးသော ကူညီပံ့ပိုးပစ္စည်းများရရှိမှု အခြေအနေများကို အထက်ဖော်ပြပါ အချက်အလက်များအတိုင်း သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ မေးမြန်းတဲ့ COVID-19 ရောဂါဖြစ်ပွားနေသည့် အချိန်ကာလအတွင်း စားဝတ်နေရေး အခက်အခဲ ကြုံတွေ့နေရသည့် တိုင်းရင်းသားပြည်သူမိသားစုများအား ကူညီပံ့ပိုး ရရှိမှုအခြေအနေတွေကို သိရှိလိုတဲ့ မေးခွန်းကို ကျွန်တော် ဆက်လက်ပြီးတော့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် Covid-19 ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရောဂါစတင်ဖြစ်ပွားတဲ့ (၂၆-၃-၂၀၂၀)ရက်ကနေ (၂၀-၈-၂၀၂၀)ရက်နေ့ ကာလအထိ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနဲ့ လူပုဂ္ဂိုလ်များ စုစုပေါင်း အလှူရှင် (၇၅) ဦးမှ ကျန်းမာရေးအထောက်အပံ့ ပစ္စည်းများကို အောက်ပါအတိုင်း လှူဒါန်း လက်ခံရရှိခဲ့ပါတယ်-

| | | | |
|---|---|---|---|
| (၁) | Ventilator အသက်ရှူစက် | (၁၆) | လုံး |
| (၂) | PPE ဝတ်စုံ | (၃၀၈၅) | စုံ |
| (၃) | Boot | (၁၄၈၀) | ရံ |
| (၄) | Mask | (၄၉၁၇၁၀) | ခု |
| (၅) | N- 95 Mask | (၄၈၇၀) | ခု |
| (၆) | Hand Gel | (၁၅၉၉) | ဘူး |
| (၇) | Hand Gel ပုံးကြီး | (၅၀) | ပုံး |
| (၈) | လက်အိတ်ခွဲစိပ် | (၃၇၃၀) | စုံ |
| (၉) | လက်အိတ်ရှည် | (၆၉၀) | စုံ |
| (၁၀) | Non- Contact Thermometer | (၁၈၅) | ခု |
| (၁၁) | Cotton | (၁၂၃၃) | ခု |
| (၁၂) | ပိုးသတ်ဆေး ပေါင်ဒါ | (၁၅၆) | ပုံး |
| (၁၃) | Zonrox Bleaching ပေါင်ဒါ | (၃၀၉) | ခု |
| (၁၄) | Test Kit | (၅၈၀၀) | ခု |
| (၁၅) | တရုတ်တိုင်းရင်းဆေးထုပ် | (၃၂၀) | ထုပ် |
| (၁၆) | တရုတ်တိုင်းရင်းဆေးဘူး | (၃၆၉) | ဘူး |
| (၁၇) | CB Bank မှ လှူဒါန်းတဲ့ ထီး | (၅၀၀) | လက် |

(၁၈) Cap (၁၅၀၀၀) ခု

(၁၉) Apron (၃၀၀၀) ခု

(၂၀) Face Shield (၁၀၀)ခုတို့ လက်ခံရရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့မှုများမှာလည်း အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

(၈- ၂- ၂၀၂၀)ရက်နေ့တွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံမြို့များသို့ Covid-19 ပစ္စည်းများဝယ်ယူရန်အတွက် ၁၆.၉၉ သန်း၊ (၂၀- ၂- ၂၀၂၀) ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့်(မြောက်ပိုင်း)မှာရှိတဲ့ Volunteer များအတွက် ၆ သန်း၊ (၂၁- ၃- ၂၀၂၀)ရက်နေ့တွင် စဝ်စံထွန်းဆေးရုံ၊ လွိုင်လင်ဆေးရုံ၊ ကလောဆေးရုံ၊ လားရှိုးဆေးရုံ၊ မူဆယ်ဆေးရုံ၊ ကျိုင်းတုံနှင့် တာချီလိတ်ဆေးရုံများရဲ့ Isolation Ward များနဲ့ ICU များတွင် Covid-19 ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် လိုအပ်တဲ့ ပစ္စည်းများ ဝယ်ယူရန်အတွက် ၁၂၅.၇၉ သန်း၊ (၂၃- ၃- ၂၀၂၀)ရက်နေ့တွင် စဝ်စံထွန်းဆေးရုံ၊ အမျိုးသမီးနှင့် ကလေးဆေးရုံ၊ လောက်ကိုင်ဆေးရုံများအတွက် လိုအပ်တဲ့ ဆေးပစ္စည်းကိရိယာများ ဝယ်ယူရန် ၂၀.၁၄၂၂ သန်း၊ (၇- ၄- ၂၀၂၀)ရက်နေ့တွင် နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်တဲ့ နိုင်ငံသားများကို Community Base Facility Quarantine ထားရှိရန် လောက်ကိုင်၊ မူဆယ်၊ တာချီလိတ်၊ ကျိုင်းတုံ နယ်စပ်ဂိတ်(၄) နေရာအတွက် ထောက်ပံ့ငွေ ကျပ်သန်း ၂၀၊ စဝ်စံထွန်းဆေးရုံကြီးတွင် PCR စက်ထားရှိရန်အတွက် လိုအပ်တဲ့ ဓာတ်ခွဲခန်းပြင်ဆင်ခြင်း အတွက်ကျပ် ၁၂၆.၄၇ သန်း၊ လားရှိုးဆေးရုံကြီးတွင် PCR စက်ထားရှိရန် အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှကျပ် ၂၉၇ သန်း ထောက်ပံ့ပေးအပ်ခဲ့ ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယမေးခွန်းအနေဖြင့် မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊

နမ့်ဆင်ချောင်း မြေသားကျောက်စီနံရံဆောက်လုပ်ပေးနိုင်ရန်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ရပ်ကွက်(၂)၊ ရပ်ကွက်(၃)ရှိ နမ့်ဆင်ချောင်းဘေးတစ်လျှောက်တွင် နေထိုင်ကြသော လူနေအိမ်ခြေများ နမ့်ဆင်ချောင်းရေတိုက်စားမှု မရှိစေရန်အတွက် လွန်ခဲ့သည့်(၇)နှစ်ခန့်က နိုင်ငံတော်ရန်ပုံငွေဖြင့် မြို့အဖျားပိုင်းမှ ရပ်ကွက်(၂)၏ အလယ်ပိုင်းအထိ မြေသားကျောက်စီနံရံ တည်ဆောက်ခဲ့သော်လည်း နှစ်စဉ်နှစ်တိုင်း မိုးတွင်းအခါ နမ့်ဆင်ချောင်း ရေကြီးချိန် ကမ်းပါးပြိုကျလျက်ရှိရာ လူနေအိမ်ခြေများအတွက် စိုးရိမ်မှုများ ကြုံတွေ့နေရပါသဖြင့် ရပ်ကွက်(၂) အလယ်ပိုင်းမှ နမ့်ဆင်ချောင်းကူးတံတားအထိ အလျား(၁၄၀၀)ပေ ကျောက်စီနံရံတည်ဆောက်ပေးရန် ထပ်မံလိုအပ်လျက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ နမ့်ဆင်ချောင်းဘေးနေ ရပ်ကွက်(၂)ပြည်သူလူထုများ၏ နေအိမ်များရေတိုက်စားမှု ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် နောက်ထပ်လိုအပ်နေသေးသည့် မြေသားကျောက်စီနံရံအလျား(၁၄၀၀)ပေအား တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းထားတဲ့ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ နမ့်ဆင်ချောင်းဘေး ရပ်ကွက်(၂)နေ ဒေသခံပြည်သူများ၏ နေအိမ်ရေတိုက်စားမှု ကာကွယ် စောင့်ရှောက်ပေးနိုင်ရန်အတွက် နောက်ထပ်လိုအပ်နေသေးသည့် မြေသားကျောက်စီနံရံ အလျား ပေ(၁၄၀၀)အား တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြစ်/ ချောင်းများမှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေ၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းတွေနဲ့ ရေလွှမ်းမိုးမှု (ရေကြီးရေလျှံမှု) ကာကွယ်ရေး လုပ်ငန်းတွေကို ရရှိတဲ့ ရန်ပုံငွေအပေါ်မူတည်ပြီးတော့ ရှမ်းပြည်နယ် ရေအရင်းအမြစ်နှင့်

မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ဆောင်ရွက်ရန်ရှိတဲ့ လုပ်ငန်း ၅၉ ခုရှိပြီးတော့ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် လုပ်ငန်း ၁၀ ခုကိုသာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ယခင် ၅၉ ခုမှ ကျန်ရှိတဲ့ လုပ်ငန်းများနှင့် အခြားထပ်တိုး လုပ်ငန်းများကို ပြည်နယ်အတွင်းမှာ ဦးစားပေးအဆင့် ပြန်လည်ရေးဆွဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မလို့ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ နမ့်ဆင်ချောင်းဘေး ရပ်ကွက်(၂)နေ ဒေသခံ ပြည်သူများ၏ နေအိမ်များအနီး ရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်ရန် လိုအပ်နေတဲ့ မြေသား ကျောက်စီနံရံ အလျား ပေ ၁၄၀၀ ကို တည်ဆောက်ပေးနိုင်ရေးအတွက် အသေးစိတ်တိုင်းတာခြင်း ဆောင်ရွက်သင့်သော အစီအမံများ သိရှိနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း(၁၊ ၂) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ မေးမြန်းသွားမဲ့ မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ရွှေပုထိုးကျေးရွာအုပ်စု၊ ရွှေပုထိုးကျေးရွာအနီးရှိ အင်းယားကန်သည် ၁၉၉၆ ခုနှစ်မတိုင်မီက ရေကန်၏ ရေပြင်ဧရိယာ၊ ကန်နယ်နိမိတ်ဧရိယာ မည်မျှရှိကြောင်းနှင့် ၂၀၀၆ ခုနှစ်မှ ယနေ့အထိ ရေကန်၏ ရေပြင်ဧရိယာ၊ ကန်နယ်နိမိတ်ဧရိယာ မည်မျှရှိကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်တင်ပြရမယ်ဆိုရင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းလီကျေးရွာတွင် အိမ်ခြေ(၂၀၃)အိမ်ခြေ၊ လူဦးရေ(၈၂၀)ဦး၊ ကျွဲ၊ နွားကောင်ရေ (၅၀၀)ခန့် ရှိသည့်အတွက် ရေရှားပါးမှုပြဿနာကို

နွေရာသီတွင် ပိုမိုခံနေရပါသဖြင့် မည်သို့စီမံဆောင်ရွက်ပေးမည်ကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း မေးမြန်းတဲ့ ပထမမေးခွန်းဖြစ်တဲ့ ပင်းတယမြို့နယ်မှာ ရွှေပုထိုးကျေးရွာအုပ်စု၊ ရွှေပုထိုးကျေးရွာအနီးမှာရှိတဲ့ အင်းယားကန်ဟာ ၁၉၉၆ ခုနှစ် မတိုင်မီက ရေကန်၏ ရေပြင် ဧရိယာ၊ ကန်နယ်နိမိတ်ဧရိယာမည်မျှရှိကြောင်းနှင့် ၂၀၀၆ ခုနှစ်မှ ယနေ့အထိ ရေကန်၏ ရေပြင်ဧရိယာ၊ ကန်နယ်နိမိတ်ဧရိယာ မည်မျှ ရှိကြောင်းကို သိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး အဆိုပါ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ရွှေပုထိုးကျေးရွာအုပ်စု၊ ရွှေပုထိုးကျေးရွာအနီးမှာရှိတဲ့ အင်းယားကန်ဟာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှာ ၁၉၉၆ ခုနှစ် မတိုင်မီက စိုက်ပျိုးမြေအတွင်း ပါဝင်ခြင်း မရှိသောကြောင့် နောက်ဆက်တွဲတိုင်းတာခြင်း မရှိသည့် ဧရိယာဖြစ်ပါတယ်။ ၎င်းအင်းယား ကန်၏ ရေပြင်နှင့် ရေကန်ဧရိယာကို ဌာနမှာ မှတ်တမ်းတင်ထားခြင်း မရှိပါဘူး။ ၂၀၀၆ ခုနှစ်တွင်လည်း တိုင်းတာခြင်းမရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၇- ၂၀၁၈ ခုနှစ် ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ ကွင်းများအားလုံး ပြန်လည်တိုင်းတာ ဆောင်ရွက်သည့် အခါမှာ ၎င်းအင်းယားကန်၏ ဘေးပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများရှိသည့် ကွင်းများအားလုံး တိုင်းတာပြီးစီးသည့်အချိန်တွင် စိုက်ပျိုးမှုမရှိသော အင်းယားကန်၏ ရေပြင်ဧရိယာ (၂၄၇)ဧက ခန့်ဟာ (မြစ်ချောင်းနှင့်ရေအောက်မြေ)များ ဖြစ်ပါသောကြောင့် လက်ရှိမှာလည်း ၎င်းဧရိယာ အတိုင်း တည်ရှိနေပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းလီကျေးရွာမှာ အိမ်ခြေ(၂၀၃)အိမ်ခန့်၊ လူဦးရေ(၈၂၀)ဦးခန့်ကို ကျွဲ၊ နွားကောင်ရေ (၅၀၀)ခန့်ရှိသည့်အတွက် ရေရှားပါးမှုပြဿနာများကို နွေရာသီမှာ ပိုမိုခံစားရတဲ့အတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ဆိုတဲ့

မေးခွန်းနဲ့ ပတ်သက်ပြီး အဆိုပါ မိုင်းလီကျေးရွာမှာ အိမ်ခြေ (၁၉၅)အိမ်၊ လူဦးရေ(၈၆၃)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ လက်ရှိရေသုံးစွဲမှုအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၂- ၂၀၁၃ ခုနှစ်မှာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက် ပေးခဲ့တာ ရှိပါတယ်။ ၂၀၁၈- ၂၀၁၉ ခုနှစ်မှာလည်း (အ.ထ.က-ခွဲ) စာသင်ကျောင်း ရေရရှိရေးအတွက် ရေပိုက်(၁၀၀)လုံးအား ထောက်ပံ့ပေးခဲ့ပါတယ်။ သို့သော်လည်း နွေရာသီ ကာလမှာ ၎င်းရေထွက်မှ ရေထွက်နှုန်း လျော့နည်းလာမှုကြောင့် ရေပြတ်လပ်မှုများ ရှိနေပါဖြင့် နွေရာသီမှာ ရေလုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ကောင်းဘို့ရေထွက်မှ စိမ့်စမ်းရေ သွယ်ယူခြင်း (၃/၀)မိုင် လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၃၉.၂၇၀) သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်း (၃/၀)မိုင်လုပ်ငန်းကို ပင်းတယမြို့နယ်ရဲ့ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာ ဌာနများနှင့်ညှိနှိုင်းပြီး ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ် မူတည်ပြီး ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ ဌာနမှလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တာဝန်ကျလွှတ်တော်ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။

ယနေ့ ကျွန်တော့်အနေဖြင့် ရွှာင်မြို့နယ်အတွင်း တယ်လီဖုန်းလိုင်းမရှိ၍ ဆက်သွယ်ရန် အခက်အခဲရှိသော ကျေးရွာ(၁၆)ရွာအတွက် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရွှာင်မြို့နယ်ဟာ ရပ်ကွက် (၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၈)အုပ်စု၊ ကျေးရွာပေါင်း (၁၂၅)ရွာဖြင့် ဖွဲ့စည်းထားရှိပါတယ်။ မြို့နယ်အတွင်းရှိ ရွာများ၊ ဆက်သွယ်ရာလမ်းများ ဆက်သွယ်ရေးကောင်းတဲ့ ဒေသရှိသလို မကောင်းတဲ့ ဒေသလည်း ရှိပါတယ်။ အချို့ကျေးရွာများတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဖုန်းလိုင်းမမိသည့်အတွက် ဒေသခံများ များစွာအခက်အခဲ ဖြစ်ပေါ်လျက်ရှိပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများမှာ တယ်လီဖုန်းလိုင်းတွေဟာ အင်မတန် လိုအပ်ပါတယ်။ ဖုန်းလိုင်းများ ရရှိပါက သွားလာစရာမလိုအပ်ဘဲ မိမိတို့လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်များကို အချိန်နှင့်တစ်ပြေးညီ မေးမြန်းသိရှိရမှာဖြစ်ပြီး များစွာအဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ တယ်လီဖုန်းလိုင်းများ မရရှိပါက သွားလာရမည့် အချိန်ကြာမြင့်ခြင်း အချိန်ကုန်၊ လူကုန် ဖြစ်နေရပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများကို တယ်လီဖုန်းလိုင်းများရရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်လို့လည်း ယူဆသုံးသပ်မိပါတယ်။

သို့ဖြစ်ပါသောကြောင့် ရွှာင်မြို့နယ်အတွင်း တယ်လီဖုန်းလိုင်းများ မရရှိသေးသော ဆက်သွယ်ရန်အခက်အခဲရှိသော ကျောက်ပိဇပ်၊ ကိုးဆူ၊ ရေချမ်းပြင်၊ ဒုတ္ထိုးရေ၊ တပင်ပျော်၊ ငှက်သောက်၊ တောင်ဖီ၊ သစ်သမီး၊ လင်းဝေး၊ သဖန်းပင်၊ ပါယ်ကင်း၊ ထီးလှိုင်၊ ရနဲ၊ မင်းပလောင်၊ လယ်ကိန်း၊ တောင်ကြား၊ ပိတုန်းကိုင်းစသည့်ကျေးရွာများအား ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး မေးမြန်းထားတဲ့ ရွာငံမြို့နယ်အတွင်း တယ်လီဖုန်းလိုင်းမရှိ၍ ဆက်သွယ်ရန် အခက်အခဲရှိနေသော ကျေးရွာ(၁၆)ရွာအတွက် ဆက်သွယ်ရေး တာဝါတိုင်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်မေးခွန်းနဲ့စပ်လျဉ်း၍ ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

တင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်းပဲ ဆက်သွယ်ရေး မိုဘိုင်းစခန်းများတည်ဆောက်ရာမှာ တည်ဆောက်မည့် နေရာ၏ အိမ်ခြေ၊ လူဦးရေ၊ မြေနေရာရရှိမှု၊ (မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု) အစရှိတဲ့ အဝေးဆက်သွယ်ရေး လမ်းကြောင်းတွေ ချိတ်ဆက်နိုင်မှု၊ ရာသီဥတုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုအခြေအနေစသည်တို့အပေါ် မူတည်ပြီးတော့ တည်ဆောက်ရခြင်း ဖြစ်ပါတယ်။ သဘောသဘာဝကတော့ အဝေးဆက်သွယ်ရေး လမ်းကြောင်းရရှိမှုကို အခြေခံပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့သို့တိုးဝင်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှ GSM Mobile စခန်း(၁၈)ခုနှင့် CDMA-450 Mobile စခန်း (၁)ခု၊ စုစုပေါင်း(၁၉)ခု တည်ဆောက်တပ်ဆင် သုံးစွဲလျက်ရှိပါတယ်။

ရွာငံမြို့နယ်အတွင်းမှာရှိတဲ့ ကျောက်ပိဖပ် ၊ ကိုးဆူအစရှိတဲ့ ကျေးရွာ(၁၆)ရွာအတွင်းမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)အနေဖြင့် မိုဘိုင်းတာဝါတိုင် စခန်းတည်ဆောက်တပ်ဆင်နိုင်ရန် အစီအစဉ် လျာထားချက် မရှိသေးသော်လည်း အခြားဆက်သွယ်ရေး Operator များကနေပြီးတော့ ဆက်သွယ်ရေးကွန်ရက်များ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးအတွက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၄ - ၈- ၂၀၂၀ ရက်စွဲပါစာဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးမျိုးကိုကိုဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးမျိုးကိုကိုဝင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီး မျိုးကိုကိုဝင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းသွားမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရပ်စောက် မြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်)တွင် လိုအပ်လျက်ရှိသော (၁၇၀×၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန်နှင့် စာသင် ခုံများ ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)သည် ရပ်စောက်မြို့မှ (၁)မိုင်ခန့်အကွာတွင် တပ်မတော်(ကြည်း)အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းအတွင်းမှာ တည်ရှိပါတယ်။ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းကို ၁၉၆၉ ခုနှစ်၊ အောက်တိုဘာ လ ၁ ရက်နေ့ တွင် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ် ခဲ့ပါတယ်။ အဲ့ဒီနောက်မှာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းခွဲအဖြစ်သို့ လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၁၉- ၂၀၂၀ပညာသင်နှစ်တွင် ကျောင်းသား/ ကျောင်းသူဦးရေ ၁၂၀၀ ကျော်ခန့်အား ကျောင်းဆရာ/ ဆရာမနှင့် ဝန်ထမ်းဦးရေ ၄၆ ဦးခန့်တို့ဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။ ထို့ကြောင့် နှစ်စဉ်တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား/ ကျောင်းသူဦးရေ

မှာ ယခင်နှစ်တွေထက် ပိုမိုများပြားလာတာ တွေ့ရှိရပါတယ်။ ဒါကြောင့် ယခင်စာသင်တန်းခွဲ (၂၅)ခန်းမှာ လုံလောက်မှုမရှိသောကြောင့် (၁၇၀×၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင်အား ဆောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ ဒါ့အပြင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှာ အထက်တန်းကျောင်းသား/ ကျောင်းသူဦးရေ (၄၀၀)ကျော် ပညာသင်ကြားလျက်ရှိပြီး ၎င်းတို့အတွက် တစ်ယောက်စာရေးခုံ (အမြင့်) အစုံ(၂၄၀) ကျော်သာရှိပြီး အစုံ(၁၅၀)ကျော်လည်း လိုအပ်နေပါတယ်။

သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်)တွင် လိုအပ်လျက်ရှိသော (၁၇၀×၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်နှင့် စာသင်ခုံများဖြည့်တင်းပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းစဉ်းစားပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးမျိုးကိုကိုဝင်းရဲ့ ရပ်စောက်မြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် (၁၇၀×၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်နှင့် စာသင်ခုံများ ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဟာ ကျောင်းပိုင် မြေ (၈.၉)ဧကရှိပြီး အရာခံနှင့် တပ်ကြပ်ကြီး သင်တန်းကျောင်း (ဗထူး)တပ်ပိုင်မြေ ဖြစ်ပါတယ်။ စာသင်ဆောင်အနေနဲ့တော့ ပိတောက်ဆောင် (၇၅x ၂၅) ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ် အသုံးပြု စာသင်ခန်း(၁)ခန်း၊ သဇင်ဆောင် (၇၅x ၂၅)ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ်၊ အသုံးပြုစာသင်ခန်း (၁)ခန်း၊ ကံ့ကော်ဆောင် (၇၅x ၂၅) ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ်၊ အသုံးပြုစာသင်ခန်း (၁)ခန်း၊ နှင်းဆီဆောင် (၇၅x ၂၅) ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ်၊ အသုံးပြုစာသင်ခန်း (၁)ခန်း၊ စံပယ်ဆောင် (၇၅x ၂၅) ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်၊ အသုံးပြုစာသင်ခန်း (၂)ခန်း၊ ဇီဇဝါဆောင် (၇၅x ၂၅) ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊

အသုံးပြုစာသင်ခန်း (၂)ခန်း၊ ဇလပ်ဖြူဆောင် (၁၂၀× ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အသုံးပြုစာသင်ခန်း (၂)ခန်း၊ သရဖီဆောင် (၁၂၀× ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အခန်း (၁)ခန်း၊ ချယ်ရီဆောင် (၁၈၀× ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ် အသုံးပြုစာသင်ခန်း (၈)ခန်း၊ခရေဆောင် (၆၀× ၃၀× ၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အသုံးပြုစာသင်ခန်း (၃)ခန်း ဖြစ်ပါတယ်။ ကျောင်းသား/ ကျောင်းသူ ဦးရေအနေနဲ့ကတော့ KG (၄၇)ဦး၊ ပထမတန်း (၅၅)ဦး၊ ဒုတိယတန်း (၄၃)ဦး၊ တတိယတန်း (၅၉)ဦး၊ စတုတ္ထတန်း (၄၈)ဦး၊ မူလတန်းအဆင့် ကျောင်းသား / ကျောင်းသူ စုစုပေါင်း (၂၅၂)ဦးနဲ့ တန်းခွဲ (၅)ခု ရှိပါတယ်။

ပဉ္စမတန်း(၉၃)ဦး၊ ဆဋ္ဌမတန်း (၁၂၉)ဦး၊ သတ္တမတန်း(၁၄၄)ဦး၊ အဋ္ဌမတန်း (၁၆၄)ဦး၊ အလယ်တန်းဆင့် ကျောင်းသား စုစုပေါင်း (၅၃၀)ဦးနှင့် တန်းခွဲ(၁၀)ခု ရှိပါတယ်။ နဝမတန်း (၁၅၉)ဦး၊ ဒသမတန်း( ၂၁၆) ဦး၊ အထက်တန်းဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၃၇၅)ဦးနှင့် တန်းခွဲ(၇)ခုရှိပါတယ်။ တစ်ကျောင်းလုံး အနေနဲ့ကတော့ ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၁၁၅၇)ဦးနှင့် တန်းခွဲစုစုပေါင်း(၂၂)ခု ရှိပါတယ်။ အသုံးပြုနေတဲ့ စာသင်ခန်းနှင့် တန်းခွဲညီမျှမှုရှိသော်လည်း စာသင်ခန်းနှင့် ကျောင်းသားအချိုးအရ စာသင်ခန်းများ ထပ်မံလိုအပ်လျက်ရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

ရပ်စောက်မြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှာ လိုအပ်လျက်ရှိတဲ့ (၁၇၀x၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်နှင့် စာသင်ခုံများကို ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေမှ ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်ပညာရေးမှူးရုံး၏ ၂၆- ၈- ၂၀၂၀ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၃-က)/ ၂၉၉၁ / အဆအ (၂၀၂၀)ဖြင့် ရပ်စောက်မြို့နယ်ပညာရေးမှူးရုံးသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသော ရှမ်းပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ ဖြစ်သည့် “ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး (၂)ဦး”၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်တရားလွှတ်တော်တွင် လစ်လပ်လျက်ရှိသော တရားလွှတ်တော် တရားသူကြီး(၂)ဦး ခန့်ထားနိုင်ရေးအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ)၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၅၀၊ နည်းဥပဒေခွဲ (ခ)တို့အရ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ဒေါ်စန္ဒာအောင်နှင့် ဦးအောင်သိန်းတို့ကို လွှတ်တော်သို့ အဆိုပြု တင်သွင်းလာကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (က) အရ လွှတ်တော်သို့ ကြေညာပါတယ်။

## “ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများ”အဖြစ် အမည်စာရင်း တင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်စန္ဒာအောင်နှင့် ဦးအောင်သိန်းတို့၏ ကိုယ်ရေးအချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (က)အရ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုထားသော ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး (၂)ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (ခ)အရ အဆိုပါ အမည်စာရင်းပါ ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၄ အရ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်း အဆိုကို ဥက္ကဋ္ဌထံ တင်ပြဖို့ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများ ပူးတွဲကာ ဒီကနေ့ မွန်းလွဲ (၁:၄၅)နာရီ နောက်ဆုံးထား၍ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အစည်းအဝေးကို (၂)နာရီ ရပ်နားထားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ နေ့လယ်ပိုင်း အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(ပထမနေ့)မှတ်တမ်း**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်နေ့**

**၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်**

**[ဗုဒ္ဓဟူးနေ့]**

**နေ့လယ်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါ ရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ရှင်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂) နှင့် (၁၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း ဥပဒေ(မူကြမ်း)နှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဤဥပဒေ(မူကြမ်း)(၂)ခုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၉၀(ခ)အရ ရှမ်းပြည်နယ်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးစိုးညွန့်လွင်က တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အခုတင်သွင်းမဲ့ ရှမ်းပြည်နယ်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုဖြန့်ဝေထားတဲ့ စာအုပ် (၄)အုပ် ရှိပါတယ်။ ပထမ စာအုပ်ကတော့ " ရှမ်းပြည်နယ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်း" စာအုပ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးပါက ပြည်နယ်ဝန်ကြီးချုပ် လက်မှတ်ရေးထိုး ထုတ်ပြန်မှာဖြစ်ပြီး၊ ကျန်စာအုပ်တွေဖြစ်တဲ့ နောက်ဆက်တွဲ(၁)၊ (၂)နဲ့ (၃) တို့က ဒေသန္တရစီမံကိန်း ဥပဒေကြမ်းစာအုပ်အတွက် အထောက်အကူပြုတဲ့ စာအုပ်တွေဖြစ်ပြီး စုစုပေါင်း စာအုပ်(၄)အုပ် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်းမှာပါဝင်တဲ့ အဓိကကျတဲ့ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တင်ပြပါမယ်ခင်ဗျား။

ရှမ်းပြည်နယ်ရဲ့ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) ကို(နှစ်အလိုက်ဈေးနှုန်းများ)အရ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်း တန်ဖိုး(ကျပ် ၆,၅၈၀ ဘီလီယံ) ဖြစ်ပေါ်ရန်၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းမှာ (ကျပ် ၇,၁၄၅ ဘီလီယံ) ရရှိရန်နှင့် ၈.၆ ရာခိုင်နှုန်း တိုးတက်ပြောင်းလဲဖို့ ရည်မှန်းထားပါတယ်။

၂၀၁၅- ၂၀၁၆ ခုနှစ် **ပုံမှန်ဈေးနှုန်းများအရ** ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်း တန်ဖိုး **(ကျပ် ၅,၄၅၁ ဘီလီယံ)** ဖြစ်ပေါ်ရန်၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် **(ကျပ် ၅,၇၁၈ ဘီလီယံ)** ရရှိရန်နှင့် တိုးတက်မှုနှုန်း **၄.၉** ရာခိုင်နှုန်း ဖြစ်ပေါ်ဖို့ ရည်မှန်းထားပြီး လူတစ်ဦးချင်းစီရဲ့ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို (**ကျပ် ဆယ်သိန်း ကိုးသောင်း လေးထောင် ခုနစ်ရာ ကိုးဆယ့်ရှစ်**) ဖြစ်ပေါ်ဖို့ ရည်မှန်းထားပါ တယ်။

မြေယာအသုံးချမှု အခြေအနေများအနေနဲ့ အသားတင် စိုက်ပျိုးမြေ **၇.၉** ရာခိုင်နှုန်း၊ ပလပ်ထားသည့်မြေ **၁.၂** ရာခိုင်နှုန်း စိုက်ပျိုးနိုင်သော မြေရိုင်း **၂၃.၀** ရာခိုင်နှုန်း၊ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောမြေ **၁၃.၅** ရာခိုင်နှုန်း၊ စိုက်ပျိုးခြင်း မပြုနိုင်သောမြေ **၂၅.၇** ရာခိုင်နှုန်း၊ အခြားမြေ(တောရိုင်းမြေ )**၂၈.၇** ရာခိုင်နှုန်း ဖြစ်ပေါ်ပြောင်းလဲဖို့လည်း ရည်မှန်းထားပါတယ်။

စီးပွားရေးကဏ္ဍကြီးတွေအနေနဲ့ လယ်ယာကဏ္ဍကြီးကို **၂.၄** ရာခိုင်နှုန်း၊ စက်မှု ကဏ္ဍကြီးကို **၃.၈** ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှု ကဏ္ဍကြီးကို **၇.၃** ရာခိုင်နှုန်း အသီးသီးတိုးတက် စေဖို့ ရည်မှန်းထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ များရဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)ရဲ့ တိုးတက်မှုနှုန်းများအနေနဲ့ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ **၂.၀** ရာခိုင်နှုန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ **၂.၉** ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ **၂.၃** ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ **၃.၅** ရာခိုင်နှုန်းနဲ့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ **၄.၆** ရာခိုင်နှုန်း အသီးသီးတိုးတက်စေဖို့ ရည်မှန်းထားပါတယ်။ ဆက်လက်ပြီး နောက်ဆက်တွဲ(၁)မှာပါတဲ့ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များကို တင်ပြပေးပါမယ် ခင်ဗျား။ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက်ကတော့ **“ရှမ်းပြည်နယ်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ် ဖြစ်စေရမည်”** ဖြစ်ပြီး

မူဝါဒတွေ အနေနဲ့-

- ပြည်နယ်အတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး နှင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေး၊

- ပြည်နယ်အတွင်း ဒေသများအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးအခြေခံကောင်းများ ရရှိရေး၊
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးအရှိဆုံး ဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စိစစ် အသုံးပြုရေး၊
- ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်စေရေး စသည်တို့ဖြစ်ပါတယ်။

ရည်မှန်းချက်တွေကတော့-

- ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံ ပိုလျှံစေရေးနှင့် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊
- ပြည်နယ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုနိုင်သည့် အခြေခံ အဆောက်အအုံ လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊
- အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီရန်၊
- ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊
- သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်၊
- ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင် လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန် ဆိုပြီးသတ်မှတ် ရည်မှန်းထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဌာနများရဲ့ လုပ်ငန်းစဉ်များကို **နောက်ဆက်တွဲ(၁)** စာအုပ်မှာ အသေးစိတ်ဖော်ပြထားပေးပါတယ် ခင်ဗျား။ **နောက်ဆက်တွဲ(၂)**မှာတော့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တင်ပြထားပေးမှာ ဖြစ်ပါတယ်။

ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများအနေနဲ့ ကျပ် **၅၉.၄** ဘီလီယံ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအနေနဲ့ ကျပ်**၂.၅** ဘီလီယံ၊ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ကျပ် **၄.၀** ဘီလီယံ၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျပ် **၁.၈** ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ကျပ် **၁.၄** ဘီလီယံ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကျပ်**၄၁.၁** ဘီလီယံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကျပ် **၄.၀** ဘီလီယံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ကျပ် **၁.၀** ဘီလီယံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ကျပ် **၂၄.၃** သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကျပ် **၉၀.၇** ဘီလီယံနှင့် စည်ပင်သာယာရေးအဖွဲ့တွေအနေနဲ့ ကျပ်**၂၁.၆** ဘီလီယံ၊ စုစုပေါင်းကျပ် **၂၂၇.၃** ဘီလီယံကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ရင်းနှီးမြှုပ်နှံဖို့ လျာထားပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နဲ့ အချို့သော နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မှာ ဖြစ်ပြီး၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ပြဋ္ဌာန်းပြီးချိန်မှာ သက်ဆိုင်ရာ မြို့နယ်စီမံကိန်းဦးစီးရုံးများရဲ့ ကြော်ငြာသင်ပုန်းမှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မဲ့ လုပ်ငန်းတွေနှင့်အတူ အသိပေးကြေငြာပေးထားမှာ ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

**နောက်ဆက်တွဲ (၃)**မှာရှမ်းပြည်နယ်အတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို စီးပွားရေးကဏ္ဍအလိုက်ဖော်ပြထားပါတယ်။

ရှမ်းပြည်နယ်ရဲ့ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းတွေကို လယ်ယာကဏ္ဍမှာ **၀.၉** ရာခိုင်နှုန်း၊ သားငါးကဏ္ဍမှာ **၆.၇** ရာခိုင်နှုန်း၊ သစ်တောကဏ္ဍမှာ (-) **၆.၆** ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍမှာ **၃.၅** ရာခိုင်နှုန်း၊ စက်မှုလက်မှု ကဏ္ဍမှာ **၃.၄** ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ **၅.၀** ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍမှာ **၄.၂** ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍမှာ **၈.၂** ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍမှာ **၉.၁** ရာခိုင်နှုန်း၊ ငွေရေး

ကြေးရေးကဏ္ဍမှာ **၅.၉** ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍမှာ **၁.၇** ရာခိုင်နှုန်း၊ အခြားဝန်ဆောင်မှုကဏ္ဍမှာ **၉.၀** ရာခိုင်နှုန်းနှင့် ကုန်သွယ်မှု ကဏ္ဍမှာ **၆.၉** ရာခိုင်နှုန်း အသီးသီး တိုးတက်ရရှိဖို့ ရည်မှန်းထားပါတယ် ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့ ဖော်ပြပါ ရှမ်းပြည်နယ်၏ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်က ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀(ခ) အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား လေးစားစွာ တင်သွင်းအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ ဆက်လက် တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ကြမ်းတို့ကို နှစ်စဉ်ရေးဆွဲပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက်ရှိပါတယ်။

ယနေ့အစည်းအဝေးမှာ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လေးစားစွာ တင်သွင်းအပ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအား ပြည်ထောင်စုမှ သတ်မှတ်ပေးတဲ့ ဘောင်အတွင်း ဝင်အောင်ရေးဆွဲပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)၏ အတည်ပြုချက်နှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအား (၂၂- ၆- ၂၀၂၀) ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရေးဆိုင်ရာ ဘဏ္ဍာရေး ကော်မရှင်အစည်းအဝေး (၂/၂၀၂၀) ၌ တင်ပြအတည်ပြုခဲ့ပါတယ်။

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၂/၂၀၂၀) မှ အတည်ပြုခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေ **ကျပ် ၅၇.၉၃၄ ဘီလီယံ**နှင့် စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရငွေ **ကျပ် ၂၀,၀၀၀**

စုစုပေါင်းရငွေ **ကျပ် ၅၇.၉၃၄ ဘီလီယံ** ဖြစ်ပြီး သာမန်အသုံးစရိတ် **ကျပ် ၁၁၂.၆၅၇ ဘီလီယံ**၊ ငွေလုံးငွေရင်းအသုံးစရိတ် **ကျပ် ၂၂၇.၃၂၃ ဘီလီယံ၊** စုစုပေါင်းအသုံးစရိတ် **ကျပ် ၃၃၉.၉၈၀ ဘီလီယံ** ဖြစ်တဲ့အတွက် လိုငွေ **ကျပ် ၂၈၂.၀၄၆ ဘီလီယံ** ဖြစ်ပေါ်လာပါတယ်။

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၂/၂၀၂၀)က အတည်ပြုထားတဲ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအရ ဘတ်ဂျက်လိုငွေအတွက် ထောက်ပံ့ငွေအပါအဝင် ရငွေအပိုင်းတွင် အခွန်အကောက်ရငွေ ကျပ် **၃.၉၆၁ ဘီလီယံ**၊ အခွန်ဝေစုခွဲဝေရငွေ ကျပ် **၁၅.၀၂၂ ဘီလီယံ**၊ အခြားသာမန်ရငွေ ကျပ် **၃၂.၉၅၁ ဘီလီယံ**၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် **၅.၀၀၀ ဘီလီယံ**၊ ဘတ်ဂျက်လိုငွေအတွက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ် **၂၈၂.၀၄၆ ဘီလီယံ** နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များနှင့် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ် ကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် အရေးပေါ်ရန်ပုံငွေ ကျပ် **၁.၀၀၀ ဘီလီယံ** ချထားပေးခဲ့သည့်အတွက် စုစုပေါင်းရငွေ ကျပ် **၃၃၉.၉၈၀ ဘီလီယံ** ရရှိမှာ ဖြစ်ပါတယ်။

အသုံးစရိတ်အပိုင်းမှာတော့ သာမန်အသုံးစရိတ် ကျပ် **၁၁၂.၆၅၇ ဘီလီယံ**၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် **၂၂၇.၃၂၃ ဘီလီယံ**၊ စုစုပေါင်းအသုံးစရိတ် ကျပ် **၃၃၉.၉၈၀ ဘီလီယံ** သုံးစွဲရန် လျာထားပါတယ်။ သာမန်အသုံးစရိတ်အတွက် လစာနှင့်စရိတ်ချီးမြှင့်ငွေ ပါဝင်မှုရာခိုင်နှုန်း **၃၆.၀၉%၊** ထောက်ပံ့ငွေအသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်း **၄.၄၅ %** နှင့် အခြားအုပ်ချုပ်မှုဆိုင်ရာအသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်း **၅၉.၄၆ %** သုံးစွဲရန်လျာထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဆောက်လုပ်ရေးလုပ်ငန်း (ဒေသဖွံ့ဖြိုးရေးအပါ) ပါဝင်မှုရာခိုင်နှုန်း **၉၇.၉၁ %၊** ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂနှင့် ရုံးသုံးယာဉ်များအတွက် ပါဝင်မှုရာခိုင်နှုန်း **၁.၈၀ %**၊ အခြားငွေစာရင်း ခေါင်းစဉ်အတွက် ပါဝင်မှုရာခိုင်နှုန်း **၀.၂၉ %** စသဖြင့် အသီးသီးလျာထားထားပါတယ်။

ယခုလွှတ်တော်အစည်းအဝေးမှာ အဲဒီစာရင်းတွေအပေါ်အခြေခံပြီးတော့ ရေးဆွဲထားတဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ယခုတင်ပြထားတဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို အခန်း(၃)ခန်း၊ အပိုင်း (၅)ပိုင်းနဲ့ ဇယား (၈)ခုဖြင့်

ရေးဆွဲထားပါတယ်။ **အပိုင်း(၁)** "အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်"၊ **အပိုင်း(၂)** "ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၏ အခန်း(၁) ရငွေများနှင့် သုံးငွေများ၊ အခန်း(၂) ငွေချေးယူခြင်း၊ အခန်း(၃) ပြည်ပအကူအညီရယူခြင်း"၊ **အပိုင်း(၃)** " ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ"၊ **အပိုင်း(၄)**"စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့်သုံးငွေများ"နှင့် **အပိုင်း(၅)** "အရေးပေါ်ရန်ပုံငွေ"ဟူ၍ ပိုင်းခြားရေးဆွဲထားပြီး ဖြစ်ပါတယ်။

ယခုလာမည့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် စတင်ခွဲဝေပေးခဲ့သည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့်ဗဟိုအဖွဲ့အစည်းများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် အရ/ အသုံး ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိပြီး အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမှာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုး အကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမှာဖြစ်ကြောင်း ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ဖော်ပြပါရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါ တယ်။

ဇယား (၁)နဲ့ (၂)တွင် အခွန်အကောက်ရငွေမပါ ဗဟိုအဖွဲ့အစည်း (၅)ခုရဲ့ ရငွေ **ကျပ် ၃၂.၁၉၆ ဘီလီယံ၊** သုံးငွေ **ကျပ် ၇၆.၃၆၃ ဘီလီယံ**၊ ဇယား(၃)အစမှာ ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနဲ့ စည်ပင်သာယာရေးအဖွဲ့များရဲ့ အခွန် အကောက်ရငွေ **ကျပ် ၃.၉၆၁ ဘီလီယံ**၊ ဇယား(၃) အဆုံးမှာ ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေနှင့် အရေးပေါ် ရန်ပုံငွေမှ ရငွေအပါအဝင် ပြည်နယ်အဆင့်ဦးစီးဌာန (၁၉)ခုရဲ့ ရငွေ **ကျပ်**

**၂၈၃.၉၁၈ ဘီလီယံ၊** ဇယား (၄)မှာ ပြည်နယ်အဆင့်ဦးစီးဌာန (၁၉) ခုနှင့် ကုန်တင်ကုန်ချ ကော်မတီရုံး၏ သုံးငွေ **ကျပ် ၁၉၁.၃၄၈ ဘီလီယံ၊** ဇယား (၅) နှင့် (၆)မှာတော့ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း(၁)ခုရဲ့ ရငွေ **ကျပ် ၀.၀၃၀ ဘီလီယံ၊** သုံးငွေ **ကျပ် ၄၁.၁၀၅ ဘီလီယံ၊** ဇယား(၇)နှင့်(၈) မှာ စည်ပင်သာယာရေးအဖွဲ့များရဲ့ ရငွေ **ကျပ် ၁၉.၈၇၅ ဘီလီယံ၊** သုံးငွေ **ကျပ် ၃၁.၁၆၄ ဘီလီယံ** စသဖြင့် အသီးသီးထည့်သွင်းရေးဆွဲထားပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ အပေါ် အခြေပြုရေးဆွဲထားတဲ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၃- ၈/ ၂၀၂၀) မှ အတည်ပြုပြီးဖြစ်တဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုပေး နိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာ တင်သွင်း အပ်ပါတယ် ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၃)နဲ့(၁၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တို့နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၄ ရက် (သောကြာနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါမှာ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ

ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ အမည်စာရင်းနှင့်အတူ မိမိဆွေးနွေးမည့် အချက်အလက်များကိုလည်း တစ်ပါတည်း ပေးပို့ဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသော "ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး(၂)ဦး" ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ဒေါ်စန္ဒာအောင်နှင့် ဦးအောင်သိန်းတို့အား အဆိုတင်သွင်းခဲ့ခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (ခ)အရ အဆိုပါအမည်စာရင်းပါ ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း တင်ပြလာသူ မရှိပါ။ ဒါကြောင့် ဒေါ်စန္ဒာအောင်နှင့် ဦးအောင်သိန်းတို့ကို ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အတွက် လွှတ်တော်၏ သဘောထားရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသော ဒေါ်စန္ဒာအောင်နှင့် ဦးအောင်သိန်းတို့အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက

သဘောတူပါသလားခင်ဗျား။

××××××××××××××××××××

သဘောတူပါသလားခင်ဗျား။

××××××××××××××××××××

သဘောတူပါသလားခင်ဗျား။

××××××××××××××××××××

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသော ဒေါ်စန္ဒာအောင်နှင့် ဦးအောင်သိန်းတို့ကို ရှမ်းပြည်နယ်လွှတ်တော်

ဆိုင်ရာ နည်းဥပဒေ ၅၂ အရ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သော စနစ်ဖြင့် ရေတိုရေရှည်စီမံချက်များ ချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၇) ဖြစ်ပါတယ်။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သော စနစ်ဖြင့် ရေတိုရေရှည် စီမံချက်များ ချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းစံဟွမ်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ **"ရှမ်းပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သော စနစ်ဖြင့် ရေတိုရေရှည် စီမံချက်များ ချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုပြဿနာဟာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ကြီးမားသော စိန်ခေါ်မှုပြဿနာတစ်ရပ် ဖြစ်ပါတယ်။ ၎င်းပြဿနာဟာ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှု၊ ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစရှိသည့် ကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိပါတယ်။ အခြားဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း စွန့်ပစ်ပစ္စည်းပြဿာနာကို အချိန်မီ အလေးထားဖြေရှင်းရန် အရေးတကြီး လိုအပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် စွန့်ပစ်ပစ္စည်း ကဏ္ဍအတွက် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈- ၂၀၃၀)ချမှတ်ထားသည်ကို တွေ့ရှိရသော်လည်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအတွက် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ မြို့တော်၊ မြို့နယ်စည်ပင်သာယာရေး၊ ဌာနဆိုင်ရာများအကြား အဆက်ပြတ်နေသည့် အခြေအနေများကိုလည်း အထင်အရှားတွေ့မြင်ကြရပါတယ်။ နိုင်ငံ၏ လျင်မြန်သော စီးပွားရေးပြုပြင် ပြောင်းလဲမှုများ၊ ကမ္ဘာတစ်ဝှမ်းမှ တစ်ဟုန်ထိုးရောက်ရှိလာသော လူသုံးကုန်၊ စားသုံးကုန် ပစ္စည်းများနှင့် ပလပ်စတစ်ပစ္စည်းများတို့ကြောင့် ရှမ်းပြည်နယ်တွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသည် အထူးအလေးထားရမည့် ကိစ္စရပ်တစ်ခုဖြစ်လာပါတယ်။

ရှမ်းပြည်နယ်၏ အမှိုက်သိမ်းစနစ်မှာ အခြေခံအားဖြင့် စွန့်ပစ်ပစ္စည်း တိုက်ရိုက်လိုက်လံ သိမ်းဆည်းသည့် လုပ်သားများ၏ လုပ်အားပေါ်အခြေခံပြီး အမှိုက်သယ်ယူသည့် စနစ်မှာလည်း အများအားဖြင့် အမှိုက်သယ်ယူရန်အတွက် အထူးထုတ်လုပ်ထားသည့် ယာဉ်များ မြို့နယ်တိုင်းတွင် အသုံးပြုနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ စွန့်ပစ်စွည်းလိုက်လံ သိမ်းဆည်းသည့် ဝန်ထမ်းများ အားနည်းခြင်း၊ အများပြည်သူများအကြား အမှိုက်ခွဲခြား စွန့်ပစ်ခြင်း အသိပညာအားနည်းတို့ကြောင့် အိမ်သုံး၊ မီးဖိုချောင်သုံးနှင့် စက်ရုံ၊ အလုပ်ရုံမှ ထွက်ရှိသော အမှိုက်နှင့်အညစ်အကြေးများကို လမ်းမပေါ်တွင် စွန့်ပစ်ခြင်း၊ ဟင်းလင်းပြင်တွင် စွန့်ပစ်ခြင်း၊ ကျင်းတူး၍ စွန့်ပစ်ခြင်း၊ ရေမြောင်း၊ မြစ်၊ ချောင်းအင်းအိုင်များတွင် စွန့်ပစ် သည့်အပြင် ပလပ်စတစ် စွန့်ပစ်ပစ္စည်းများကို ဟင်းလင်းပြင်တွင် မီးရှို့ဖျက်ဆီးသည့် အလေ့အထကိုလည်း တွေ့ရပါတယ်။ ၎င်း၏ အကျိုးဆက်အနေဖြင့် မြေထု၊ ရေထုနှင့် လေထုညစ်ညမ်းမှုများ ပိုမိုဆိုးရွားလာပြီး ရေရှည်တွင် သဘာဝဂေဟစနစ်ကို ထိခိုက်ကာ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှု ပိုမိုမြင့်တက်လာပြီး ပြည်သူ့ကျန်းမာရေးအတွက် အလွန်အန္တရာယ်ကြီးမားသည့် အခြေအနေ တစ်ရပ်ဖြင့်လာနိုင်ပါတယ်။

အမှိုက်ပုံသည့်စနစ်မှာလည်း အခြေခံအဆောက်အဦ စနစ်တကျမရှိသည့် နေရာများ တွင် စုပုံခြင်း၊ ရှိပြီးသားအမှိုက်ပုံများပေါ်တွင် စွန့်ပစ်ပစ္စည်းများ ထပ်ခါထပ်ခါ ပြန့်ကျဲကာ စွန့်ပစ်သည့် စနစ်ကို သုံးနေခြင်း၊ သတ်မှတ်စွန့်ပစ်နေရာတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု လျော့နည်းစေရန် မြေပြင်ပေါ်တွင် လိုင်နင်ခံပြီး ထိန်းချုပ်ပေးသည့် စနစ်မရှိခြင်း၊ စွန့်ပစ်

အမှိုက်များကို နေ့စဉ်မြေဖြင့် ဖုံးအုပ်သည့်စနစ် မရှိခြင်း၊ သတ်မှတ်စွန့်ပစ်နေရာတွင် များသော အားဖြင့် ခြံစည်းရိုးကာရံထားမှု မရှိခြင်း၊ စွန့်ပစ်ပစ္စည်းများမှ ထွက်ရှိလာသည့် အဆိပ် အတောက်ပါဝင်သည့် အရည်များကို အန္တရာယ်လျော့နည်းအောင် ပြုပြင်ပေးသည့် စနစ် မရှိခြင်းနှင့် သတ်မှတ်စွန့်ပစ်နေရာနှင့် လူနေအိမ်ခြေ အကွာအဝေး စနစ်တကျသတ်မှတ် ပေးမှုများ မရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ကမ္ဘာမှာ သန့်ရှင်းသော မြို့တော်အဖြစ် အသိအမှတ်ပြုခံရတဲ့ ရှမ်းပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့တောင်ကြီးမြို့မှာတောင် လမ်းမပေါ်မှာ အမှိုက်များ စုပုံ၊ စွန့်ပစ်နေကြခြင်းကို ရံဖန်ရံခါ တွေ့မြင်နေရပါသေးတယ်။ မိမိတို့ ရှမ်းပြည်နယ် သန့်ရှင်းသာယာလှပရေးအတွက် အစိုးရတစ်ရပ်တင်မကဘူး ပြည်သူများ တစ်ဦးချင်းစီမှာ လည်း တာဝန်ယူဖော်ဆောင်မှ အောင်မြင်ပါလိမ့်မယ်။

ရေရှည်တည်တံ့သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် (Substainable waste management) ဆိုရာတွင် စွန့်ပစ်အမှိုက်များကို အရင်းမြစ်ပစ္စည်းဖြစ်လာအောင် စီမံခန့်ခွဲ နိုင်ခြင်းသည်လည်း အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ရေးအတွက် လုပ်ဆောင်ရာတွင် စွန့်ပစ်ပစ္စည်းများ၏ အခြေခံသဘောတရား အဆင့်ဆင့်ပေါ်တွင် အခြေခံ၍ စွန့်ပစ်ပစ္စည်းများ ကာကွယ်ခြင်း (Prevention)၊ လျော့ချခြင်း (minimization)၊ ငြင်းဆိုခြင်း (refuse)၊ ပြန်လည်အသုံးပြုခြင်း (recycling)၊ ပြန်လည်ထူထောင်ခြင်း (recovery)စသည့် လုပ်ငန်းရပ်များကို အပြီးသတ် မဖျက်ဆီးခင်အထိ ပေါင်းစပ်လုပ်ဆောင်ရန် လိုအပ်ပါတယ်။ ဥပမာ အမှိုက်အမျိုးအစား ခွဲခြမ်းခြင်းအတွက် သင့်လျော်သော နည်းဗျူဟာများရေးဆွဲခြင်း၊ သမားရိုးကျပြုပြင် ပြန်လည် သုံးစွဲသော အလေ့အကျင့်များ၊ သမားရိုးကျ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် နယ်ပယ်အတွင်း ပြန်လည်အသုံးပြုခြင်း (recycling) ဆိုင်ရာ ပြင်ပအသေးစား စီးပွားရေးစွန့်ဦးတီထွင်မှု ပါဝင်မှု အားကောင်းလာစေခြင်းတို့ကို ဆိုလိုပါတယ်။

၂၀ ရာစု အစောပိုင်းတွင် စွန့်ပစ်အမှိုက်မှ စွင်းအင်ထုတ်ပေးသည့် စက်ရုံများပေါ်ထွက် ခဲ့ကာ လတ်တလောတွင် အနောက်ဥရောပ၌ စက်ရုံပေါင်း (၄၂၀)ကျော်နှင့် အမေရိကတွင် စက်ရုံပေါင်း (၈၀)ကျော် ရှိနေပြီဖြစ်သည်ဟု လေ့လာသိရှိရပါတယ်။ လတ်တလော ရန်ကုန်နှင့် မန္တလေးမြို့များတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကနဦးစမ်းသပ်စီမံကိန်းများ ဖြစ်သည့် တိုကျို၊ ကာဝါစကီ၊ ဖူကူအိုကာ၊ ကီတကျူးရှူးမြို့များရှိ ဂျပန်မိတ်ဖက်အဖွဲ့အစည်း

များမှ ရေးဆွဲပေးသော အောင်မြင်ရန်အလားအလာရှိသည့် မြို့အချင်းချင်း ချိတ်ဆက်ပူးပေါင်းမှု (intercity cooperation) တို့၌ ပေါင်းစပ်ပါဝင်ပြီး စွန့်ပစ်အမှိုက်များကို စနစ်တကျ စီမံဆောင်ရွက်လာသည်ကို တွေ့ရှိရပါတယ်။

ရန်ကုန်မြို့တော်တွင် ဂျပန်နိုင်ငံ MoEJ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Leaf frog program အရ JFE(Japanese Future Engineering) Cooperation Agency အဖွဲ့က အမေရိကန် ဒေါ်လာ (၈)သန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)မှ အမေရိကန်ဒေါ်လာ (၈)သန်းတို့ဖြင့် ပူးပေါင်း၍ YWTEPP (Yangon Waste to Energy Plant Project) တည်ဆောက်ရန် ၂၀၁၃ ခုနှစ်တွင် စတင်ဆွေးနွေးခဲ့ကြပြီး ၂၀၁၅ နိုဝင်ဘာလ (၁၀)တွင် တစ်နေ့လျှင် အမှိုက်တန် (၆၀)မီးရှို့၍ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံကို ပန္နက်ရိုက်ခဲ့ပါတယ်။

စက်ရုံမှ တစ်နေ့တွင် လျှပ်စစ်ဓာတ်အား (၇၀၀)ကီလိုဝပ်/ နာရီထွက်ရှိပြီး စက်ရုံမှ (၄၀၀)ကီလိုဝပ်/ နာရီကို ပြန်လည်အသုံးပြု၍ မဟာဓာတ်အားလိုင်းသို့ တစ်နာရီလျှင် (၃၀၀) ကီလိုဝပ် ပေးပို့ရောင်းချရပြီး စွန့်ပစ်ပြာများကို ပါဝင်ဖွဲ့စည်းထားသည့်အရာများအပေါ်မူတည်၍ ကတ္တရာနှင့် ဘလောက်တုံးများအနေဖြင့် ပြန်လည်အသုံးချနိုင်သောကြောင့် အဖက်ဖက်မှ အကျိုးကျေးဇူးများစွာရှိသည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။

YCDC အနေဖြင့် စိုက်ထုတ်ရန် အမေရိကန်ဒေါ်လာ (၈)သန်းအား ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၁.၄ သန်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၆.၆ သန်းဖြင့် လျာထားတောင်းခံပြီး နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ရန်ကုန်မြို့တော် မြို့ပြစီမံကိန်းအတွင်း အကောင်အထည်ဖော်နေခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်အနေနဲ့ များပြားလွန်းသော ရင်းနှီးမြှုပ်နှံမှုအတွက်အခက်အခဲရှိနိုင်ပါတယ်။ သို့ပါသော်လည်း အခြားအခွင့်အလမ်းကောင်းများစွာလည်းရှိနိုင်ပါသေးတယ်။ ဥပမာ- တရုတ်နိုင်ငံထုတ် အမေရိကန်ဒေါ်လာ (၁၀၀၀-၁၅၀၀)တန်ဖိုးရှိ ဒီဇယ်သုံး အမှိုက်မီးရှို့စက်၊ အီတလီနိုင်ငံထုတ် အမေရိကန်ဒေါ်လာ (၁၀၀၀-၂၀၀၀၀) တန်ဖိုးရှိတဲ့ ဒီဇယ်သုံး အမှိုက်မီးရှို့စက် အစရှိသည့် တန်ဖိုးသင့် စက်ပစ္စည်းများကိုလည်း အသုံးပြု၍ စွန့်ပစ်အမှိုက်များကို တစ်နိုင်တစ်ပိုင်ဖြင့် လေထုညစ်ညမ်းမှု မရှိအောင် စီမံခန့်ခွဲနိုင်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရရဲ့ ပံ့ပိုးမှုဖြင့် ရန်ကုန်မြို့တော် စီမံကိန်းလိုမျိုး ဖန်တီးပေးနိုင်မယ်ဆိုရင် ပိုပြီးတော့ သင့်လျော်နိုင်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ယခုကျွန်မတင်ပြသွားတဲ့ အကြံပြုချက်များကို ဖြစ်စေ၊ ပိုမိုသာလွန်ကောင်းမွန်သော စီမံချက်များဖြင့်ဖြစ်စေ ရှမ်းပြည်နယ်၏ မြို့ဝင် မြို့ထွက်များတွင် အမှိုက်ပုံများ ကင်းရှင်းပြီး ရှမ်းပြည်နယ်၏ တောက်ပသော အနာဂတ်ကို ရည်မှန်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မှုတသော ပတ်ဝန်းကျင်ကို ဖော်ဆောင် ပေးပါရန် အလေးအနက်ထား တိုက်တွန်းရင်း လေးစားစွာဖြင့် အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဘဝနဲ့ ဆန္ဒ တစ်ထပ်တည်း ကြပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါ တယ်။ ဒီနေ့ ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ရဲ့ **"ရှမ်းပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သော စနစ်ဖြင့် ရေတိုရေရှည် စီမံချက်များ ချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်း ကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစံဟွမ် တင်သွင်း သော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဒေါ်နန်းစံဟွမ်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က တင်သွင်းတဲ့ အဆိုကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၃ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းနောင့်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက် ချီးမြှင့်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ

တယ်။ ကျွန်တော်ကတော့ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။

ဒီကနေ့ ရှမ်းပြည်နယ် ပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူလူထုများအဆင်ပြေစွာ ရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ ကျန်းမာရေးကဏ္ဍတွင် လွန်စွာနိမ့်ကျခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ လစ်လျူရှုခံခဲ့ရသည့် ကျန်းမာရေးကဏ္ဍသည် ပြည်သူလူထုအား ကျန်းမာရေးဝန်ဆောင်မှုပေးရန် လုံလောက်သည့် အရေအတွက်နှင့် အရည်အသွေးနည်းပါးနေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ နှိုင်းယှဉ်ရာတွင်လည်းကောင်း၊ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ရာတွင်လည်းကောင်း ကျန်းမာရေးအဆင့်အတန်း နိမ့်ပါးစွာရှိနေသည်ကို တွေ့ရပါတယ်။ ကိုယ်ဝန်ဆောင်စဉ် မွေးဖွားစဉ်မိခင်သေဆုံးနှုန်း၊ ၅ နှစ်အောက်ကလေးငယ် သေဆုံးနှုန်းနှင့် ၁ နှစ်အောက်ကလေးငယ်သေဆုံးနှုန်းတို့သည် ဒေသတွင်းနိုင်ငံများတွင် အမြင့်ဆုံး အနေအထား၌ ရောက်ရှိနေပါတယ်။ မြန်မာနိုင်ငံ၌ မျှော်မှန်းလူ့သက်တမ်းမှာ (၆၄.၇)နှစ်သာ ရှိပြီး အာဆီယံနိုင်ငံများတွင် အနိမ့်ဆုံးအဖြစ် ရပ်တည်လျက်ရှိတာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization- WHO) သုံးသပ်ချက်အရ လေ့လာတွေ့ရှိရပါတယ်။

လက်ရှိအချိန်တွင် ကျန်းမာရေးကဏ္ဍ အသုံးစရိတ်မြှင့်တင်ခြင်းနှင့် ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ တစ်ချို့လုပ်ဆောင်လာခြင်းတို့ကို တွေ့ရှိနေရပါတယ်။ အစိုးရအဖွဲ့မှ ရေးဆွဲခဲ့သော အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇- ၂၀၂၂ တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် နေရာမရွေး၊ ဒေသမရွေးပေးစွမ်းနိုင်ရေးသည် ပန်းတိုင်ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါတယ်။ ထိုသို့ပေးအပ်နိုင်ရေးအတွက် မြို့နယ်အဆင့်တွင် ကျန်းမာရေး စောင့်ရှောက်မှုပေးအပ်ရန် အဆင်သင့်ဖြစ်ရေးနှင့် ကျန်းမာရေးစနစ် ခိုင်မာတောင့်တင်းရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်း

များတွင် အကျယ်ဝန်းဆုံးဖြစ်ပြီး လူဦးရေအများဆုံး ပြည်နယ်တစ်ခုဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ တောင်တန်းဒေသဖြစ်ပြီး တောတောင် ထူထပ်ကာ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲနေဆဲဒေသများလည်း ရှိနေပါကြောင်း ထပ်မံတင်ပြလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရမှ အဓိက ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာဖြစ်သော်လည်း အစိုးရ အနေဖြင့် တစ်ပြည်နယ်လုံး လွှမ်းခြုံနိုင်မှု မရှိသေးသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ စာရင်းများအရ ရှမ်းပြည်နယ်တွင် သင်ကြားရေးဆေးရုံ (၂)ရုံ၊ (၅၀၀)ခုတင်ဆံ့ ဆေးရုံ (၁)ရုံ၊ (၂၀၀)ခုတင်ဆံ့ ဆေးရုံ (၂)ရုံ၊ (၁၅၀)ခုတင်ဆံ့ ဆေးရုံ (၂)ရုံ၊ (၁၀၀)ခုတင်ဆံ့ ဆေးရုံ (၆)ရုံ၊ (၅၀)ခုတင်ဆံ့ ဆေးရုံ (၁၆)ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ (၃၄)ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ (၄)ရုံနှင့် တိုက်နယ်ဆေးရုံ (၉၇)ရုံရှိပြီး ဆေးရုံစုစုပေါင်းမှာ (၁၆၄)ရုံ ရှိသည်ဟုလည်း ဖော်ပြထားပါတယ်။ ထို့အပြင် တိုက်နယ်ကျန်းမာရေးဌာန (၄၈)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၁၇၄)ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ (၉၂)ခု ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှလည်း ကျန်းမာရေးစီမံချက်များ ဆောင်ရွက်လျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လက်ရှိကျန်းမာရေးဌာန အရေအတွက်နှင့် လူအင်အားပေါ် အခြေခံ၍ ကျန်းမာရေးသွင်းအားစုဆိုင်ရာ အမှတ်ပေး စနစ်အရ တွက်ချက်သတ်မှတ်ရာတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၏ ၉၆ ရာခိုင်နှုန်းသည် ပြည်သူလူထုအား အခြေခံကျသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အဆင်သင့် အနေအထားတွင် ရှိမနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ထို့အပြင် ကျန်းမာရေးရလဒ် အခြေပြု အမှတ်ပေးစနစ်အရ တွက်ချက်ရာတွင်လည်း ရှမ်းပြည်နယ်သည် ပြည်နယ်နှင့် တိုင်းအားလုံးတွင် အနိမ့်ဆုံးအခြေအနေရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါတယ်။

အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(Public- Private - Partnership - PPP)ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားစွာ ဖွင့်ဆိုကြ သည်ကိုလည်း တွေ့ရှိရပါတယ်။ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူ လူထုအား ဝန်ဆောင်မှု (သို့မဟုတ်) အခြေခံအဆောက်အအုံ အထောက်အပံ့များ ပေးနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကြား သဘောတူညီမှုစာချုပ် ချုပ်ဆို၍ ပူးပေါင်းဆောင်ရွက်မှု

တစ်ရပ်အဖြစ် ရိုးရှင်းစွာ နားလည်နိုင်ပါတယ်။ ယင်းပူးပေါင်းဆောင်ရွက်မှုတွင် အစိုးရကဏ္ဍ၌ ပြည်ထောင်စုအစိုးရသော် လည်းကောင်း၊ ပြည်နယ်အစိုးရသော် လည်းကောင်း၊ အစိုးရပိုင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများသော် လည်းကောင်း ပါဝင်ပြီး ပုဂ္ဂလိက ကဏ္ဍတွင်မူ အကျိုး အမြတ်အတွက် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံသူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကျွမ်းကျင် ပညာရှင်များသာမက အကျိုးအမြတ်အတွက် မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများလည်း ပါဝင်သည်ဟု မှတ်ယူရမှာ ဖြစ်ပါတယ်။

အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (သို့မဟုတ်) အများပြည်သူအခြေခံ လိုအပ်ချက် အဆောက်အအုံများကို ဖြည့်ဆည်းရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များ စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာစေရန် ရရှိသည့် အရင်းအမြစ် များကို လေလွင့်မှုနည်းပါးစွာဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲပြီး ကောင်းမွန်သော လုပ်ငန်းစွမ်းဆောင်ရည်ဖြင့် ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်စေရန် တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ပိုင်ခွင့်နှင့် အာဏာတို့ကို ပြန်လည်ခွဲဝေချထားခြင်းဖြင့် ကဏ္ဍတစ်ရပ်လုံး ပြုပြင်ပြောင်းလဲရေးဆီ ဦးတည်လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ် ပါတယ်။ ၁၉၉၀ ခုနှစ်ကတည်းကပင် အနောက်နိုင်ငံများနှင့် နိုင်ငံတကာတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် ကျန်းမာရေးကဏ္ဍတွင် ယနေ့ထိတိုင် အောင်မြင်နေဆဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Covid-19 ကာလအတွင်း၌ နိုင်ငံတော် အစိုးရအပြင် ပြည်တွင်းပြည်ပစေတနာရှင်များ ကျန်းမာရေးဘက်ပိုင်းမှ ကူညီဆောင်ရွက် လျက်ရှိသော အဖွဲ့အစည်းများ သူဌေးသူကြွယ်များ အစိုးရနှင့်ပူးပေါင်း၍ ပြည်သူလူထုများအား ကူညီပေးလာကြသည်ကို အားလုံးမြင်တွေ့နေရတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ဤအနေအထားကို ကြည့်ခြင်းအားဖြင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအောင်မြင်သည်ဟု မှတ်ယူရပါ မယ်။ ကျန်းမာရေးဌာန ဆေးရုံဆေးခန်းများမှ အခမဲ့ဖြန့်ဝေမပေးနိုင်သော ဆေးဝါးများ လွယ်ကူလျင်မြန်စွာရရှိစေရေးအတွက် လည်းကောင်း၊ ရောဂါရှာဖွေရေး စက်ကိရိယာနှင့် ဆက်စပ်သော ပစ္စည်းများသော်လည်းကောင်း၊ ဆေးရုံနှင့် ဆေးရုံသို့ရောက်ရှိလာသော လူနာ များအတွက် ဝန်ဆောင်မှုများ သော်လည်းကောင်း များစွာသော လုပ်ငန်းဆောင်တာများ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေများကို တစ်ဖက်

တစ်လမ်းမှ ကူညီရာရောက်နိုင်သည်ဟု ယုံကြည်ရမည်ဖြစ်ပြီး နယ်စွန်နယ်ဖျားမြို့များမှ ကြုံတွေ့နေရသော သက်တမ်းလွန်ခါနီး ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုကိုလည်း ချက်ချင်းဖယ်ရှားနိုင်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်ပြည်သူများအား အခြေခံကျသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို အဆင်ပြေစွာရရှိနိုင်ရန်အတွက် လက်ရှိကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်ချက်များ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နိုင်မှုအား မြှင့်တင်ဆောင်ရွက်သင့်ပါတယ်။ ရှမ်းပြည်နယ် ပြည်သူများအား အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် ဦးစားပေး လုပ်ဆောင်ရမည်လည်း ဖြစ်ပါတယ်။ သို့အတွက် အစိုးရတစ်ရပ်တည်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှု ပေးအပ်နိုင်ခြင်းထက် ပုဂ္ဂလိကမှ ရင်းနှီးမြှုပ်နှံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသော အခြေအနေများ ဖန်တီးပေးခြင်းနှင့် အားပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းအားဖြင့် **“ရှမ်းပြည်နယ် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာ ရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှုအား မြှင့်တင်ခြင်းကို ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင် တင်သွင်းသော **“ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း”** အဆိုနှင့်ပတ်သက်၍ ထောက်ခံကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနောင့် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းနောင့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုင်းနောင့် တင်သွင်းတဲ့ အဆိုကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၃ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက် (ကြာသပတေးနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (ဒုတိယနေ့)မှတ်တမ်း

## ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

## ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်

## [ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၈)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၇.၀၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃- ၉- ၂၀၂၀ ရက် (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးဂူဆာ၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၄) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၄)ဦး ရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၈)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ(၁၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ) နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်လာကြတဲ့ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ္တသုခ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မ ကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှာကတော့ သိန္နီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဟိုဝိန်းကြာကန်အနီးတွင် တာဝါတိုင်ဆောက်လုပ်ထားခြင်းနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ သိန္နီမြို့ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်(၇၃) ဟိုနားရွာမကွင်း၊ ဦးပိုင်အမှတ်(၆၂)၊ ဟိုဝိန်းကြာကန်အနီးတွင် MTGDC Co.,Ltd မှ ဆက်သွယ် ရေးတာဝါတိုင်ကို ဆောက်လုပ်အသုံးပြုထားသည်ကို တွေ့ရှိရပါတယ်။ ဆက်သွယ်ရေး တာဝါတိုင်များ ဆောက်လုပ်အသုံးပြုစေခြင်းကြောင့် မိဘပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကိစ္စအဝဝအတွက် အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်သည်

သာမက ကမ္ဘာနှင့်အဝှမ်း ဖြစ်ပျက်နေသော အကြောင်းအရာများကိုလည်း အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ခြင်းတို့ကြောင့် အကျိုးကျေးဇူးများစွာရရှိပါတယ်။

ဆက်သွယ်ရေးတာဝါတိုင်များ စတင်တည်ဆောက်ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားချက်ဖြစ်သည့် တာဝါတိုင် Guide line တွင် ပါဝင်သော စည်းမျဉ်းစည်းကမ်း များအတိုင်း ခွင့်ပြုချက်များကို ပြည့်စုံစွာရယူပြီးမှသာ ဆောင်ရွက်ရန်ဟု ညွှန်ကြားထားသည် ကိုလည်း လေ့လာသိရှိရပါတယ်။ သို့ပါသော်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိသေးဘဲ ဆောက်လုပ်အသုံးပြုနေသည့် တာဝါတိုင်များ၊ ဆောက်လုပ်ဆဲတာဝါတိုင်များ ရှိနေသည်ကိုလည်း တွေ့ရှိရပါတယ်။

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၉ ခုနှစ် အောက်တိုဘာလ(၁၀)ရက်၊ ရက်စွဲပါစာအမှတ်၊ ၅၀၀- ဆညႆ/ ခွဲ(၅) တာဝါ/ ၈၀၆၅ အရ "တာဝါတိုင် တည်ဆောက်စဉ်က ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားထားသည့် ညွှန်ကြားချက်များအတိုင်း သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တည်ဆောက် ထားပြီး ကန့်ကွက်တိုင်ကြားမှုများ ဖြစ်ပေါ်လာမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များသို့ တင်ပြလာသော တာဝါတိုင်များအား ဖျက်သိမ်းမည်ဖြစ်ကြောင်း အော်ပရေတာ များနှင့် လိုင်စင်ရ တာဝါတိုင်ကုမ္ပဏီများသို့ အကြောင်းကြားရန်" ဟု ညွှန်ကြားထားကြောင်း လေ့လာမှတ်သားသိရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့် ပြုပါရန် တင်ပြအပ်ပါတယ်ရှင်။ ဒါကတော့ ကျွန်မတို့ မြို့အဝင်က ဟိုဝိန်းကြာကန်ဘေးနားက လယ် ဖြစ်ပါတယ်ရှင်။ အဲ့ဒီလယ်ထဲမှာ တာဝါတိုင်ဆောက်လုပ်ပြီး အသုံးပြုနေခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်မမေးခွန်းမေးမြန်းလိုသည်မှာ-

(က) လယ်ယာမြေပေါ်တွင် တာဝါတိုင် တည်ဆောက်ခွင့်ရှိပါသလား။

(ခ) အခြားနည်းအသုံးပြုခွင့် လျှောက်ထားပါက ခွင့်ပြုပါမည်လား။

(ဂ) အခြားနည်းအသုံးပြုခွင့် လျှောက်ထားရယူခြင်းမရှိဘဲ လယ်မြေပေါ်တွင် တာဝါတိုင်ဆောက်လုပ်အသုံးပြုနေသည့် MTGDC Co., Ltd အား မည်ကဲ့သို့ အရေးယူမည်နည်း။

(ဃ) အရေးယူရန် အစီအစဉ် မရှိပါက အဘယ်ကြောင့်နည်း။

(င) လယ်မြေပေါ်တွင် တာဝါတိုင်တည်ဆောက်အသုံးပြုလျက်ရှိသည့် MTG DC Co., Ltd အား ခွင့်ပြုမိန့်ချထားခြင်း ရှိ/ မရှိ၊ ရှိပါက မည်သည့်နေ့ရက်တွင် ခွင့်ပြုထားပါသနည်း စသည်တို့ကို သိရှိလိုပါသဖြင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅ အရ လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ သိန္နီ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မေးမြန်းထားတဲ့ သိန္နီမြို့နယ် အမှတ်(၂)ရပ်ကွက်၊ ဟိုဝိန်းကြာကန် အနီးတွင် ဆက်သွယ်ရေး တာဝါတိုင် ဆောက်လုပ်ထားခြင်းနှင့်ပတ်သက်၍ သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါ တယ်ခင်ဗျား။

ကျွန်တော်တို့ နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ ဆက်သွယ်ရေးကွန်ရက်တွေကို ဖြန့်ကျက်နိုင်စေဖို့၊ ဆက်သွယ်ရေးကဏ္ဍ အခြေခံအဆောက်အဦများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေဖို့နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု အရည်အသွေးများ ပိုမိုကောင်းမွန်လာစေဖို့အတွက်ကို ကျွန်တော် တို့ လိုင်စင်ရ ဆက်သွယ်ရေး Operator များနှင့် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်း လိုင်စင်ရကုမ္ပဏီများမှ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ ခွင့်ပြုချက်ဖြင့် တာဝါတိုင်တည်ဆောက်တာတွေ ဖိုင်ဘာ Cable ကွန်ရက်များ သွယ်တန်းခြင်းတွေ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲ့ဒီလို ဆက်သွယ်ရေးတာဝါတိုင်တွေ မိုဘိုင်းစခန်းတွေ တည်ဆောက်ရာမှာလည်း တင်ပြခဲ့သည့်အတိုင်းပါပဲ။ တည်ဆောက်မည့် နေရာ၏ အိမ်ခြေ၊ လူဦးရေ၊ မြေနေရာရရှိမှု၊ (မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု)အစရှိတဲ့ အဝေးဆက်သွယ်ရေးလမ်းကြောင်းများ ချိတ်ဆက်နိုင်မှု၊

ရာသီဥတု၊ လျှပ်စစ်ဓာတ်အားအခြေအနေ အဲ့ဒီအခြေခံအချက်အလက်များ ပြည့်စုံမှသာ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်နိုင်တဲ့အနေအထားဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ အခြေခံအချက်တွေ ပြည့်စုံသွားပြီဆိုရင်တော့ မိုဘိုင်းဖုန်းသုံးစွဲတဲ့ ပြည်သူများ စိတ်ကြိုက်ရွေးချယ်နိုင်သည့် Operator များရရှိနိုင်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေး၊ မြို့နှင့်ကျေးလက်ဒေသပါမကျန် ဆက်သွယ်မှုကွန်ရက် ကောင်းမွန်စေရေး အလေးပေးပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် ညှိနှိုင်းပြီးတော့ စီမံဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှုရှိစေရန်နဲ့ သုံးစွဲသူအင်အားဈေးကွက်တို့အရ တာဝါတိုင် စိုက်ထူမှုတွေ များပြားလာတာနှင့်အမျှ တာဝါတိုင်စိုက်ထူမှုနှင့် ပတ်သက်ပြီးတော့ တိုင်ကြားမှုတွေ၊ ကန့်ကွက်မှုအချို့တွေ ဖြစ်ပေါ်လေ့ရှိပြီးတော့ ပြည်သူအများစုမှာ တာဝါတိုင် နှင့်ဆက်နွယ်သည့် မိုးကြိုးလျှပ်စစ်အန္တရာယ်၊ ရေဒီယိုလှိုင်းနှုန်းအန္တရာယ်များနှင့် ကျန်းမာရေး ဆက်စပ်မှုတို့ကို ကောင်းစွာသိရှိနားလည်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ထိခိုက်စေနိုင်ခြင်း ရှိ/ မရှိ စိစစ်မှုများကို သက်ဆိုင်ရာဌာနများနှင့် အဖြေရှာ ဆောင်ရွက်ခဲ့ပါတယ်။ အဖြေကတော့ မြန်မာနိုင်ငံ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များသည် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ၊ ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိသဖြင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိကြောင်း လေ့လာ တွေ့ရှိချက် အပေါ်မှာ တာဝါတိုင်နှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင့်ကျမှု လျော့နည်းစေရေး မြို့နယ်/ ရပ်ကျေးအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့်အသိပေး ဆောင်ရွက်သွားဖို့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၇- ၁၂- ၂၀၁၆ ရက်စွဲပါစာဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီများသို့ အသိပေး အကြောင်းကြားဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။

တာဝါတိုင်ကန့်ကွက် တိုင်ကြားမှုများဖြစ်ပေါ်လာရင်လည်း မှန်ကန်မှုရှိစေရေးနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အတွင်း မြို့နယ်တိုင်းမှာ “မြို့နယ်အဆင့်ဆက်သွယ်ရေး တည်ဆောက်ခြင်း လုပ်ငန်းစိစစ်ရေးကော်မတီ” များကို ဖွဲ့စည်း ထားပေးပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ခေါင်းဆောင်နှင့် သက်ဆိုင်ရာ ဌာနများပါဝင်တဲ့ အဖွဲ့ဝင် ၁၁ ဦး ပါဝင်ပါတယ်။ ဤအဖွဲ့အနေဖြင့် ဆောင်ရွက်ဖို့ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂- ၁၁- ၂၀၁၆ ရက်စွဲပါစာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်

ထားရှိပြီးပါတယ်။ တာဝါတိုင်တည်ဆောက်ခွင့် တင်ပြတောင်းခံလာလို့ရှိရင်လည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့က သတ်မှတ်ထားတဲ့အချက် ၃၂ ချက်ဖြင့် ပြည့်စုံစွာစိစစ် တင်ပြလာပါက ဖော်ပြပါ ကော်မတီ၏ စိစစ်ထောက်ခံတင်ပြချက်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ထပ်ဆင့်ထောက်ခံတင်ပြချက်တို့ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

အဆိုပါ သတ်မှတ် ၃၂ ချက်မှာ တာဝါတိုင်စိုက်ထူမည့် မြေနေရာ၏ အနားလေးရပ်ထောက်ခံချက်၊ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ တကယ်လို့ လယ်ယာမြေဖြစ်ပါက အခြားနည်းသုံးစွဲခွင့် အထောက်အထားများရယူရန် ဖော်ပြပါဝင်ပြီးဖြစ်ပါတယ်။

မေးခွန်း(က)အနေနဲ့တော့ လယ်မြေပေါ်တွင် တာဝါတိုင်တည်ဆောက်ခွင့် ရှိပါသလားလို့ မေးမြန်းထားပါတယ်။ တာဝါတိုင်စိုက်ထူမည့် မြေနေရာဟာ လယ်မြေဖြစ်ပါက မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလုပ်ငန်းဖြစ်ပြီး လယ်ယာမြေကို စိုက်ပျိုးမှုများမှအပ အခြားနည်းအသုံးပြုရန် ခွင့်ပြုနိုင်ကြောင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၉၊ ၃၀(က)၊ ၃၀(ခ)နှင့် ၃၁ တို့တွင် ပြဋ္ဌာန်းထားရှိပြီး အသုံးပြုလိုသူက လုပ်ထုံးလုပ်နည်းနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သို့ တင်ပြလျှောက်ထားရယူပြီး ခွင့်ပြုချက်ရရှိပါက တည်ဆောက်ခွင့်ရှိမှာဖြစ်ပါတယ်။

မေးခွန်း(ခ)အနေနဲ့ အခြားနည်းအသုံးပြုခွင့်လျှောက်ထားပါက ခွင့်ပြုပါမည်လား မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ကို ပိုင်ဆိုင်ခွင့်ရှိသူက တင်ပြလျှောက်ထားလာပါက သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အမှုတွဲပြည့်စုံ မှန်ကန်စွာစိစစ်ပြီး ကိုက်ညီပါက မြို့နယ်/ ခရိုင်/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အဆင့်ဆင့် စိစစ်ဆုံးဖြတ်ချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်းများ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

မေးခွန်း(ဂ)အနေနဲ့ အခြားနည်းအသုံးပြုခွင့် လျှောက်ထားရယူခြင်းမရှိဘဲ လယ်ယာမြေပေါ်တွင် တာဝါတိုင် ဆောက်လုပ်အသုံးပြုနေသည့် MTGDC Co.,Ltd အား မည်ကဲ့သို့ အရေးယူမည်နည်း မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာမြေပေါ်တွင် အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိနိုင်ရေး လယ်ပိုင်ဆိုင်ခွင့်ရှိသူအနေဖြင့် ၎င်းလယ်အား လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိရေး

သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့် လျှောက်ထားစဉ်ကာလအတွင်း ခွင့်ပြုမိန့်မရရှိဘဲ MTGDC Co.,Ltd မှ ဆက်သွယ်ရေးတာဝါတိုင် အသုံးပြုခြင်းအတွက်ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေအရ ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးပြီး ပုဒ်မ ၁၂ ပါ စည်းကမ်းချက် တစ်ခုခုဖြင့် အရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

မေးခွန်း(င)အနေနဲ့ လယ်ယာမြေပေါ်တွင် တာဝါတိုင်တည်ဆောက် အသုံးပြုလျက် ရှိသည့် MTGDC Co., Ltd အား ခွင့်ပြုမိန့် ချထားခြင်း ရှိ/ မရှိ၊ ရှိပါက မည်သည့်နေ့ရက်တွင် ခွင့်ပြုထားပါသနည်းမေးခွန်းနှင့်စပ်လျဉ်း၍ သိန္နီမြို့၊ အမှတ်(၂)ရပ်ကွက် ပုံစံ(၇)ရရှိထားသည့် ကွင်းအမှတ်(၇၃)၊ ဦးပိုင်အမှတ်(၆၂)၊ မြေဧရိယာ ၅.၀၈ ဧက အနက်မှာ ၀.၀၆ ဧကရှိ မြေ နေရာမှာ တာဝါတိုင် တည်ဆောက်ရန်အတွက် သိန္နီမြို့နယ် ဆက်သွယ်ရေးတည်ဆောက်ခြင်း လုပ်ငန်းစိစစ်ရေး ကော်မတီမှ ၁၅- ၁- ၂၀၂၀ ရက်နေ့မှာ ကွင်းဆင်းစိစစ်ပါတယ်။ လယ်မြေ အမျိုးအစားဖြစ်တဲ့အတွက်ကြောင့်မလို့ အခြားနည်းအသုံးပြုခွင့်ရရှိရန်အတွက် ပိုင်ဆိုင်ခွင့် ရှိသူကနေပြီးတော့ သိန္နီမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ၂၃- ၁- ၂၀၂၀ ရက်နေ့တွင် လျှောက်ထားဆဲဖြစ်ပြီး အကယ်၍ လျှောက်ထားရယူပြီးပါက သတ်မှတ် ၃၂ ချက်နှင့်ကိုက်ညီမှု ရှိပါသဖြင့် ခွင့်ပြုသင့်ပါကြောင်း မြို့နယ်စိစစ်ရေးကော်မတီ၏ ထောက်ခံချက်၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီ၏ ထောက်ခံချက်များဖြင့် အမှုတွဲတည်ဆောက်၍ လားရှိုးခရိုင်စီမံခန့်ခွဲမှုကော်မတီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၈-၂-၂၀၂၀ ရက်နေ့တွင် တင်ပြလာတာ ဖြစ်ပါတယ်။

အဲ့ဒီတော့ အမှုတွဲရဲ့ တင်ပြချက်အပေါ် ကြန့်ကြာမှုမရှိစေဘဲနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၃၀-၄-၂၀၂၀ ရက်စွဲပါစာဖြင့် မြေပြင်ကွင်းဆင်းစိစစ်မှုအရ အတည်ပြုထားရှိခဲ့ပြီးဖြစ်သော်လည်း အခြားနည်းအသုံးပြုခွင့်ရရှိရေးသည် လယ်ပိုင်ဆိုင်ခွင့်ရှိသူနှင့် တာဝါတိုင် ဆောက်လုပ်သည့် ကုမ္ပဏီတို့မှ ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စ ဖြစ်ပါကြောင်းနှင့် အခြားနည်းအသုံးပြုခွင့် မရရှိမီ တာဝါတိုင်တည်ဆောက်ခြင်းအတွက် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူနိုင်ရေး လားရှိုးခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းအားလုံးအတွက် အထက်တန်းပြ ဆရာ/ ဆရာမ (၄၃)ဦး လိုအပ်နေပါသဖြင့် မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အားလုံးအတွက် အထက်တန်းပြ ဆရာ/ ဆရာမ (၄၃)ဦး လိုအပ်နေတဲ့အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ် ဆိုတဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပင်းတယမြို့နယ်၌ အထက်တန်း အဆင့်သင်ကျောင်းပေါင်း (၁၆)ကျောင်းရှိပြီး အထက်တန်းအဆင့်သင် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၃၀၀၃)ဦးနှင့် အထက်တန်းအဆင့်သင် ဆရာ/ ဆရာမပေါင်း ခွဲဝေ(၁၅၀)ဦး၊ ခန့်ထား(၁၀၇)ဦး ရှိပြီး လစ်လပ် (၄၃)ဦး ရှိပါတယ်။ အထက်တန်းပြ လစ်လပ် (၄၃)ဦးမှာ အထက်တန်းကျောင်း (ပွေးလှ) ၁ ဦး၊ အထက်တန်းကျောင်း (ကျုံး) ၂ ဦး၊ အထက်တန်းကျောင်း (မိုင်းအင်) ၁ ဦး၊ အထက်တန်းကျောင်း (ဝါးပြား) ၃ ဦး၊ အထက်တန်းကျောင်း (ကြိုသက်) ၁ ဦး၊ အထက်တန်း

ကျောင်း (ရွှေပုထိုးတောင်) ၄ ဦး၊ အထက်တန်းကျောင်း (မဲနယ်တောင်) ၆ ဦး၊ အထက်တန်းကျောင်းခွဲ(မိုင်းလီ) ၂ ဦး၊ အထက်တန်းကျောင်းခွဲ(သဲကုန်း) ၂ ဦး၊ အထက်တန်းကျောင်းခွဲ(အင်းငယ်) ၅ ဦး၊ အထက်တန်းကျောင်းခွဲ(ရွှေပုထိုးမြောက်) ၄ ဦး၊ အထက်တန်းကျောင်းခွဲ(ကျားကုန်း) ၃ ဦး၊ အထက်တန်းကျောင်းခွဲ(မြင်းမူး) ၃ ဦးနှင့် အထက်တန်းကျောင်းခွဲ(ပန်းစစ်) ၆ ဦး တို့ဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် (B.Ed) တက်ဆဲ အလယ်တန်းပြ ဆရာ/ ဆရာမ(၅)ဦးကို ပထမအကြိမ်အနေနဲ့ (၈.၆.၂၀၂၀)နေ့တွင် အထက်တန်းပြဆရာများအဖြစ် အထက်တန်းကျောင်း (ပွေးလှ)တွင် (၁)ဦး၊ အထက်တန်းကျောင်းခွဲ(မိုင်းလီ)တွင် (၁)ဦး၊ အထက်တန်းကျောင်းခွဲ (အင်းငယ်)တွင်(၁)ဦး၊ အထက်တန်းကျောင်းခွဲ (ကျားကုန်း)တွင် (၁)ဦး၊ အထက်တန်းကျောင်းခွဲ (ပန်းစစ်)တွင်(၁)ဦး တိုးမြှင့်ခန့်ထားပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ ပညာသင်နှစ်အတွက် အထက်တန်းပြ ဆရာ/ ဆရာမ လိုအပ်ချက်ကို ခန့်ထားမှုပြုလုပ်နိုင်ရန် ဒုတိယအကြိမ် ထပ်မံပြီးတော့ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း လျာထား၍ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ခွင့်ပြုမိန့်ရရှိပါက ဖြည့်ဆည်းခန့်ထားပေးမှာဖြစ်ပါတယ်။

ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မူလခွဲဝေစာရင်းနှင့် ခန့်ထားစာရင်းအရ လစ်လပ်မှုပေါ်ပေါက်နေသော်လည်း ကျောင်းသား၊ ဆရာ အချိုးအရ ထပ်မံခန့်ထားပေးရန် မလိုအပ်ပါ။ ဥပမာအားဖြင့် ခွဲဝေ ၁၂ ဦး၊ ခန့်ထား ၆ ဦး၊ လစ်လပ် ၆ ဦး ဖြစ်သော်လည်း ကျောင်းသား၊ ဆရာ အချိုးအရ ၆ ဦးသာ ခန့်ထားရန် ဖြစ်ပါက လစ်လပ် နေရာတွင် ဆရာထပ်မံခန့်ထားပေးနိုင်မှာလည်း မဟုတ်ပါ။ သို့ဖြစ်ပါ၍ အထက်တန်းပြဆရာ လစ်လပ်နေသောကျောင်းများသို့ ကျောင်းသား၊ ဆရာအချိုး လိုအပ်ချက်အရ B.Ed သင်တန်းဆင်းများ၊ ဒုတိယနှစ်၊ ပထမနှစ်တက်ဆဲ ဆရာ၊ ဆရာမများနှင့် အထက်တန်းပြ ရာထူးတိုး ဒေသမရွေး ဆန္ဒပြု လျှောက်ထားသူများရှိပါက စိစစ်၍ လိုအပ်နေတဲ့ကျောင်းတွေမှာ ဖြည့်ဆည်းခန့်ထားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယ မေးခွန်း ဆက်လက်တင်ပြရမယ်ဆိုရင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ မြို့ကြီး ကျေးရွာအုပ်စုရှိ မြို့ကြီးဆည်မှာ မြေသားတမံဖြစ်၍ သယံဇာတတူးဖော်ရာတွင် ခဲယမ်း ဖောက်ခွဲရာမှ မြေတုန်ခါမှုကြောင့် ရေများခမ်းခြောက်ခြင်း၊ သစ်တောများ ပျက်စီးပြုန်းတီး ခြင်း၊ စားကျက်မြေများပျက်စီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်းများ ဖြစ်ပေါ်လာသည့်အတွက် ဒေသခံပြည်သူ ၄၂၄ ဦးက ကန့်ကွက်လာသောကြောင့် မည်သို့ပြုပြင်ထိန်းသိမ်းကာကွယ်ပေး မည်ကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်သူများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မြို့ကြီးရေလှောင်တမံကို ၂၀၀၅- ၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့တာ ဖြစ်ပြီးတော့ ၁-၁-၂၀၁၆ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ တမံအမျိုးအစားကတော့ ဇုန် အမျိုးအစား မြေသားတမံဖြစ်ပြီးတော့ တမံအမြင့် (၂၅၈)ပေ၊ တမံအလျား (၂၄၆၁)ပေ ရှိပါ တယ်။ တမံတည်ဆောက်ရန် ဒီဇိုင်းပုံစံထုတ် တွက်ချက်ခြင်းလုပ်ငန်းအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲနှင့် ဂျပန်နိုင်ငံ SANYU CONSULTANTS INC. မှ ပညာရှင်အဖွဲ့တို့ဖြင့်ပူးပေါင်း၍ ဒီဇိုင်းပုံစံထုတ်တည်ဆောက်ခဲ့ပါ တယ်။ တမံအောက်ခြေ Foundation ကိုဆောင်ရွက်ခဲ့ရာမှာ Diaphragm Cutoff Wall ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း သိရပါတယ်။ တမံအောက်ခြေမှ ရေစိမ့်နှုန်း နည်းပါးစေဖို့ ထည့်သွင်း တည်ဆောက်ခြင်းဖြစ်ပါတယ်။

တမံတည်ဆောက်စဉ်ကလည်း တမံ၏ ဖို့မြေမြေသား ပြောင်းလဲမှုအမျိုးမျိုးအား သိရှိနိုင်ဖို့အတွက် တမံတိုင်းတာရေး ကိရိယာများဖြစ်သည့် Pneumatic Piezometer ဖြင့်

Pore Water Pressure တိုင်းတာခြင်း၊ Total Earth Pressure Cell ဖြင့် တမံ၏ ဖို့မြေ သိပ်သည်းဆ ပြောင်းလဲမှုနှုန်းအား တိုင်းတာခြင်း၊ Vertical Inclinometer ဖြင့် တမံ၏ Upstream သို့မဟုတ် Downstream ဘက်သို့ ရွေ့လျားမှုအား သိရှိနိုင်ရန်တိုင်းတာခြင်း၊ Horizontal Movement device ဖြင့် တမံ၏ အပေါ်/ အောက် ရွေ့လျားမှုကို သိရှိနိုင်ရန်တိုင်းတာခြင်း၊ Magnetic Extensometer ဖြင့် တမံဖို့မြေ၏ အလွှာလိုက် ရွေ့လျားပြောင်းလဲမှုကို သိရှိနိုင်ရန်အတွက် တိုင်းတာခြင်း တို့အား (၂)ပတ်လျှင် တစ်ကြိမ် တိုင်းတာ၍လည်းကောင်း၊ ရေမှတ်၊ မိုးရေချိန်၊ ရေယွင့်ပုံနှုန်းနှင့် ရေစိမ့်တာနှုန်း တိုင်းတာခြင်းတို့အား နေ့စဉ်တိုင်းတာ၍ လည်းကောင်း အချက်အလက်များရယူကာ တမံကြံ့ခိုင်မှုအခြေအနေအား စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှွာင်မြို့နယ်၊ မြို့ကြီးဒေသအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ နေပြည်တော် မှ ထုတ်ပေးထားသည့် အကြီးစားထုတ်လုပ်မှု လုပ်ကွက်(၁)ကွက်၊ ၃၁.၅.၂၀၁၉ သက်တမ်းကုန် အလတ်စားကူးပြောင်းဆဲ အသေးစားထုတ်လုပ်မှုလုပ်ကွက် (၂)ကွက်၊ အသေးစားစမ်းသပ်တိုင်းတာ(၂)ကွက်၊ စုစုပေါင်း(၅)ကွက်ရှိပြီးတော့ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ထုတ်ပေးထားသည့် အသေးစား (စမ်းသပ်- သက်တမ်းတိုး)လုပ်ကွက် (၆)ကွက်ရှိပါတယ်။

ရှွာင်မြို့နယ်၊ မြို့ကြီးဒေသအတွင်း တည်ရှိသည့် လုပ်ကွက်များအားလုံးမှာ မြို့ကြီးဆည်၏အောက်ဘက် Downstream ဘက်တွင်သာ တည်ရှိပြီးတော့ ခဲယမ်းသုံးစွဲမှု အနေဖြင့် ၁၁- ၂- ၂၀၁၅ ရက်နေ့မှ ၁၀- ၂- ၂၀၂၅ ရက်နေ့အထိ ခွင့်ပြုမိန့်သက်တမ်းရရှိထားတဲ့ ထရီပယ်အေစီးမန့်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ကညို့ကျေးရွာအနီးရှိ အကြီးစားထုံးကျောက်လုပ်ကွက် (၁)ကွက်သာရှိပါတယ်။ ၎င်းလုပ်ကွက်နှင့် မြို့ကြီးဆည် အကွာအဝေး မှာ (၄)မိုင်၊ (၆) ကီလိုမီတာခန့် ကွာဝေးပြီးတော့ လုပ်ကွက်နှင့်ဆည်အကြားမှာ ဇော်ဂျီမြစ်၊ မြို့ကြီးကျေးရွာအုပ်စု၊ တောင်ကုန်းတောင်တန်းများနှင့် ရှွာင်- မန္တလေးကားလမ်း ပိုင်းခြားလျက် တည်ရှိပါတယ်။ ထရီပယ်အေစီးမန့်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ အကြီးစားထုတ်လုပ်မှုလုပ်ကွက်ဟာ ဈေးကွက်အပေါ်မူတည်ပြီးတော့ (၁)လလျှင် ပျမ်းမျှ ထုံးကျောက် မက်ထရစ်တန် (၅၀၀၀)ခန့် ထုတ်လုပ်လျက်ရှိပါတယ်။ (၁)လလျှင် ပျမ်းမျှလုပ်ငန်းဆောင်ရွက်မှုအနေနဲ့

(၂၄)ရက်ရှိပြီး လုပ်ငန်းဆောင်ရွက်တဲ့နေ့တွေမှာ (၁)ရက်လျှင်(၂)ကြိမ်ခန့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီးတော့ ယမ်းဖောက်ခွဲမှု ပြုလုပ်လျက်ရှိပါတယ်။ ယမ်းဖောက်ခွဲရန်အတွက် အချင်း ၃၂ မီလီမီတာနှင့် ပျမ်းမျှအနက် (၆)ပေခန့်ရှိတဲ့ လွန်ကျင်း (၁၀)ကျင်းခန့် ဖောက်လုပ်ရပါတယ်။ ပျမ်းမျှအားဖြင့် လွန်ကျင်း (၁)ကျင်းစီမှာ အီမားရှင်း (Emulsion) ယမ်း (၀.၆)ကီလိုဂရမ်ခန့် အသုံးပြုပြီးတော့ ယမ်းဖောက်ခွဲတဲ့နေရာမှာ လွန်ကျင်းများအားလုံး တစ်ပြိုင်တည်းပေါက်ကွဲစေသည့်စနစ်ကို အသုံးမပြုဘဲနဲ့ တစ်ကျင်းပြီးမှ တစ်ကျင်းပေါက်ကွဲစေသည့် Serial Pattern စနစ်ကို အသုံးပြုပြီးတော့ဖောက်ခွဲတာဖြစ်ပါတယ်။

ယမ်းဖောက်ခွဲမှုကြောင့် ပတ်ဝန်းကျင် တုန်ခါသက်ရောက်မှုအနေနဲ့ လွန်ကျင်း ပတ်ချာလည် (၆)ပေမှ (၁၀)ပေခန့် အတွင်းသာရှိပါတယ်။ ဓာတ်သတ္တုလုပ်ငန်းများမှာ ယမ်းသုံးစွဲတဲ့အခါမှာ သတ္တုတွင်းဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိပြီးမှသာ စနစ်တကျစီမံသုံးစွဲစေလျက်ရှိပါတယ်။ သတ္တုတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်ရာမှာ ယမ်းအသုံးပြုမှုကြောင့် မြေသားတုန်ခါမှု (Ground Vibration) လျော့နည်းစေဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီများရှိ ယမ်းဖောက်ခွဲသည့် ပညာရှင်များမှ ဖောက်ခွဲဆောင်ရွက်မည့် ယမ်းပမာဏကို စိစစ်တွက်ချက် ဖောက်ခွဲခြင်း (Control Blasting) နှင့် မြေသားတုန်ခါမှုကြောင့် အနီးရှိအဆောက်အဦများ ထိခိုက်ပျက်စီးမှုရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring)တို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက်တော့ ပြည်ထောင်စုဝန်ကြီးဌာနက တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ပေးထားသည့် အကြီးစား၊ အလတ်စား ဓာတ်သတ္တုလုပ်ကွက်များမှာ သက်ဆိုင်ရာ အမှတ်(၁)နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းများမှ အနီးကပ်ကြီးကြပ်များထားရှိကာ ထိန်းသိမ်းကြပ်မတ်စေလျက်ရှိပြီးတော့ ပြည်နယ်က ခွင့်ပြုမိန့်ပေးထားသည့် အသေးစား၊ လက်လုပ်လက်စား လုပ်ကွက်များမှာ ခရိုင်/ မြို့နယ် ဓာတ်သတ္တုကြီးကြပ်ရေးအဖွဲ့များက အနီးကပ်ကြီးကြပ် စေလျက်ရှိပါတယ်။

ကုမ္ပဏီများအနေနဲ့ သတ္တုတူးဖော်စမ်းသပ်လုပ်ငန်း ဆောင်ရွက်ချိန်တွင် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ (Feasibility Study Report)ကို တင်ပြပြီး သက်ဆိုင်ရာ

ဦးစီးဌာနမှ အတည်ပြုပြီးမှသာ ထုတ်လုပ်မှုလုပ်ငန်းအတွက် ဆက်လက်ဆောင်ရွက်ရပါတယ်။

Feasibility Study Report မှာ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) များအား ရေးဆွဲတင်ပြ၍ အတည်ပြုချက် ရရှိပြီးမှသာ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရပါတယ်။

ရှောင်မြို့နယ်၊ မြို့ကြီးဒေသအတွင်း သယံဇာတတူးဖော်ရာမှာ ခဲယမ်းဖောက်ခွဲရာမှ မြေသားတုန်ခါမှုကြောင့် ရေများခမ်းခြောက်ခြင်း၊ သစ်တောများ ပျက်စီးပြုန်းတီးခြင်း၊ စားကျက်မြေများ ပျက်စီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ ဦးသန့်ဇင်ပါ (၁၀၀)ဦးမှ တင်ပြလာမှုအတွက် သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်အေး ဦးဆောင်သောအဖွဲ့ဖြင့် ၃၀-၉-၂၀၁၇ ရက်နေ့တွင် လည်းကောင်း၊ ဦးသန်းစိုးပါ (၁၆၀)ဦးမှ တင်ပြလာမှုအတွက် သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဌေး ဦးဆောင်သော အဖွဲ့ဖြင့် ၂- ၆- ၂၀၁၈ ရက်နေ့တွင် လည်းကောင်း၊ ဦးသန်းစိုးဦးမှ တင်ပြလာမှုအတွက် ရှောင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းနှင့် သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမျိုးအောင် ဦးဆောင်သောအဖွဲ့ဖြင့် ၁၂- ၁- ၂၀၂၀ ရက်နေ့တွင် လည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုပါ တိုင်ကြားခံရတဲ့ဒေသဟာ မြို့ကြီးဆည်ရေလှောင်တမံ အောက်ဘက် Downstream မှာ တည်ရှိပြီးတော့ ထရီပယ်အေစီးမန့်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် လုပ်ကွက်မှအပ ကျန်လုပ်ကွက်များသည် တူးဖော်ထုတ်လုပ်ရန်ခွင့်ပြုမိန့် မရရှိသေးကြောင်း တင်ပြအပ်ပါတယ်။

ရှောင်မြို့နယ်၊ မြို့ကြီးဆည်ရေလှောင်တမံ၏ အထက် Upstream ဘက် ရေဝပ်ဧရိယာ အပါအဝင် ဆည်ရေဝေရေလဲဒေသအတွင်း တရားဝင်ခွင့်ပြုမိန့်ဖြင့် သတ္တုစမ်းသပ်တိုင်းတာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် ခဲသတ္တု အကြီးစား/ အလတ်စား/ အသေးစား/ လက်လုပ်လက်စားလုပ်ကွက်များ မရှိသေးသည့်အပြင် တရားမဝင်

စမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်နေသည့် သတ္တုလုပ်ကွက်များ မတွေ့ရှိပါကြောင်းနှင့် တင်ပြပါ မြို့ကြီးဆည်ရေလှောင်တမံ၏ ရေဝေရေလဲဧရိယာဟာ ၄၆၄,၀၀၀ ဧကရှိပြီး အဆိုပါ ဧရိယာအတွင်း သစ်တောမြေအဖြစ်-

(၁) ဇော်ဂျီကြိုးဝိုင်း ၂၉၁,၇၈၂ ဧက၊

(၂) သံဖိုချောင်း ကြိုးပြင်ကာကွယ်တော ၃၃,၂၃၅ ဧက၊

(၃) ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တော ၁၅,၀၀၀ ဧက၊

(၄) အင်ကြင်းလမ်းအဆိုပြု ကြိုးပြင်ကာကွယ်တော ၃,၁၀၀ဧက၊ စုစုပေါင်း ၃၄၃,၁၁၇ ဧကကို ဖွဲ့စည်းကာကွယ်ထိန်းသိမ်းထားရှိပါတယ်။

မြို့ကြီးဆည် ရေလှောင်တမံ ရေဝေရေလဲဧရိယာဖြစ်တဲ့ သစ်တောနယ်မြေများတွင် သစ်တောဦးစီးဌာနအနေနဲ့ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အထိ မြို့ကြီးဆည်ရေဝေရေလဲထိန်းသိမ်းရေး ၅ နှစ်စီမံချက်ရေးဆွဲ၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | လုပ်ငန်း | ပမာဏ |
|---|---|---|
| ၁။ | ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း | ၃၀၀ ဧက |
| ၂။ | သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း | ၂၃၄ ဧက |
| ၃။ | ကမ်းပါးပြိုထိန်းသိမ်းခြင်း | ၁၆,၅၉ ခု |
| ၄။ | နုန်းထိန်းတမံငယ်ပြုလုပ်ခြင်း | ၅၀ ခု |
| ၅။ | ကွန်တိုကသင်းကန့် ဖော်ထုတ်ခြင်း | ၆,၈၇၅ ပေ |
| ၆။ | ရေလွှဲမြောင်း၊ ရေစိမ့်မြောင်းတူးဖော်ခြင်း | ၂,၂၀၀ ပေ |
| ၇။ | ဇီဝအင်ဂျင်နီယာနည်းဖြင့်ထိန်းသိမ်းခြင်း | ၆၀၀ ခု |
| ၈။ | ဓမ္မတာမျိုးဆက်ခြင်း | ၂၅၀ ဧက |
| ၉။ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း | ၁၇.၅ မိုင် |

မြို့ကြီးဆည် ရေလှောင်တမံ၏ ရေဝေရေလဲဖြစ်သော သစ်တောနယ်မြေအတွင်း မည်သည့် သတ္တုအမျိုးအစားကိုမျှ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းတို့ကို ခွင့်ပြု ထားခြင်းမရှိပါကြောင်းနှင့် သစ်တောဦးစီးဌာနအနေနဲ့ တစ်လလျှင် ၂ ကြိမ် ကင်းလှည့်စစ်ဆေး လျက်ရှိပြီး တရားမဝင်သတ္တုတူးဖော်မှုများတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှင့်ပြည့်စုံပါစေကြောင်း မေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ် ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ် ခင်ဗျား။ ယနေ့ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာကတော့ ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက် ကျေးရွာအုပ်စု၊ ဝမ်ဆောင်းကျေးရွာ၊ နောင်ဆာကျေးရွာ၊ နောင်လျှန်ကျေးရွာ၊ ကုန်းကြိုင်း ကျေးရွာနှင့် ဝမ်ဆိုင်းကျေးရွာများမှာရှိတဲ့ တောင်သူ(၁၇၀)ဦးမှ လယ်မြေဧက (၄၃၀)ခန့်အား စိုက်ပျိုးရေရယူလျက်ရှိတဲ့ ဝမ်ဆောင်းရေပေးမြောင်းမှာ အလျားပေ (၉၁၀၀) ရှိပြီးတော့ တိမ်ကောလာတဲ့အတွက်ကြောင့် မိုးတွင်းကာလ မြောင်းရေလျှံပြီး ရွာတွင်းသို့ ရေဝင်ရောက်မှု ကြောင့် ကျေးရွာနေ ပြည်သူများ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်မှုများရှိနေပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါရေပေးမြောင်းအား ရေကြီးမှုမှလည်းကောင်း၊ စိုက်ပျိုးရေ အပြည့် အဝရရှိစေရန်လည်းကောင်း၊ တိမ်ကောနေသော ရေပေးမြောင်းအား ပြန်လည်တူးဖော်ပေးနိုင် ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ဤလုပ်ငန်းဆောင်ရွက်မှုအတွက် ခန့်မှန်း ကုန်ကျငွေမှာ ကျပ်သိန်း (၁၉၀)ခန့်သာရှိတယ်လို့ တွက်ချက်သိရှိရပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းကို ဒီဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော် အဲ့ဒီမြောင်းလေးရဲ့ တည်နေရာလေးကို Power Point ဖြင့် တင်ပြ ခွင့်ပြုပါ။ မြောင်းက မြောက်ဘက်ကို စီးဆင်းသွားပြီး ကားလမ်းကို ကျော်သွားပါတယ်။ ရွာဘေးနားက ကပ်ဖြတ်သွားပြီး မြောင်းကတိမ်ကောနေတဲ့အတွက် ရေတွေဟာ မကြာခဏ ရွာထဲကိုဝင်ရောက်တယ်လို့ ရွာသားတွေက ပြောကြပါတယ်။ အရှည်ပေ ၉၁၀၀ ခန့်ပဲ ရှိပါ တယ်။ ရွာသူရွာသားများက ဒီတစ်ကြိမ် ဒုတိယအကြိမ် လွှတ်တော်မှာပဲ ဆောင်ရွက်ပေးပါလို့

တင်ပြလာတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ယနေ့တက်ရောက်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး မေးမြန်းတဲ့ ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်ကျေးရွာအုပ်စု၊ ဝမ်ဆောင်းကျေးရွာ၊ နောင်ဆာကျေးရွာ၊ နောင်လျှန်ကျေးရွာ၊ ကုန်းကြိုင်းကျေးရွာနှင့် ဝမ်ဆိုင်းကျေးရွာများမှ စိုက်ပျိုးရေရယူလျက်ရှိသော ဝမ်ဆောင်းလယ်ရေပေးမြောင်း အလျားပေ (၉၁၀၀) မှာ တိမ်ကောလာမှုကြောင့် မိုးတွင်းကာလမှာ မြောင်းရေလျှံပြီး ကျေးရွာနေ ပြည်သူများ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေး ထိခိုက်မှုများရှိပါသဖြင့်အဆိုပါ လယ်ရေပေးမြောင်းအား ပြန်လည်တူးဖော်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်ရှိ ကတ်ထိုက်ကျေးရွာအုပ်စု၊ ဝမ်ဆောင်းကျေးရွာ အနီးမှ စီးဆင်းလျက်ရှိတဲ့ တောင်ကျရေများအား ဒေသခံတောင်သူများက ကိုယ်ထူကိုယ်ထ စနစ်ဖြင့် အလျားပေရှည်(၉၁၀၀)ပေ၊ အောက်ခြေအကျယ်(၄)ပေနှင့် အမြင့် (၃)ပေရှိတဲ့ လယ်ရေပေးမြောင်း ဖောက်လုပ်ပြီး ကတ်ထိုက်ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဆောင်းကျေးရွာ၊ နောင်ဆာကျေးရွာ၊ နောင်လျှန်ကျေးရွာ၊ ကုန်းကြိုင်းကျေးရွာနှင့် ဝမ်ဆိုင်းကျေးရွာမှာရှိတဲ့ အသက်မွေးဝမ်းကြောင်းအဖြစ် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်လျက်ရှိကြသော တောင်သူ (၁၇၀)ဦး၏ လယ်မြေ(၄၃၀)ကေခန့်ကို စိုက်ပျိုးရေ ရယူစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြပါတယ်။

ယခုအခါ အဆိုပါ ရေပေးမြောင်းဟာ နှစ်စဉ်နုန်းအနယ်အနှစ်များပို့ချလာခြင်းကြောင့် ချောင်းကြမ်းပြင်မှာ (၁)ပေ (၆)လက်မခန့် မြင့်တက်လာသဖြင့် မြောင်းတိမ်ကောလာပြီး မိုးများရွာသွန်းသည့်အခါမှာ မြောင်းရေလျှံပြီး လယ်မြေများအတွင်း ရေများဝင်ရောက်လာသဖြင့် ဝမ်ဆောင်းကျေးရွာ အဝင်လမ်းတစ်လျှောက် ရေလျှံခြင်း၊ ကျေးရွာအတွင်း ရေများ

ဝင်ရောက်ခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခက်အခဲများ ကြုံတွေ့ရကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ တိမ်ကောနေသော လယ်ပေးမြောင်းအား မူလအောက်ခြေအကျယ် (၄)ပေနှင့် အမြင့်(၃)ပေရရှိအောင် ပုံစံကျ ပြန်လည်တူးဖော် ဆောင်ရွက်ပါက ကျေးရွာများ အတွင်း လမ်းရေလျှံခြင်း၊ လယ်မြေ(၄၃၀)ကေခန့်အား ရေကြီးရေလျှံ ရေလွှမ်းမိုးဒဏ်မှ ကာကွယ်ပေးနိုင်မည့်အပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်း ဆက်သွယ်ရေးတို့ကို အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၉.၀၀) သန်း ဖြစ်ပါတယ်။ လယ်ရေပေးမြောင်းတူးဖော်၍ ထွက်ရှိလာသော မြေစာများအား လယ် ရေပေးမြောင်း၏ ဘေး ဝဲ/ ယာတွင် ပေါင်ဆင့်ပါက အမြင့်(၅)ပေအထိ ရရှိမည်ဖြစ်တဲ့ အတွက် လယ်မြေများ ထိခိုက်နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝမ်းဆောင်း လယ်ရေပေးမြောင်းအား ပုံစံကျ ပြန်လည်တူးဖော်မယ်ဆိုရင် လယ်လုပ် နေတဲ့ ဒေသခံလယ်သမားများရဲ့ သဘောတူညီမှု ရရှိပြီးမှသာ ကျိုင်းတုံမြို့နယ်၏ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက တင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်ပြီးတော့ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည် ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ကျင်းပပြုလုပ်သော လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြပါသော လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး၊ တာဝန်ရှိသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ဒီနေ့ပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံကွပ်ကဲသော

ကျေးလက်ကျောက်ချောလမ်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်မြို့နယ်ရှိ မိုင်းပွန်- ခဲလုံ- ကောင်းတန်ကျေးလက်ကျောက်ချောလမ်းဟာ (၁၃)မိုင်ခန့်ရှိပြီးတော့ နယ်စပ်ရေးရာဝန်ကြီး ဌာန ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့တာဖြစ်ပါတယ်။ အဆိုပါလမ်းသည် ကျေးရွာအုပ်စု (၂)စုနှင့် လူဦးရေ(၂၀၀၀)ကျော်ကို အကျိုးပြုလျက်ရှိပြီးတော့ ကျေးလက်ဒေသနှင့် ပြည်ထောင်စု လမ်းမကြီးနှင့် ဆက်သွယ်ပေးသော အဓိကကျေးလက်လမ်းတစ်လမ်း ဖြစ်ပါတယ်။

ယခုအခါမှာ အဲ့ဒီဒေသမှာနေထိုင်ကြတဲ့ ကျေးလက်နေ တောင်သူလယ်သမားများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ ဒေသထွက်ကုန်များ ပိုမို စိုက်ပျိုးထုတ်လုပ်လာတဲ့အတွက်ကြောင့်လည်းကောင်း၊ အသုံးပြုတဲ့ ယာဉ်များတိုးပွားလာ၍ လည်းကောင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများပါ လုပ်ကိုင်လာ၍လည်းကောင်း၊ ရေ တိုက်စား ခြင်းကြောင့် လမ်းပျက်စီးမှုများကာကွယ်နိုင်ရန်အတွက်လည်းကောင်း လက်ရှိ ကျောက်ချော လမ်းကနေပြီးတော့ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် အထူးလိုအပ်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပွန်- ခဲလုံ- ကောင်းတန်ကျေးလက်ကျောက်ချောလမ်းမှ ကတ္တရာလမ်း အဆင့်သို့ အဆင့်မြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ်မည်သို့ရှိသည်ကို သိရှိလိုပါသဖြင့် ဒေသခံများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ သို့ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက် ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ ပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်မှ မေးမြန်းလာသည့် လွိုင်လင် မြို့နယ်ရှိ မိုင်းပွန်- ခဲလုံ- ကောင်းတန် ကျေးလက်ကျောက်ချောလမ်းအား ကတ္တရာလမ်း

အဆင့်သို့ အဆင့်မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကမှဖြေကြားသွားမှာဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်၊ မိုင်းပွန်- ခဲလုံ- ကောင်းတန် ကျောက်ချောလမ်းမှာ မိုင်းပွန်မှ ပန်အုံ- ကုန်းမကာ- ခဲလုံ- ခဲတန်- ခေးဟွမ်- ကောင်းတန်ကျေးရွာများကို ဖြတ်လျက် ကောင်းတန်ကျေးရွာအကျော် (PNO) စခန်းကုန်း ကုန်းယောလမ်းခွဲအထိ ၁၁ မိုင် ၄ ဖာလုံ အရှည်ရှိသည့်လမ်းပိုင်းဖြစ်ပါသည်။ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (န.တ.လ)မှ ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပေးခဲ့ပြီး လက်ရှိလမ်းအခြေအနေမှာ လမ်းတစ်လျှောက် ရေမြောင်းများ မရှိတော့သဖြင့် လမ်းမျက်နှာပြင်ရေတိုက်စား၍ အတက်အဆင်းနေရာများ၌ ၄ မိုင်ခန့် ကျောက်ကြီးများပေါ်ကာ ချိုင့်ခွက်များဖြစ်ပေါ်လျက်ရှိသော်လည်း ရာသီမရွေး သွားလာအသုံးပြုနိုင်သည့်အနေအထားဖြစ်ပါတယ်။

အဆိုပါ လမ်းပိုင်းမှာ ကောင်းတန်ကျေးရွာရှိ ခဲသတ္တုတူးဖော်ရေး လုပ်ငန်းသုံးယာဉ်များနှင့် ဒေသခံရွာများမှ မိုင်းပွန်သို့ ဒေသထွက်ကုန်ပစ္စည်းပို့ဆောင်ရာမှာ အဓိကအသုံးပြုလျက်ရှိသည့်လမ်းပိုင်း ဖြစ်ပါတယ်။ ဒေသခံများမှ သီးနှံပေါ်ချိန်တွင် ကုန်ပစ္စည်းပို့ဆောင်ရန်နှင့် လူမှုရေး၊ ကျန်းမာရေး ကိစ္စရပ်များအတွက်သာ အသုံးပြုသွားလာလျက်ရှိပြီး အများအားဖြင့် မော်တော်ဆိုင်ကယ်ဖြင့်သာ သွားလာအသုံးပြုလျက်ရှိပါတယ်။

ဒေသအကျိုးပြုနိုင်မှု အနေအထားအရ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း အစားပျက်စီးနေသည့် ကျောက်ချောလမ်းပိုင်းကို ပြင်/ ထိန်းလုပ်ငန်းအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ပြီး ၎င်းဒေသရှိ ကျေးရွာအုပ်စု(၂)အုပ်စုမှ ကျေးရွာ(၁၇)ရွာရှိ အိမ်ထောင်စု(၆၁၀)စု၊ လူဦးရေ (၃၄၁၈)ဦးတို့အား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု/ ပြည်နယ်) ရန်ပုံငွေဖြင့် မြို့နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အလိုက် အဆိုပြု တင်ပြထားရှိပြီးဖြစ်ရာ အဆိုပါလုပ်ငန်းမှာ ပါဝင်ခြင်းမရှိသေးပါ။

လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းသည့် လမ်းပိုင်းနှင့်ပတ်သက်၍ လတ်တလော တွင် လုပ်ငန်းဆက်များ၊ လွှတ်တော်ကတိကဝတ်များ ကျန်ရှိနေသေးပါသဖြင့် ဒေသမှ လုပ်ငန်း လိုအပ်ချက်အရ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြလာမှုအပေါ် မူတည်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ကျွန်တော့်ရဲ့ ဒုတိယ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစေ့ထုတ်ပြောင်း ဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်၏ အဓိကစိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံတစ်မျိုးဖြစ်ပြီး ပြည်ထောင်စုတစ်ဝှမ်းလုံးထုတ်လုပ်မှုရဲ့ ၆၅ ရာခိုင်နှုန်း ခန့်ရှိပါတယ်။ ဒီနှစ်စိုက်ပျိုးရာသီမှာ စိုက်ပျိုးတဲ့ စိုက်ခင်းများဟာ မကြာခင်မှာ ရင့်မှည့်ပြီး ရိတ်သိမ်းခြွေလှေ့ရတော့မည့် အချိန် လည်း ရောက်တော့မှာဖြစ်ပါတယ်။ တောင်သူများကလည်း အစေ့ထုတ်ပြောင်းဈေးကောင်း ရရှိရေးကို အထူး မျှော်လင့်တောင့်တလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ နိုင်ငံတော်၏ အခြေခံမူများ ပုဒ်မ၂၃(ခ)မှာလည်း “စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်”ဟု အတိအလင်းပြဋ္ဌာန်းထားသည့် အတွက် အစိုးရက မဖြစ်မနေ ဆောင်ရွက်ပေးရမှာပဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ စိုက်ပျိုးရာသီတွင် ရိတ်သိမ်းထွက်ရှိမည့် အစေ့ထုတ်ပြောင်း ဈေးကောင်းရရှိရေးနှင့် တည်ငြိမ်ခိုင်မာသော ဈေးကွက်ပေါ်ထွန်းလာရေးအတွက် ရှမ်းပြည်နယ် အစိုးရမှ မည်ကဲ့သို့ကြိုတင်စီမံဆောင်ရွက်ထားသည်ကို ဖြေကြားပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင် ရှိပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ

အပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ၂၀၂၀ပြည့်နှစ်စိုက်ပျိုးရာသီတွင် ရိတ်သိမ်းထွက်ရှိမည့် အစေ့ထုတ်ပြောင်း ဈေးကောင်းရရှိရေးနှင့် တည်ငြိမ်ခိုင်မာသော ဈေးကွက်ပေါ်ထွန်းရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း၌ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အစေ့ထုတ်ပြောင်းစိုက်ဧက (၇၁၆,၁၄၀)သိန်းကျော်ရှိပြီး အစေ့ထုတ်ပြောင်း ခန့်မှန်းတန်ချိန် (၁,၁၄၆,၆၆၇)သန်းခန့်ထွက်ရှိမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)များတွင် အများစု စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းရှိ အစာစပ်စက်ရုံများနှင့် အရောင်း/ အဝယ် ကန်ထရိုက်စာချုပ်များချုပ်ဆို၍ သတ်မှတ်တည်ငြိမ် ဈေးနှုန်းများအတိုင်း ရောင်းဝယ်မှုပြုလုပ်ကြပါတယ်။ ပြည်တွင်း၌ အစေ့ထုတ်ပြောင်း စိုက်ပျိုးထွက်ရှိမှု၏ ၅၂% ခန့်ကိုသုံးစွဲပြီး ၄၈% ခန့် ပိုလျှံသည့်အတွက် ပိုလျှံတဲ့အစေ့ထုတ်ပြောင်းများအား နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရားဝင်တင်ပို့ရောင်းချနိုင်ရေး နှစ်နိုင်ငံအချင်းချင်း ညှိနှိုင်းပေါင်းစပ်ခြင်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထွက်ရှိသော အစေ့ထုတ်ပြောင်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများရှိသလို Quota စနစ်ဖြင့် ဝယ်ယူနိုင်ရေးကိုလည်း အစိုးရအချင်းချင်း ညှိနှိုင်းပေါင်းစပ်ခြင်းများအား အစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံမှလည်း ပြည်တွင်းမှထွက်ရှိသော အစေ့ထုတ်ပြောင်းများကို အချိန်ကာလတစ်ခုတွင် သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူနေလျက်ရှိပြီး တိုးမြှင့်ဝယ်ယူနိုင်ရေးနှင့် ဈေးနှုန်းတည်ငြိမ် ခိုင်မာမှုရှိရေးကို အစိုးရနှင့် မြန်မာနိုင်ငံပြောင်းအသင်းတို့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၉ ခုနှစ်က Corn Vision 2020 ဆိုတဲ့ ၂၀၂၀ ပြောင်းမျှော်မှန်းချက်ဆိုပြီးတော့ ရှမ်းပြည်နယ်အစိုးရကနေပြီးတော့ ဦးဆောင်ပြီးတော့ ရှမ်းပြည်နယ် စက်မှုလက်မှုကုန်သည်ကြီးများအသင်း၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအသင်းရုံးမှာ Seminar တစ်ခုကျင်းပခဲ့ပါတယ်။ အဲ့ဒီ Seminar မှာပြည်ထောင်စုအဆင့် စီးပွားကူးသန်းမှ ညွှန်ကြားရေးမှူးများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများ ပါဝင်

ပြီးတော့ ကျွန်တော်တို့ Corn Vision 2020 ဆိုတဲ့ခေါင်းစဉ်နဲ့ ပြောင်းအတွက် မျှော်မှန်းချက် ဆိုပြီးကျင်းပခဲ့ပါတယ်။ အခု ၂၀၂၀မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ ပူးပေါင်းပြီးတော့ အစည်းအဝေးတစ်ခုကျင်းပခဲ့ပါတယ်။ ပထမဆုံး ဒီပြောင်းရဲ့ပြဿနာကိုဖြေရှင်းဖို့ဆိုပြီးတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဒီကနေ့ Pilot Project အဖြစ် ဧကတစ်သောင်းကို Contract Farming နဲ့ ကျွန်တော်တို့ စတင်ပြီးတော့ ဆောင်ရွက်ဖို့စီမံနေလျက်ရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဒီပြောင်းရဲ့ အဓိကပြဿနာက AQSIQ စစ်ဆေးခံနိုင်တဲ့စွမ်းရည်လည်း နည်းပါးပါတယ်။ အဲ့ဒီတော့ မြေသြဇာ အလွန်အကျွံ သုံးစွဲမှု၊ ပိုးသတ်ဆေးသုံးစွဲမှုကြောင့် တရုတ်နိုင်ငံနဲ့ ရောင်းဝယ်မှုပြုတဲ့အခါမှာ အခက်အခဲ ရှိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်က စပြီးတော့ ထိုင်းနိုင်ငံကနေပြီးတော့ ရှမ်းပြည်နယ်က ပြောင်းကို ခြောက်လကြာချိန်သတ်မှတ်ပြီးတော့ ဝယ်ယူလျက်ရှိတဲ့အတွက်လည်း ပြီးခဲ့တဲ့နှစ် မှာဆိုလို့ရှိရင် ပြောင်းပြဿနာသိပ်မရှိခဲ့ပါဘူး။ ဒါကို ကျွန်တော်တို့အနေနဲ့ နည်းလမ်း (၂)သွယ် နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြောင်းကို အထွက်နှုန်းတိုးမြင့်ရေးနဲ့ AQSIQ အစစ်ခံနိုင်ရေး အတွက် Pilot Project အနေနဲ့ ဧက တစ်သောင်းစတင် ဆောင်ရွက်ပါမယ်။ နောက်ဒုတိယ အနေနဲ့ စီးပွားကူးသန်းဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ မဲခေါင်မြစ်ဝှမ်း ဒေသ(၆)နိုင်ငံ ကို ကျွန်တော်တို့ ဘိန်းအစားထိုးသီးနှံအနေနဲ့ Quota ရဖို့အတွက် အခု ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာလည်း အစေ့ထုတ်ပြောင်း စိုက်ပျိုးသူ တောင်သူများဟာလည်း စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေး ပံ့ပိုးပေးမှုများရှိသလို ထွက်ရှိလာသော အစေ့ထုတ်ပြောင်း များအား အရည်အသွေးကောင်းမွန်ရေးနှင့် ရေရှည်သိုလှောင်နိုင်ရေးအတွက် ပြောင်းအခြောက် ခံစက်များ ရရှိနိုင်ရေးကိုလည်း လိုအပ်သလို ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ အရည်အသွေး မြင့်ပြီး အထွက်နှုန်းကောင်းသော အစေ့ထုတ်ပြောင်းများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာကုမ္ပဏီများမှလည်း ပံ့ပိုးကူညီပေးနိုင်ရေးကိုလည်း လမ်းညွှန်ဆောင်ရွက်မှုများကို အစဉ်အမြဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန် ဖြစ်ပါတယ်။ ကျွန်တော်မေးမည့်မေးခွန်းကတော့ အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးကျောင်းများအတွက် အထက်တန်းပြဆရာ ခန့်ထားရေးကိစ္စဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ ဟာမ်းငိုင်းကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်း (ခွဲ)အဆင့်တိုးကျောင်းဖြစ်ပါတယ်။ ကျောင်းသားဦးရေ (၂၆၀)ဦးကျော်ရှိပြီး အထက်တန်းကျောင်းသား/ကျောင်းသူဦးရေ(၂၀)ဦးရှိပါတယ်။ အလယ်တန်းပြ (၄)ဦး၊ မူလတန်းပြ(၂)ဦးနှင့် ကျောင်းအုပ်(၁)ဦး လက်ရှိတာဝန်ထမ်းဆောင်နေပါတယ်။ အထက်တန်းပြဆရာ ခန့်ထားနိုင်ခြင်းမရှိသေးပါ။ ဆရာ/ ဆရာမများ အင်အားအခြေအနေအရ သင်ကြားရေးအတွက် အခက်အခဲရှိနေပါတယ်။ ထို့ကြောင့် အဆင့်တိုးကျောင်းဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဟာမ်းငိုင်းအတွက် အထက်တန်းပြကျောင်း ဆရာ/ ဆရာမ ခန့်ထားပေးနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါသဖြင့် ပြည်သူကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ရဲ့ မိုင်းကိုင်မြို့နယ်၊ ဟာမ်းငိုင်းကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော အထက်တန်းပြ ဆရာ/ ဆရာမများ ခန့်ထားဖို့အတွက် မည်သို့စီမံဆောင်ရွက်ထားတာကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုင်းကိုင်မြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း (ဟမ်းငိုင်း)ကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ကျောင်းသားဦးရေမှာ အထက်တန်းအဆင့် (၂၁)ဦး တန်းခွဲ(၁)ခု၊ အလယ်တန်းအဆင့် (၉၅)ဦး တန်းခွဲ(၄)ခု၊ မူလတန်းအဆင့် (၁၇၉)ဦး တန်းခွဲ(၅)ခု၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ (၂၉၅)ဦးရှိပြီး တန်းခွဲအနေနဲ့ကတော့ (၁၀)ခု ရှိပါတယ်။ ဆရာ/ဆရာမ ခန့်ထားမှု အနေနဲ့ကတော့ အလယ်တန်းကျောင်းအုပ် ခွဲဝေ(၁) ဦး၊ ခန့်ထား(၁) ဦး၊ အလယ်တန်းပြ ခွဲဝေ (၆) ဦး၊ ခန့်ထား(၆) ဦး၊ မူလတန်းပြ ခွဲဝေ (၄) ဦး၊ ခန့်ထား(၂) ဦး၊ လစ်လပ်(၂) ဦး၊ တိုင်းရင်းသား စာပေသင် ဆရာ/ ဆရာမ နေ့စား (TA)ခန့်ထား (၂) ဦး စုစုပေါင်း ဆရာ/ ဆရာမ (၁၁) ဦး ခန့်ထားပါတယ်။

၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် နဝမတန်း(၂၁) ဦးဖြင့် အထက်တန်းကျောင်းအဆင့်ကို ၂၁- ၇- ၂၀၂၀ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး အထက်တန်း အဆင့်သင် ဆရာ/ ဆရာမ မရှိတဲ့အတွက် အလယ်တန်းအဆင့်သင် ဆရာ/ ဆရာမ(၆) ဦးနှင့် ကျောင်းအုပ်တစ်ဦးကနေပြီးမှ သင်ကြားပေးလျက်ရှိပါတယ်။ ရပ်ရွာမှ ကော်မတီခန့် ငှားရမ်းသင်ကြားထားခြင်းလည်း မရှိပါဘူး။

၂၀၂၀- ၂၀၂၁ ပညာသင်နှစ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်သည့်ကျောင်း (၁)ကျောင်းအနေနဲ့ အထက်တန်းပြ ဆရာ/ ဆရာမ (၇)ဦး ခွဲဝေရရှိထားသော်လည်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဟမ်းငိုင်းကျောင်းသို့ ဆန္ဒပြုပြောင်းထားသူ မရှိတဲ့အတွက် လျာထားပေးနိုင်ခဲ့ခြင်း မရှိတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းကိုင်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လိုသည့် နေ့စား အထက်တန်းပြ ဆရာ/ ဆရာမ ရှိပါက ပြောင်းထားစေပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြ ပေးသွားမှာဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွင်းမှာ B.Ed ဆင်း ဆရာ/ ဆရာမများ ထပ်မံရရှိလာပါကလည်း ခန့်ထားခွင့်ရရှိချိန်တွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးရဲနောင်ဇော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးရဲနောင်ဇော်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်း ပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးရဲနောင်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းသွားမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း လျော့နည်းလာတဲ့ မြေအောက်ရေချိုအရင်းအမြစ်များ ပြန်လည်ဖြည့်တင်းရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိ သည်နှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ လေးပုံတစ်ပုံခန့်ကျယ်ဝန်းပြီး မြစ်ချောင်း၊ ရေတံခွန်၊ စိမ့်စမ်း၊ အင်းအိုင်၊ တောစခန်း၊ တောင်စခန်းတို့ဖြင့် သာယာလှပတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံတို့ဟာ စိုက်ပျိုးရေးကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြပြီး လိုအပ်သော ရေအရင်းအမြစ်များကို မြစ်ချောင်း၊ အင်းအိုင်၊ စိမ့်စမ်း၊ ရေထွက်များမှ အဓိကထားရယူသုံးစွဲကြပါတယ်။

ဒါပေမဲ့ အခုနောက်ပိုင်းမှာ ရာသီဥတုပြောင်းလဲလာခြင်း၊ သစ်တောပြုန်းတီးမှုများပြား လာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်းခြင်း၊ ရေအရင်းအမြစ်များကို စနစ်တကျ သုံးစွဲမှု အားနည်းခြင်းတို့ကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးပြတ်လပ်မှုများ နှစ်စဉ် နှစ်တိုင်း ကြုံတွေ့နေကြရပြီဖြစ်ပါတယ်။

သို့ပါသောကြောင့် ရေရရှိရေးဆောင်ရွက်ပေးဖို့ အဝီစိတွင်းတွေတူးခြင်း၊ လက်တွင်းများ တူးဖော်ခြင်း၊ မြေသားရေလှောင်ကန်များတည်ဆောက်ခြင်း၊ စိမ့်စမ်းရေနှင့် ရေထွက်များမှ ရေသွယ်ယူခြင်းစသောနည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လည်း သိရှိရပါတယ်။

ကျွန်တော်အခုမေးမြန်းမဲ့ မြေအောက်ရေဆိုသည်မှာ မြေအောက်ထဲမှာရှိတဲ့ သဘာဝ သယံဇာတတစ်ခုဖြစ်ပြီး မြေကြီးထဲမှာ ရေအောင်းလွှာထဲသို့ မြေပြင်ထဲမှာရှိတဲ့ရေတွေ စိမ့်ဝင်

သွားပြီးမှ ပြန်လည်ထုတ်ယူသုံးစွဲရသော ရေဖြစ်ပါတယ်။ ထိုမြေအောက်ရေတွေကို အဝီစိတွင်းတွေ အလွန်အကျွံတူးဖော်ပြီး အလွန်အကျွံထုတ်ယူသုံးစွဲခြင်းအားဖြင့် မြေအောက်ရေတွေ ခန်းခြောက်ကုန်ပြီးတော့ စနစ်တကျပြန်လည်ဖြည့်တင်းမှုနည်းလမ်းများကို ဆောင်ရွက်ထားရှိမှု မရှိခဲ့ဘူးဆိုရင်တော့ သဘာဝရေဝေရေလဲဇေရိယာတွေ ပျက်စီးခြင်းတွေ ဖြစ်နိုင်ပါတယ်။ သဘာဝသစ်တောများ လျော့ပါးခြင်း၊ မြေကျွံခြင်း၊ ရေကြီးရေလျှံခြင်း၊ ရွံ့စေးမြေများ ပိုမိုရွေ့လျားလာပြီးတော့ ကျောက်လွှာရွေ့လျားမှု(ငလျင်လှုပ်ခြင်း)စသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်ပါတယ်။

မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်းဆိုတဲ့ နည်းလမ်းကတော့ မြေမျက်နှာပြင်မှ ရေဟာ မြေအောက်ရေရှိရာ အောက်ဖက်သို့ရွေ့လျားသွားပြီးတော့ ဇလဗေဒဆိုင်ရာလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ရေအောင်းလွှာထဲသို့ ဝင်ရောက်တဲ့ အဓိကနည်းလမ်းဖြစ်ပါတယ်။ မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်းဆိုင်ရာနည်းလမ်းများ (Artificial Underground Water Recharge System) ကို စနစ်တကျဆောက်ရွက်လျှင် မြေအောက်ရေပြင် ပြန်လည်မြင့်တက်လာခြင်း၊ သဘာဝစိမ့်စမ်းရေထွက်များ ရေပိုမိုထွက်ရှိလာခြင်း၊ မြေအောက်ရေအလွယ်တကူထုတ်ယူ သုံးစွဲလာနိုင်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေ ပိုမိုရရှိလာနိုင်ခြင်း၊ သစ်တောသစ်ပင်များကို ပိုမိုရှင်သန်လာခြင်း၊ ရေကြီးရေလျှံခြင်းများ လျော့ပါးခြင်းစသော အကျိုးကျေးဇူးများ ရရှိလာနိုင်ပါတယ်။

မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်းဆိုင်ရာ နည်းလမ်းများကို အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ မိုးရေများကိုခံပြီးတော့ ရေလှောင်ကန်များအောက်ကနေပြီးတော့ ရေစိမ့်ဝင်တဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်လျက်ရှိပြီး တရုတ်၊ ထိုင်းနိုင်ငံများမှာကတော့ မြစ်ရေများကို သဲပြင်ပေါ်ကို စုပ်တင်ပြီးတော့ သဲမြေမှတစ်ဆင့်မြေအောက်ထဲကို ဖြည်းဖြည်းချင်းစိမ့်ဝင်တဲ့နည်းလမ်းတွေနဲ့ အသုံးပြုနေကြပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်းဆိုင်ရာ နည်းလမ်းများအား မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါသဖြင့်ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနောင်ဇော် မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း ရာသီဥတုပြောင်းလဲလာမှုကြောင့် ပူပြင်းခြောက်သွေ့ခြင်း၊ သဘာဝစိမ့်စမ်း၊ ရေထွက်များတိမ်ကောလာခြင်း၊ မြေအောက်ရေများ အလွန်အကျွံ ထုတ်ယူသုံးစွဲလာခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ်လိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးလျက်ရှိပြီး လျော့နည်းလာသော မြေအောက်ရေချို အရင်းအမြစ်များအား (Underground Water Recharges) ပြန်လည်ဖြည့်တင်းရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်အတွက် မြေပေါ်နှင့် မြေအောက်ရေ အရင်းအမြစ်များမှ ရေကို အဓိကထားရယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေပေါ်ရေ အနေဖြင့် မြစ်၊ ချောင်း၊ ကန်၊ အင်း၊ အိုင်၊ ဆည်စသည့်နည်းလမ်းများဖြင့်လည်းကောင်း၊ မြေအောက်ရေအနေဖြင့် စိမ့်စမ်းရေထွက်၊ တွင်းရေအမျိုးမျိုး စသည့် နည်းလမ်းများဖြင့် လည်းကောင်း သောက်သုံးရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ တောင်ပေါ်ဒေသဖြစ်သည့်အား လျော်စွာ စိမ့်စမ်း ရေထွက်ကို အဓိကထားရယူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ပူပြင်းခြောက်သွေ့ခြင်း၊ သဘာဝ စိမ့်စမ်း၊ ရေထွက်များတိမ်ကောလာခြင်း၊ မြေအောက်ရေများ အလွန်အကျွံ ထုတ်ယူသုံးစွဲလာ ခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ်လိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသော သောက်သုံး ရေနှင့် စိုက်ပျိုးရေရှားပါးခြင်းများဟာ မဖြစ်ပေါ်စေရေးအတွက် နှစ်စဉ် မိုးရာသီကာလများမှာ သဘာဝစိမ့်စမ်းရေထွက်ဧရိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ရေထွက်ဧရိယာအနီး ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာပေးခြင်း စသည့်နည်းလမ်းများဖြင့် မြေအောက် ရေများ ခန်းခြောက်လျော့ပါးမှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း မြေအောက်ရေအရင်းအမြစ်များ ပြန်လည်ဖြည့်တင်းရန်အတွက် အောက်ပါအတိုင်းထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်-

(က) သဘာဝစိမ့်စမ်း၊ ရေထွက်များ တိမ်ကောပပျောက်ခြင်း၊ ရေထွက်ခန်းခြောက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ရေထွက်ရှိတဲ့နေရာများအား မှတ်တမ်းတင်စာရင်းများပြုစုထားရှိပြီးတော့ သဘာဝထိန်းသစ်တောဧရိယာ သို့မဟုတ် ကျေးရွာထိန်း ဧရိယာများအဖြစ် သစ်ပင်များထပ်မံစိုက်ပျိုးစေခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းစတဲ့ ရေဝေရေလဲ သစ်တောပျက်စီးစေမည့် အပြုအမူများ ရှောင်ရှားနိုင်ရေး၊ အသိပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ် စီမံဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခံပြည်သူ ကျေးရွာသူ/ ကျေးရွာသားတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းကာ တစ်အုပ်တစ်မစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ထားရှိရန် လိုအပ်မှာဖြစ်ပါ တယ်။

( ခ) နှစ်စဉ်မိုးရွာသွန်းမှုမှာ ရွာသွန်းချိန်လျော့နည်းလာခြင်း၊ မြို့ပြလူနေမှု ထူထပ်လာသော နေရာများမှာ လူနေအိမ်ဝန်းများအတွင်း ကွန်ကရစ်များ နေရာအနှံ့လွှမ်းမိုးလာခြင်းတို့ကြောင့် မြေအောက်ရေ ပြန်လည်ဖြည့်သွင်းမှုဧရိယာ (Underground Water Recharges Area) အကျယ်အဝန်းဟာ လျော့နည်းလာပြီး မိုးရေများ မြေအောက်သို့ မစိမ့်ဝင်နိုင်ဘဲ (Run Off) ဖြစ်၍ မိမိတို့အိမ်ခြံဝန်းများအတွင်း (Ground Water Recharges)အတွက် မြေနေရာလွတ်များ ထားရှိရန်လိုအပ်မှာဖြစ်ပါတယ်။ အိမ်ခေါင်မိုးမှ ရေတစ်လျှောက်ဖြင့် သွယ်ယူ၍ စက်ရေတွင်း (သို့) (၅)ပေပတ်လည်(၁၀)ပေခန့်အနက် မြေသားကျင်းများ အတွင်းသို့ ကျောက်စရစ်၊ သဲများအလွှာလိုက်ဖြည့်တင်းပြီး မိုးရေကို မိမိခြံဝန်းမြေအောက်သို့ စိမ့်ဝင် နိုင်ရန် စီစဉ်ဆောင်ရွက်သင့်ပါတယ်။

( ဂ) မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်းနှင့် ပတ်သက်၍ ရေဝပ်ဧရိယာများ ထိန်းသိမ်းခြင်းနှင့် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုရာတွင် မိမိနေအိမ်ခြံဝင်း ဧရိယာအတွင်း စိမ်းလန်းဧရိယာ သတ်မှတ်ထားရှိစေခြင်း၊ မြေအောက်ရေ

စုဆောင်းစုပ်ယူသည့် တွင်းငယ်ထားရှိစေခြင်းများအားစတဲ့ စည်းကမ်းချက်များ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရမှာဖြစ်ပါတယ်။

(ဃ) မြေအောက်ရေကို ပြန်လည်သန့်စင်စေရန် အလွန်ခက်ခဲသောကြောင့် မြေအောက်ရေ အရည်အသွေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ကောင်းမွန်စေခြင်းဟာ ပိုမိုအရေးကြီးပါတယ်။ ဒါကြောင့် စက်ရုံမှထွက်လာတဲ့ အညစ် အကြေးအရည်များ၊ ဒေသတွင်းမှရေပုပ်ကန်များ၊ ဓာတ်မြေသြဇာနှင့် ဓာတုပစ္စည်း အကြွင်းအကျန်များကို မြေအောက်ရေဆီသို့မရောက်အောင် သေချာစွာ ဆောင်ရွက်ရန်လိုအပ်မှာဖြစ်ပါတယ်။

( င) ရှမ်းပြည်နယ်အတွင်း မြေအောက်ရေတည်ရှိမှုမှာ အားကောင်းသော ရေအောင်းလွှာ (Aquifer) များမရှိဘဲ ထုံးကျောက်ကြွေမှုဇုံ (Lime Stone Fracturement Zone) များအတွင်းခိုအောင်းနေသောမိုးရေများကို ပြန်လည်ထုတ်ယူသုံးစွဲရခြင်းမျိုးဖြစ်သဖြင့် မြေအောက်ရေအလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း မဖြစ်စေရေးအတွက် ယခု ပြည်ထောင်စုလွှတ်တော်မှာ ရေးဆွဲလျက်ရှိတဲ့ မြေအောက်ရေဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပါက သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ ၃-၉-၂၀၂၀နေ့တွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှာငံမြို့နယ်၊ ရနဲကျေးရွာအုပ်စု၊ မင်းပလောင်ကျေးရွာဟာ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးရဲ့ နယ်စပ်မှာတည်ရှိပြီး လူဦးရေ(၆၀၀)ဦးနှင့် အိမ်ထောင်စု (၁၈၀)စု ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးရွာဖြစ်ပါတယ်။ ရွှာငံမြို့မှ မင်းပလောင်ကျေးရွာသို့ သွားမယ်ဆိုလို့ရှိရင် ရွှာငံမြို့မှ ကလောမြို့၊ ကလောမြို့မှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီး ပြည်ညောင်ကျေးရွာ၊ အဲ့ဒီမှတစ်ဆင့် မင်းပလောင်ကျေးရွာသို့ အဆင့်ဆင့် အလွန်ဝေးကွာစွာ သွားလာနေရပြီး ဒေသခံပြည်သူများအနေနဲ့လည်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းသွားလာရေးအတွက် များစွာအခက်အခဲရှိနေတယ် ဆိုတာလေး ဖြစ်ပါတယ်။

မြင်းကျဒိုးကျေးရွာအုပ်စု၊ ရေလှကျေးရွာနဲ့ ရနဲကျေးရွာအုပ်စု၊ မင်းပလောင်ကျေးရွာသို့ ကျေးရွာချင်းဆက်လမ်းကတော့ ရေလှကျေးရွာမှ (၂)မိုင်(၄)ဖာလုံလောက်ကိုတော့ ယခင်လွှတ်တော်ပထမသက်တမ်းမှာ နတလနဲ့ ကျေးရွာကနေပြီးတော့ ဖောက်လုပ်တဲ့အချိန်မှာ မြေသားလမ်းအဖြစ်ရှိခဲ့ပြီးသားဖြစ်ပါတယ်။ ကျန်လမ်းပိုင်းကတော့ လူသွားလမ်းလေး ဖြစ်ပါတယ်။ အဆိုပါ လူသွားလမ်းကို GPS စနစ်ဖြင့် တိုင်းတာချက်အရ (၃)မိုင်(၄)ဖာလုံနှင့် (၃)မိုင်(၅)ဖာလုံကြားမှာတော့ ပန်းလောင်မြစ်ရဲ့မြစ်ဖျား ရေဦးရေဖျားဒေသရှိပြီး အဲ့မြစ်ရဲ့ မြစ်ချောင်းရဲ့ မြစ်စနေရာကတော့ အကျယ်ကြီးဖြစ်ပြီး ရေစီးကြောင်းအကျဉ်းဆုံးနေရာသည် ပေ ၈၀ လောက် ရှိနေတာဖြစ်ပါတယ်။

ရေလှ- မင်းပလောင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မယ်ဆိုလို့ရှိရင် GPS စနစ်နဲ့ တိုင်းတာချက်တွေအရတော့ (၁၀)မိုင် ပတ်ဝန်းကျင်ခန့်ရှိနိုင်ပြီးတော့ ပေ ၈၀ ဘေလီတံတား (၁)စင်းလည်း လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းအားဖြင့် ဒေသခံပြည်သူတွေအနေနဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းသွားလာရေးများ အဆင်ပြေချောမွေ့စေပြီးတော့မှ မင်းပလောင်ကျေးရွာမှာရှိတဲ့ အိမ်ထောင်စု (၁၈၀)စု၊ လူဦးရေ(၆၀၀)ဦးတို့အတွက်လည်း လူမှုစီးပွားရေးကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မလို့ အဆိုပါ ရေလှ- မင်းပလောင် ကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကို သိရှိလိုတဲ့အတွက် ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈၊ ၉၉၊ ၁၀၅ အရ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ရှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ် မေးမြန်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စု၊ ရေလှကျေးရွာ နှင့် ရနဲကျေးရွာအုပ်စု၊ မင်းပလောင်ကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် အဆိုပါ လမ်းပေါ်တွင်လိုအပ်မည့် အရှည် ပေ (၈၀) တံတား ၁ စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှာင်မြို့နယ်၊ ရေလှကျေးရွာ ကနေပြီးတော့ မင်းပလောင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းဟာ လက်ရှိလမ်းအကျယ် (၅) ပေခန့် ရှိသော စုစုပေါင်းလမ်းအရှည် ၁၂ မိုင်ရှိ တဲ့ Class B၊ ဦးစားပေးအဆင့်(၃) မြေသားလမ်းတစ်လမ်းဖြစ်ပါတယ်။ ဒေသမှာရှိတဲ့ ကျေးရွာ ၂ ရွာ၊ အိမ်ခြေ ၂၄၇ အိမ်နှင့်လူဦးရေ ၁၀၃၇ ဦးတို့ကို အကျိုးပြုတဲ့လမ်းတစ်လမ်း ဖြစ်ပါတယ်။

အဆိုပါ ရေလှ- မင်းပလောင်ကျေးရွာချင်းဆက်လမ်း ၁၂ မိုင်ကို သတ်မှတ်စံချိန်စံညွှန်းအတိုင်းအတာပြည့်မီတဲ့ မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၃၇၈.၀ သန်းခန့်ကုန်ကျမှာဖြစ်ပြီး အဆိုပါလမ်းပေါ်မှာ လိုအပ်လျက်ရှိတဲ့ ပေ(၈၀) တံတားကို သတ်မှတ်စံချိန်စံညွှန်းအတိုင်းအတာ ပြည့်မီသောကွန်ကရစ် တံတားအဖြစ်တည်ဆောက်မည်ဆိုပါက ခန့်မှန်း ငွေကျပ် ၂၁၆ သန်း၊ စုစုပေါင်းကျပ် ၅၉၄ သန်းခန့်ကုန်ကျနိုင်တာဖြစ်ပါတယ်။

ရှာင်မြို့နယ်အနေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ မြို့နယ်အလိုက် အဆိုပြုချက်များ လျာထားရာမှာ ဒီကျေးလက်လမ်းဦးစီးဌာနအတွက် ပျမ်းမျှပါဝင်မှုအချိုး ၁.၅

ရာခိုင်နှုန်းရှိရာ ရန်ပုံငွေခွဲဝေချထားမှု အနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှဖြင့် ကျပ်သန်း ၄၅၀ ကျော် ခန့်သာရရှိနိုင်တာကိုတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းကို သတ်မှတ်စံချိန်စံညွှန်းအတိုင်းအတာပြည့်မီတဲ့ မြေသား လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် အဆိုပါလမ်းပေါ်မှာ လိုအပ်လျက်ရှိတဲ့ ပေ (၈၀) ကွန်ကရစ်တံတား တည်ဆောက်ဖို့အတွက်ကို မြို့နယ်စီမံကိန်းလျာထားချက်များ ပြုစုရာမှာ မြို့နယ်အတွင်း ဦးစားပေးလိုအပ်ချက်အလိုက် မြို့နယ်မှ ထည့်သွင်းလျာထားတင်ပြသွားရန် လိုအပ်မည်ဖြစ်ပြီး ရွာငံမြို့နယ်က ပေါင်းစပ်ညှိနှိုင်းရေးဆွဲထားတဲ့ (၁၃)နှစ် စီမံကိန်းအရ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ လျာထားတင်ပြခဲ့သော်လည်း ရန်ပုံငွေ လုံလောက်မှု မရှိပါသဖြင့် ၂၀၂၁- ၂၀၂၂ ခု ဘဏ္ဍာရေးနှစ်တွင် ထပ်မံတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ရွာငံမြို့နယ်၊ မင်းပလောင်- ရေလှကျေးရွာ လမ်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး မှ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေလှ-မင်းပလောင်လမ်းကို ဖောက်လုပ်မှုနှင့်ပတ်သက်ပြီး Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒီ Power Point နှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ တင်ပြပါ ရေလှ- မင်းပလောင်လမ်းဟာ အဖြောင့်တိုင်းမယ်ဆိုလို့ရှိရင် (၇)မိုင်ခန့်လောက်ရှိပါတယ်။ သို့သော်လည်းပဲ မြေပြင်ရဲ့ Grading အရ ဖောက်လုပ်မယ်ဆိုလို့ရှိရင် ဝန်ကြီးတင်ပြသလိုပြ (၁၀)မိုင် အထက်မှာရှိနေတာ ဖြစ်တဲ့အတွက် နတလနဲ့ ကျေးလက်လမ်းဦးစီးဌာနတို့ကနေ ပြီးတော့မှ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းအဖြစ် စတင်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိနဲ့ ကျွန်တော်တို့ မြို့နယ် စီမံကိန်းမှာလည်း လုပ်ငန်းတွေ ထည့်သွင်းနိုင်ဖို့ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/ မရှိကို ဖြေကြားပေးနိုင်ဖို့တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် က ဒီအစည်းအဝေးမှာဖြေဆိုရန်အသင့်ဖြစ်ပါက ဖြေကြားပေးစေလိုပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ကုန်ထုတ်လမ်းအနေနဲ့ တင်ပြရမယ်ဆိုရင် ဒီနှစ်ကတော့ ရှာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စု၊ ရေလှကျေးရွာအတွက်ကတော့ ကုန်ထုတ်လမ်း ၂၀၂၀- ၂၀၂၁ ဘတ်ဂျက်မှာငွေကျပ် ၅၆.၀၈ သန်းနဲ့ ဆောင်ရွက်ထားတာရှိပါတယ်။ ဒီကုန်ထုတ်လမ်းကတော့ ပွေးကြီးရွာဘက်သွားတဲ့ ကုန်ထုတ်လမ်းဖြစ်ပါတယ်။ အခုတင်ပြတဲ့ ရေလှ- မင်းပလောင်ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းဖောက်မယ်ဆိုရင် ရေလှကျေးရွာမှာ အိမ်ခြေ(၅)အိမ်၊ စိုက်ပျိုးမြေဧက ၃၀ ခန့်နဲ့ မင်းပလောင်ကျေးရွာမှာ အိမ်ခြေ(၁၀)အိမ်၊ စိုက်ပျိုးမြေဧက ၅၀၊ စုစုပေါင်း အိမ်ခြေ(၁၅)အိမ်၊ စိုက်ပျိုးမြေ ဧက ၈၀ခန့် အကျိုးပြုတဲ့အနေအထားလေးဖြစ်တာ တွေ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ရှာငံမြို့နယ်ရှိ ဒီကျေးရွာတွေဟာ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်ဆက်စပ်နေတဲ့ မိမိတို့ပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်တဲ့အလျောက် ဒီကျေးရွာကိုလည်း ကျွန်တော်တို့ ပြည်နယ်အတွင်း ဆောင်ရွက်ပေးဖို့လိုအပ်မယ်ဆိုရင် ရေလှ- မင်းပလောင်ဆက်မည့် ကျေးရွာဆက်လမ်းကို အသေးစိတ်ပြန်လည် တိုင်းတာတွက်ချက်ပြီးတော့ ရှာငံမြို့နယ်ရဲ့စီမံကိန်းမှာ ကော်မတီကနေပြီးတော့ နှစ်အလိုက် ဦးစားပေးအလိုက် လျာထားလာမယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးနိုင်တာဖြစ်ပါတယ်။ ဒါပေမဲ့တစ်ခု တင်ပြလိုတာကတော့ ပေ(၈၀)တံတားကိုတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကုန်ထုတ်လမ်း လက်စွဲဥပဒေအရ ဒီတံတားတွေကိုတော့ လုပ်ပေးနိုင်ခြင်းမရှိပါဘူး။ လမ်းကိုတော့ ဒေသကနေပြီးတော့ နှစ်အလိုက်စီမံကိန်းတွေနဲ့တင်ပြလာရင်တော့ နှစ်အလိုက်ရတဲ့ ဘဏ္ဍာငွေအပေါ် မူတည်ပြီးတော့ လမ်းကိုတော့ လျာထားပေးနိုင်တဲ့အနေအထားရှိကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့

တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမဲ့မေးခွန်းကတော့ ပြည်ထောင်စု(Budget)ဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများအား မည်ကဲ့သို့ကြီးကြပ် ထိန်းကျောင်းမည်ဆိုတဲ့ ကိစ္စနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဒီမေးခွန်းကတော့ဖြင့် ကျွန်တော်လွန်ခဲ့တဲ့ (၁၀.၆.၂၀၂၀)ရက်ကတည်းက တင်ပြထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ယနေ့ဆို သုံးလနီးပါးရှိသွားပါပြီ။ အမှန်ဆို လွန်ခဲ့တဲ့(၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မေးမြန်းဖို့ဖြစ်သော်လည်းပဲ အစီအစဉ်မှာ မပါလာတဲ့အတွက် ဒီအစည်းအဝေးမှာ မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာနှစ်တစ်နှစ်မှာ မြို့နယ်တစ်ခုကို ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ချပေးတဲ့နေရာမှာ ပြည်ထောင်စု(Budget)နှင့် ပြည်နယ်(Budget) ဆိုပြီး Budget(၂)ခု ခွဲဝေပေးလေ့ရှိပါတယ်။

ပြည်နယ်(Budget)အနေဖြင့် ဆောင်ရွက်တဲ့နေရာမှာ တင်ဒါဆွဲယူလိုတဲ့ကုမ္ပဏီများက တင်ဒါဆွဲယူခွင့်၊ တင်ဒါတင်သွင်းခွင့်မပြုမီ ကွင်းဆင်းလေ့လာပြီး ခတ်ပုံမှတ်တမ်းနှင့်တကွ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်နှင့် တင်ပြကာ တင်ဒါဆွဲယူလေ့ရှိပါတယ်။ တင်ဒါအောင်မြင်ပြီးတဲ့အခါမှာလည်းပဲ အစိုးရအဖွဲ့နဲ့ချုပ်ဆိုထားတဲ့ စာချုပ်စာတမ်းတွေ၊ Estimate တွေ၊ Drawing တွေကို မိတ္တူကူးပြီးတော့မှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို ပေးထားကြပါတယ်။ ဒါကလည်း ပြည်နယ်လွှတ်တော် ကတိကဝတ်(အဆို)ကြောင့် ဆောင်ရွက်ရခြင်းပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒါတွေကိုအခြေခံပြီးတော့ လုပ်ငန်းတွေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပေးခြင်းများ ပြုကြရတာဖြစ်ပါတယ်။ သက်ဆိုင်ရာ ကုမ္ပဏီများကလည်း လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် မှတ်တမ်းခတ်ပုံနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်နဲ့အတူ ရာခိုင်နှုန်းအလိုက် ငွေထုတ်ယူဖို့ ဆောင်ရွက်ကြရတာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်မပါရင်လည်းပဲ ငွေထုတ်ယူဖို့အဆင်မပြေပါဘူး။ ဒါလည်းပဲ လွှတ်တော်

(အဆို)ကနေ ဖြစ်ပေါ်လာတဲ့လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဒါမှလည်း လုပ်ငန်းဟာ ထိရောက်မှုရှိပြီး ပြဿနာတစ်စုံတစ်ရာမရှိဘဲ ချောမောအောင်မြင်စွာ ပြီးမြောက်နိုင်မှာဖြစ်ပါ တယ်။

ပြည်ထောင်စု(Budget)ဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းတွေကတော့ ဒီလိုမဟုတ်တော့ ပြန်ပါဘူး။ ကုမ္ပဏီတွေ လုပ်ငန်းမစခင်၊ တင်ဒါမဆွဲခင် ကွင်းဆင်းကြည့်ရှုတဲ့ မှတ်တမ်းဓာတ်ပုံနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက် ရယူခြင်းမရှိပါဘူး။ သူတို့နည်း၊ သူတို့ဟန်နဲ့ တင်ဒါဆွဲယူပြီးတော့မှ အောင်မြင်သွားတာ အားလုံးအသိပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ သူတို့ဆီကနေပြီးတော့မှ စာချုပ်စာတမ်းတော့ရပါတယ်။ စာချုပ်စာတမ်းအရ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို ပြန်စစ်ဆေးတဲ့အခါမှာ တစ်ချို့ပျော့ကွက်၊ ဟာကွက် အားနည်းချက်တွေ ပြုပြင်ဖို့လိုတဲ့ဟာတွေရှိလို့ရှိရင်လည်းပဲ ပြန်လည်ပြုပြင်ခိုင်းတာဖြစ်ပါတယ်။ တစ်ကယ်လို့ ပြည်နယ်(Budget)နဲ့လုပ်တဲ့ လုပ်ငန်းကတော့ လွှတ်တော်ကိုယ်စားလှယ်များ ပြန်ပြီးပြုပြင်ခိုင်းတဲ့အတိုင်း မပြုပြင်ဘူးဆိုလို့ရှိရင် သဘောထားမှတ်ချက်နဲ့ လက်မှတ်မပါရင် ငွေထုတ်ယူလို့မရပါဘူး။ သို့သော် ပြည်ထောင်စု(Budget)နဲ့လုပ်တဲ့ လုပ်ငန်းမှာတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်နဲ့ လက်မှတ်မပါဘဲ ငွေထုတ်ယူသွားတာတွေ့ရပါတယ်။ ကျွန်တော်တို့ ပြင်ခိုင်းတဲ့ဟာလည်းမပြင်ဘဲ ဘယ်အချိန်ငွေထုတ်သွားမှန်းတောင် မသိလိုက်ရဘူး။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက် မလိုပါဘူးလို့လည်းပြောပါတယ်။ ဥပမာ- ၂၀၁၈- ၂၀၁၉ ခုနှစ် မနှစ်က နမ့်ဆန်မြို့နယ်၊ နမ့်လင်း- ခေးခင်- မန်ဝဲ- ပန်တောင်းလမ်း (၁)မိုင်ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို (Infra Goal) ကုမ္ပဏီက ပြည်ထောင်စု Budget ဖြင့် ငွေကျပ် ၁၇၅.၄၈၈ သန်းဖြင့် ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းပြီးမြောက်ခြင်း မရှိတာကိုတွေ့ရှိရပါတယ်။ ဘာကျန်သလဲဆိုလို့ရှိရင် အဲ့ဒီကတ္တရာကို အပြီးသတ် Second Seal Coat လောင်းရန်ကျန်နေတာဖြစ်ပါတယ်။ လောင်းဖို့ကျန်တဲ့နေရာကို ကျွန်တော်တို့လေးကြိမ် သွားစစ်ဆေးပါတယ်။ စစ်ဆေးတဲ့အခါမှာလည်း ပြောပါတယ်။ တစ်ကြိမ်ကျန်သေးတယ်နော်။ ဟုတ်ကဲ့။ ကျန်ပါတယ်။ နောက်ဆောင်ရွက်ပေးမှာပါလို့ ပြောပါတယ်။ သက်ဆိုင်ရာ နတလ တာဝန်ခံကိုလည်းပဲ ပြောပါတယ်။ သူတို့သိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်ဒီမေးခွန်းမမေးခင်အချိန်ထိကတော့ ပြန်လည်ဆောင်ရွက်ပေးတာ

မရှိပါဘူး။ Budget သာကုန်သွားတယ်။ ၂၀၁၈- ၂၀၁၉ ဆိုတော့ ၂၀၁၉- ၂၀၂၀ လုပ်ငန်းတောင်မှ တော်တော်လေးပြီးတဲ့အခြေအနေမှာ မလုပ်သေးပါဘူး။ ခဏခဏလည်း ပြောရပါတယ်။ အဲ့တော့ ကျွန်တော် ဒီမေးခွန်းကို အစိုးရအဖွဲ့ကိုတင်ပြလို့ပဲ ထင်ပါတယ်။ ဒီမေးခွန်းအရကြောင့် လွန်ခဲ့တဲ့ တစ်လ၊ နှစ်လကျော်ကမှ အဲ့ဒီ Second Seal Coat ကို လောင်းပြီးသွားပြီလို့ စစ်ဆေးတွေ့ရှိရပါတယ်။

တင်ပြချင်တာကတော့ လုပ်ငန်းတစ်ခု အဆင်ပြေချောမွေ့ဖို့အတွက် ပြည်နယ်နဲ့ ပြည်ထောင်စု ညှိနှိုင်းပေါင်းစပ်ပြီးဆောင်ရွက်မယ်ဆိုရင် ပိုမိုအဆင်ပြေမှာဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဒါကြောင့်မို့ ပြည်ထောင်စု Budget ဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းကြီးကြပ်ရာမှာ မည်ကဲ့သို့ ထိန်းကျောင်းနိုင်သည်ကို သိရှိလိုတဲ့အတွက် လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းလာသည့် ပြည်ထောင်စု(Budget)ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ကြီးကြပ်ထိန်းကျောင်းမှုနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စုရန်ပုံငွေ)ဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဆောင်ရွက်မဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တဲ့ တင်ဒါကော်မတီဖြင့် အောင်မြင်သော ကုမ္ပဏီများနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းအကောင်အထည်ဖော်

ဆောင်ရွက်ခြင်းကိုတော့ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး များမှ ကြီးကြပ်ကွပ်ကဲပေးလျက်ရှိပါတယ်။

ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် အရစ်လိုက်ခွင့်ပြုရန်ပုံငွေများအား ဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာ ပြည်နယ်/ ပြည်နယ်ခွဲများရှိ မြန်မာ့စီးပွားရေးဘဏ်များ၌ ဖွင့်လှစ်ထားရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းများသို့ လွှဲပြောင်းပေးပို့ထားရှိပါတယ်။ ရန်ပုံငွေ ထုတ်ယူသုံးစွဲခွင့်တင်ပြရာမှာ ပထမအရစ် ၂၅ ရာခိုင်နှုန်းနှင့် တတိယအရစ် ၂၅ ရာခိုင်နှုန်း ရန်ပုံငွေထုတ်ယူခွင့်အား ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက် တင်ပြပြီး ဝန်ကြီးရုံးမှ အတည်ပြုခွင့်ပြုထုတ်ပေးရန် ညွှန်ကြားချက်ရရှိမှသာ သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများသို့ ခွင့်ပြုထုတ်ပေးခြင်းဖြစ်ပါတယ်။

ဒုတိယအရစ် ၂၅ ရာခိုင်နှုန်းနှင့် စတုတ္ထအရစ် ၂၅ ရာခိုင်နှုန်း ရန်ပုံငွေထုတ်ယူခွင့်ကို တော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာ ပြည်နယ်/ ခရိုင်/မြို့နယ် အလိုက် ဖွဲ့စည်းပေးထားတဲ့ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များ၏ ထောက်ခံချက်များပါဝင်တဲ့ လုပ်ငန်းပြီးစီးမှု၊ အရည်အသွေးစစ်ဆေးတွေ့ရှိချက်များဖြင့် တင်ပြမှုအပေါ် ဦးစီးဌာန(ရုံးချုပ်)မှ ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက်တင်ပြပြီး ဝန်ကြီးရုံး မှ အတည်ပြု ခွင့်ပြုထုတ်ပေးရန် ညွှန်ကြားချက်ရရှိမှသာ သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက် သည့် ကုမ္ပဏီများသို့ ခွင့်ပြုထုတ်ပေးနေခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု/ ပြည်နယ်) ရန်ပုံငွေ ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာခရိုင်မြို့နယ်များအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီမှ အဖွဲ့ဝင်များဖြင့်လည်းကောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများမှလည်းကောင်း၊ ပြည်နယ်/ ခရိုင်/ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံးများမှလည်းကောင်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုသို့ ကြီးကြပ်ဆောင်ရွက်ရာမှာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များသို့ လုပ်ငန်းအပ်နှံစာချုပ်နှင့် အသေးစိတ် ခန့်မှန်းတွက်ချက်မှုစာရင်း မိတ္တူ(၁)စုံစီ ပေးပို့စေပြီးတော့ ဒေသအလိုက် ဖွဲ့စည်းထားသည့်

မြို့နယ်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များမှ လုပ်ငန်းပြီးစီးမှုကွင်းဆင်းကြည့်ရှုစစ်ဆေးသည့် အချိန်များတွင် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ညှိနှိုင်းဖိတ်ခေါ်၍ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စေလျက်ရှိပါတယ်။ ဆောင်ရွက်သည့်လုပ်ငန်းသည် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးသွားသော်လည်း ပျက်စီးမှုများဖြစ်ပေါ်၍ ပြန်လည်ပြုပြင်ပေးရန်လိုအပ်ချက်များရှိပါက ကုမ္ပဏီမှ စာချုပ်ပါတာဝန်ရှိသည့် ကာလအတိုင်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပြန်လည်ပြုပြင်ပေးခြင်းမရှိသော ကုမ္ပဏီများအား စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ Covid-19 ရောဂါဖြစ်ပွားနေသည့်အချိန်ကာလအတွင်း စားဝတ်နေရေး အခက်အခဲ ကြုံတွေ့နေရသည့် ပြည်သူလူထုများထံသို့ အဖွဲ့အစည်းများ သွားရောက်ကူညီလှူဒါန်းခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Covid- 19 ရောဂါဖြစ်ပွားနေသည့် အချိန်ကာလအတွင်း စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရသည့် မြို့နယ်အသီးသီးရှိ မြို့နေပြည်သူလူထုနှင့် ကျေးလက်နေပြည်သူလူထုများထံသို့ လူထုအဖွဲ့အစည်းများနှင့် ပါတီအဖွဲ့အစည်းများတို့သည် လူသုံး၊ အိမ်သုံးပစ္စည်းမျိုးစုံဖြင့် သွားရောက်တွေ့ဆုံ ကူညီပံ့ပိုးလှူဒါန်းကြသည်ကို ဆိုရှယ်မီဒီယာများတွင် နေ့စဉ်နှင့်အမျှ တွေ့ရှိနေရပါသဖြင့် ပြည်သူ့လိုအပ်ချက်တို့ ဖြည့်ဆည်းကူညီနေကြသည့် အဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ဂုဏ်ပြုပြောကြားအပ်ပါတယ်။

သို့ပါသော်လည်း ပြည်သူနှင့် တွေ့ဆုံရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထုတ်ပြန်ချက်နှင့်အညီ Covid- 19 ရောဂါကာကွယ်ရေး၊ ရောဂါပပျောက်ကင်းစင်ရေး၊

စည်းကမ်းချက်များနှင့်အညီ အပြည့်အဝလိုက်နာဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံး ဆောင်ရွက်သွားနိုင်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများသို့ မည်သို့ညွှန်ကြား စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလို ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ COVID-19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများထံသို့ သွားရောက်ကူညီလှူဒါန်း နေတဲ့ အဖွဲ့အစည်းများအား ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံး ဆောင်ရွက်သွားနိုင်ရန် မည်သို့ ညွှန်ကြား စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်ဆိုတဲ့မေးခွန်းကို ဆက်လက်ဖြေကြား ပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် Covid-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ရှမ်း ပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ (၇-၄-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၁၁၇/ ၃-၃၆၂ / အစရ(ရှမ်း) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကော်မတီ၏ ကြီးကြပ်မှုအောက်မှာ လုပ်ငန်းကော်မတီ(၁၂)ခုကို ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်ထားရှိပါတယ်။

အဆိုပါလုပ်ငန်းကော်မတီအသီးသီးသည် လူစုလူဝေးစုရုံးခြင်းကို ကြပ်မတ်ဆောင်ရွက် ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန်အတွက် အချိန်နှင့်တပြေးညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသဦးစီးအဖွဲ့၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကြောင်းကြားထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ Covid-19 ရောဂါဖြစ်ပွားနေတဲ့ အချိန် ကာလအတွင်း စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရသည့် ပြည်သူလူထုများထံသို့ သွားရောက်ကူညီလှူဒါန်းနေသည့် အဖွဲ့အစည်းများထံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံးဆောင်ရွက်သွားရန် သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများက အနီးကပ် အသိပေးကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းစံဟွမ် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ကျွန်မမေးမြန်းမဲ့ မေးခွန်းကတော့ “ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ” ၏ နည်းဥပဒေကို အမြန်ဆုံးရေးဆွဲပေးရန် အစီအစဉ် ရှိ/ မရှိ ကိုမေးမြန်းသွားမှာဖြစ်ပါတယ်။

“ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်” ဥပဒေမူကြမ်းကို-

(၁) ဦးအာဗေလ - အာခါတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၂) ဦးဂူဆာ - လီဆူတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၃) ဦးယောသပ် - လားဟူတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၄) ဦးအေးမင်းစိုး - ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးစိုင်းနောင့် - မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၆) ဦးညီနပ် - မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၇) ဦးစိုင်းလှိုင်ခမ်း - မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၈) ဦးခွန်စောအောင် - ပင်လောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၉) ဦးအေးမောင် - နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၀) ဦးဇော်ထွန်း - ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၁) ဦးရန်ကျော် - ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၂) ဒေါ်နန်းစံဟွမ် - နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

စသည်တို့မှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၁၁.၆.၂၀၁၉ ရက်၌ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်ရှင်။

ဥပဒေမူကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပဉ္စမနေ့) (၂၁.၂.၂၀၂၀) ရက်၌ လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်ရှင်။

ရှမ်းပြည်နယ်၏ အခြေခံပညာကျောင်းများအတွင်း အာဟာရပြည့်ဝပြီး ဘေးကင်းစိတ်ချရသော အစားအသောက်ဆိုင်ရာကိစ္စရပ်များကို ဦးတည်ဖြေရှင်းထားတဲ့ ယခုဥပဒေဟာ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်သာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၍ ဖော်ဆောင်ရမည့် အသိုက်အဝန်းသည် ရှမ်းပြည်နယ်အစိုးရမှ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သည့်အပြင် ရောင်းချသူနှင့်စားသုံးသူ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာသည်နှင့်အမျှ ရှမ်းပြည်နယ်အတွင်းရှိ ကျောင်းသား/ ကျောင်းသူများ ကျန်းမာစွာနှင့် သက်တမ်းစေ့နေထိုင်နိုင်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေပြီး မိသားစု၏ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း လျော့ချစေနိုင်ပါတယ်။

စားသောက်ကုန်များစနစ်တကျ လုပ်ဆောင်မှုမရှိခြင်းသည် အစားအသောက်နှင့်ပတ်သက်၍ မလုံခြုံမှုများစွာ ဖြစ်ပေါ်စေပါတယ်။ အစားအသောက်များ စမ်းသပ်ရန် ဓာတ်ခွဲခန်းများ လုံလောက်မှုမရှိခြင်းသည် အစားအသောက်လုံခြုံမှုအတွက် စိန်ခေါ်မှုများတစ်ရပ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီးဌာန၏ အချက်အလက်အရ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တွင် ရှမ်းပြည်နယ်၏ အခြေခံပညာရေးကို ကျောင်းသား/ ကျောင်းသူပေါင်း (၈၄၆,၇၂၅)ဦး ပညာဆည်းပူးလျက်ရှိပါတယ်။ ယခုမှစ၍ လာမည့်ပညာသင်နှစ်များတွင် ပညာသင်ကြားမည့် ကျောင်းသား/ ကျောင်းသူများကို အာဟာရပြည့်ဝသော ဘေးကင်းစိတ်ချရသည့် အစားအသောက်များရရှိအောင် ဖန်တီးပေးခြင်းဖြင့် ရှမ်းပြည်နယ်၏

အနာဂတ်မျိုးဆက်သစ်များဘဝ လုံခြုံကျန်းမာခြင်းမှတစ်ဆင့် ရှမ်းပြည်နယ်၏ အနာဂတ်သားကောင်းများကို ကျန်းမာစွာပျိုးထောင်ပေးရုံတင်မက ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုလာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ "အခြေခံပညာကျောင်းများတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်၍ အာဟာရပြည့်ဝသော အစားအသောက်များရရှိစေရန်နှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်များကို အချိန်မီတားမြစ်ထိန်းချုပ်နိုင်ရန်" ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခဲ့သော "ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ"ကို ကျောင်းသား/ ကျောင်းသူများ၏ အနာဂတ်ကိုထောက်ရှု၍ နည်းဥပဒေ အမြန်ဆုံးရေးဆွဲပေးရန် အစီအစဉ် ရှိ/ မရှိအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ရဲ့ရှမ်းပြည်နယ်အတွင်း "ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ"၏ နည်းဥပဒေ အမြန်ဆုံးရေးဆွဲပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ၂၁-၂-၂၀၂၀ ရက်နေ့မှာ ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေကို ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် (၂/ ၂၀၂၀)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေရဲ့ ပုဒ်မ-၄ အရ ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်လုပ်ငန်း ကော်မတီကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၁၅- ၅- ၂၀၂၀ ရက်စွဲပါ စာအမှတ်၊ (၆၅၂၈)/ ၈-၃၀၀/အစရ(ရှမ်း)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ ပုဒ်မ-၃၇၊ ပုဒ်မခွဲ(က)အရ လိုအပ်တဲ့ နည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်နယ်လုပ်ငန်းကော်မတီတွင် ပါဝင်တဲ့ ဌာနများ၊ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းညှိနှိုင်း၍ နည်းဥပဒေ(မူကြမ်း) ရေးဆွဲတင်ပြရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၃- ၅- ၂၀၂၀ ရက်စွဲပါ စာအမှတ်၊ (၆၄၀၈)/ ၈-၃၀၀/ အစရ(ရှမ်း)ဖြင့် အကြောင်းကြားခဲ့ရာ ဌာနဆိုင်ရာများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ၂၉- ၆- ၂၀၂၀ ရက်နေ့မှ ၂၅- ၈- ၂၀၂၀ ရက်နေ့အထိ ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ညှိနှိုင်းဆွေးနွေး အကြံပြုချက်များအပေါ်မူတည်၍ ရေးဆွဲထားတဲ့ နည်းဥပဒေ(မူကြမ်း)ကို ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ ၂၆- ၈- ၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၈/ ကမရ- ကကမ/ ၂၀၂၀(၃၃၉၀)ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့တင်ပြလာပါတယ်။ ကျွန်တော် အနေနဲ့ လားရှိုးခရီးစဉ်ရှိတဲ့အတွက် ပြီးခဲ့တဲ့ဩဂုတ်လ ၃၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ Cabinet အစည်းအဝေးတွင် အချိန်မီတင်ပြနိုင်ခြင်းမရှိတဲ့အတွက် လွှတ်တော်မှာ ကျွန်တော့်အနေနဲ့ ပေးပို့နိုင်ခြင်းမရှိတာဖြစ်ပါတယ်။ ၎င်းနည်းဥပဒေ (မူကြမ်း)တွင် အခန်း(၁) အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်၊ အခန်း(၂) ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ အခန်း(၃) ခွင့်ပြုလက်မှတ်လျှောက်ထားခြင်း၊ စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အခန်း(၄) အစီရင်ခံစာတင်ပြခြင်း၊ အခန်း(၅) အထွေထွေတို့ ပါရှိပြီးတော့ ပုဒ်မပေါင်း ၂၀ ပါဝင်ပါတယ်။

၎င်းနည်းဥပဒေ(မူကြမ်း)အား အနီးဆုံး ကျင်းပမည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန် အစည်းအဝေးမှာ တင်ပြအတည်ပြုချက်ရယူပြီး နည်းဥပဒေ ထုတ်ပြန်၍ ရှမ်းပြည်နယ် လွှတ်တော်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်း များသို့ ပေးပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်

ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကျိုင်းတုံမြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများ အသုံးပြုနိုင်ရန်အတွက် ကျေးရွာသုံးထင်းစိုက်ခင်းများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ဖြင့် လျာထားစိုက်ပျိုးပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်သည် ဧရိယာ ၃၇၈၃.၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ အုပ်စု၊ အိမ်ထောင်စု ၃၄၀၉၆ စု၊ လူဦးရေ ၁၇၁၆၂၀ ဦးရှိပါတယ်။ မြို့ပြနေထိုင်သူဦးရေမှာ ၂၅.၈ ရာခိုင်နှုန်းသာရှိပြီး အများစုသည် ကျေးလက်ဒေသနေသူများ ဖြစ်ပါတယ်။ လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်းကီလိုမီတာတွင် ၄၅.၄ ဦးရှိပြီး အလုပ်ရှိသူ၏ ၆၀.၁ ရာခိုင်နှုန်းမှာ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း လုပ်ကိုင်ကြပါတယ်။ အိမ်ထောင်စုများရဲ့ နေအိမ် ၃၁.၈ ရာခိုင်နှုန်းသည် ပျဉ်ထောင်အိမ်/ သစ်သားအိမ်များဖြင့် နေထိုင်ကြပါတယ်။ အစားအစာချက်ပြုတ်စားသောက်ရန်အတွက် သစ်သားကိုအခြေခံသော လောင်စာအမျိုးအစားများဖြစ်သည့် သစ်သား/ ထင်းအသုံးပြုမှုသည် ၈၄.၈ ရာခိုင်နှုန်းနှင့် မီးသွေး/ လောင်စာတောင့်အသုံးပြုမှုသည် ၆.၅ ရာခိုင်နှုန်း အသုံးပြုကြောင်း ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာတွင် တွေ့ရှိရပါတယ်။

အထက်ပါ တင်ပြချက်များအရ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများသည် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် သစ်သား/ ထင်းလောင်စာ လိုအပ်ချက်မြင့်မားနေသဖြင့် ထင်းစိုက်ခင်းများ စိုက်ပျိုးပေးရန် လိုအပ်နေကြောင်း တွေ့ရှိရတဲ့အပြင် ယနေ့ရင်ဆိုင်ကြုံတွေ့နေကြရသော ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဆိုင်ရာ ဘေးဒုက္ခများကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်လည်း ကျေးရွာသုံးထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းသည် အထောက်အကူဖြစ်စေနိုင်တယ်လို့ ယုံကြည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာသုံးထင်းစိုက်ခင်းများကို စိုက်ပျိုးခြင်းကြောင့် ကျေးလက်နေပြည်သူများ၊ သစ်တောဧရိယာများနှင့် နီးစပ်သော ကျေးရွာများမှာရှိတဲ့ ပြည်သူများရဲ့ သစ်တောစိုက်ခင်းများမှ မီးဖိုချောင်သုံး ထင်းလောင်စာထုတ်ယူမှု လျော့နည်းစေခြင်း၊ သစ်တော၊ သစ်ပင်များ ပြုစုပျိုးထောင်စိုက်ပျိုးသည့် အလေ့အကျင့်ကောင်းများရရှိစေခြင်း၊ ထင်းသုံးစွဲမှုကို စနစ်တကျရှိစေခြင်းနှင့် စုပေါင်းလုပ်ဆောင်တဲ့ အလေ့အကျင့်ကောင်းများကို ရရှိစေခြင်း စသည့်အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေ ပြည်သူများ အသုံးပြုနိုင်ရန်အတွက် ကျေးရွာသုံးထင်းစိုက်ခင်းများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ဖြင့် လျာထားစိုက်ပျိုးပေးရန် မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာ ညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အဖြေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်မှာ ၁၉၈၂- ၁၉၈၃ ဘဏ္ဍာနှစ်မှ ၂၀၀၅- ၂၀၀၆ ဘဏ္ဍာနှစ်အထိ သစ်တောဦးစီးဌာန အစီအစဉ်ဖြင့် တည်ထောင်ခဲ့တဲ့ ကျေးရွာထင်းစိုက်ခင်း ၁၂၀၅ ဧကကို သက်ဆိုင်ရာ ကျေးရွာအစီအစဉ်ဖြင့် စီမံအုပ်ချုပ်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းတို့ကို ဆောင်ရွက်နိုင်ဖို့အတွက် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

ဘဏ္ဍာရန်ပုံငွေ အကန့်အသတ်ရှိမှုအရ ၂၀၀၆- ၂၀၀၇ ဘဏ္ဍာနှစ်မှစတင်၍ လက်ရှိဘဏ္ဍာနှစ်အထိ ကျိုင်းတုံမြို့နယ်မှာ သစ်တောဦးစီးဌာနအနေနဲ့ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်နိုင်ခြင်း မရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ ရှမ်းပြည်နယ် လွှတ်တော်ဥပဒေအမှတ်(၅)ဖြင့် ရှမ်းပြည်နယ်ထင်းစိုက်ခင်း ဥပဒေနှင့် ၂၀၁၄

ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်သစ်တောနှင့်သတ္တု ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၄)ဖြင့် ရှမ်းပြည်နယ်ထင်းစိုက်ခင်း နည်း ဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်တဲ့အတွက် ယင်းဥပဒေ၊ နည်းဥပဒေများအရ ကျေးရွာထင်း စိုက်ခင်းတည်ထောင်ခြင်းကို ကျေးရွာအိမ်ထောင်စုများ စုပေါင်း၍သော်လည်းကောင်း၊ ဆယ် အိမ်စု၊ ရာအိမ်စုအလိုက် ကိုယ်စားလှယ်များ စုပေါင်း၍သော်လည်းကောင်း အသုံးပြုသူများ အဖွဲ့ ဖွဲ့စည်း၍ သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ လျှောက်ထားနိုင်ကြပါတယ်။ ကျေးရွာ ထင်းစိုက်ခင်း စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်အတွက် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များအား သစ်တောဦးစီးဌာနရဲ့ လူထုဖြန့်ပျိုးပင်များမှပေးနိုင်သည့် ပမာဏကို အခမဲ့ ဖြန့်ဝေပေးသွားမှာဖြစ်ပြီးတော့ စိုက်ပျိုးမည့် ဧရိယာပမာဏများပြားပါက လိုအပ်တဲ့ ပျိုးပင်များ အတွက် ရန်ပုံငွေတင်ပြတောင်းခံရရှိမှုအပေါ် မူတည်ပြီး ပျိုးထောင်ဖြန့်ဝေပေးသွားမှာ ဖြစ်ပါ တယ်။

ရှမ်းပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေနဲ့ကတော့ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန အနေဖြင့် ရန်ပုံငွေရရှိမှု၊ ဒေသ၏ ထင်းလိုအပ်ချက်နှင့် စိုက်ခင်းမြေနေရာ ရရှိနိုင်မှုအပေါ် မူတည်ပြီးတော့ ဦးစားပေးအဆင့်များသတ်မှတ်ပြီး ကျေးရွာထင်းစိုက်ခင်းများကို တည်ထောင် ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ မိုးရာသီတွင် ကွတ်ခိုင်၊ နမ့်ခမ်းနှင့် နမ္မတူမြို့နယ်များတွင် ၁၀၅ ဧက၊ ၂၀၁၈ ခုနှစ်မှ၂၀၂၀ ပြည့်နှစ် မိုးရာသီအထိ နှစ်စဉ် ၁၀၀ဧကစီကို လားရှိုးနှင့် ဟိုပန် မြို့နယ်များတွင် တည်ထောင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ၂၀၂၁ မိုးရာသီတွင် တန့်ယန်းမြို့နယ်၌ ၅၀ ဧက တည်ထောင်ဖို့ လျာထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေ ပြည်သူများအနေဖြင့် ၎င်းတို့အစီအစဉ်ဖြင့် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်လိုပါက ရှမ်းပြည်နယ်ကျေးရွာ ထင်းစိုက်ခင်းဥပဒေ၊ နည်းဥပဒေများအရ လျှောက်ထားလာပါမယ်ဆိုရင် လုပ်ထုံးလုပ်နည်းနှင့် အညီ စိစစ်ခွင့်ပြုပေးနိုင်ပါကြောင်း၊ စတင်စိုက်ပျိုး တည်ထောင်သည့်နှစ်အတွက် လိုအပ်သည့် ပျိုးပင်များကို သက်ဆိုင်ရာ သစ်တောဦးစီးဌာန၊ ပျိုးခြံများမှ အခမဲ့ရယူနိုင်ပါကြောင်းလည်း တင်ပြအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်လိုမှုဖြစ်မယ်ဆိုရင်တော့ ဒေသရဲ့ ထင်းလိုအပ်ချက်နှင့် စိုက်ခင်းမြေနေရာရရှိနိုင်မှုအပေါ် မူတည်ပြီးတော့ ကျိုင်းတုံ

မြို့နယ်၏ နှစ်စဉ်စီမံကိန်းလျာထားချက်တွင် ထည့်သွင်းလျာထားရန်လိုအပ်ပြီးတော့ ရန်ပုံငွေရရှိမယ်ဆိုပါက ဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## ဒေါ်နန်းစံဟွမ်၊ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ၏ "ရှမ်းပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သောစနစ်ဖြင့် ရေတို ရေရှည် စီမံချက်များချမှတ်ကာ အလေးထား ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ဒေါ်နန်းစံဟွမ်၊ နမ့်တူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက်ပိုမိုကောင်းမွန်သောစနစ်ဖြင့် ရေတိုရေရှည် စီမံချက်များချမှတ်ကာ အလေးထား ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပါတယ်။ ဒါကြောင့် မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းနောင့်က အဆိုကို တိုတိုနဲ့လိုရင်းရောက်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** မင်္ဂလာပါ။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်မှ **"ရှမ်းပြည်နယ်အတွင်းစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက်ပိုမိုကောင်းမွန်သောစနစ်ဖြင့် ရေတို ရေရှည် စီမံချက်များချမှတ်ကာ အလေးထား ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ကြုံတွေ့နေသော ပြဿနာထောင်ပေါင်းမြောက်များစွာများထဲမှ စွန့်ပစ်ပစ္စည်းအမှိုက်များသည်လည်း ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟုလည်းမမှားပါ။ ၎င်းစွန့်ပစ်ပစ္စည်းများမှ ဆက်စပ်ဒွန်တွဲပါလာသည့် များစွာသောဆိုးကျိုးများကို အချိန်မီတားဆီးနိုင်ရေးအတွက် မဖြစ်မနေကိုယ်တွယ်ဖြေရှင်းရမည့် အဓိကအခရာကျသော အချက်တစ်ချက်ဖြစ်ပါတယ်။ ၎င်းပြဿနာများကို နိုင်ငံသားတိုင်းမှာတာဝန်ရှိနေကြောင်းဆိုပါသော်လည်း စွန့်ပစ်အမှိုက်အဆင့်ဆင့်တိုင်း ပြည်သူများစနစ်တကျလိုက်နာဆောင်ရွက်လာရန် သက်ဆိုင်ရာဌာနများမှ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်ပညာပေးဟောပြောရန်လည်း လိုအပ်ပါတယ်။ အမှိုက်ကိစ္စကို ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများနှင့် ၎င်းဒေသမှ လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းပြီး အခြေခံပညာကျောင်းများ၊ ရပ်ကွက်နေပြည်သူလူထုများကို ပညာပေးခြင်းများကိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသည်ကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်တွင်လည်း မြို့နယ်တိုင်း မြို့အဝင်အထွက်တွင် အမှိုက်ပုံများကိုခရီးသွားလာသောသူတိုင်း ရိုးရှင်းစွာ 3D ပန်းချီကားပမာ ရှုစားနေကြရပါတယ်။ အဆိုရှင်အဆိုပြုတင်ပြထားသည့်အတိုင်း စွန့်ပစ်ပစ္စည်းများလျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုခြင်းနဲ့အပြီးသတ် ဖျက်ဆီးခြင်းအဆင့်အထိ မဟာဗျူဟာ၊ နည်းဗျူဟာများ ရေးဆွဲနိုင်ရန်နှင့်ဘေးထွက်ဆိုးကျိုးအနည်းဆုံး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင်အလျင်အမြန် လုပ်ဆောင်ရန်လည်း လိုအပ်ပါတယ်။

၂၀၁၉ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင်နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်တို့တွင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ၏ စိန်ခေါ်မှု ပြဿနာများထဲတွင် လေထုညစ်ညမ်းမှုပြဿနာကို ဦးစားပေးအနေဖြင့် အလေးထားဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းခဲ့သည်ကိုလည်းသိရှိခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုပြဿနာများ ဖြေရှင်းရန်စွန့်ပစ်ပစ္စည်းကဏ္ဍတွင် ရှမ်းပြည်နယ်အစိုးရမှ သီးသန့်ဥပဒေရေးဆွဲပြီး လွှတ်တော်အတွင်းတင်ပြသင့်သည်ဟု မီးမောင်းထိုးပြလိုပါတယ်။

သို့ဖြစ်ပါသောကြောင့် အဆိုရှင် ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ တင်သွင်းသည့် **“ရှမ်းပြည်နယ်အတွင်းစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက်ပိုမိုကောင်းမွန်သောစနစ်ဖြင့် ရေတိုရေရှည် စီမံချက်များချမှတ်ကာ အလေးထား ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက်ထောက်ခံကာဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးပေးဖို့ ပြည်နယ်အဖွဲ့အစည်းဝင်ကိုဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် တင်သွင်းသည့် အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ **“ရှမ်းပြည်နယ် အတွင်းစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက်ပိုမိုကောင်းမွန် သောစနစ်ဖြင့် ရေတိုရေရှည် စီမံချက်များချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်။

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများကို လုပ်ငန်းကဏ္ဍများအလိုက် သက်ဆိုင်သည့် ဌာနများ ပူးပေါင်း၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အမျိုးသား အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဗဟိုကော်မတီ၏ အောက်တွင် လုပ်ငန်းကော်မတီ(၆)ဖွဲ့ ဖွဲ့စည်းခဲ့ပြီး၊ လုပ်ငန်းကော်မတီ (၆)ဖွဲ့အနက် စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့်စွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်း ကော်မတီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန်မှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက် ၍ ဒုတိယဥက္ကဋ္ဌအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှလည်း

ကောင်း၊ အတွင်းရေးမှူးအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်မှလည်းကောင်း ပါဝင်ဖွဲ့စည်းထားပြီး ပြည်နယ်/ တိုင်းဒေသကြီး စည်ပင်သာယာရေးဌာန များမှ ညွှန်ကြားရေးမှူးများအား အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်။

အဆိုပါ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့်စွန့်ပစ်ပစ္စည်း စီမံ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရုံးအမှတ်(၅၃)၊ နေပြည်တော်သို့ အစည်းအဝေးများ ခေါ်ယူကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးမှ ရေးဆွဲခဲ့သော အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန် နိုင်ခဲ့ပါကြောင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ဗဟိုကော်မတီအောက်တွင် ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ (၆)ခု ဖွဲ့စည်း ထားသည့်အနက် ပြည်နယ်စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ် ပစ္စည်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့တွင်လည်း ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာန၊ ညွှန်ကြားရေးမှူးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၀/ ၂၀၁၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ၊ အခန်း(၅) လုပ်ငန်းတာဝန်များ၊၉ ပုဒ်မ ၁၇ (င) တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပုဒ်မ ၁၇ (စ) တွင် မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေး လုပ်ငန်း များဆောင်ရွက်ခြင်း၊ ပုဒ်မ ၁၇ (ဠ) တွင် အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ခြင်း၊ ကြီးကြပ် ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပုဒ်မ ၁၇ (ဃ) တွင် ပတ်ဝန်းကျင် ထိခိုက်စေနိုင်သောလုပ်ငန်း၊ အန္တရာယ် ရှိစေနိုင်သော လုပ်ငန်းများ နှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်းတို့ကို ပြဋ္ဌာန်းထားပြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အမှိုက်သရိုက် အညစ်အကြေးများကို စွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းများ ( Bye – Laws ) ကိုလည်း (၅ - ၂ - ၂၀၁၆) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

တောင်ကြီး၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ် မြို့ကြီး(၅) မြို့နှင့် ကွတ်ခိုင်၊ တန့်ယန်း၊ ဖယ်ခုံ၊ အေးသာယာ၊ ရွှေညောင်၊ ညောင်ရွှေ (၆)မြို့တို့တွင် မြို့ပြ သန့်ရှင်းရေးအတွက်ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ မြို့ပေါ်အမှိုက်နှင့် မိလ္လာသိမ်းဆည်းခြင်း

ဝန်ဆောင်မှုလုပ်ငန်းများအား PPP စနစ်ဖြင့်လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပြီး၊ ထိုသို့ဆောင်ရွက်ရာတွင် ထူးခြားမှုအနေဖြင့် ညောင်ရွှေ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုဆောင်ရွက်ထားရှိသော အင်းလေးနှင်းဆီပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းခြင်းလုပ်ငန်းမှ အမှိုက်မီးရှို့စက်ကို လည်ပတ်အသုံးပြုလျက်ရှိပြီး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှလည်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သင်တန်းပေးခြင်း၊ အသိပညာပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စွန့်ပစ်ပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ ပြုလုပ်သော Campaign များတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားအဆင့် မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရေးဆွဲထားပြီး “၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းအစီအမံများရေးဆွဲရန်၊ ဘဏ္ဍာငွေလျာထားမှု အစီအစဉ်များတွင် ထည့်သွင်းရေးဆွဲထားနိုင်ရေး အလေးထားဆောင်ရွက်ရန်” သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်မှ အကြောင်းကြားလာပါသဖြင့် ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်နှင့် ပလပ်စတစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များအား စည်ပင်သာယာရေးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ကို လုပ်ငန်းအစီအမံများ ပူးပေါင်းရေးဆွဲစေလျက်ရှိပါကြောင်း၊ ရန်ပုံငွေအသုံးစရိတ်တွင်လည်း ထည့်သွင်းလျာထားနိုင်ရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီး တင်သွင်းသည့် အဆိုမှာလည်း လူထုအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းဖြစ်ပါသဖြင့် အဆိုကို အတည်ပြုသင့်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံပွမ် တင်သွင်းသော အဆိုကို အတည်ပြုဖို့ရန်အတွက် လွှတ်တော်ရဲ့

ဆန္ဒရယူမှုမှာဖြစ်ပါတယ်။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ် တင်သွင်းတဲ့ အဆိုကို အတည်ပြုရန် လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ယခုအစည်းအဝေးကို တစ်နာရီ သုံးဆယ်မိနစ် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(ဒုတိယနေ့)မှတ်တမ်း**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**

**၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်**

**[ကြာသပတေးနေ့]**

**နေ့လယ်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ်အား ဆက်လက် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေး ကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။**

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှုမြှင့်တင်ခြင်း” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများအဆင်ပြေစွာ ရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှုမြှင့်တင်ခြင်း”** အဆိုကို စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။ ပထမဦးစွာ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်တင်သွင်းတဲ့ **“ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများအဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်နိုင်မှုအားမြှင့်တင်ခြင်းကို ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိအချိန်တွင် အစိုးရအနေဖြင့် ကျန်းမာရေးအသုံးစရိတ်မြှင့်တင်ခြင်းနှင့် ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုအချို့ လုပ်ဆောင်လာခြင်းတို့ကိုတွေ့ရှိရပါတယ်။ သက္ကရာဇ် ၂၀၃၀ တွင် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုရရှိစေရန် ပန်းတိုင် (Universal Health Coverage) ကိုရရှိရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ငါးနှစ်သက်တမ်းရှိသော အမျိုးသားကျန်းမာရေးစီမံကိန်းသုံးခု ၂၀၁၇- ၂၀၂၁ ခုနှစ်၊ ၂၀၂၁- ၂၀၂၆ ခုနှစ်၊ ၂၀၂၆- ၂၀၃၀ ခုနှစ်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇- ၂၀၂၁ ၏ အဓိကရည်မှန်းချက်သည် မြန်မာနိုင်ငံသူ/ နိုင်ငံသား အားလုံးအတွက် အခြေခံကျသည့် မရှိမဖြစ်ကျန်းမာရေးဝန်ဆောင်မှုများ (Basic Essential Package

of Health Services)ကို ငွေကုန်ကြေးကျမှုနည်းပါးစွာဖြင့် နေရာမရွေး ဒေသမရွေး လက်လှမ်းမီ ရရှိစေရေးအတွက်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် နှစ်အလိုက် လုပ်ငန်းစီမံကိန်း များရေးဆွဲထုတ်ဝေ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပထမနှစ်နှင့် ဒုတိယနှစ်အလိုက် စီမံကိန်းများ ပြုစုထုတ်ဝေခဲ့ပြီး စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုပေးရာဌာနများသည် ဝန်ဆောင်မှုပေးရန် အတွက် အဆင်သင့် ဖြစ်နေစေရန် (Supply Side Readiness) အစီအမံများ၊ ကျန်းမာရေး ဝန်ဆောင်မှုများကို ရယူရာတွင် နိုင်ငံသူ/ နိုင်ငံသားများအနေဖြင့် ငွေကြေးကုန်ကျမှု နည်းပါး သက်သာစေရန် ငွေကြေးအကာအကွယ်ပေးရေး (Financial Protection) အစီအမံများဟူ၍ ကဏ္ဍကြီးနှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ရာတွင် မြန်မာ့ကျန်းမာရေးကဏ္ဍ အသုံးစရိတ်ဘတ်ဂျက်သည် ဆယ်စုနှစ်များစွာ အလွန်နည်းပါးနေခဲ့ပြီး ယခုအချိန်တွင် စုစုပေါင်းအစိုးရဘတ်ဂျက်၏ ၃.၆၅ ရာခိုင်နှုန်းအထိ သုံးစွဲလာသည်ဖြစ်သော်လည်း ကမ္ဘာ့စံနှုန်းနှင့်ဒေသတွင်း စံနှုန်းအရပါ အလွန်နည်းပါးနေပါ သေးတယ်။ လက်ရှိအချိန်တွင် လူနာရှင်များ၏ မိမိအိတ်ကပ်ထဲမှ စိုက်ထုတ်ကုန်ကျရငွေ သည် စုစုပေါင်း ကျန်းမာရေးကဏ္ဍအသုံးစရိတ်၏ ၇၅ ရာခိုင်နှုန်း ထိရှိနေပြီး ဝင်ငွေနည်းပါး သည့် အိမ်ထောင်စု ပေါင်းများအတွက် ဆေးကုသမှုကုန်ကျစရိတ်ကြောင့် ငွေကြေးဒုက္ခရောက် ကြရပါတယ်။ ထို့အပြင် အလွန်နည်းပါးသော ကျန်းမာရေးအရင်းအမြစ်များကို ဖြန့်ကျက်ခွဲဝေ ရာတွင် ကျေးလက်နှင့်မြို့ပြကြား၊ တိုင်းရင်းသားဒေသ တစ်ခုနှင့်တစ်ခုကြား မညီမျှမှုများ ရှိနေပါတယ်။ အစိုးရကျန်းမာရေးစောင့်ရှောက်မှုများသည် လမ်းပန်းဆက်သွယ်မှုအခက်အခဲ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပေါ်သော အစိုးရယန္တရားဖြန့်ကျက်နိုင်မှု အခက်အခဲ များကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံပေးအပ်နိုင်စွမ်းမရှိသည်ကိုလည်း တွေ့ရှိရပါ တယ်။

အဆိုရှင် အဆိုပြုတင်သွင်းထားတဲ့ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Puplic-Private Partnership –PPP) သည် ပုံသဏ္ဌာန်အားဖြင့် အမျိုးမျိုးရှိကြပြီး တစ်ခုနှင့်တစ်ခု သည်လည်း သဘောသဘာဝအားဖြင့် သီးခြားလက္ခဏာရှိကြပါတယ်။ အခြေခံအားဖြင့် အစိုးရ- ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအမျိုးအစားများမှာ-

(၁) ဝန်ဆောင်မှုသဘောတူစာချုပ်၊

(၂) စီမံခန့်ခွဲမှုသဘောတူစာချုပ်၊

(၃) အငှားချစာချုပ်၊

(၄) BOT စနစ်နှင့်အလားတူပုံစံများ၊

(၅) လုပ်ငန်းလုပ်ပိုင်ခွင့်စာချုပ်၊

(၆) ဖက်စပ်လုပ်ငန်းစာချုပ်တို့အဖြစ်တွေ့ရပါတယ်။ ပူးပေါင်း ဆောင်ရွက်မှု အမျိုးအစားတစ်ခုချင်းစီမှာလည်း အားသာချက်၊ အားနည်းချက်များစွာ ရှိနိုင်ပါ တယ်။

သို့ပါသော်လည်း အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်တော်များများ၌ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ကမ္ဘာ့နိုင်ငံအားလုံးလိုလိုပင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အစိုးရတစ်ရပ်ထဲက လွှမ်းခြုံပြီးတော့ ပေးစွမ်းနိုင်ခြင်း မရှိပါဘူး။ ၁၉၉၀ ခုနှစ်များမှာ ဗြိတိန်နိုင်ငံရဲ့ အမျိုးသားကျန်းမာရေးဝန်ဆောင်မှု ဆေးရုံများ မှာ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံတစ်ရပ်ကို စတင်အသုံးပြုခဲ့ပြီး ယခုအခါ ကမ္ဘာ့နိုင်ငံ အသီးသီးမှာ အသုံးပြုလာကြသည်ကိုလည်း တွေ့ရှိရပါတယ်။ ပုဂ္ဂလိကမှ ဆေးရုံတည်ဆောက် ရေးနှင့် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို တာဝန်ယူရပြီး ဆေးကုသရေး ဝန်ဆောင်မှုများကို အစိုးရမှ တာဝန်ယူပေးအပ်ရသည့်ပုံစံဖြစ်ပြီး ၁၂ နှစ်တာကာလအတွင်း ဗြိတိန်နိုင်ငံအတွင်း တည်ဆောက်ခဲ့သည့် ဆေးရုံပေါင်း ၁၀၀ ခန့်ကို အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ပုံစံဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပိုင်းတွင် ကျန်းမာရေးကဏ္ဍ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိက ပါဝင်မှုသည် အခြေခံ အဆောက်အအုံများ တည်ဆောက် ထိန်းသိမ်းရေးတွင်သာမက ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆေးကုသမှု ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်လာကြောင်းကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအတွက် သီးခြားပြဋ္ဌာန်းထားခြင်း မျိုးမရှိသော်လည်း ကျန်းမာရေးကဏ္ဍ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ကန့်သတ် ထားသည့် ဥပဒေ၊ နည်းဥပဒေများ မရှိပါဘူး။ ကျန်းမာရေးကဏ္ဍတွင်လည်း အခြားကဏ္ဍများ နည်းတူ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့ရာတွင် ကျန်းမာရေးကဏ္ဍ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန်နှင့် အဆင်ပြေစွာ

ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် လိုအပ်သည့် ဥပဒေမူဘောင်များကို ဆန်းစစ်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

အစိုးရတစ်ရပ်တည်းဖြင့် ပြည်သူ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အခက်အခဲများရှိသည်ကို ယခု Covid- 19 ကပ်ရောဂါကာလအတွင်း လုပ်ဆောင်ချက်များက သာဓက တစ်ခုပဲဖြစ်နေပါတယ်။ အစိုးရမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ပူးပေါင်းကာ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၊ စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီများဖြင့် ပြည်သူလူထုများ၏ ကျန်းမာရေး၊ လူမှုရေး အထောက်အပံ့များကို ဆောင်ရွက်အောင်မြင်နေခဲ့ကြသည်ကိုလည်း ဂုဏ်ယူစွာတွေ့ရှိရ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ နိုင်ငံတော်အပေါ်ထားရှိတဲ့ စိတ်ရင်းစေတနာကိုလည်း အထင်အရှားတွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအား လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးနိုင်ရန် အစိုးရတစ်ရပ်တည်းဖြင့် အလုံးစုံလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂလိကမှရင်းနှီးမြှုပ်နှံလာမည့် အခြေအနေများကို ဖန်တီးရန်နှင့် အားပေးရန်လိုအပ်ပါတယ်။ ရှမ်းပြည်နယ်သည် အမျိုးသားကျန်းမာရေးစီမံကိန်းအရ ဦးစားပေးမြို့နယ် အများဆုံးတည်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ရာ ရှမ်းပြည်နယ်အတွင်း အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံတစ်ရပ်ကို စတင်လုပ်ဆောင်သင့်ပါတယ်။ အမျိုးသားစီမံကိန်းတွင် လျာထားပြီးဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုဝယ်ယူခြင်း မဟာဗျူဟာအစီအစဉ်ကိုလည်း ရှမ်းပြည်နယ်တွင် စတင်အသုံးပြုသင့်ပါတယ်။ ကောင်းမွန်သည့် ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နိုင်ရန် ဦးစိုင်းနောင့်တင်သွင်းသည့် **“ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှုအား မြှင့်တင်ခြင်း”** အဆိုကို အလေးအနက်ထား ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်စောအောင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ

လို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်လောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနောင့်မှတင်သွင်းတဲ့ **“ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့် ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း”** အဆိုကို ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ အချိန်ကို ငဲ့ညာသောအားဖြင့် လိုရင်းတိုရှင်း ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာ နှင့်သော်လည်းကောင်း၊ ရှမ်းပြည်နယ်အနေနဲ့သော်လည်းကောင်း အစိုးရနှင့် ပုဂ္ဂလိက ဆေးရုံ ဆေးခန်းများတွင် ကျန်းမာရေးဝန်ဆောင်မှုပေးရာမှာ များစွာသော လိုအပ်ချက်ရှိနေသေး ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထို့ကြောင့် အစိုးရဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေး ဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေချောမွေ့စွာ ကုသမှုခံယူနိုင်ရန်အတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ယခုလက်ရှိထက်ပိုမိုအဆင်ပြေနိုင်လိမ့်မည်ဟု သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်ကလည်း အစိုးရအနေနဲ့ ဘတ်ဂျက်များခွဲဝေရာတွင် ရရှိလာသော ဘတ်ဂျက်နှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်ရန် အတွက် အင်မတန်မှ ကွာခြားသည်ကို လေ့လာတွေ့ရှိရပါတယ်။ ဥပမာတစ်ခုအနေနဲ့ ရှမ်းပြည်နယ်အတွင်း တည်ရှိနေသော တိုက်နယ်ဆေးရုံအချို့တွင် Ultrasound တောင်မထား ရှိနိုင်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ထားရှိနိုင်မည်ဆိုပါက ကိုယ်ဝန်ဆောင်မိခင်များ နှင့်အခြားသော ရောဂါလက္ခဏာများကိုလည်း လွယ်ကူစွာစစ်ဆေးနိုင်ပြီး ပြည်သူအတွက်ပိုမို အဆင်ပြေနိုင်လိမ့်မည်ဟု သုံးသပ်မိပါတယ်။ ဒါတွေမကဘဲ တစ်ဖက်ကလည်း ပြည်သူတွေ အဆင်ပြေသလို စီးပွားရေးလုပ်ငန်းစဉ်များ အလုပ်အကိုင် အခွင့်အလမ်းပေါ်ပေါက်လာပြီး (၉၆)ပါးသော ရောဂါမက ပေါ်ပေါက်လာရင်လည်း ဆောင်ရွက်နိုင်မှုအပေါ် မူတည်ပြီး ပြည်သူ တွေအတွက် အချိန်တိုအတွင်း စစ်ဆေးကုသခံယူနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူနှင့်အစိုးရ လုပ်ငန်းရှင်တွေအတွက် မြေကြီးလက်ခတ်မလွဲ များစွာသော အကျိုးကျေးဇူး ပေါ်ထွန်းလာမည်ဖြစ်သောကြောင့် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်မှတင်သွင်းသော **"ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း"** အဆို ရှမ်းပြည်နယ်အစိုးရမှ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (င) အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ရဲ့ **"ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း"** အဆိုနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ရဲ့ **"ရှမ်းပြည်နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများအဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှု မြှင့်တင်ခြင်း"** အဆိုမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်အဖြစ် သုံးစွဲနေတဲ့ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇- ၂၀၂၁)တွင် လက်ကိုင်ဆောင်ရွက်ရန်ဖော်ပြထားတဲ့ မဟာဗျူဟာများထဲမှ အချက်အလက်တစ်ခုဖြစ်ပါတယ်။

အမျိုးသားကျန်းမာရေး စီမံကိန်းမဟာဗျူဟာတွင် ကျန်းမာရေးဝန်ဆောင်မှုကို အားလုံး တပြေးညီ စံမီရရှိရေးအတွက် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍပြင်ပမှ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းမှုများကို တက်ကြွစွာဆောင်ရွက်ရန် ဖော်ပြထားခဲ့ပါတယ်။

၎င်းအမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇- ၂၀၂၁)ကို လက်ရှိအစိုးရတာဝန်ယူတဲ့ အချိန်မှစပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်လာခဲ့ရာမှာ ယခုဆိုလျှင် စတုတ္ထနှစ်သို့ ရောက်ရှိလာပြီးဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍရဲ့အဓိကသွင်းအားစုနှစ်မျိုးဖြစ်တဲ့ ကျန်းမာရေး ဝန်ဆောင်မှုရရှိမည့်နေရာများနှင့် ကျန်းမာရေးစောင့်ရှောက်သူများ တိုးချဲ့နိုင်ရန်အတွက် အစိုးရကျန်းမာရေးဌာန၊ ဆေးရုံဆေးခန်းများတိုးချဲ့ခြင်း၊ ကျန်းမာရေးဆိုင်ရာ လူအင်အားတိုးချဲ့ မွေးထုတ်ခြင်းတို့ဖြင့်သာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ရှိပြီးသား လူမှုအဖွဲ့အစည်းများ Community Base Organization (CBO) များ၊ တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်သည့် အဖွဲ့အစည်းများ Enthic Health Organization (EHO) များနှင့် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုပါ အမျိုးသားကျန်းမာရေး စီမံကိန်းအဝန်းအဝိုင်းသို့ ပေါင်းစပ် ဖော်ဆောင်စေခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး (၄)နှစ်အတွင်း လျင်လျင်မြန်မြန် တိုးတက် လာပြီ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ရည်ညွှန်းထားတဲ့ သွင်းအားစုဆိုင်ရာ သတ်မှတ် တွက်ချက်မှု ကိန်းဂဏန်းများဟာ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)မစတင်မီ (၂၀၁၆) ခုနှစ် အကုန်မှာ အစိုးရကျန်းမာရေးဌာနနှင့် ကျန်းမာရေးဝန်ထမ်း ကိန်းဂဏန်းများသာ ပါဝင်တဲ့ တွက်ချက်မှုရဲ့ ရလဒ်ဖြစ်ပြီး ယခုအချိန်မှာဆိုရင် အခြားသွင်းအားစုများက အမျိုးသား ကျန်းမာရေးစီမံကိန်းအဝန်းအဝိုင်းအတွင်း ရောက်ရှိလာတဲ့အတွက် သိသာထင်ရှားစွာ ပြောင်းလဲ သွားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုထားတဲ့ အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အား မြှင့်တင်ခြင်းကို အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇- ၂၀၂၁) စတင်ပြီး မဟာဗျူဟာ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ခဲ့တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှု များ တိုးမြှင့်ရရှိနေတာကို ရှမ်းပြည်နယ်တောင်ပိုင်း ဆောင်ရွက်နေတဲ့ (P-P-P Model) အချို့ကို နမူနာထားပြီးတော့ တင်ပြသွားပါမယ်။

(က) ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း (Population Services International PSI) အဖွဲ့နှင့် လူထုအတွင်းမှ ကျန်းမာရေးစောင့်ရှောက်သူများ (Community Health Services Providers- CHSP)များ ပူးပေါင်းပြီး မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုကို လုပ်ဆောင်ရာမှာ ၂၀၁၉ ခုနှစ်အတွင်း မြို့နယ်(၉)မြို့နယ်မှာ (CHSP) ၂၄၃ ယောက်ကို သင်တန်းပေးခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်မှာ ကိုယ်ဝန် တားထိုးဆေး (၁၁၃၀၅)ချောင်း၊ စားဆေး (၄၈၂၇)ကတ်၊ လက်မောင်း ထိုးသွင်းဆေး (၁၈၁၅၉)ချောင်းကို လူထုထံဝန်ဆောင်မှု ပေးခဲ့ပါတယ်။

( ခ) Sun Quality Health Network ပုံစံဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ် (၉) မြို့နယ်ရှိ ပုဂ္ဂလိက ဆေးခန်း (၃၄)ခုတို့မှ ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်အတွင်း ကိုယ်ဝန်တားဆေး (၁၄၀၄)ကဒ်၊ Depo Injection (၅၉၇၉) ချောင်း၊ Implant (၅၅) ချောင်း၊ အရေပြားအောက်ထိုးဆေး(၆၀၀)၊ ကိုယ်ဝန်ဆောင် HIV စစ်ဆေးမှု (၁၈၂)ကြိမ်၊ TB လူနာသစ်ဖော်ထုတ်မှု (၁၀၁)ယောက်၊ ငှက်ဖျားစစ်ဆေးမှု (၄၄၅)ကြိမ်တို့ကို လုပ်ဆောင်ပေးခဲ့ပါတယ်။

( ဂ) The Union အဖွဲ့က Intergrated HIV Care IHC အစီအစဉ်ဖြင့် စဝ်စံထွန်း ဆေးရုံကြီး၊ တောင်ကြီးအမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ ကလောဆေးရုံ၊ ဟိုပုံးဆေးရုံ၊ ဆီဆိုင်မြို့နယ်ဆေးရုံတို့နှင့် ပူးပေါင်းပြီး HIV ပိုးရှိ လူနာ ART ဆေးပေးခြင်းကို ၂၀၁၀ ခုနှစ်မှ စတင်တိုးချဲ့ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ လူကြီး ကျား (၇၇၈)ဦး၊ မ(၇၅၃)ဦး၊ ကလေး ကျား(၇၁)ဦး၊ မ(၈၀)ဦးတို့ကို တစ်သက်တာ ART ဆေးပေးခြင်းအား PPP Model ဖြင့် လုပ်ဆောင်အောင်မြင်နေပါတယ်။

(ဃ) ကျန်းမာရေး သတင်းအချက်အလက်များ ရယူခြင်းကို ယခင်ကအစိုးရဆေးရုံ ဆေးခန်းများကသာ ရယူဆောင်ရွက်နိုင်ပြီး ယခုဆိုလျှင် ကျန်းမာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်များကို ပုဂ္ဂလိကပိုင်းမှ ပါဝင်ဆောင်ရွက်ပေးလာရာ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ပုဂ္ဂလိကဆေးရုံပေါင်း(၁၁)ရုံက ကျန်းမာရေး ဆိုင်ရာသတင်းအချက်အလက်စနစ် District Health Informationl System DHIS 2 Platform ကို အသုံးပြုပြီး လစဉ်ပေးပို့နေပြီ ဖြစ်ပါတယ်။

ယခုအချိန်ထိ ရှမ်းပြည်နယ်တစ်ခုလုံးတွင် အစိုးရကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင် ရွက်နေသော INGO/ NGO (၁၉)ခုနှင့် EHO (၁၃) ဖွဲ့တို့ရှိနေပြီး ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ကုန်စာရင်းဇယားများအရ ရှမ်းပြည်နယ်တစ်ခုလုံးတွင် လိုင်စင်ထုတ်ပေးပြီး မှတ်တမ်းရှိ အထူးကုဆေးရုံ(၂၃)ရုံ၊ အထူးကုဆေးခန်း(၂၉)ခန်းတို့တွင် ခုတင်အရေအတွက် (၇၄၉)ယောက် စာ ပုဂ္ဂလိကဝန်ဆောင်မှုပေးလျက်ရှိပြီး ကိုယ်ပိုင်ဆေးကုခန်းပေါင်း (၁၅၈)ခန်း ဖွင့်လှစ်မှတ်ပုံ တင်ထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးက ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ဤအဆိုကို တင်ပြထားသော်လည်း ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းလုပ်ငန်းများဟာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ လုပ်ပိုင်ခွင့်တွင် မရှိဘဲ ပြည်ထောင်စုမှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်တဲ့ လုပ်ငန်း ဖြစ်ပါတယ်။ အဆိုရှင် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကလည်း ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်တဲ့အတွက် ဒီအဆိုကို အတည်ပြုသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဆွေးနွေး တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ဒီအဆိုကို အတည်ပြုသင့်ကြောင်း မှတ်ချက်ပြုတဲ့အတွက် ယခု ဦးစိုင်းနောင့် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းတဲ့ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ဆန္ဒရယူမှုမှာဖြစ်ပါတယ်။ ဦးစိုင်းနောင့်တင်သွင်းတဲ့ အဆိုကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် စျေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသောစျေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်စောအောင်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် စျေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသောစျေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးခွန်စောအောင်က အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြပါသော လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး (၉၆)ပါးသော ရောဂါဘယကင်းဝေးပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် စျေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသောစျေးကွက်ဖော်ဆောင်ရေး"** အဆိုအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ၁၅၅၈၀၁.၃၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ခန့်မှန်းခြေအားဖြင့် လူဦးရေ ၆၃၃၂၁၈၈ ဦး ရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၄)ခုအနက် ဧရိယာအားဖြင့် အကြီးဆုံးပြည်နယ်ဖြစ်ပြီး ရှမ်းပြည်အရှေ့ပိုင်း/ တောင်ပိုင်း/ မြောက်ပိုင်း စသဖြင့် ခွဲခြား ပြောဆိုလျက်ရှိကြပါတယ်။ အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့် သတ္တုတွင်းလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြလျက် ရှိနေပါတယ်။ ရှမ်းပြည်နယ်

စိုက်ပျိုးရေးဦးစီးဌာန အချက်အလက်များအရ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေဧရိယာ (၅.၇)သန်းခန့်ရှိသည့်အနက် ဧက(၂)သန်းခန့်သာ စိုက်ပျိုးလုပ်ကိုင်နိုင်ပြီး ကျန်ဧက (၃) သန်းခွဲကျော်သည် တိမ်ကောနေလျက်ရှိနေပါတယ်။ ရှမ်းပြည်နယ်၏စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍတွင် ဈေးကွက်နှင့်ထုတ်ကုန်တိုးတက်ရေး လေ့လာရာတွင် ရှမ်းပြည်နယ်၏ အဓိက ဝင်ငွေရစိုက်ပျိုးထုတ်ကုန်များမှာ ဆန်စပါး၊ ဂျုံ၊ ပြောင်း၊ ငရုတ်၊ ဝါဂွမ်း၊ အာလူး၊ မြေပဲ၊ နှမ်း၊ ကော်ဖီ၊ လက်ဖက်၊ ဆေးရွက်ကြီး၊ သနပ်ဖက်၊ ချင်း၊ နနွင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်၊ ပဲပုပ်နှင့် ဥယျာဉ်ခြံပင်၊ နှစ်ရှည်ပင်များစိုက်ပျိုးပြီးအသက်မွေးဝမ်းကျောင်းလျက် ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ ၂၀၁၉ ခုနှစ်အတွင်း ရှမ်းပြည်နယ်၏ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ဈေးကွက်အား လေ့လာရာတွင် ရှမ်းပြည်နယ်အတွင်း စပါးကို မြေနိမ့်ဒေသများတွင် ကန်သင်းဖို့ ရေသွင်းစိုက်ပျိုးခြင်း၊ တောင်ယာစိုက်ပျိုးခြင်း၊ လှေကားထစ်စိုက်ပျိုးခြင်းတို့ဖြင့် စိုက်ပျိုးကြပါတယ်။ သို့သော်လည်း တောင်ယာစိုက်ပျိုးခြင်းအတွက် စိုက်ပျိုးမည့် တောင်ကုန်း ဆင်ခြေလျှောရှိ သစ်တောဝါးတောများကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးခြင်းကြောင့် ပထမတွင် စပါးအထွက်ကောင်းခဲ့သော်လည်း မြေသြဇာခန်းခြောက်လာသဖြင့် နေရာပြောင်း ပြီး စိုက်ပျိုးလုပ်ကိုင်ကြသောကြောင့် ကောနေသော မြေဧကများစွာ ရှိနေခြင်းသည်လည်း ဆန်စပါးထုတ်ကုန် တိုးတက်ရေးအတွက် အဟန့်အတားတစ်ခုဖြစ်နေပါတယ်။ သို့သော် တောင်သူများအနေဖြင့် စပါးဈေးကောင်းသော်လည်း စိုက်ပျိုးထုတ်လုပ်စရိတ်များသော ကြောင့် အမြတ်များစွာမကျန်ကြောင်း၊ လယ်အလုပ်သမားများအတွက်သာ ပိုမိုအဆင်ပြေကြ ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြား စိုက်ပျိုးရေးသီးနှံများဖြစ်ကြသော ပြောင်း၊ ငရုတ်သီး၊ အာလူး၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ အခြားသီးနှံများစွာမှာလည်း ရောင်းလိုအားနှင့် ဝယ်လိုအား မညီမျှမှုကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဥပမာတစ်ခုအနေနဲ့ ၂၀၁၉- ၂၀၂၀ ခုနှစ် ပြောင်းဈေး၊ အစေ့ထုတ်ပြောင်းဈေးဆိုလျှင် ကျွန်တော်တို့ ရာသီချိန် ပြောင်းထည့်တဲ့ အချိန်မှာ တစ်ပိဿာမှ (၂၅၀)မှ (၃၅၀)ကြားသာရရှိပြီး ယခုအချိန်တွင် (၅၅၀)ထိ ဈေးပေါက် နေလျက်၊ ရောင်းချနေလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ဒါတွေမကပဲ ကျွန်တော်တို့ ခိုင်မာတဲ့ ဈေးကွက်မရှိတာကြောင့် မကြုံစဖူး ပြောင်းဖူးကလေးတွေ ရွှေလီမြစ်ထဲ ရေဆင်းချိုးရတဲ့

ဘဝကို အားလုံးအသိပဲဖြစ်ပါတယ်။ ထိုနည်းတူစွာ အခြားသီးနှံများမှာလည်း ရောင်းလိုအားနှင့် ဝယ်လိုအားလို့ခေါ်တဲ့ Demand and Supply မညီမျှမှုဒဏ်ကို စိုက်ပျိုးရေး တောင်သူများ အနေဖြင့် ခါးစီးခံနေရသည်ကို လေ့လာတွေ့ရှိရပါတယ်။

ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင်လည်း ထုတ်ကုန်တိုးတက်ရေးအတွက် ပြည်နယ်အစိုးရနှင့် လွှတ်တော်မှ မူဝါဒများချမှတ်ထား သော်လည်း ထိရောက်စွာလိုက်နာကျင့်သုံးမှု အားနည်းနေလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၂ ရှမ်းပြည်နယ်သဘာဝ မြေဩဇာများစနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေထုတ်ပြန်ထားသော်လည်း တောင်သူများ သိရှိမှုနည်းပါးကြောင်း သိရှိရပါတယ်။ တဖက်နိုင်ငံမှ အရည်အသွေးနိမ့်သည့် ဓာတ်မြေဩဇာ များ ဝယ်ယူသုံးစွဲနေခြင်းကြောင့် အထွက်နှုန်းကျဆင်းခြင်း၊ ထုတ်ကုန်တန်ဖိုးလျော့နည်းခြင်း၊ ဈေးကောင်းမရရှိခြင်းများသည် ထုတ်ကုန်တိုးတက်ရေးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါ တယ်။ ရှမ်းပြည်နယ်ရှိ တောင်သူများသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးရှိ တောင်သူ များထက် မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းများစွာကိုလည်း သိရှိရပါတယ်။ ဓာတ်မြေ ဩဇာများသာမက ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုလည်း သုံးစွဲမှုများလာသည်ကို တွေ့ရှိရပါတယ်။ စနစ်တကျမည်သို့မည်ပုံသုံးစွဲရမည်ကို အားနည်းနေလျက်ရှိနေပါတယ်။ ထို့ကြောင့် ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်အတွင်း သီးနှံထုတ်လုပ်မှု ပိုမိုအားကောင်းလာ စေရန်၊ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများတွင် သီးနှံများထုတ်လုပ်သည့်အခါ ဘေးအန္တရာယ် ကင်းရှင်းစွာထုတ်လုပ်နိုင်ရေးအတွက် အလေးပေးပို့ချရန် မှာကြားထားကြောင်း သိရှိရပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထုတ်ကုန် အရည်အသွေးတိုးတက်စေရန် ဝန်ကြီးဌာန၏ ဈေးကွက်၊ တန်ဖိုးမြင့်ကုန်ထုတ်လုပ်ခြင်းနှင့် ပြည်ပတင်ပို့ရောင်းချခြင်းဆိုင်ရာ မူဝါဒအရ ဒေသအတွင်းစိုက်ပျိုး မွေးမြူရေးထုတ်ကုန်ဈေး ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်များ ညှိနှိုင်းရေးဆွဲခြင်း၊ ဈေးနှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များကို တောင်သူများအား ဖြန့်ဝေခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူ စုဆောင်းဖြန့်ဖြူးခြင်း၊ စိုက်ပျိုးမွေးမြူသူများ ဝင်ငွေတိုးမြင့်ရေး၊ ရိတ်သိမ်းချိန်လွန် လေလွင့်

ဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်ပစ္စည်းများအတွက် အစားအစာသန့်ရှင်းစင်ကြယ်ခြင်း၊ ပိုးမွှား များသန့်စင်ခြင်း၊ ပိုးမွှားရောဂါများ ပြန့်ပွားမှုကိုထိန်းချုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ယင်းလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန် ကြေညာခြင်း၊ လုပ်ငန်းများအားသိရှိနိုင်အောင် ဆောင်ရွက်ခြင်း၊ ရောဂါများဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရန်ကူညီဆောင်ရွက်ခြင်း၊ အရည်အသွေးမီသော တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တိရစ္ဆာန်အာဟာရဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခြင်း၊ ဈေးကွက်ခိုင်မာရေး၊ ဈေးနှုန်းအာမခံချက် ရရှိရေး၊ ဈေးကွက်တွင် ကြားခံကုန်ကျစရိတ်များ လျော့နည်းစေရေးတို့အတွက် လက်ကား ဈေး၊ ကုန်စည်ဒိုင်များနှင့် တောင်သူများကို ကိုယ်စားပြုသောအသင်းအဖွဲ့များကို လိုအပ်သလို ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသင့်ပါကြောင်း ကျွန်တော့်အနေ ဖြင့် **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန် တိုးတက်ရေး ခိုင်မာသောဈေးကွက်ဖော်ဆောင်ရေး"** အဆိုကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ဒီကနေ့ ဦးခွန်စောအောင် ပင်လောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)တင်သွင်းတဲ့ **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသောဈေးကွက်ဖော်ဆောင် ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက်ထောက်ခံ ကြောင်း ရှိသေလေးစားစွာ ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးခွန်စောအောင် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးခွန်စောအောင်ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်စောအောင်က တင်သွင်းတဲ့ အဆိုကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်(သောကြာနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်း (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်ရှင်။ ကျွန်မတင်သွင်းမည့် အဆိုကတော့ **“ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းများမှာ အ. ထ. က (၂၇၂) ကျောင်း၊ အ.ထ.က(ခွဲ) ၁၉၀ ကျောင်း၊ အ.လ.က (၂၈၁) ကျောင်း၊ အ.လ.က(ခွဲ) ၃၄၀ ကျောင်း၊ မူလွန်(၇၉၃)ကျောင်း၊ အ.မ.က (၃၈၀၂)ကျောင်း၊ အ.မ.က(ခွဲ) ၇၀၁ ကျောင်း နှင့် အ.မ.က(တွဲ) ၁၂ ကျောင်း၊ စုစုပေါင်း (၆၃၉၁)ကျောင်းရှိတယ်ဆိုတာကို လူမှုရေးဝန်ကြီး ဌာနရဲ့ မှတ်တမ်းကနေ သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ယနေ့မြန်မာနိုင်ငံမှာ ပညာရေးကို ပြုပြင်ပြောင်းလဲ အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိပြီး တစ်ဘက်မှာလည်းပဲ စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာစေရန် ကြိုးပမ်းအားထုတ်လျက် ရှိပါတယ်။ ကျောင်းစာကြည့်တိုက်

များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ရှိပြီးသော ကျောင်းစာကြည့်တိုက်များ ပြန်လည် ရှင်သန်ဖွံ့ဖြိုးရန် ဆရာ/ ဆရာမနှင့် ကျောင်းသူ/ ကျောင်းသားများ အပါအဝင် ကျောင်းစာကြည့်တိုက်များကို အသုံးချလျက် ကိုယ့်အားကိုယ်ကိုးပြီး အသိပညာ၊ အတွေးအခေါ် ကောင်းမွန်လာစေရေးအတွက် ပညာရှာတတ်စေရန် ကျောင်းသားလူငယ်များ အားလပ်ချိန်ကို အကောင်းဆုံး အသုံးချတတ်စေရန်နှင့် ကျောင်းစာကြည့်တိုက်အသုံးချခြင်းမှ တတ်သိပညာဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပါဝင်မည့် ပညာတတ်များ ပေါ်ပေါက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စာကြည့်တိုက်တစ်ခုဟာ ကျောင်းအဆောက်အအုံအတွင်းမှာ ရှိနေသော်ငြားလည်းပဲ ဆရာများနှင့် ကျောင်းသားများအတွက် ထိထိရောက်ရောက် အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်မှသာ ကျောင်းစာကြည့်တိုက်လို့ ခေါ်ဆိုထိုက်ပေတယ်။ စာကြည့်တိုက်တစ်ခုဟာ ကျောင်းသူ/ ကျောင်းသားများအားထားရာ ပညာဗဟုသုတရှာမှီးရာ နေရာဖြစ်တဲ့ အားလျော်စွာ စာကြည့်တိုက်ကိုလဲ သော့ခတ်မထားရန် အရေးကြီးလှပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းစာကြည့်တိုက်များကို အားသစ်လောင်းပြီး ခေတ်မီတဲ့ စာကြည့်တိုက်များဖြစ်လာစေရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက ၂၀၁၅ ခုနှစ်မှာ အာရှဖောင်ဒေးရှင်းအကူအညီနဲ့ ကနဦးရှေ့ပြေးစီမံချက် (Pilot Project) အဖြစ် အာရှဖောင်ဒေးရှင်းရဲ့ရန်ပုံငွေဖြင့် ရန်ကုန်မြို့ပေါ်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(၂)ကျောင်းနှင့် မန္တလေးမြို့မှ (၁)ကျောင်း၊ စုစုပေါင်း(၃)ကျောင်းကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ကျောင်းစာကြည့်တိုက်(၃)ကျောင်း၊ ၂၀၁၇ ခုနှစ်မှာ စာကြည့်တိုက်(၄)ကျောင်း စုစုပေါင်း ကျောင်းစာကြည့်တိုက် (၁၀)ကျောင်းကို အာရှဖောင်ဒေးရှင်း အကူအညီဖြင့် အားသစ်လောင်းမြှင့်တင်ပေးခဲ့ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်မှာ နိုင်ငံတော်အစိုးရရဲ့ အားပေးပံ့ပိုးမှု ပညာရေးဝန်ကြီးဌာနရဲ့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့က ပူးပေါင်းပြီးတော့ ကျောင်းစာကြည့်တိုက် (၁၀)ကျောင်း၊ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းစာကြည့်တိုက် (၅၀)၊ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းစာကြည့်တိုက် (၁၀၀)အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း ရှမ်းရှေ့မှာ(၂)

ကျောင်း၊ ရှမ်းတောင်မှာ (၂)ကျောင်းနှင့် ရှမ်းမြောက်မှာဆိုလျှင် မူဆယ်မြို့နယ် မိုင်းပေါ် အ.ထ.က နှင့် သိန္နီမြို့ အ.ထ.က (၁)မှာ ကျောင်းစာကြည့်တိုက်(၂)ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

ဒါပေမယ့်လည်း ရှမ်းပြည်နယ်မှာ အခြေခံပညာကျောင်းပေါင်း (၆၃၉၁)ကျောင်းရှိတဲ့ အနက် ပညာသင်နှစ်(၁)နှစ်မှာ ကျောင်းစာကြည့်တိုက် (၆)ကျောင်းကိုသာ ဖွင့်လှစ်နိုင်ခဲ့တာကို ထောက်ရှုခြင်းအားဖြင့် ၀.၀၉ % သာ လွှမ်းခြုံသည်ကို မီးမောင်းထိုးပြလိုပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရမှ ထောက်ပံ့သည်ကတစ်ပိုင်း၊ မိမိတို့ ရှမ်းပြည်နယ်အစိုးရ အနေနှင့်လည်း **“ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်”** အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ အရ လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်နန်းခင်ထားရီ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဒေါ်နန်းခင်ထားရီ တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်နန်းခင်ထားရီ တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက တင်သွင်းတဲ့အဆိုကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်(သောကြာနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ(၅)နာရီနောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် မြေယာခွန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၄)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မြေယာခွန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အကြိမ်(၂၀)မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) ၁၈.၁၂.၂၀၁၉ ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃) အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့သို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို ၁၇.၁.၂၀၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်၊ သံလွင်ခန်းမ၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ရှမ်းပြည်နယ်တရားလွှတ်တော်၊ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် အဆိုပါဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်တရားလွှတ်တော်မှပေးပို့လာသည့် ပြင်ဆင်ရန်အကြံပြုချက်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ပေးပို့လာ သော ပြင်ဆင်ရန်အကြံပြုချက်များအား စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

၂။ ထို့အပြင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များသည် ဒေသခံပြည်သူလူထု၏ အသံကို နားထောင်ခြင်းဖြင့် ဥပဒေကောင်းတစ်ရပ်ပေါ်ထွက်လာစေရေးအတွက် ၃၁.၁.၂၀၂၀ ရက်မှ ၃.၂.၂၀၂၀ ရက်နေ့အထိ ကျောက်မဲခရိုင်နှင့် မိုးမိတ်ခရိုင်သို့လည်းကောင်း၊ ၁၂.၃.၂၀၂၀ ရက်နေ့တွင် တောင်ကြီးခရိုင်သို့လည်းကောင်း ကွင်းဆင်း၍ အကြံပြုချက်များရယူခဲ့ပါတယ်။

၃။ ထို့နောက် ၂၈.၈.၂၀၂၀ ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့်

လူငယ်ရေးရာ ကော်မတီဝင်များနှင့် ဆက်စပ်ဌာနမှ တာဝန်ရှိသူများသည် အပြီးသတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းပဲ ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကဏ္ဍ (၁)၊ အပိုဒ် (ဂ)နှင့်အညီ ရှမ်းပြည်နယ်မြေယာခွန် ဥပဒေကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၈)ခန်း၊ ပုဒ်မပေါင်း(၂၇)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက် သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေး ဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ် တစ်ပိုဒ်ချင်းစီကို စာမျက်နှာအလိုက်တင်ပြပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေး ဆိုင်ရာကော်မတီမှ အမှတ်စဉ်တစ်ခုချင်းအလိုက် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဥပဒေကြမ်းအပေါ် ပြင်ဆင် ဖြည့်စွက်ရန် အကြံပြုချက်မှာ-

အမှတ်စဉ်(၁) ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ အဖြစ် ဤဥပဒေသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့က အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃(ခ) အဖြစ် အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃(ဃ) အဖြစ် ဝန်ကြီးဌာန ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃ (ဃ) ကို ပုဒ်မ ၃ (င) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃(င) အဖြစ် ဝန်ကြီး ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် သက်ဆိုင်ရာဝန်ကြီးကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇) ဖြစ်ပါတယ်။ မူလ အခန်း(၁) ပုဒ်မ ၃ (င)၊ ပုဒ်မ ၃ (စ)တို့ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃ (ဆ) ကို ပုဒ်မ ၃ (စ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁)ပုဒ်မ ၃(စ) အဖြစ် မြေယာခွန်အရာရှိဆိုသည်မှာ မြေယာခွန် ကောက်ခံရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃(ဆ) အဖြစ် မြေယာခွန်စည်းကြပ်သည့်ဌာန ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၃ (ဇ)၊ ပုဒ်မ ၃ (ဈ)၊ ပုဒ်မ ၃ (ည)၊ ပုဒ်မ ၃ (ဋ)၊ ပုဒ်မ ၃ (ဌ)၊ ပုဒ်မ ၃ (ဍ)၊ ပုဒ်မ ၃ (ဎ)၊ ပုဒ်မ ၃ (ဏ)၊ ပုဒ်မ ၃ (တ)၊ ပုဒ်မ ၃ (ထ) တို့ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃ (ဒ) ကို ပုဒ်မ ၃ (ဇ) အဖြစ်၊ ပုဒ်မ ၃ (ဓ)ကို ပုဒ်မ ၃ (ဈ) အဖြစ်၊ ပုဒ်မ ၃ (န) ကို ပုဒ်မ ၃ (ည) အဖြစ်၊ ပုဒ်မ ၃ (ပ) ကို ပုဒ်မ ၃ (ဋ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃(ဋ)အဖြစ် မြေယာခွန်ဆိုသည်မှာ ဤဥပဒေအရ လယ်ယာမြေအပေါ် စည်းကြပ်ကောက်ခံသော မြေယာခွန်ကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၃ (ဖ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃ (ဗ) ကို ပုဒ်မ ၃ (ဌ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇)မှ (၁၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၃(ဠ) အဖြစ် မြေယာခွန်မပြေကျန်ငွေဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော မြေယာခွန်များကို သတ်မှတ်ကာလအတွင်း မထမ်းဆောင်ဘဲ ကျန်ရှိနေသည့် မြေယာခွန်ကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ မူလအခန်း(၁)၊ ပုဒ်မ ၃(ဘ)ကိုပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၈)ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၄ အဖြစ် ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခေတ်ကာလနှင့် လျော်ညီသော အခွန်နှုန်းထားများ သတ်မှတ်နိုင်ရန်၊

(ခ) ပြည်နယ်အတွက် ရသင့်ရထိုက်သော မြေယာခွန်များကို စနစ်တကျ ကောက်ခံနိုင်ရန်နှင့် ဘဏ္ဍာရန်ပုံငွေ တိုးတက်ရရှိစေရန်၊

(ဂ) တောင်သူလယ်သမားများ မြေယာခွန်ထမ်းဆောင်မှု အလေ့အထတိုးပွားလာစေရန်၊

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အခန်း(၃)ခေါင်းစဉ်အဖြစ် ကောက်ခံမည့် မြေယာခွန် အမျိုးအစားနှင့် နှုန်းထားများဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၀) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၅ အဖြစ် ဤဥပဒေတွင် အောက် ဖော်ပြပါ မြေယာခွန်အမျိုးအစားများ အကျုံးဝင်စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၃)ပုဒ်မ ၇ အဖြစ်

(က) ပုဒ်မ ၆ အရ မြေယာခွန် စည်းကြပ်သည့်ဌာနမှ ပြုစုတင်ပြသော မြေယာခွန်နှုန်းထားများကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) ဝန်ကြီးချုပ်သည် ဤဥပဒေပုဒ်မ ၇(က)အရ ပြင်ဆင်သတ်မှတ်သည့်မြေယာခွန်နှုန်းထားများနှင့် စတင်စည်းကြပ်ရမည့်ကာလကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၆) မှ (၂၁) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၂) ဖြစ်ပါတယ်။ မူလ အခန်း(၄)၊ ပုဒ်မ ၈ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉ ကို ပုဒ်မ ၈ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၈ အဖြစ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် လယ်ယာမြေများပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မှုအပေါ် မြေယာခွန်ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ထားသော နှုန်းထားများနှင့်အညီ စည်းကြပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၅) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉ အဖြစ် ဝန်ကြီးချုပ်သည် စည်းကြပ်နှစ်အလိုက် မြေယာခွန် ကောက်ခံနိုင်ရန်အလို့ငှာ မြေယာခွန်အရာရှိ အဆင့်ဆင့်ကို ခန့်အပ်တာဝန်ပေးရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ မူလ အခန်း(၄)၊ ပုဒ်မ ၁၀ ကို ပယ်ဖျက်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၂) မှ (၂၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၇) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၁၁ ကို ပုဒ်မ ၁၀ အဖြစ်၊ ပုဒ်မ ၁၂ ကို ပုဒ်မ ၁၁ အဖြစ်၊ ပုဒ်မ ၁၃ ကို ပုဒ်မ ၁၂ အဖြစ်၊ အခန်း(၅) ပုဒ်မ ၁၄ ကို ပုဒ်မ ၁၃ အဖြစ်၊ ပုဒ်မ ၁၅ ကို ပုဒ်မ ၁၄ အဖြစ်၊ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၅ အဖြစ်၊ ပုဒ်မ ၁၇ ကို ပုဒ်မ ၁၆ အဖြစ်၊ အခန်း(၆) ပုဒ်မ ၁၈ ကို ပုဒ်မ ၁၇ အဖြစ်၊ အခန်း(၇) ပုဒ်မ ၁၉ ကို ပုဒ်မ ၁၈ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၁၉ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၀ အဖြစ်၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၁ အဖြစ်၊ အခန်း(၈) ပုဒ်မ ၂၃ ကို ပုဒ်မ ၂၂ အဖြစ်၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်၊ ပုဒ်မ ၂၅ ကို ပုဒ်မ ၂၄ အဖြစ်၊ ပုဒ်မ ၂၆ ကို ပုဒ်မ ၂၅ အဖြစ်၊ ပုဒ်မ ၂၇ ကို ပုဒ်မ ၂၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၂၈) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၁၀ အဖြစ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် နှစ်စဉ် မြေယာခွန်များကို ကောက်ခံနိုင်ရန် အခွန်ပြေစာများကို ရေးသားပြုစုပြီး မြို့နယ်မြေယာခွန်အရာရှိမှတစ်ဆင့် ခရိုင်မြေယာခွန်အရာရှိထံ ပေးပို့ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၉) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၁၁ အဖြစ် ကျသင့်ငွေ တွက်ချက်ထားသော မြေယာခွန်ပြေစာများကို သက်ဆိုင်ရာ ခရိုင်မြေယာခွန်အရာရှိက မှန်/ မမှန် စစ်ဆေး၍ ရုံးတံဆိပ်နှင့် အတည်ပြု လက်မှတ်တံဆိပ် ရိုက်နှိပ်ပြီး မြို့နယ်မြေယာခွန် အရာရှိမှတစ်ဆင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေယာခွန်အရာရှိကို တာဝန်ပေးအပ်၍ သတ်မှတ်ကာလအပြီး ကောက်ခံရန်နှင့် ရငွေကို သတ်မှတ်ငွေစာရင်းခေါင်းစဉ်မှတစ်ဆင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၀) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၁၂ အဖြစ် ဝန်ကြီးချုပ်သည် မြေယာခွန် အရပ်ရပ်၏ နောက်ဆုံး ကောက်ခံပေးသွင်းရမည့် နေ့ရက်ကို သတ်မှတ်ပေးရမည် ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၁) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၃ အဖြစ် ဝန်ကြီးချုပ်သည် အောက်ပါအခြေအနေများတွင် မြေယာခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ရေကြီးနစ်မြုပ်ခြင်းကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း၊

( ခ) မိုးလို၊ မိုးခေါင်ခြင်းကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း၊

( ဂ) ပိုးမွှားရောဂါ ကျရောက်ခြင်းကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း၊

(ဃ) အခြားအကြောင်းများကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၇) မှ (၃၁) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၂) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၄ အဖြစ် ပုဒ်မ ၁၃ အရ ကင်းလွတ်ခွင့်ပြုခြင်းသည် စိုက်ပျိုးသည့်သီးနှံ တစ်စုံတစ်ရာ ရိတ်သိမ်းပြီးမှ ပျက်စီးဆုံးရှုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရဟု ပြင်ဆင်သင့်ပါ တယ်။

အမှတ်စဉ်(၃၃) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၆ အဖြစ် မြေယာခွန်အရာရှိသည် မှားယွင်းစည်းကြပ်သော အခွန်ငွေများကို သတ်မှတ်ချက်များနှင့်အညီ အခွန်ရငွေစာရင်းမှ ပယ်ဖျက်ခြင်းပြုနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၄) ဖြစ်ပါတယ်။ အခန်း(၆) ခေါင်းစဉ်အဖြစ် မြေယာခွန် မပြေကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၅) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ၁၇ အဖြစ် မြေယာခွန်မပြေ ကျန်ငွေများအား ကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဝန်ကြီးချုပ်သည် မြေယာခွန်မပြေ ကျန်ငွေများအား အရကောက်ခံနိုင်ရေးအတွက် မြေယာခွန်အရာရှိအဆင့်ဆင့်အား တာဝန်ပေးအပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၆) ဖြစ်ပါတယ်။ အခန်း(၇) ခေါင်းစဉ်အဖြစ် မြေယာခွန်အရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၇) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၈ အဖြစ် ဝန်ကြီးချုပ်သည် ဤဥပဒေအရ ဆောင်ရွက်ရန် မြေယာခွန် အရာရှိအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၂) မှ (၃၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၈) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၉ အဖြစ် မြေယာခွန်အရာရှိ အဆင့်ဆင့်သည် သက်ဆိုင်ရာဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့ကို တာဝန်ခံဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၉) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၂၀ အဖြစ် မြေယာခွန်အရာရှိ အဆင့်ဆင့်သည် မြေယာခွန်နှင့် စပ်လျဉ်းသော မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၀) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၂၁အဖြစ် ဤဥပဒေအရ မြေယာခွန် ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေယာခွန် အရာရှိသည် မြေယာခွန် ကောက်ခံခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကောက်ခံရရှိပြီး သော မြေယာခွန်ငွေအတွက်သော်လည်းကောင်း တာဝန်ရှိသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါ တယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၈) မှ (၄၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၁) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၂ အဖြစ် မြေယာခွန်မပြေ ကျန်ငွေကောက်ခံရာတွင် အထက်မြန်မာ နိုင်ငံတော် မြေနှင့်အခွန်စည်းမျဉ်း (The Upper Burma Land and Revenue Regulations, 1889)ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရ ကောက်ခံရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၂) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၃ အဖြစ် ဤဥပဒေအရ ပေးအပ်သော တာဝန်ဝတ္တရားများ ဆောင်ရွက်သည့် မြေယာခွန်အရာရှိကို ရာဇဝတ်ကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ၊ တရားစွဲဆိုခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၃) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၄ အဖြစ် ဤဥပဒေအရ စီရင်ဆုံးဖြတ်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းမှတစ်ပါး မည်သည့်တရားရုံးကမျှ စီရင်ပိုင်ခွင့် အာဏာမရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၄) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၆ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၁) မှ (၄၄) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ကန့်သတ်

၁၆၅

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။

**မြေယာခွန်အမျိုးအစားများနှင့် ကောက်ခံမည့် (၁)ဧက နှုန်းထားများအား**

**(က) ကောက်ကြီးခွန်**

| စဉ် | မြေမျိုးကြီး | ကောက်ခံမည့် မြေယာခွန်နှုန်းထား | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | လယ်မြေ(မိုးကောင်းသောက်) | ၇၀၀ | |
| ၂ | လယ်မြေ(အစိုးရဆည်ရေသောက်) | ၈၀၀ | |
| ၃ | ယာမြေ | ၆၀၀ | |
| ၄ | ကိုင်း၊ ကျွန်းမြေ | ၆၀၀ | |
| ၅ | ဥယျာဉ်ခြံမြေ | ၁၂၀၀ | |
| ၆ | ဥယျာဉ်ခြံမြေ (အစိုးရဆည်ရေသောက်) | ၁၅၀၀ | |
| ၇ | ကြက်ပေါင်းစေးမြေ | ၁၂၀၀ | |

**(ခ) ကိုင်းမုရင်းခွန်**

| စဉ် | မြေမျိုးကြီး/ သီးနှံအမျိုးအစား | ကောက်ခံမည့် မြေယာခွန်နှုန်းထား | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | လယ်မြေ(အစိုးရဆည်ရေသောက်) | ၈၀၀ | |
| ၂ | ကြံ | ၆၀၀ | |
| ၃ | ဆေး | ၈၀၀ | |
| ၄ | ကြက်သွန် | ၁၀၀၀ | |
| ၅ | ကွမ်း | ၂၀၀၀ | |

**(ဂ) တောင်ယာခွန်**

| စဉ် | မြေမျိုးကြီး | ကောက်ခံမည့် မြေယာခွန်နှုန်းထား | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | သီးနှံ (၁)ဧက | ၅၀၀ | |

ဟု ပြင်ဆင်သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၅) ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်မြေယာခွန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ် ဇယားပါ အပိုဒ်များကို တစ်ခုချင်းအလိုက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပြီး ဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်အစိုးရအဖွဲ့က (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့သော ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို အတည်ပြုနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က လွှတ်တော်သို့ ဆက်လက်တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေကြမ်းကို အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ယနေ့ လွှတ်တော်မှလည်း ပြင်ဆင်ချက်များအပေါ် အတည်ပြုပြီး ဖြစ်ပါသဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းသည့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေကြမ်းအား အတည်ပြုပေးနိုင် ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့

သော ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း) တစ်ရပ်လုံးနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားတဲ့အတိုင်း အတည်ပြုရန်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်မြေယာခွန် ဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်ကဆုံးဖြတ်ထားတဲ့အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာအား ဖတ်ကြားတင်ပြပေးရန် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝိုဟိန်း၊ ပြည်နယ်စာရင်းစစ်ချုပ်။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ တင်ပြတဲ့အစီရင်ခံစာကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ဖြန့်ဝေပြီးဖြစ်တဲ့အတွက် အစီရင်ခံစာအကျဉ်းချုပ်ကို Power Point နှင့် တင်ပြခွင့်ပြုပါရှင်။

နိဒါန်းမှာဆိုရင် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ အခန်း(၄) ပုဒ်မ ၂၅ နှင့် ၂၆ မှာ ပြည်နယ်စာရင်းစစ်ချုပ်ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းပါရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ခြင်း ရှိ/ မရှိနှင့် သုံးစွဲခွင့်ပြု ထားသည့် ငွေကြေးတွေကို ထိရောက်စွာ အသုံးပြု/ မပြု စစ်ဆေးခြင်း၊ ပြည်နယ်အဆင့်

အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများရဲ့ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများဟာ ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ/ မရှိ စစ်ဆေးခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်တဲ့ အခြားတာဝန်များထမ်းဆောင်ခြင်းနှင့် မိမိ၏ ဆောင်ရွက်ချက်တွေကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းပြီးတော့မှ ၂၀၁၈- ၂၀၁၉၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ရသုံးမှန်းခြေငွေစာရင်းအကောင်အထည်ဖော်မှုမှာ ရငွေမှာဆိုရင် အခွန်ရငွေ၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေဆိုပြီးတော့ (၄)မျိုးရှိပြီးတော့မှ ပြုပြင်ပြီးခန့်မှန်းခြေရငွေ စုစုပေါင်းဟာဆိုရင် ကျပ်သန်း ၂၇၇,၇၇၉.၀၇၆ ဖြစ်ပြီးတော့မှ အမှန်ရငွေက ကျပ်သန်း ၂၇၆,၅၉၆.၉၁၆ ဖြစ်တဲ့ အတွက်ကြောင့် ကျပ်သန်း ၁,၁၈၂.၁၆၀ လျော့နည်းရရှိပါတယ်။ အသုံးစရိတ်မှာဆိုရင် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ရှိပြီးတော့မှ အပြီးသတ်ခွင့်ပြုငွေမှာဆိုရင် ကျပ်သန်း ၂၇၇,၇၇၉.၀၇၆ ဖြစ်ပြီးတော့မှ အမှန်အသုံးစရိတ်က ကျပ်သန်း ၂၇၅,၂၂၅.၇၈၁ ဖြစ်တဲ့အတွက်ကြောင့် လျော့သုံးငွေဆိုရင် ကျပ်သန်း ၂,၅၅၃.၂၉၅ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဘတ်ဂျက်လိုငွေအခြေအနေနှင့်စပ်လျဉ်းပြီးတော့မှ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာရန်ပုံငွေမှာ မူလခန့်မှန်းခြေနှင့် ဖြည့်စွက်စာရင်းအရ ရငွေ ကျပ်သန်းပေါင်း ၄၉,၈၉၉.၅၀၇၊ သုံးငွေ ကျပ်သန်းပေါင်း ၂၇၇,၇၇၉.၀၇၆ ဖြစ်တဲ့အတွက် ဘတ်ဂျက်လိုငွေ ကျပ်သန်း ၂၂၇,၈၇၉.၅၆၉ ဖြစ်ပါတယ်။ စက်တင်ဘာလ အပြီးသတ်စာရင်းအရ အမှန် အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ရငွေဟာ ကျပ်သန်း ၄၈,၇၁၇.၃၄၇ ဖြစ်ပြီးတော့မှ သုံးငွေက ကျပ်သန်း ၂၇၅,၂၂၅.၇၈၁ ဖြစ်တဲ့အတွက် ဘတ်ဂျက်လိုငွေက ကျပ်သန်း ၂၂၆,၅၀၈.၄၃၄ ဖြစ်ပါတယ်။ မူလခန့်မှန်းခြေစာရင်းထက် စက်တင်ဘာလ အပြီးသတ်စာရင်းမှာ ဘတ်ဂျက်လိုငွေ ကျပ်သန်း ၁,၃၇၁.၁၃၅ လျော့နည်းရရှိခြင်းမှာ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းထက်ရငွေမှာ ကျပ်သန်း ၁,၁၈၂.၁၆၀ လျော့နည်းပြီးတော့မှ သုံးငွေမှာ ကျပ်သန်း ၂,၅၅၃.၂၉၅ လျော့နည်း သုံးစွဲခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်၏ရငွေနှင့်ပတ်သက်ပြီးတော့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မူလရငွေ လျာထားချက် ကျပ်သန်း ၄၅,၄၂၀.၉၁၄၊ ဖြည့်စွက်ရငွေလျာထားချက် ကျပ်သန်း ၄,၄၇၈.၅၉၃၊ စုစုပေါင်း ကျပ်သန်း ၄၉,၈၉၉.၅၀၇ မှာ စက်တင်ဘာလထိ အပြီးသတ်စာရင်းအရ အမှန်ရငွေ ကျပ်သန်း ၄၈,၇၁၇.၃၄၇ ဖြစ်တဲ့အတွက်ကြောင့် ကျပ်သန်း ၁,၁၈၂.၁၆၀ လျော့နည်းရရှိခဲ့ပါတယ်။ အခွန်အကောက်ရငွေမှာဆိုရင် ကျပ်သန်း ၁,၆၀၄.၁၀၈၊ ငွေလုံးငွေရင်းရငွေမှာ ကျပ်သန်း ၁၈၈.၂၅၀ ပိုမိုရရှိပြီးတော့မှ သာမန်ရငွေမှာ ကျပ်သန်း ၂,၉၇၄.၅၁၈ လျော့နည်းရရှိခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သာမန်ရငွေမှာဆိုရင် မူလခန့်မှန်းခြေ ကျပ်သန်း ၄၂,၅၂၅.၈၂၆ နှင့် ဖြည့်စွက် ခန့်မှန်းခြေ ကျပ်သန်း ၄,၁၀၃.၆၄၉ စုစုပေါင်း ကျပ်သန်း ၄၆,၆၂၉.၄၇၅ လျာထားခဲ့ပြီးတော့မှ စက်တင်ဘာလအပြီးသတ်စာရင်းမှာဆိုရင် ရငွေကျပ်သန်း ၄၃,၆၅၄.၉၅၇ ရရှိတဲ့အတွက်ကြောင့် ခန့်မှန်းခြေ အပေါ်မှာ ၉၃.၆၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ဌာနအဖွဲ့အစည်းတွေအရ လျာထားချက်အပေါ် ကောက်ခံရရှိတဲ့ အခြေအနေကို တင်ပြရမည်ဆိုရင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ ခန့်မှန်းခြေရငွေအပေါ် ၈၅.၃၆ ရာခိုင်နှုန်း ကျပ်သန်း ၂၃,၁၁၆.၇၈၉၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ ၆၀.၄၉ ရာခိုင်နှုန်း ကျပ်သန်း ၀.၅၁၆၊ စည်ပင်သာယာရေးအဖွဲ့မှာဆိုရင် ၉၉.၅၅ ရာခိုင်နှုန်း ကျပ်သန်း ၁၈,၂၅၃.၁၅၃ သာ ကောက်ခံရရှိတဲ့အတွက်ကြောင့် လျာထားတဲ့ရငွေကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်မှု မရှိခြင်းတို့ဟာ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုမှာအားနည်းကြောင်း တွေ့ရှိရကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရငွေနှင့်ပတ်သက်ပြီးတော့မှ ၁-၁၀-၂၀၁၈ ရက်နေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အပ်ငွေစာရင်း လက်ကျန်မှာ ဘတ်ဂျက်လိုငွေ ကျပ်သန်း ၉၅၇.၁၄၈ ဖြစ်ပြီးတော့မှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေ ကျပ်သန်း ၂၂၇,၈၇၉.၅၆၉ ရရှိခဲ့ပါတယ်။ စက်တင်ဘာလ အပြီးသတ်စာရင်းမှာဆိုရင် ကျပ်သန်း ၂၂၆,၇၂၀.၃၄၃ သုံးစွဲတဲ့အတွက်ကြောင့် ၃၀-၉-၂၀၁၉ ရက်နေ့မှာ ဘတ်ဂျက်လိုငွေ ကျပ်သန်း ၂၀၂.၀၇၈ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်ရဲ့သုံးငွေနှင့်ပတ်သက်ပြီးတော့မှ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ ဌာနအဖွဲ့အစည်းများရဲ့ မူလခန့်မှန်းခြေစာရင်းအရ ကျပ်သန်း ၂၆၉,၅၁၁.၆၉၆၊

ပြုပြင်ပြီးခန့်မှန်းခြေမှာ ကျပ်သန်း ၂၇၇,၇၇၉.၀၇၆ ဖြစ်ပြီးတော့ စက်တင်ဘာလအပြီးသတ် စာရင်းအရ အမှန်သုံးစွဲငွေမှာ ကျပ်သန်း ၂၇၅,၂၂၅.၇၈၁ ဖြစ်တဲ့အတွက်ကြောင့် ပြုပြင်ပြီး ခန့်မှန်းခြေရဲ့ ၉၉.၁၈ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်း တင်ပြအပ်ပါတယ်။

အသုံးစရိတ်ခွင့်ပြုငွေနှင့် ပိုလျှံငွေ ပြန်လည်အပ်နှံမှုနှင့် ပတ်သက်ပြီးတော့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ဌာနအဖွဲ့အစည်းများရဲ့ မူလခန့်မှန်းခြေစာရင်းအရ အသုံးစရိတ်ခွင့်ပြုငွေ ကျပ်သန်း ၂၆၉,၅၁၁.၆၉၆ ကနေ ပိုလျှံငွေ ကျပ်သန်း ၇,၂၀၉.၆၁၂၊ ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၈,၂၆၇.၃၈၀ ကနေ ပိုလျှံငွေ ကျပ်သန်း ၁၃၄.၇၇၄ နှင့် အထွေထွေပိုလျှံ ရန်ပုံငွေ(GRF)မှ လွှဲပြောင်း သုံးစွဲငွေ ကျပ်သန်း ၄,၈၄၄.၉၆၉ မှ ပိုလျှံငွေ ကျပ်သန်း ၂၀.၃၈၉ စုစုပေါင်းအသုံးစရိတ် ခွင့်ပြုငွေ ကျပ်သန်း ၂၈၂,၆၂၄.၀၄၅ မှ ပိုလျှံငွေ ကျပ်သန်း ၇,၃၆၄.၇၇၅ ပြန်လည်အပ်နှံခဲ့ကြောင်း ဖော်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်ရဲ့ သာမန်ရငွေစုစုပေါင်းနှင့် အခွန်အကောက်ရငွေနှင့်ပတ်သက်ပြီးတော့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စက်တင်ဘာလအပြီးသတ်စာရင်းအရ သာမန်ရငွေ ကျပ်သန်း ၄၈,၄၂၂.၉၇၄ မှာ အခွန်အကောက်ရငွေ ကျပ်သန်း ၄,၇၆၈.၀၁၇ ပါဝင်တဲ့အတွက် ကြောင့် ၉.၈၅ ရာခိုင်နှုန်း သာရရှိကြောင်း ဖော်ပြအပ်ပါတယ်။

အခွန်အမျိုးအစားအလိုက် ကောက်ခံရရှိမှုနှင့်ပတ်သက်ပြီးတော့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အခွန်အမျိုးအစားအလိုက် ကောက်ခံရန် မူလခန့်မှန်းခြေစာရင်းအရ ကျပ်သန်း ၂,၈၉၅.၁၈၈ နှင့် ဖြည့်စွက်ခန့်မှန်းခြေ ကျပ်သန်း ၂၆၈.၈၂၁ စုစုပေါင်း ကျပ်သန်း ၃,၁၆၃.၉၀၉ လျာထားပြီးတော့မှ စက်တင်ဘာလအပြီးသတ်စာရင်းအရ ရငွေကျပ်သန်းပေါင်း ၄,၇၆၈.၀၁၇ ရရှိတဲ့အတွက်ကြောင့် ခန့်မှန်းခြေရငွေအပေါ်မှာ ၁၅၀.၇၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ကြောင်း တွေ့ရှိရပါတယ်။ အခွန်အမျိုးအစားအလိုက် ကောက်ခံရန် လျာထားမှုနှင့် အမှန်ကောက်ခံရရှိမှုကိုစိစစ်တဲ့နေရာမှာ ဌာနအားလုံးမှာခန့်မှန်းခြေရငွေထက် ပြည့်မီကျော်လွန်စွာရရှိကြောင်း ဖော်ပြအပ်ပါတယ်။

ပြည်ထောင်စုအခွန်ဝေစုခွဲဝေပေးမှုနှင့်စပ်လျဉ်းပြီးတော့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုကနေ အခွန်ဝေစုရရှိဖို့ မူလလျာထားမှုက ကျပ်သန်း ၁၁,၈၁၃.၀၉၃ ဖြစ်ပြီးတော့မှ ပြုပြင်ပြီးလျာထားမှုမှာ ကျပ်သန်း ၁၂,၀၄၀.၆၀၁ ဖြစ်ပါတယ်။ အမှန်ခွဲဝေရရှိမှုမှာ ကျပ်သန်း ၁၁,၉၀၇.၉၈၁ ဖြစ်ပြီးတော့မှ ကျပ်သန်း ၁၃၂.၆၂၀ လျော့နည်းရရှိကြောင်း တွေ့ရှိ ရပါတယ်။

အခွန်ဝေစုပြုပြင်ပြီး လျာထားချက်အတိုင်း ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့မှ ရရှိခဲ့ပြီးတော့မှ လျာထားချက်ထက် အထူးကုန်စည်ခွန်မှာ ကျပ်သန်း ၁၀၅.၄၀၅ နှင့် တံဆိပ်ခေါင်းခွန်မှာ ကျပ်သန်း ၂၇.၂၁၅ စုစုပေါင်း ကျပ်သန်း ၁၃၂.၆၂၀ လျော့နည်းရရှိကြောင်း တွေ့ရှိရပါတယ်။

ကဏ္ဍအလိုက်ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းပြီးတော့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကဏ္ဍကြီး ၃ ရပ်နှင့် အကောင်အထည်ဖော်တဲ့နေရာမှာ လယ်ယာကဏ္ဍကြီးမှာ ကျပ်သန်း ၁,၉၃၄,၆၅၁.၉၀၀၊ စက်မှုကဏ္ဍကြီးမှာ ကျပ်သန်း ၁,၅၁၂,၆၉၃.၉၀၀၊ ဝန်ဆောင်မှုကဏ္ဍကြီးမှာ ကျပ်သန်း ၂,၆၀၃,၀၈၂.၅၀၀၊ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကျပ်သန်း ၆,၀၅၀,၄၂၈.၃၀၀၊ စီမံကိန်းရည်မှန်းချက်အရ ကျပ်သန်း ၆,၁၈၅,၃၉၂.၂၀၀ ဖြစ်တဲ့အတွက်ကြောင့် အကောင်အထည်ဖော်နိုင်မှုမှာဆိုရင် ၉၇.၈ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)မှာဆိုရင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ပုံမှန်ဈေးနှုန်းအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ဖို့ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေအရ လျာထားခဲ့ပေမယ့် စက်တင်ဘာလ အပြီးသတ်စာရင်းဆိုရင် ၄.၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရှိရပါတယ်။ ကဏ္ဍကြီး(၃)ရပ်ဖြစ်တဲ့ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတွေမှာ ကဏ္ဍကြီးအလိုက် ရည်မှန်းချက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ပေမဲ့ လယ်ယာကဏ္ဍမှာကျတော့ ရည်မှန်းချက်ထက် ၂.၉ ရာခိုင်နှုန်း လျော့နည်းကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်သို့ပြန်လည်ပေးသွင်းမှုမှာ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) လုပ်ငန်းနှင့်စာရင်း စစ်ဆေးချက်အစီရင်ခံစာအရ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းမှုမှာဆိုရင် ဗဟိုအဖွဲ့အစည်းက ကျပ်သန်း ၈.၉၉၈ ပေးသွင်းပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနမှာဆိုရင် ကျပ်သန်း ၁၅၀.၃၄၈ ပေးသွင်းပြီး ဖြစ်ပါတယ်။ စုစုပေါင်းမှာဆိုရင် ကျပ်သန်း ၁၅၉.၃၄၆ ဖြစ်ကြောင်း အားလုံးပေးသွင်းပြီးကြောင်း ဖော်ပြအပ်ပါတယ်။

နိုင်ငံတော်ကို ပြန်လည်ပေးသွင်းတဲ့ စုစုပေါင်းငွေ ကျပ်သန်း ၁၅၉.၃၄၆ ကို ဌာနအဖွဲ့အစည်းတွေရဲ့ ငွေထုတ်စာရင်းကို အားလုံးပြန်လည်ပေးသွင်းပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ခွင့်ပြုရန်ပုံငွေနဲ့ ဌာန/ အဖွဲ့အစည်းတွေမှာ ဆောင်ရွက်တဲ့လုပ်ငန်းတွေမှ

ပြန်လည်ပေးသွင်းဖို့ငွေတွေကို သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းရဲ့ ပြန်လည်ပေးသွင်းငွေစာရင်းမှာ ထည့်သွင်းဖော်ပြထားကြောင်း ဖော်ပြအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသနယ်မြေများ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း (၅,၀၀၀)နှင့် ပတ်သက်ပြီးတော့မှ စစ်ဆေးတွေ့ရှိတဲ့ အစီရင်ခံစာအရ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ် ၅၀ မှာ တစ်မြို့နယ်ကို ကျပ်သန်း ၁၀၀.၀၀၀ ဆောင်ရွက်တဲ့ လုပ်ငန်းနှင့်စပ်လျဉ်းပြီးတော့မှ စစ်ဆေးတွေ့ရှိချက်အနေနဲ့ မြို့နယ် (၁၇) မြို့နယ်မှာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားတဲ့ ငွေစာရင်းပုံစံ၊ ပစ္စည်းစာရင်းစာအုပ်များ ညွှန်ကြားချက်များ နှင့်အညီ ပြည့်စုံစွာရေးသွင်းမှုမရှိခြင်း၊ နောက် မြို့နယ် (၉) မြို့နယ်မှ လုပ်ငန်း ၄၃ ခုမှာ မူလသတ်မှတ်ထားတဲ့လုပ်ငန်းကနေ ပြောင်းလဲဆောင်ရွက်ထားပေမဲ့ ဇဟိုကော်မတီကို တင်ပြခွင့်ပြုချက်ရယူထားမှုမရှိခြင်း၊ နောက် မြို့နယ် (၃) မြို့နယ်မှ လုပ်ငန်း ၁၃ ခုမှာ မူလသတ်မှတ်တဲ့လုပ်ငန်းကနေ ပြောင်းလဲဆောင်ရွက်တဲ့အတွက် ဇဟိုကော်မတီကို သတ်မှတ်တဲ့ရက်မတိုင်မီတင်ပြပေမဲ့ ခွင့်ပြုချက်ရရှိမှုမရှိသေးခြင်း၊ မြို့နယ် (၃) မြို့နယ်မှ လုပ်ငန်း ၅ ခုမှာ လုပ်ငန်းခန့်မှန်းခြေစာရင်းရေးဆွဲဆောင်ရွက်ဖို့ လိုအပ်ပေမဲ့ ရေးဆွဲထားမှု မရှိခြင်း၊ မြို့နယ်(၂၃) မြို့နယ်မှာ ဆောင်ရွက်တဲ့လုပ်ငန်းတွေအတွက် အမှန်ပစ္စည်းဝယ်ယူမှု၊ ဝန်ဆောင်မှုအပေါ်မှာ ၂ ရာခိုင်နှုန်း တွက်ချက်ပေးချေဖို့ဖြစ်ပေမဲ့ ခွင့်ပြုငွေအပေါ် ၂ ရာခိုင်နှုန်း ဝင်ငွေခွန် ပေးချေထားတာကို တွေ့ရှိရပါတယ်။ မြို့နယ် (၇) မြို့နယ်မှ လုပ်ငန်း ၃၇ ခုကို ဖွံ့ဖြိုးရေးလုပ်ငန်း ဇဟိုကော်မတီကို လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြတဲ့နေရာမှာ ပြောင်းလဲဆောင်ရွက်တဲ့လုပ်ငန်းများနဲ့ တင်ပြခြင်း မပြုဘဲနဲ့ မူလလုပ်ငန်းနဲ့ တင်ပြထားတာကို တွေ့ရှိရပါတယ်။ မြို့နယ်(၄) မြို့နယ်မှာ ဆောင်ရွက်ပြီးစီးတဲ့ လုပ်ငန်းတွေအတွက် လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းနှင့် ရန်ပုံငွေသုံးစွဲမှု စာရင်း၊ ဇယားတွေကို အများပြည်သူ သိရှိနိုင်ဖို့အတွက် သက်ဆိုင်ရာလုပ်ငန်းနေရာမှာ အမှတ်အသားဆိုင်းဘုတ်နဲ့ စိုက်ထူပြသထားတာလည်း မရှိပါဘူး။ မြို့နယ်(၄) မြို့နယ်မှာ ပြည်သူလူထုထည့်ဝင်ငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းအတွက်ထည့်ဝင်ငွေတွေကို မှတ်တမ်းတင်ထားမှုမရှိကြောင်း တွေ့ရှိရပါတယ်။

နိဂုံးအနေနဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးတွေက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ စစ်ဆေးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးတော့မှ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဥပဒေနှင့်အညီ

ပေးအပ်တဲ့ အခြားတာဝန်တွေကို ကျေပွန်စွာကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှတင်ပြသည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါ မယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက် (သောကြာနေ့)၊ နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (တတိယနေ့)မှတ်တမ်း

## ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

## ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်

## [သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၈.၄၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက် နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊

ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄- ၉- ၂၀၂၀ ရက် (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂) ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၄)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစား စွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၆)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ) နည်းဥပဒေခွဲငယ်(၂)အရ ယခု

လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီး(၂)ဦး ခန့်အပ်ကြောင်း လွှတ်တော်သို့ ကြေညာခြင်း၊ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ၂.၉.၂၀၂၀ ရက်၌ ဒေါ်စန္ဒာအောင်နှင့် ဦးအောင်သိန်းတို့ကို ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် တာဝန်ပေးအပ်ရန် လွှတ်တော်မှသဘောတူခဲ့ပြီး၊ နိုင်ငံတော်သမ္မတရုံး၏ ၃.၉.၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ (၂၅/၂၀၂၀)နှင့် (၂၆/၂၀၂၀) တို့ဖြင့် ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်ပါတယ်။

အစီအစဉ်အရ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများက လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူရန် ဖြစ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်ကတိုင်ပေးတဲ့အခါ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများက မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခု ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးဖို့ဖြစ်ပါတယ်။

ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်း စောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက် တည်ကြည် စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။

အားလုံးထိုင်နိုင်ပါပြီ။ ယခု ကတိသစ္စာပြုပြီးတဲ့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများ မိမိနေရာသို့ ပြန်လည်နေရာယူရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ ပေးအပ်ဖို့ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ယနေ့ကြွရောက် လာကြ သော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အစိုးရအဖွဲ့ဝင်များ အားလုံး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကျွန်တော်တို့ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဝန်ထမ်း မိသားစုများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်း

ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကတည်းက တင်ထားတဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။ မေးခွန်းကတော့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၇ နှင့်ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းပဲဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမတိုင်ခင်အထိကို ပုံမှန်အစည်းအဝေးမှာဆိုရင် လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပြီးသော အများနဲ့သက်ဆိုင်တဲ့ ဥပဒေ(၁၂)ခု ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ပြဋ္ဌာန်းခဲ့သော ဥပဒေများနှင့် ပတ်သက်ပြီးတော့မှ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်း ဥပဒေများ၊ နည်းဥပဒေ ၁၅၄ ကနေ ၁၅၉ အထိ အတိအကျပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အစိုးရ အဖွဲ့ ဝန်ကြီးချုပ်ကနေပြီးတော့မှ ဦးဆောင်ဆောင်ရွက်ရမဲ့လုပ်ငန်းစဉ် နည်းဥပဒေများပဲ ဖြစ်ပါ တယ်။

အစိုးရဌာနများရေးဆွဲပြဋ္ဌာန်းသော ဥပဒေများအပြင် လွှတ်တော်ကိုယ်စားလှယ်များ ရေးဆွဲပြဋ္ဌာန်းသော ဥပဒေများပါဝင်နေတာကို လေ့လာတွေ့ရှိရပါတယ်။ လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းထားသောဥပဒေများသည် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ ၁၅၅ အရ ယခုအချိန်အထိ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပြီး ဥပဒေများအဖြစ် မှတ်ယူရမည်ဖြစ်ပါတယ်။

ပြဋ္ဌာန်းဥပဒေများနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၅၇ အရ အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း (သို့မဟုတ်) စည်းကမ်း ထုတ်ပြန်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံဖြစ်စေ၊ လွှတ်တော်ထံ ဖြန့်ဝေတင်ပြ ခြင်းမရှိသေးသည်ကို သတိထားမိပါတယ်။ ဒါကြောင့်မလို့ ပြဋ္ဌာန်းဥပဒေများနှင့် ဆက်စပ် ပြီးတော့မှ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၇ နှင့် ပတ်သက်၍ အစိုးရဆောင်ရွက်ချက်များကို သိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်ဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ဦး၊ ပြည်နယ်ဥပဒေချုပ်။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှာ တာဝန်ထမ်းဆောင်လျက်ရှိကြသော အရာထမ်း၊ အမှုထမ်းများအားလုံးကိုယ်၏ကျန်းမာမှု၊ စိတ်၏ချမ်းသာမှုနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဥပဒေချုပ် ဦးတင်ဦးဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်က ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၅၇ အရ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေများနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း (သို့မဟုတ်) စည်းကမ်းထုတ်ပြန်ချက် များကို လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြခြင်း မရှိသေးပါသဖြင့် အဆိုပါ ပြဋ္ဌာန်းဥပဒေများ နှင့်ဆက်စပ်၍ အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို သိရှိလိုပါ ကြောင်း မေးမြန်းထားတဲ့ မေးခွန်းကို ကျွန်တော်မှ အစိုးရအဖွဲ့ဝင်တစ်ဦးအနေနဲ့ တာဝန် ပေးအပ်ချက်အရ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများထံ အပ်နှင်းထားပြီး သက်ဆိုင်ရာလွှတ်တော်များက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယားများ၌ ဖော်ပြထားသောကိစ္စများကို ဥပဒေများ ပြုစုပြဋ္ဌာန်းလျက် ရှိပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဥပဒေပြုခြင်းနှင့်စပ်လျဉ်း ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ မှ ပုဒ်မ ၁၉၅ ထိပြဋ္ဌာန်းထားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၂ တွင် ဖော်ပြ ထားသည့် ဥပဒေပြု စာရင်းပါကိစ္စများအတွက် ဥပဒေပြုခွင့်ရှိပါတယ်။ ထိုသို့ဥပဒေပြုရာတွင်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ဒေသန္တရစီမံကိန်းဆိုင်ရာ၊ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများမှလွဲ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဇယား ၂ တွင် ဖော်ပြထားသည့် ဥပဒေပြုစာရင်းပါ ကိစ္စများနှင့်စပ်လျဉ်း၍ သတ်မှတ်နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းများကို တင်သွင်းခွင့်ရှိကြပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဥပဒေပြုခြင်းကိစ္စများအပါအဝင် လွှတ်တော်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ၂၀၁၃ ခုနှစ်တွင် ဆက်လက်ပြဋ္ဌာန်းခဲ့ပေးခဲ့ပြီးဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၉(ဂ)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၇ တို့အရ ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အနီးကပ်ဆုံးကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမှာ ဖြစ်ပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဖြစ်သော ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အတည်ပြုပြဋ္ဌာန်းသောဥပဒေများအနက် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ဥပဒေများမှအပ ဥပဒေပေါင်း(၁၂)ရပ်ကို ပြဋ္ဌာန်းခဲ့တာတွေ့ရှိရပါတယ်။ အဲ့ဒီဥပဒေများကတော့-

- ရှမ်းပြည်နယ် ကျေးရွာ ထင်းစိုက်ခင်းဥပဒေ၊
- ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ၊
- ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ၊
- ရှမ်းပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များကြိုတင်ကာကွယ်ရေးဥပဒေ၊

- ရှမ်းပြည်နယ် သဘာဝမြေသြဇာများစနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ၊
- ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာဥပဒေ
- ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ၊
- ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ၊
- ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာဥပဒေ၊
- ရှမ်းပြည်နယ် အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဥပဒေ၊
- ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးဥပဒေ၊
- ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ တို့ကို ပြဋ္ဌာန်းခဲ့တာ တွေ့ရှိရပါတယ်။

အဲ့ဒီဥပဒေများကို အတည်ပြုပြဋ္ဌာန်းတဲ့အခါမှာ ဥပဒေကြမ်းတင်သွင်းသူများကတော့ ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဖြစ်သော ၂၀၁၆ ခုနှစ်မှစ၍ ယနေ့ထိ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများကတော့ ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ဥပဒေများမှအပ ဥပဒေ(၁၃)ရပ်၊ ယမန်နေ့က အတည်ပြုပြဋ္ဌာန်းတဲ့ ဥပဒေနဲ့ဆိုရင် (၁၄)ရပ် အဖြစ် တွေ့ရှိရပါတယ်။ အဲ့ဒီဥပဒေများကတော့ -

- ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ
- ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ
- ရှမ်းပြည်နယ် ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ
- ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်းဥပဒေ
- ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်ဥပဒေ
- ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ
- ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ၊

- ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးဥပဒေ
- ရှမ်းပြည်နယ် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ဆိုင်ရာ ဥပဒေ
- ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့် အပ်နှင်းခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
- အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ
- ရှမ်းပြည်နယ် အခြေခံပညာကျောင်းများဘေးကင်းစိတ်ချရသောအစားအသောက် ဥပဒေ
- ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ စတဲ့ဥပဒေ (၁၃)ရပ်အပြင် ယမန်နေ့က မြေယာခွန်ဥပဒေကို လွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်တာကို တွေ့ရှိရပါတယ်။

အထက်ပါ ဥပဒေများအနက် ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေသည် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်က ဥပဒေကြမ်း တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကျန် ဥပဒေများကတော့ ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများမှတစ်ဆင့် တင်သွင်းထားသော ဥပဒေများဖြစ်ပါတယ်။

အထက်ပါဥပဒေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများက ကျင့်သုံးလျက်ရှိရာတွင် နည်းဥပဒေ(၈) ခုကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ယင်းနည်းဥပဒေများမှာ–

(၁) ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း နည်းဥပဒေ

(၂) ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး နည်းဥပဒေ

(၃) ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်း နည်းဥပဒေ

(၄) ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်း နည်းဥပဒေ

(၅) ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး နည်းဥပဒေ

(၆) ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေ

(၇) ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေ

(၈) ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေ တို့ဖြစ်ကြပါတယ်။

အဲ့ဒီ နည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနများက ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ကြောင်းကို လေ့လာသိရှိရပါတယ်။

ကျန်ရှိသော ဥပဒေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများက ယင်းဥပဒေများနှင့်သက်ဆိုင်သည့် နည်းဥပဒေများရေးဆွဲလျက်ရှိပါတယ်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးနောက် နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများ ထုတ်ပြန်ခြင်းသည် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းများအတွက် အလေးဂရုပြု ဆောင်ရွက်ရသောကိစ္စရပ်ဖြစ်ပါတယ်။ ဥပဒေများမှာ အဆင့်အတန်းနှစ်ရပ်ခွဲခြားထားတဲ့ အနေအထားရှိပြီး ပင်ရင်းဥပဒေ (substantive law) နှင့် တစ်ဆင့်ခံဥပဒေ (subordinate law) ဆိုပြီးတော့ နှစ်ပိုင်းရှိပါတယ်။ လွှတ်တော်များက အတည်ပြုပြဋ္ဌာန်းတဲ့ ဥပဒေဟာ ပင်ရင်းဥပဒေ(substantive law) ဖြစ်ပြီးတော့ ယင်းဥပဒေကို မှီးပြီးရေးဆွဲတဲ့ နည်းဥပဒေများကတော့ဖြင့် စည်းမျဉ်း၊ စည်းကမ်းစတဲ့ တစ်ဆင့်ခံ ဥပဒေ(subordinate law) များ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ဥပဒေစနစ်မှာ common law system ဖြစ်တဲ့ ဥပဒေစနစ်ကို ကျင့်သုံးနေတာဖြစ်ပြီးတော့ ယင်းစနစ်မှာဆိုရင် ပင်ရင်းဥပဒေတစ်ရပ်ထုတ်ပြန်ပြီးနောက် လိုအပ်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုအတည်ပြု ထုတ်ပြန်တဲ့လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ပင်ရင်းဥပဒေတစ်ရပ် ပြုလုပ်ရသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ သက်ဆိုင်ရာပင်ရင်းဥပဒေနှင့်လည်းကောင်း ညီညွတ်မှုလည်းရှိရမှာ ဖြစ်ပါတယ်။ ဥပဒေများ၏ဝါစဉ် (hierarchy of laws) အရ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများသည် ပင်ရင်းဥပဒေနှင့်ညီညွတ်မှု မရှိပါကပျက်ပြယ်သည့် သဘောသက်ရောက်ပါတယ်။

ထို့ပြင် ပင်ရင်းဥပဒေအပ်နှင်းသည့် လုပ်ပိုင်ခွင့်ရရှိသော အဖွဲ့အစည်းသည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ရာမှာ ပင်ရင်းဥပဒေနှင့် ညီညွတ်မှုရှိစေရေးအပြင် လက်တွေ့ကျင့်သုံးနိုင်ခြင်း ရှိ/ မရှိကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရလျှင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးကို နည်းဥပဒေရေးဆွဲရေးကော်မတီက မူကြမ်းအခန်းကဏ္ဍ (၂၃)ခန်းပါဝင်တဲ့ နည်းဥပဒေကြမ်းကို ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ ရေးဆွဲခဲ့ပြီးတဲ့ နည်းဥပဒေကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တင်ပြပြီး စိစစ်မှု ခံယူထားရှိလျက်ရှိပါတယ်။ သို့ရာတွင် ပင်ရင်းစည်ပင်သာယာရေးဥပဒေဟာ ရှမ်းပြည်နယ်လွှတ်တော်၌ ပြင်ဆင်/ဖြည့်စွက်မှုများ ပြုရမဲ့ကိစ္စများ၊ မေးခွန်းတွေ မေးထားတာရှိတဲ့ ယင်းပြင်ဆင်ဖြည့်စွက်ပြီးမှသာ နည်းဥပဒေများကို ထုတ်ပြန်နိုင်မှာ ဖြစ်တဲ့အတွက် အဲ့ဒီအခြေအနေမျိုးမှာ ကြန့်ကြာရတယ်ဆိုတဲ့ အနေအထားကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ထို့ကြောင့် နည်းဥပဒေတစ်ရပ်ရေးဆွဲခြင်း၊ ထုတ်ပြန်ခြင်းများသည် ဥပဒေပိုင်းဆိုင်ရာ အချက်အလက်များသာမက လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မှုကိုလည်း ထည့်သွင်းစဉ်းစားပြီးတော့မှ အချိန်ယူရေးဆွဲရခြင်း ဖြစ်ပါတယ်။

ပြဋ္ဌာန်းပြီးသော ဥပဒေတိုင်းအတွက် နည်းဥပဒေထုတ်ပြန်နိုင်ခြင်းရှိမရှိ လေ့လာကြည့်သောအခါ ပြည်ထောင်စုလွှတ်တော်အဆင့်တွင် တွေ့ရှိရတဲ့အချက်မှာ ပထမအကြိမ်လွှတ်တော်သက်တမ်းအတွင်း ပြဋ္ဌာန်းဥပဒေ ၂၃၂ ခု၊ ပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေ ၄၆ ခုသာ ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရသဖြင့် အချိုးအားဖြင့် ငါးအချိုးတစ်သာရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့် ဥပဒေပေါင်း ၁၂၉ ခုရှိခဲ့ပြီး ပြဋ္ဌာန်းနိုင်တဲ့ နည်းဥပဒေကတော့ ၃၁ ခုသာရှိတဲ့အတွက် လေးအချိုးတစ်မျှသာ ရေးဆွဲထုတ်ပြန်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိဂုံးချုပ်အားဖြင့် ရှမ်းပြည်နယ်လွှတ်တော်၌ ပထမအကြိမ်လွှတ်တော်သက်တမ်းနှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းများတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် နည်းဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်သော နည်းဥပဒေ ၇ ခုရှိပြီး အဆိုပါဥပဒေ၊ နည်းဥပဒေများကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၇ အရ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြနိုင်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ သက်ဆိုင်ရာဌာနများမှ ပေးပို့

ထားပြီးဖြစ်ကြောင်း သိရှိပါတယ်။ ကျန်ရှိသော ပြဋ္ဌာန်းဥပဒေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ အာဏာပိုင်များက နည်းဥပဒေများ ရေးဆွဲနိုင်ရေးအတွက် ကျွမ်းကျင်သောပညာရှင်များနှင့်ဆွေးနွေးခြင်း၊ ဆက်စပ်ဌာနများနှင့် ဆွေးနွေးခြင်းစသည်တို့ကို အချိန်ယူဆောင်ရွက်ပြီး ပြုစုနေတဲ့အတွက် ဥပဒေအကြံပြုချက်များ ရယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများကို အတည်ပြု ထုတ်ပြန်ပြီးပါက ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း ရှမ်းပြည်နယ် လွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက် သက်ဆိုင်ရာနည်းဥပဒေပြုသည့် ပြည်နယ်အဆင့်ဌာနများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦး က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** မင်္ဂလာပါရှင်။ ကျွန်မကတော့ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦး ဖြစ်ပါတယ်။ အခုမေးမြန်းသွားမဲ့ မေးခွန်းကို ၁၂- ၇- ၂၀၂၀ ရက်နေ့မှာ မေးခွန်းမေးမြန်းထားခြင်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့ မဲဆန္ဒနယ်မြေအသီးသီးရှိ ပြည်သူများ၏ လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်ရန်၊ ကျေးလက်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို လွှတ်တော်ကိုယ်စားလှယ်များက ဦးဆောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နှစ်စဉ် တစ်မြို့နယ်လျှင် ကျပ်သိန်းတစ်ထောင်ကို ထုတ်ယူသုံးစွဲခွင့် ပြုလျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ် တွက်ချက်တင်ပြရာ၌ အမှန်သုံးစွဲရသော အထွေထွေကုန်ကျစရိတ်ကို သက်ဆိုင်ရာ လုပ်ငန်း တစ်ခုချင်းစီအလိုက် ကုန်ကျစရိတ်၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်စေဘဲ ထည့်သွင်း တောင်းခံနိုင်သည်ဟု ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)မှာ ဖော်ပြထားပါတယ်။

ဒီနေရာမှာ ကျွန်မအနေနဲ့ တင်ပြလိုတာက ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တွင် မတူကွဲပြားသော နိုင်ငံရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဥက္ကဋ္ဌအဖြစ် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းအမျိုးအစား ရွေးချယ်ရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လည်းကောင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတို့တွင် အားနည်းချက်များ ဖြစ်ပေါ်နေပြီး ပွင့်လင်းမြင်သာမှုမရှိသည့်အတွက်ကြောင့် နိုင်ငံရေးပါတီအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန် တွန်းပို့သကဲ့သို့ ဖြစ်ပေါ်နေပါတယ်။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ရွေးချယ်ထားသောလုပ်ငန်းများသည် သက်ဆိုင်ရာနယ်မြေရှိ ပြည်သူများအတွက် အမှန်တကယ် ထိရောက်အကျိုးရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသည့်အလျောက် မိမိအနေဖြင့် အခါအားလျော်စွာ လုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်မမေးမြန်းလိုတာက မောက်မယ်မြို့နယ်အတွင်းမှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်း တစ်ခုချင်းစီအလိုက် ကုန်ကျစရိတ်တွက်ချက်တင်ပြရာတွင် အမှန်သုံးစွဲရသော အထွေထွေ ကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ်၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်စေဘဲ ထည့်သွင်းတောင်းခံတဲ့အခါမှာ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းအတွင်း နှစ်စဉ်အလိုက် မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို ရှင်းလင်းစွာ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦးရဲ့

လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း(၁၀၀၀)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုခြင်းစီအလိုက် ကုန်ကျစရိတ်၏ (၃%)ထက် မကျော်လွန်စေဘဲ ထည့်သွင်းတောင်းခံရာ၌ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် နှစ်စဉ်အလိုက် မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း(၁၀၀၀)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့များဖွဲ့စည်းခြင်းနှင့် ဖွံ့ဖြိုးရေးကြော်ငြာစာအမှတ် (၈/၂၀၁၃) ညွှန်ကြားချက် အပိုဒ်၆(က)အရဖွဲ့စည်းပြီး လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားရှိပါသည်-

| | | |
|---|---|---|
| (က) | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (ဃ) | အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | မြို့နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | အမှုဆောင်အရာရှိ<br>စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| (ဆ) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

တို့ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း (၁၀၀၀)ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်စဉ်လုပ်ငန်းအဖွဲ့နှင့် အုပ်ချုပ်ရေးမှူးများမှ မိမိရပ်ကွက်/ ကျေးရွာအုပ်စုများတွင် အမှန်တကယ် ဆောင်ရွက်ရန်လိုသည့် လုပ်ငန်းများကို ရပ်မိရပ်ဖများနှင့် ညှိနှိုင်းဆွေးနွေးပြီး လုပ်ငန်းများလျာထားတင်ပြစေခြင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ တင်ပြလာသည့် လုပ်ငန်းများအား လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ

အစည်းအဝေးတွင် ဆွေးနွေးအတည်ပြု ရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။

ရပ်ကွက်/ ကျေးရွာအုပ်စုများမှ တင်ပြလာသည့် လုပ်ငန်းစာရင်းများ စုစည်းပြီး လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ဖိတ်ကြားပြီး မြို့နယ်အတွက် အဓိကကျသည့် လုပ်ငန်းများကိုသာ ရွေးချယ်ခဲ့ပါတယ်။ (၃%) အသုံးစရိတ်အား မြို့ပေါ်ရပ်ကွက်လုပ်ငန်းများ အတွက် အသုံးပြုခြင်းမရှိဘဲ ကျေးရွာအုပ်စုလုပ်ငန်းများကို (၃%)အထွေထွေအသုံးစရိတ် အဖြစ်သာသုံးစွဲပြီး ပွင့်လင်းမြင်သာစွာဖြင့် အစည်းအဝေးများတွင် ချပြခြင်းနှင့် ဘဏ္ဍာရေး နှစ်အလိုက်မှတ်တမ်းများထားရှိပါတယ်။

မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့မှ လုပ်ငန်းများ အဆိုပြု ရွေးချယ်ပြီးပါက ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ နေပြည်တော်သို့ သတ်မှတ်ပုံစံ(၁)၊ အစည်းအဝေးမှတ်တမ်း၊ Estimate များနှင့်အတူ တင်ပြဆောင်ရွက်ရ ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ၏ ခွင့်ပြုချက်ရရှိပါက မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဌာနဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု လုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များအား ဖိတ်ကြား၍လျာထားလုပ်ငန်း တန်ဖိုး၏ (၅၀%)ကို ရန်ပုံငွေလွှဲပြောင်းပေးအပ်ပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်စေရပါတယ်။ အခါ အားလျော်စွာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အရည်အသွေးစစ်ဆေးရေး အဖွဲ့တို့နှင့် လုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေးရပါတယ်။ လုပ်ငန်းများ (၅၀%)ပြီးစီးပါက ဒုတိယအကြိမ်ငွေထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီး ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း (၁၀၀၀) လုပ်ငန်းများတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ အချိန်မီ ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးအတွက် ယခင်နှစ်များအတိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ရပ်ကွက်ကျေးရွာအုပ်စု လုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ လုပ်ငန်းပြီးစီးကြောင်း မှတ်တမ်းဓာတ်ပုံ၊ စာရင်းဘောင်ချာ များဖြင့် တင်ပြလာသည့်အချိန်တွင် လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးရပါတယ်။

လုပ်ငန်းများပြီးစီးပါက ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ နေပြည်တော်သို့ နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပုံစံများဖြင့် တင်ပြခဲ့ပြီး စာရင်း အစစ်ဆေးခံနိုင်ရေး အစီရင်ခံစာအမှတ်တွဲ၊ မှတ်တမ်းဓါတ်ပုံများ၊ ဘောင်ချာများ နှင့်အတူ ပြုစုထားရှိပါတယ်။ ပုဒ်မ(၁၇)အရ လုပ်ငန်းတစ်ခုချင်းစီအား (၃%)ထက်မပိုသော ငွေသား

တောင်းခံနိုင်ကြောင်း ဥပဒေတွင် ပါရှိပါတယ်။ မောက်မယ်မြို့နယ်အနေဖြင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း(၁၀၀၀)ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအနက်မှ ဘဏ္ဍာရေးနှစ်အလိုက် (၃%)နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါတယ်-

၂၀၁၅- ၂၀၁၆ လုပ်ငန်းတန်ဖိုးကျပ် သိန်း(၁၀၀၀) လုပ်ငန်းအရေအတွက် ၃၅ ခု၊( ၃% ) ငွေကျပ် သိန်း(၃၀)၊ ၂၀၁၆-၂၀၁၇ လုပ်ငန်းတန်ဖိုးကျပ် သိန်း(၁၀၀၀) လုပ်ငန်းအရေအတွက် ၃၀ ခု၊ ၃% ငွေကျပ် သိန်း (၃၀)၊ ၂၀၁၇- ၂၀၁၈ လုပ်ငန်းတန်ဖိုးကျပ် သိန်း(၁၀၀၀) လုပ်ငန်းအရေအတွက် ၃၃ ခု ၃% ငွေကျပ် (၂,၇၁၁,၀၀၀)မြို့ပေါ် (၂%) ကျေးရွာ (၃%) ကြောင့်ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ လုပ်ငန်းတန်ဖိုးကျပ် သိန်း(၁၀၀၀) လုပ်ငန်းအရေအတွက် ၂၄ ခု ၊ ၂၀၁၉-၂၀၂၀ လုပ်ငန်းတန်ဖိုးကျပ် သိန်း(၁၀၀၀) လုပ်ငန်းအရေအတွက် ၃၃ ခု၊ (၃%)မပါရှိပါဘူး။

၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း (၁၀၀၀)ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း(၃၅)ခုအတွက် (၃%)၏အသုံးစရိတ်အနက် လုပ်ငန်း Estimate ရေးဆွဲခြင်းအတွက်၁%၊ ဆိုင်းဘုတ်၊ ဘဏ်ငွေလွှဲခ၊ စာရေးကိရိယာ၊ မှတ်တမ်းဓာတ်ပုံ၊ လုပ်ငန်းတစ်ခုချင်းအလိုက် အမှုတွဲပြုစုခြင်းများအတွက် (၁%)နှင့် အဖွဲ့ဝင်များ ကွင်းဆင်းခြင်းအတွက်(၁%) သုံးစွဲပြီးစာရင်းစစ်ဆေးခံယူပြီး ဖြစ်ပါတယ်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း (၁၀၀၀)ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း(၃၀)ခုအတွက် (၃%)၏ အသုံးစရိတ်အနက် လုပ်ငန်း Estimate ရေးဆွဲခြင်းအတွက်(၁%)၊ ဆိုင်းဘုတ်၊ ဘဏ်ငွေလွှဲခ၊ စာရေးကိရိယာ၊ မှတ်တမ်းဓာတ်ပုံ၊ လုပ်ငန်းတစ်ခုချင်းအလိုက် အမှုတွဲပြုစုခြင်းများအတွက် (၁%)နှင့် အဖွဲ့ဝင်များ ကွင်းဆင်းခြင်းအတွက် (၁%) သုံးစွဲပြီး စာရင်းစစ်ဆေးခံယူပြီးဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း (၁,၀၀၀)ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း(၃၃)ခုရှိပြီး (၃%)၏ အသုံးစရိတ်အနက်လုပ်ငန်း Estimate ရေးဆွဲခြင်းအတွက်(၁%)၊ ဆိုင်းဘုတ်၊ ဘဏ်ငွေလွှဲခ၊ စာရေးကိရိယာ၊ မှတ်တမ်းဓါတ်ပုံ၊ လုပ်ငန်းတစ်ခုချင်းအလိုက် အမှုတွဲပြုစုခြင်းများအတွက်(၁%)နှင့် အဖွဲ့ဝင်များ ကွင်းဆင်းခြင်းအတွက်(၁%) သုံးစွဲပြီးစာရင်းစစ်ဆေးခံယူပြီးဖြစ်ပါသည်။

၂၀၁၈- ၂၀၁၉ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉- ၂၀၂၀ဘဏ္ဍာရေးနှစ်အတွက် (၃%) သုံးစွဲထားခြင်း မရှိပါကြောင်းနှင့် ဘဏ္ဍာရေးနှစ် တစ်နှစ်ချင်းစီအလိုက် သက်ဆိုင်ရာစာရင်းစစ်ဆေးရေးအဖွဲ့မှလည်း စစ်ဆေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦးက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင့်။ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်မှာ ဒေသခံပြည်သူလူထုကို ဝန်ဆောင်မှုပေးဖို့နဲ့ ဆက်သွယ်နိုင်ဖို့အတွက် အစိုးရဌာနဆိုင်ရာရုံးအသီးသီးကို ဖွင့်လှစ်ထားရှိလျက်ရှိပါတယ်။ အဲ့ဒီလိုဖွင့်လှစ်ရာမှာ သတ်မှတ်ပေးထားတဲ့ မြေနေရာတွေမှာ အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများအတွက် နေရာချထားပေးခြင်းစသည်တို့ကိုလည်း တွေ့ရှိရပါတယ်။ အဲ့လို ဆောင်ရွက်တဲ့နေရာမှာ အဆိုပါမြေနေရာများဟာ တရားဝင် သတ်မှတ်နေရာချထားပေးတာ ဟုတ်/ မဟုတ် ရှင်းလင်းစွာ မသိရှိရတဲ့အတွက် ရရှိထားတဲ့ မြေနေရာနဲ့ စပ်လျဉ်းပြီး တိကျရေရာမှုမရှိခြင်း၊ လုပ်ပိုင်ခွင့်ကို အသုံးချ၍ အလွဲသုံးစားမှုကို ပြုလုပ်နိုင်ခြင်း၊ ဌာနဆိုင်ရာရုံး တစ်ခုနှင့် တစ်ခုကြားတွင် မလိုအပ်တဲ့ နယ်နိမိတ်အငြင်းပွားဖွယ်ရာ ကိစ္စများပေါ်ပေါက်လာနိုင်ခြင်းစသည်တို့ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ အစိုးရဌာနဆိုင်ရာရုံးများအတွက် ရည်ရွယ်ထားတဲ့ မြေနေရာများ၊ စိုက်ခင်းများ၊ ဝန်ထမ်းအိမ်ရာများဟာ မြေရာဇဝင်ရှင်းလင်းမှု ရှိ/ မရှိနှင့် တရားဝင် မြေပိုင်ဆိုင်မှု အထောက်အထားများပြုလုပ်ထားခြင်း ရှိ/ မရှိတို့ကို တိကျရှင်းလင်းစွာ သိရှိလိုတဲ့အတွက် မြေပုံနှင့်တကွ ပြန်လည်တင်ပြပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ယနေ့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦးမှ မေးမြန်းတဲ့ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်ရှိတဲ့ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ အစိုးရဌာနဆိုင်ရာရုံးများအတွက် လျာထားသော မြေနေရာများ၊ စိုက်ခင်းများ၊ ဝန်ထမ်းအိမ်ရာများဟာ

မြေရာဇဝင် ရှင်းလင်းမှု ရှိ/ မရှိနှင့် တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများ ပြုလုပ်ထားခြင်း ရှိ/ မရှိကို သိရှိလိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ကျွန်တော် ဦးစိုင်းလုံကျော်မှာ ရှင်းလင်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပါဝါပွိုင့်ဖြင့် တင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ မောက်မယ်မြို့နယ်တွင် ပြည်သူများအား ဝန်ဆောင်မှုပေးရန်နှင့် ဆက်သွယ်နိုင်ရန် အစိုးရဌာနပေါင်း ရုံး(၃၀)ရုံး ရှိပါတယ်။ (၃၀)ရုံး ဖွင့်လှစ်ထားရှိပြီးတော့ ဌာနဆိုင်ရာနှင့် ဝန်ထမ်းအိမ်ရာ(၂၅)ခုတို့သည် မြေငှားဂရန်ရရှိထားပြီး ဖြစ်ပါတယ်။ မြေငှား ဂရန်ရရှိထားတဲ့ ဌာနများကတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ်)၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ဝန်ထမ်းအိမ်ရာ)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ဧည့်ရိပ်သာ)၊ မြို့နယ်တရားရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ မြို့နယ်ပညာရေး မှူးရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၊ မြို့နယ်စာရင်းစစ် ရုံး၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ် အား ဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မြို့နယ်လမ်းဦးစီးဌာန၊မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ် ရုပ်သံထုတ်လွှင့်စက်ရုံ၊ မြို့နယ်စာတိုက်ရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(ဂိုဒေါင်)၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး (ဝန်ထမ်းအိမ်ရာ)၊ ဈေးတန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ဒီ(၂၅)ခုတို့ဟာ မြေဂရန်များရရှိထားတဲ့ ဌာနတွေ ဖြစ်ပါတယ်။

၎င်းအပြင် မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မြေလွှဲပြောင်းထားရန် အတွက် မြေပေးမိန့်ရရှိရေး လျှောက်ထားဆောင်ရွက်ဆဲဖြစ်ပါတယ်။ အောက်ဖော်ပြပါ ဌာန ဆိုင်ရာရုံး/ ဝန်ထမ်းအိမ်ရာများမှာ မြေပေးမိန့်ရရှိထားပြီး မြေလွှဲမိန့်ရရှိရန် သက်ဆိုင်ရာဌာန အဆင့်ဆင့်၏ ခွင့်ပြုချက်ရရှိရေး လျှောက်ထားဆောင်ရွက်လျက်ရှိပါတယ်။ မြေလွှဲမိန့်ရရှိရန် ဆောင်ရွက်နေတဲ့ ဌာနများကတော့ (၆)ခု ဖြစ်ပါတယ်။ မြို့နယ်ဥပဒေရုံး၊ မြို့နယ်စီမံကိန်း

ရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်တရားရုံး (ဝန်ထမ်းအိမ်ရာ)တို့ပဲဖြစ်ပါတယ်။

ဒါ့အပြင် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပတွင်ရှိသော ဌာနဆိုင်ရာရုံးမြေနေရာများအနေဖြင့် တရားဝင် မြေပိုင်ဆိုင်မှု အထောက်အထားရရှိရန်အတွက် မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသို့ လျှောက်ထားပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသို့ လျှောက်ထားတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်း (၅)ခုရှိပါတယ်။ ၎င်းတို့ကတော့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန (မြို့နယ်အားကစားကွင်း)၊ မြို့နယ်စာရင်းစစ်ရုံး (ဝန်ထမ်းအိမ်ရာ)တို့ဘဲဖြစ်ပါတယ်။ မြေပုံနှင့် တင်ပြရမည်ဆိုရင်တော့ မြေပုံမှာ အသေးစိတ် ရုံးများရဲ့ နေရာများကိုတင်ပြထားခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မောက်မယ်မြို့နယ်တွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း/ နယ်နိမိတ် ပြင်ပ၌ ဖွင့်လှစ်ထားရှိသည့် အစိုးရဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများအတွက် ရည်ရွယ်၍ လျာထားမြေနေရာများသည် မြေရာဇဝင်ရှင်းလင်းမှုရှိပါကြောင်းနှင့် ဌာနဆိုင်ရာရုံး/ အဖွဲ့အစည်း များမှ မြေပိုင်ဆိုင်မှုအထောက်အထား ရရှိရေးဆောင်ရွက်ရန် ချုပြရှင်းလင်းလျက်ရှိပြီး သက်ဆိုင်ရာ ဌာနအလိုက် တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထားရရှိရေး လျှောက်ထားလာပါကလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မောက်မယ်မြို့ အကွက်ချမြေပုံ
N
W
E
S
စကေး ၈ လက်မ = ၁ မိုင်
မြို့နယ်နိမိတ်
ရပ်ကွက်နယ်နိမိတ်
ကားလမ်း
ကျောက်ချောလမ်း
ချောင်း
တံတား
စေတီ/ကျောင်း
ဌာန/ရုံး/ဝန်ထမ်းအိမ်ရာ
တည်နေရာ

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို တက်ရောက်ချီးမြှင့်ပေးကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ၄- ၉- ၂၀၁၉ ကတည်းက မေးခွန်းလေး တစ်ခုဖြစ်ပါတယ်။ တစ်နှစ်တင်းတင်းပြည့်တဲ့နေ့မှာပဲ ကျွန်တော်ဒီမေးခွန်းကို လွှတ်တော်မှာပဲ ပြန်လည်မေးခွင့်ရခဲ့ပါတယ်။ အဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် သဘာဝ ပတ်ဝန်းကျင် အကျိုးသက်ရောက်မှု လုပ်ငန်းစဉ် (Environmental Impact Assessment Process) နှင့် လူမှုအကျိုးသက်ရောက်မှု လုပ်ငန်းစဉ် (Social Impact Assessment Process) များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောင်ရွက်ထားရှိမှုနဲ့ စပ်လျဉ်းပြီးတော့မှ မေးမြန်း သွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကိုယ်တိုင်ပဲ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာပဲ တင်သွင်းတဲ့ အဆိုတစ်ခုဖြစ်တဲ့ “ရှမ်းပြည်နယ်အတွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းများနှင့် အခြားမည်သည့် စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environmental Impact Assessment) နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းစဉ်များ စနစ်တကျ လေ့လာဆန်းစစ်ချက်များ ပြုလုပ်ပြီး ယခင်ကထက် ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကို ရှမ်းပြည်နယ် ၏ အမြင့်ဆုံး အစည်းအဝေးကြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးမှာ အတည်ပြုခဲ့ပြီးဖြစ်သည့် အားလျော်စွာ ရှမ်းပြည်နယ်အစိုးရမှလည်း ယင်းအတည်ပြုပြီးသော အဆိုကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့မှသာ

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အဆင်ပြေချောမွေ့မှုရှိပြီး သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု လျော့နည်းမှာဖြစ်သည့်အပြင် ပြည်သူလူထုတို့၏ ဘဝလုံခြုံရေး အာမခံချက်လည်းရှိပြီး လူမှုအကျိုး သက်ရောက်မှု များစွာလျော့နည်းသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သိရှိလိုသည်မှာ-

(၁) ရှမ်းပြည်နယ်အတွင်း လက်ရှိလည်ပတ်နေသော စီမံကိန်းများနှင့် သက်တမ်းတိုး လုပ်ခွင့် လျှောက်ထားသော စီမံကိန်းများ၊

(၂) ရှမ်းပြည်နယ်အစိုးရနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော စီမံကိန်းလုပ်ငန်းများ အားလုံးနှင့် သက်ဆိုင်တဲ့ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုလုပ်ငန်းစဉ်နှင့် လူမှုအကျိုး သက်ရောက်မှုလုပ်ငန်းစဉ် စသည်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီမေးခွန်းကို ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့နှင့်တကွ မဲဆန္ဒနယ်အသီးသီးတို့မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အခမ်းအနားမှူးများနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ရုံး အရာထမ်း၊ အမှုထမ်းများ၊ တက်ရောက်လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဖြစ်ပါတယ်ခင်ဗျား။ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်

မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ အတည်ပြုခဲ့တဲ့ “ရှမ်းပြည်နယ်အတွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းများနှင့် အခြားမည်သည့် စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ( Environmental Impact Assessment) နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းစဉ်များ စနစ်တကျ လေ့လာဆန်းစစ်ချက်များ ပြုလုပ်ပြီး ယခင်ကထက် ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို

(က) ရှမ်းပြည်နယ်အတွင်း လက်ရှိလည်ပတ်နေသော စီမံကိန်းများနှင့် သက်တမ်းတိုး လုပ်ခွင့် လျှောက်ထားသော စီမံကိန်းများ၊

( ခ) ရှမ်းပြည်နယ်အစိုးရနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော စီမံကိန်းလုပ်ငန်းများ သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့မှုတို့အပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ၂၀၁၅ခုနှစ်တွင်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်များ ပေါင်းစပ် ဆောင်ရွက်စေလျက် ရှိပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ(က) တွင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစား (၁၄၁)မျိုးနှင့် ၂၀၁၉ ခုနှစ်တွင် ထပ်မံဖြည့်စွက်ပြဋ္ဌာန်းထားသော လုပ်ငန်းအမျိုးအစား(၁၆)မျိုး၊ စုစုပေါင်း(၁၅၇)မျိုး သတ်မှတ်ထားရှိပါတယ်။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်း အဆိုပြုသူ၊ အစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့သည် စီမံကိန်းအဆိုပြုလွှာ( Project Proposal )ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ဦးစွာတင်ပြ၍ သဘောထားမှတ်ချက်ရယူခြင်း၊ ဝန်ကြီးဌာနမှ လုပ်ငန်းအမျိုးအစား အရွယ်အစားနှင့်

ပတ်ဝန်းကျင် ထိခိုက်မှုအခြေအနေတို့အပေါ် မူတည်၍ IEE (Initial Environmental Examination) ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း၊ EIA ( Environmental Impact Assessment)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan)၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု စီမံကိန်းများကို အစီရင်ခံစာများရေးဆွဲ တင်ပြစေခြင်း တို့ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ စီမံကိန်းအဆိုပြု သူများအနေဖြင့် EIA ဆောင်ရွက်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ရွေးချယ်၍ ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ ဖော်ထုတ်ခြင်း၊ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆန်းစစ်လေ့လာမှုများ ဖော်ထုတ်ခြင်း၊ စီမံကိန်း ကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာ လူထုနှင့်လူမှုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဓာတ်သတ္တုလုပ်ငန်းများ ဆောင်ရွက်ခွင့် တင်ပြလျှောက်ထား လာသည့်အခါတွင် သက်ဆိုင်ရာဌာန အသီးသီးမှ မြေပြင်ကွင်း ဆင်းစစ်ဆေးပြီး ရှမ်းပြည်နယ် သဘာဝသယံဇာတ စီမံခန့်ခွဲမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ခွင့်ပြုရန် သင့်/ မသင့် ဆွေးနွေးဆုံးဖြတ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ IEE ,EIA, EMPများ ရေးဆွဲဆောင်ရွက်စေခြင်း၊ စည်းမျဉ်းစည်းကမ်း၊ ကတိကဝတ်များနှင့် ဆောင်ရွက်စေခြင်းတို့ဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုလျော့နည်းသက်သာစေရေး ကို ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ လက်ရှိလည်ပတ်နေသော စီမံကိန်းများနှင့် သက်တမ်းတိုး ဆောင်ရွက်ခွင့် လျှောက်ထားသော စီမံကိန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ခွင့်ပြုမိန့် လိုင်စင်ထုတ်ပေးမည့် ဌာနများမှ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားတောင်းခံလာခြင်းများအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်များ ပြန်ကြားပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် လက်ရှိအချိန်အထိ ကဏ္ဍအလိုက် ခွင့်ပြုမိန့်

ထုတ်ပေးသည့် ဌာနများသို့ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားပြန်ကြားထားရှိမှုမှာ စီမံကိန်း လုပ်ငန်းကဏ္ဍစုံ အနေနဲ့ EIA(၄၉)ခု၊ IEE(၁၉၆)ခု၊ EMP (၅၈၃)ခု၊ စုစုပေါင်း (၈၂၈)ခု ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အစိုးရနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော စီမံကိန်း လုပ်ငန်းများမှာ လက်ရှိအချိန်အထိ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထား ပြန်ကြားထားရှိမှု EIA (၁၂)ခု၊ SIA (၆)ခု၊ EMP (၅)ခု၊ စုစုပေါင်း (၂၃)ခုဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်နေသော ရေအားလျှပ်စစ် စီမံကိန်းများနှင့် ပတ်သက် သည့် နားလည်မှုစာချွန်လွှာ (MoU ) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာဆောင်ရွက်လျက် ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း(၂၈)ခု၊ လုပ်ငန်းသဘောတူစာချုပ် (MoA)ရေးထိုးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း (၁၀) ခု၊ မြေငှားရမ်းစာချုပ် လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၈)ခု၊ အခြားနည်းဖြင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း (၅)ခု၊ စုစုပေါင်း စီမံကိန်းလုပ်ငန်း(၅၁)ခုရှိပြီး နားလည်မှု စာချွန်လွှာ( MoU) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိသည့် ဇီဝလောင်စာသုံး ဓာတ်အားပေးစက်ရုံ လုပ်ငန်း (၁)ခု၊ ဆိုလာပြား(နေရောင်ခြည်သုံး) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်းလုပ်ငန်း အတွက် နားလည်မှုစာချွန်လွှာ( MoU) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာ ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်း(၂)ခု၊ မြေအောက်အပူစွမ်းအားဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်သော စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၁)ခု၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အရေအတွက်မှာ လုပ်ငန်း သဘောတူ (MoA)ရေးထိုးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၁)ခုနှင့် နားလည်မှု စာချွန်လွှာ (MoU) သက်တမ်းတိုး လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည့် စီမံကိန်းလုပ်ငန်း (၄)ခု တို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီနှင့် လုပ်ငန်းရှင်/ကုမ္ပဏီတို့သည် လုပ်ငန်းသဘောတူ စာချုပ် (MoA)(၁၃)ခုနှင့် နားလည်မှု စာချွန်လွှာ(MoU) (၁၅)ခုတို့ လက်မှတ်ရေးထိုးပြီး စီးပွားရေးစီမံကိန်း၊ အိမ်ရာ စီမံကိန်း၊ ဟိုတယ်စီမံကိန်း၊ အပန်းဖြေစခန်းစီမံကိန်းနှင့် ရုပ်မြင်

သံကြားစတူဒီယို တည်ဆောက်ရေးစီမံကိန်းစသည့် စီမံကိန်းလုပ်ငန်းများ အကျိုးတူပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်အစိုးရနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (MoA)လက်မှတ်ရေးထိုးထားသော ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်း (၁၀)ခုနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်း (၁)ခု၊ စုစုပေါင်း စီမံကိန်း လုပ်ငန်း(၁၁) ခုရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း နားလည်မှု စာချွန်လွှာ(MoU) ရေးထိုးပြီး အသေးစိတ် စူးစမ်း လေ့လာဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း(၂၉)ခု၊ လုပ်ငန်းသဘောတူ စာချုပ်(MoA) ရေးထိုးပြီး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၁၀)ခု၊ မြေငှားရမ်း စာချုပ်လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၈)ခုရှိသည့်အနက် သဘာဝ ပတ်ဝန်းကျင် အကျိုးသက်ရောက်မှု Environmental Impact Assessment) နှင့် လူမှုအကျိုး သက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းစဉ်များ စနစ်တကျလေ့လာ ဆန်းစစ်ချက်များ ပြုလုပ်ဆောင်ရွက်ပြီး (၁၂)ခု၊ ဆောင်ရွက်ဆဲ(၁၁)ခု၊ ဆောင်ရွက်ရန် ကျန်(၁၅)ခု ရှိပါတယ်။ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိသည့် ဇီဝလောင်စာသုံး ဓာတ်အားပေးစက်ရုံလုပ်ငန်း(၁)ခု၊ ဆိုလာပြား (နေရောင်ခြည်သုံး) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်း လုပ်ငန်းအတွက် နားလည်မှု စာချွန်လွှာ (MoU) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း (၂)ခု၊ မြေအောက်အပူစွမ်းအားဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်သော စီမံကိန်းအတွက် နားလည်မှု စာချွန်လွှာ ( MoU ) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာ ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်း (၁)ခုတို့မှာ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု Environmental Impact Assessment) နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့် လုပ်ငန်းစဉ်များ စနစ်တကျ လေ့လာဆန်းစစ်ချက်များ မပြုလုပ်ရသေးပါကြောင်းနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အရေအတွက်မှာ လုပ်ငန်းသဘောတူ ( MoA ) ရေးထိုးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း (၁)ခုသာ ဆောင်ရွက်ပြီး ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်နည်းနည်းလေး ထပ်ဆင့်မေးခွန်းဆိုတာထက် ဝန်ကြီးချုပ်ကိုယ်တိုင် တင်ပြလာတဲ့ လုပ်ငန်းစဉ်အားလုံးအတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် MoU ထိုးထားတဲ့ လုပ်ငန်းရဲ့ တည်နေရာနဲ့ စီမံကိန်းတွေကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်တွေကို ဖြန့်ဝေပေးဖို့ ကျွန်တော်တင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ဖြန့်ဝေပေးပါမယ်။ ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းမြထွေး က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) မှာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ သက်ဆိုင်ရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်မအနေနဲ့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေး ဖြစ်ပါတယ်ရှင်။ ကျွန်မပြည်သူလူထုကိုယ်စား မေးမြန်းမဲ့ မေးခွန်းကတော့ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဆဟောင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူလူထု အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နောင်တောင်- ဟွေဆန်းတံတားကို သက်ဆိုင်ရာဌာနများနှင့်တကွ အတူကွင်းဆင်းကြည့်ရှုခဲ့ပါတယ်ရှင်။ ဆဟောင်းကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၄၀)ရွာ၊ အိမ်ခြေပေါင်း(၂၀၇၆)အိမ်၊ လူဦးရေ စုစုပေါင်း(၁၁၄၁၉)ဦး မှီတင်းနေထိုင်လျက် ရှိပါတယ်ရှင်။ ကျေးရွာနေပြည်သူလူထုများရဲ့ လိုအပ်ချက်များဖြစ်တဲ့ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာမှာ အခက်အခဲ မရှိစေရန်နဲ့ ကျေးရွာချင်းဆက် တစ်ရွာနှင့်တစ်ရွာ သွားလာလွယ်ကူစေရန်အတွက် အရှည်(၃၆)ပေ၊ အမြင့်(၁၀)ပေ နောင်တောင်- ဟွေဆန်း တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့် ဘတ်ဂျက်နှစ်တွင် ထည့်သွင်းပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင် ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေးမှ မေးမြန်းလာသည့် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဆဟောင်းကျေးရွာအုပ်စုအတွင်း အလျား(၃၆)ပေ၊ အမြင့်(၁၀)ပေရှိ နောင်တောင်- ဟွေဆန်း တံတားအား ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မှမေးမြန်းသည့် တံတားမှာ ပင်လုံ- ကိုးနဝင်း- ဟွေဆန်း- နောင်တောင်ကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းပိုင်း၊ ဟွေဆန်းကျေးရွာ အလွန်တွင် တည်ရှိပြီး တောင်ကျချောင်းအား ဖြတ်သန်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။ ၎င်းတံတား တည်ရှိရာ လမ်းပိုင်းသည် (၁) မိုင်ခန့်ရှိပြီး အကျယ်(၁၆)ပေခန့် ရှိပါတယ်။

လက်ရှိတံတားမှာ ဒေသမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော တံတားငယ် ဖြစ်၍ လူ၊ လားနှင့် ဆိုင်ကယ်များသာ သွားလာနိုင်သည့်တံတားဖြစ်ပြီး ဟောင်းနွမ်း ဆွေးမြေ့ နေသည့် အနေအထားဖြစ်ပါတယ်။ တံတားအလျား (၃၆)ပေ၊ အနံ(၁၀)ပေ နှင့် အမြင့် (၁၀)ပေ ရှိပြီး ဒေသခံများအနေဖြင့် ဒေသထွက်ကုန်ဖြစ်သည့် လက်ဖက်ခြောက်၊ လက်ဖက်စိုများ ပို့ဆောင်ရောင်းဝယ်ရာတွင် ကုန်ထုတ်လမ်းအဖြစ် အသုံးပြုလျက်ရှိသည့်အပြင် လူမှုရေး၊ ကျန်းမာရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဓိက အသုံးပြုလျက်ရှိသော်လည်း မိုးရာသီတွင် တောင်ကျ ချောင်းရေစီးဆင်းသဖြင့် သွားလာရန် ခက်ခဲမှုဖြစ်ပေါ်လျက်ရှိပါတယ်။

အဆိုပါ တံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည် ဆိုပါက ဆဟောင်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ(၇)ရွာမှ အိမ်ထောင်စု(၃၉၆)စုနှင့် လူဦးရေ (၁၉၇၃)ဦးတို့၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ပြုနိုင်မှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လျာထားဆောင်ရွက်ရာတွင် ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်တည်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)၊

အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ(၅)ခု၊ စုစုပေါင်း(၈)ခုမှာရှိတဲ့ မြို့နယ်(၅၅)မြို့နယ်အတွက် အချိုးကျ ခွဲဝေလျာထား တင်ပြဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ၊ ပြည်ထောင်စု၊ ပြည်နယ် ရန်ပုံငွေဖြင့် မြို့နယ်အလိုက် ဆောင်ရွက်လိုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တောင်းခံခဲ့ရာ သက်ဆိုင်ရာမြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ တင်ပြသည့် လုပ်ငန်းစာရင်းပါ စီမံကိန်းလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အလိုက် အဆိုပြု တင်ပြထားပြီးဖြစ်ရာ အဆိုပါလုပ်ငန်းမှာပါဝင်ခြင်း မရှိသေးပါ။ လက်ရှိတွင် မပြီးပြတ်သေးသော လုပ်ငန်းဆက်များ၊ လွှတ်တော်ကတိကဝတ်များ ကျန်ရှိနေပါ၍ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ နောင်တောင်- ဟွေဆန်းတံတား (၃၆)ပေ တည်ဆောက်ခြင်း လုပ်ငန်းအား ဒေသမှလုပ်ငန်း လိုအပ်ချက်အရ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြလာမှု အပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဝင်းမင်းထွေး က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးဝင်းမင်းထွေး၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** အားလုံး မင်္ဂလာပါ။ ဒီနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ် မြောက်ပုံမှန် အစည်းအဝေး (တတိယနေ့)ကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဝင်းမင်းထွေး ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းသွားမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း လေအားမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ရရှိနိုင်ရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် စီမံကိန်းများ ချမှတ်ပြီး စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းနေထိုင်ကြသော ပြည်သူလူထု အားလုံး၏ နေ့စဉ်ဖြတ်သန်းနေရတဲ့ လူမှုဘဝများတွင် စွမ်းအင်ကဏ္ဍသည် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါတယ်။ မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံများတွင် ကမ္ဘာကြီး ပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရုပ်ကြွင်းလောင်စာများပေါ်တွင် များစွာမှီခိုနေရသဖြင့် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သော နေရောင်ခြည်စွမ်းအင်၊ ရေ၊ လေ၊ ဘူမိနှင့် သမုဒ္ဒရာစသည့် စွမ်းအင်ရင်းမြစ်များမှ ရယူသုံးစွဲနိုင်ရန် တီထွင်ကြံဆဆောင်ရွက် လျက်ရှိပါတယ်။

၎င်းတို့အနက် လေစွမ်းအင်သည်လည်း သက်တမ်းအရှည်ဆုံးဖြစ်သော စွမ်းအင် အရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။ လေစွမ်းအင်သည် အရင်းအမြစ်ကြီးမားပြီး ကျိုးကြောင်း ဆီလျော်စွာအသုံးပြုနိုင်ရုံတင်မက စွမ်းအင်လိုအပ်မှုပြဿနာများကိုလည်း ရာသီဥတုနှင့် ယှဉ်ပြီး ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။ သဘာဝစွမ်းအင် အရင်းအမြစ်ဖြစ်သည့် လေစွမ်းအင် ကို အသုံးချပြီး ခေတ်မီနည်းပညာများဖြင့် လျှပ်စစ်အစရှိသော စွမ်းအင်ပုံစံများသို့ ပြောင်းလဲ ခြင်းဖြင့် များစွာအကျိုးကျေးဇူးရရှိမည် ဖြစ်ပါတယ်။ လေအားကိုအသုံးပြု၍ စွမ်းအင် ထုတ်လုပ်ခြင်းသည် ပြန်ပြည့်မြဲစွမ်းအင်ပုံစံတစ်ခုဖြစ်သည့်အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုအပါအဝင် အခြားပတ်ဝန်းကျင်အား ထိခိုက်စေနိုင်သည့်ထုတ်လုပ်မှုများကို တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။

ကမ္ဘာပေါ်တွင် သန့်စင်သောစွမ်းအင်အဖြစ် အသုံးပြုနေသည့် နေရောင်ခြည်လျှပ်စစ်၊ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်နှင့် စွန့်ပစ်ပစ္စည်းများမှ ထုတ်ယူရရှိသော ဇီဝဓာတ်ငွေ့ များသည် သဘာဝမှရရှိသည့် အရင်းအမြစ်ဖြစ်သည့်အတွက် ကုန်ခန်းသွားခြင်းမျိုးမရှိဘဲ အနာဂတ်အချိန်ထိ စွမ်းအင်ထုတ်လုပ်နိုင်မည်ဖြစ်ပါတယ်။ ယခင်ကရုပ်ကြွင်းလောင်စာများ အသုံးပြု၍ လျှပ်စစ်ဓာတ်အားကို အဓိကထားထုတ်လုပ်ခဲ့ကြရာ ၎င်းလောင်စာအရင်းအမြစ် သည် ရေရှည်တွင် ကုန်ခန်းသွားနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါတယ်။ ထို့အပြင် ရုပ်ကြွင်းလောင်စာများ၏ ဈေးနှုန်းမြင့်မားလာခြင်း၊ အခြားနိုင်ငံများအပေါ် မှီခိုဝယ်ယူနေရခြင်း စသည့်အချက်များကြောင့် နိုင်ငံအများစုသည် အခြားစွမ်းအင် အရင်းအမြစ်များကိုလည်း ရှာဖွေအသုံးပြုလာကြပြီး လေစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ခြင်းကို နည်းလမ်းတစ်ခုအဖြစ် အသုံးပြုလာကြပါတယ်။ လေအားလျှပ်စစ်ကို ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲ

နိုင်ငံများတွင် အစားထိုးစွမ်းအင်အဖြစ် အသုံးပြုနေကြပါတယ်။

မြန်မာနိုင်ငံသည် လျှပ်စစ်စွမ်းအင်ကို ရေအားသဘာဝလျှပ်စစ်မှ ၆၀ ရာခိုင်နှုန်းကျော်၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်စက်ရုံမှ ၃၀ ရာခိုင်နှုန်းကျော်နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံများမှ ရာခိုင်နှုန်းအနည်းငယ် ရယူသုံးစွဲနေသည်ဟု သိရှိရပါတယ်။ ယခုအခါတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်အတွင်း အလတ်စားလေအား လျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးရေး စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ အကြို စူးစမ်းလေ့လာရေးများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အလားတူပင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မင်းလှမြို့နယ်နှင့် မင်းတုန်းမြို့နယ်များတွင်လည်း လေအားလျှပ်စစ် ထုတ်ယူမည့်စီမံကိန်းများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ရှမ်းပြည်နယ်သည် အအေးပိုင်းတောင်ပေါ်ဒေသဖြစ်သည့်အတွက် လေတိုက်ခတ်မှုကို အခြေခံ၍ စွမ်းအင်ထုတ်လုပ်သော လေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်သည့် သင့်လျော်သော ဒေသ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း လေအားလျှပ်စစ်ထုတ်ယူအသုံးပြုနိုင်မည်ဆိုပါက မဟာဓာတ်အားလိုင်းကွန်ရက်နှင့် အလှမ်းကွာဝေးသော အရပ်ဒေသများအတွက် လျှပ်စစ် ဓာတ်အားရရှိနိုင်ပြီး များစွာအကျိုးရှိမည်ဖြစ်ပါတယ်။ လေအားလျှပ်စစ်ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ယူသုံးစွဲနိုင်ခဲ့ပါက အသေးစား၊ အလတ်စား ထုတ်လုပ်မှုဖြင့် တစ်အိမ်သုံး၊ တစ်ရွာသုံး အထိ လျှပ်စစ်ဓာတ်အားကို အဆင်ပြေစွာသုံးစွဲနိုင်မည်ဖြစ်ပြီး ဝေးလံခေါင်ဖျား ဒေသများရှိ ဒေသခံပြည်သူများကို တိုးတက်စေပြီး စီးပွားရေးကိုလည်း မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုကို ရေအားမှ အဓိကထုတ်ယူသုံးစွဲခြင်းကြောင့် နွေရာသီတွင် ရေခန်းခြောက်မှုများရှိလာသည့်အခါ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးဝေရာတွင် အခက်အခဲများကြုံတွေ့နေရဆဲဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိနိုင်စေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု နည်းပါးသွားချိန်တွင် ပေးဝေရန် လုံလောက်မှုမရှိခြင်းကြောင့် လျှပ်စစ်ပြဿနာများ ထပ်မံကြုံတွေ့လာရဦးမှာဖြစ်ပါတယ်။ ထို့ကြောင့် ယခုလိုအချိန်မျိုးနှင့် ကြုံတွေ့လာချိန်တွင် လျှပ်စစ်ပြဿနာများ ဖြေလျော့ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အတွင်း လေအားလျှပ်စစ်ထုတ်လုပ်မှုကို စတင်အကောင်အထည်ဖော်သင့်ပါတယ်။ သို့ဖြစ်ပါ၍ သဘာဝ အရင်းအမြစ်များ ကြွယ်ဝစွာတည်ရှိသည့် ရှမ်းပြည်နယ်အတွင်း လေအားမှ လျှပ်စစ်စွမ်းအင်

ထုတ်လုပ်မှုကို စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ် ရှိ/ မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် တရားသူကြီးချုပ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဝင်းမင်းထွေး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာတည်ရှိသည့် ရှမ်းပြည်နယ်အတွင်း လေအားမှ လျှပ်စစ် စွမ်းအင် ထုတ်လုပ်ရရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် စီမံကိန်းများချမှတ်ပြီး စမ်းသပ်အကောင် အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် ရှိ /မရှိ ကို သိရှိလိုပါကြောင်း ဆိုသည့်မေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာတည်ရှိတဲ့ ရှမ်းပြည်နယ်အတွင်း လေအားမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ဖို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ စီမံကိန်းရေးဆွဲပြီးတော့ အကောင်အထည်ဖော်ဖို့ မရှိသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ ဆောင်ရွက်နိုင်တဲ့ လေအား၊ ရေအား အစရှိသဖြင့် သဘာဝ အရင်းအမြစ်ကို အသုံးပြုပြီးတော့ လျှပ်စစ်ထုတ်လုပ်မှုကို ပြည်တွင်းလုပ်ငန်းရှင် မည်သူမဆို လျှောက်ထားတင်ပြညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အခုလည်းပဲ ရေအား၊ သဘာဝရေပူစွမ်းအင် စသဖြင့် ကျွန်တော်တို့ လုပ်ဆောင်လျက်ရှိပါတယ်။ လက်ရှိ ဒီမေးခွန်းမေးတဲ့ လေအားမှ လျှပ်စစ်စွမ်းအင် ထုတ်ယူဖို့ ကိစ္စတွေကို ကျွန်တော်တို့ မကြာခင်ကဘဲ ကျွန်တော့်ဆီကို လာရောက်တင်ပြတဲ့ ပြည်တွင်း လုပ်ငန်းရှင် ရှိခဲ့ပါတယ်။ အလွတ်သဘောအနေနဲ့ လာရောက်ဆွေးနွေးခြင်းလည်း ဖြစ်ပါတယ်။

အကယ်၍ ထိုကုမ္ပဏီများမှ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ညှိနှိုင်းလာပြီး တင်ပြလာမည်ဆိုပါက ရှမ်းပြည်နယ်အတွင်းရှိ ဒေသန္တရစီမံကိန်းကော်မတီအဖွဲ့နဲ့ လာရောက်ညှိနှိုင်း ရှင်းလင်းတင်ပြပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိ/ မရှိ၊ ဒေသမှာရှိတဲ့ ဒေသပြည်သူများ သဘောတူညီမှု ရှိ/ မရှိ ဆိုသည့်ဆန်းစစ်ချက်ကို သုံးသပ်ပြီးတော့မှ စမ်းသပ်ဆောင်ရွက်ခွင့်ပြုနိုင်ပါကြောင်း တင်ပြလိုပါတယ်။ ထိုကိစ္စရပ်ကို မကြာခင် တင်ပြလာမယ်ဆိုရင် ကျွန်တော်တို့ ဒေသန္တရစီမံကိန်းနှင့် ညှိနှိုင်းပြီးတော့မှ စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဟာ အာလူးများ အများဆုံးထွက်သည့်အချိန်နှင့် ကိုဗစ်ရောဂါစတင်ပြန့်ပွားချိန်မှာ မေးထားတဲ့ မေးခွန်းလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အာလူးစိုက်တောင်သူလို့ ရည်ညွှန်းရခြင်းဟာလည်း အာလူးအများဆုံးစိုက်ပျိုးသည့် ဒေသလည်းဖြစ်သလို အာလူးအများဆုံးထွက်ရှိသည့် ၇၅% ဟာလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်တောင်ပိုင်းမှာပဲ တည်ရှိတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးမြန်းရခြင်းလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်မှာ အာလူးသီးနှံစိုက်ပျိုးချိန်မှာလည်း ဆောင်းအာလူး၊ နွေရာသီမှာရေသွင်းပြီးမှ စိုက်ပျိုးရတဲ့ အာလူး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မြေနီများပေါ်မှာ တောင်ယာတွေမှာ စိုက်ပျိုးလို့ရတဲ့ ဒေသမျိုးရင်းလို့ခေါ်တဲ့ စကအာလူး အများခေါ်တဲ့ မြေနီအာလူးများသာ အများဆုံး စိုက်ပျိုးကြပြီး အာလူးအများဆုံးထွက်ရှိချိန်ဟာလည်း ဖေဖော်ဝါရီလမှ ဇွန်လကုန်အထိ ဖြစ်ပါတယ်။ အာလူးအများဆုံးပေါ်သည့် ဒေသများမှာ ဟဲဟိုးဒေသ၊ နောင်တရားဒေသ၊ သိမ်ကုန်းဒေသနှင့် မကွေးတိုင်း ဆင်ဖြူကျွန်းဒေသတို့ပဲဖြစ်ပြီး မြန်မာနိုင်ငံတွင်း အာလူးစိုက်ဧက ကိုးသောင်း

ကျော် ရှိတာဖြစ်သလို ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဧကပေါင်း (၆)သောင်းကျော်ဟာ စိုက်ပျိုးနေတာလည်း သိရှိရတာဖြစ်ပါတယ်။

အာလူးစိုက်တောင်သူလို့ ရည်ညွှန်းရခြင်းဟာလည်း အာလူးစိုက်ပျိုးရတဲ့ တောင်သူများရဲ့ ရင်းနှီးမြှုပ်နှံမှုဟာလည်း များပြားသလို စိန်ခေါ်မှုလည်း အင်မတန်မှ များပြားလာတာ ဖြစ်ပါတယ်။ အခြေအနေအကြောင်းကြောင်းကြောင့် တရားမဝင် တင်သွင်းလာတဲ့ အာလူးများကြောင့်လည်း ဒေသမျိုးရင်းများ တဖြည်းဖြည်းပျောက်ကွယ်လာသလို အာလူးမျိုးနှုန်း မမှန်မှုများကြောင့်လည်း ဈေးကွက်မှာ စံချိန်မမီတဲ့ အာလူးများထွက်ရှိမှုနည်းသလို ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲမှုများကြောင့်လည်း လက်လှမ်းမီနိုင်တဲ့ ဈေးကွက်ကို မရရှိနိုင်တာလည်း အားလုံးလည်းအသိပဲ ဖြစ်ပါတယ်။ နိုင်ငံအတွင်း စိုက်ပျိုးနေတဲ့ အာလူးများကို လွန်ခဲ့တဲ့နှစ် အနည်းငယ်အတွင်းမှ တရုတ်နိုင်ငံမှသော်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှာ နယ်သာလန်နိုင်ငံ၊ ၂၀၁၆ ခုနှစ်မှာ အမေရိကန်နိုင်ငံတို့မှ အာလူးသစ်များယူဆောင်ပြီး စမ်းသပ်စိုက်ပျိုးခဲ့ကြ ပါတယ်။ ၂၀၁၅ ခုနှစ်မှစတင်ပြီး တရုတ်အာလူးများ နယ်စပ်ဒေသမှ တင်သွင်းလာမှုများကြောင့် တောင်သူများမှာ စားအာလူးများကို မျိုးအာလူးများအဖြစ် သုံးစွဲလာကြရပြီး အဆိုပါ စားအာလူးများအား မျိုးအာလူးအဖြစ် သုံးစွဲလာမှုများကြောင့် ဈေးနှုန်းသက်သာသော်လည်း အထွက်နှုန်း မတည်ငြိမ်ခြင်း၊ တာရှည်ထိန်းသိမ်းနိုင်မှု မရှိခြင်း၊ မျိုးကောင်းမျိုးကွဲ အများအပြား ပါဝင်လာပြီး မျိုးဖြစ်အာမခံမှု မရှိခြင်းများကြောင့် နိုင်ငံများအတွင်းမှာ တရားဝင်အာလူးမျိုး များကို ၂၀၁၇ ခုနှစ်ကင်းလွတ်ခွင့်ရရှိခြင်းကြောင့် အသင့်အတင့် တင်သွင်းစိုက်ပျိုးနိုင်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်မှစ၍ မျိုးအာလူးများအား (၁၅%) အခွန်ကောက်ခံမှုများကြောင့် ပြင်ပမှတင်သွင်းနိုင်တဲ့ မျိုးအာလူးများ တင်သွင်းမှုကို ၂၀၁၉ ခုနှစ်မှာ တန်ချိန်အနည်းငယ်သာ တင်သွင်းနိုင်ခဲ့ပြီး နောက်ပိုင်း တရားဝင်မျိုးတင်သွင်းမှုများ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့တာကိုလည်း သိရှိရပါတယ်။ ယခုလို မျိုးအာလူးများ အခက်အခဲများကြောင့် တရားဝင်ဖွဲ့စည်းထားသော အာလူးစိုက်တောင်သူအသင်းများအနေဖြင့် ၂၀၂၀ ခုနှစ်မှာ တန် ၆၀၀ တင်သွင်းနိုင် ခဲ့ပြီး ဧကပေါင်း ၄၀၀ ခန့်သာ တရားဝင် စိုက်ပျိုး တင်သွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ သို့ပါသော်လည်း မျိုးတင်သွင်းခွင့် ၁၅% အခွန်ကောက်ခံမှုများကြောင့် မူလစိုက်ပျိုးတောင်သူတို့ လက်ဝယ်ရောက်ရှိချိန်မှာလည်း ဈေးနှုန်းကြီးမြင့်မှု အခက်အခဲများ ကြုံတွေ့နေရသလို တရားမဝင် ဝင်ရောက်လာတဲ့ စားအာလူးများအား တရားဝင်အခွန် မဆောင်ရခြင်းအပြင် မျိုးအာလူးအဖြစ် ပြန်လည်ရောင်းချနေမှုများကြောင့် တရားဝင်တင်သွင်းခွင့်ရသော မျိုးအာလူးများထက် ဈေးနှုန်းသက်သာစွာ

ရောင်းချပေးနေတာကိုလည်း တွေ့ရှိရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်များအတွင်း အာလူးစိုက် တောင်သူအသင်းများအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့ကို အကူအညီတောင်းခံမှုများဖြင့် တရားမဝင်တင်သွင်းသည့် အာလူးများ တားဆီးနိုင်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် တရားမဝင် အာလူးများဟာ ယခု ဒီဘက်နှစ်ပိုင်းအတွင်းမှာ နယ်စပ်ဒေသကနေတစ်ဆင့် ရန်ကုန်နှင့် မန္တလေးဈေးကွက်သို့ တိုက်ရိုက်တင်သွင်းလာတာကလည်း ထူးခြားမှုတစ်ခု ဖြစ်သလို ဒါကလည်း ဒေသမှ စိုက်ပျိုးနေတဲ့ စိုက်ပျိုးတောင်သူများကို ထုတ်လုပ်စိုက်ပျိုးမှုကို တဖြည်းဖြည်းလျော့ကျစေသလို ဒေသမျိုးတွေ တဖြည်းဖြည်းပျောက်ကွယ်သွားစေတဲ့ အဓိက အချက်လည်းဖြစ်ပါတယ်။ သို့ပါသောကြောင့် ပြည်ပမှ တင်သွင်းလာတဲ့ မျိုးအာလူးများ ထားသိုနိုင်ရန် အအေးခန်း လုံလောက်မှု မရှိခြင်း၊ ထွက်ရှိလာတဲ့ အာလူးများကို ထားရှိရန် အအေးခန်းများ မရှိခြင်းတို့ကြောင့် အာလူးထွက်ပေါ်ချိန်မှာ ဈေးကွက်သို့ စုပြုံဝင်ရောက်လာမှု များကြောင့် အာလူးဈေးကွက်ပျက်ပြီး ပြည်ပမှ တရားမဝင်အာလူးများ ဝင်ရောက်လာမှုများ ကြောင့်လည်း အာလူးစိုက်တောင်သူများ မှာ အဘက်ဘက်မှ ဆုံးရှုံးနစ်နာလျက်ရှိသလို ဒေသ မျိုးရင်းစိတ်များလည်း တဖြည်းဖြည်း ပျောက်ကွယ်လာပြီလည်း ဖြစ်ပါတယ်။

ဒါဟာရေရှည်မှာ စိုက်ပျိုးမှုတောင်သူများအတွက် ဘယ်လိုမှ နာလန်မထူနိုင်တဲ့ အဖြစ်ကို ဖြစ်သွားစေနိုင်တဲ့အဖြစ်မျိုးဖြစ်ပါတယ်။ သို့ပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို အာလူးစိုက်တောင်သူများ ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်-

(က) ပြည်ပမှ တရားမဝင်ဝင်ရောက်လာသော အာလူးများ ဝယ်ယူ ရောင်းချနေမှု များကို မည်ကဲ့သို့ တားဆီးမည်နည်း။

(ခ) ပြည်ပမှ တရားဝင်တင်သွင်းလာသော မျိုးအာလူးများ ၁၅ ရာခိုင်နှုန်း အခွန်ကောက်ခံမှု အခွန်ကင်းလွတ်အောင် မည်ကဲ့သို့စီမံ ဆောင်ရွက်ပေး မည်နည်း။

(ဂ) အာလူးစိုက်တောင်သူများအတွက် အမှန်တကယ်လိုအပ်နေတဲ့ အအေးခန်းများ တည်ဆောက်နိုင်ရေးအတွက် မည်ကဲ့သို့ပံ့ပိုးမည်ကိုသိရှိလိုပါ၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းပါစေလို့ ပထမဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ရဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အာလူးစိုက်ပျိုးသော တောင်သူများ၏ အကျိုးစီးပွားကာကွယ်နိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) ပြည်ပမှ တရားမဝင် ဝင်ရောက်လာသော အာလူးများဝယ်ယူရောင်းချနေမှုများကို မည်ကဲ့သို့တားဆီးမည်နည်းဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတွင် အာလူးစိုက် ဧက ပျမ်းမျှ(၉၀၀၀၀)ကျော်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အာလူးစိုက်ဧက ပျမ်းမျှ (၄၃၀၀၀)ကျော်ခန့် စိုက်ပျိုးထားရှိပါတယ်။ စိုက်ပျိုးသော အာလူးမျိုးများမှာ စစ်ဗိုလ်မျိုး၊ L11၊ Markies၊ Carolu၊ Kufri Jyoti၊ Cip-24၊ Altic၊ LKP၊ ပါကစ္စတန်နှင့် နယ်သာလန်မျိုးများကို စိုက်ပျိုးကြပါတယ်။ အာလူးတစ်ဧက ပျမ်းမျှအထွက်နှုန်း ပိဿာ(၄၀၆၀)ခန့် ထွက်ရှိပြီး တစ်နိုင်ငံလုံးတွင် တစ်နှစ်လျှင်အာလူးအထွက်တန်ချိန် ပျမ်းမျှ(၆၀၀၀၀၀)ခန့် ထွက်ရှိပါတယ်။ သုံးစွဲမှုအနေဖြင့်တန်ချိန် (၃၅၀၀၀၀)ခန့်ရှိရာ ပိုလျှံမှု တန်ချိန် (၂၅၀၀၀၀) ရှိပါတယ်။ ပြည်တွင်း၌ တောင်သူလယ်သမား အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေး မူဝါဒအရ လယ်ယာထွက်ကုန်ပစ္စည်းအများစုကို ပြည်ပသို့သာ တင်ပို့ရောင်းချစေခဲ့ပြီး သဘာဝဘေးအန္တရာယ်ကျရောက်မှုနဲ့ ပြည်တွင်းရဲ့ လိုအပ်ချက်မှအပ တင်သွင်းခွင့်ပြုထားခြင်း မရှိပါ။ ထို့အတူ အာလူးသည်လည်း ပြည်ပမှ တင်သွင်းခြင်း ခွင့်ပြုထားခြင်းမရှိပါ။ တရားမဝင်ကုန်စည်တားဆီးထိန်းချုပ်ခြင်းနှင့်

စပ်လျဉ်း၍ ပြည်နယ်တရားမဝင် ကုန်သွယ်မှုတားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့ ဖွဲ့စည်းထားရှိသည့်အပြင် ခရိုင်၊ မြို့နယ်အလိုက်အဆင့်ဆင့် ဖွဲ့စည်းထားရှိပြီး ပြည်ပမှတရားမဝင် ဝင်ရောက်လာသော ကုန်စည်များအား တားဆီးအရေးယူ ဆောင်ရွက်လျက် ရှိပါတယ်။ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသည့် လမ်းကြောင်းများ တစ်လျှောက် အချက် အချာကျသော နေရာများတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ စစ်ဆေးရေး ဂိတ်များ၊ ကင်းစခန်းများ ထားရှိစစ်ဆေးဆောင်ရွက် လျက်ရှိပါတယ်။

(ခ) ပြည်ပမှ တရားဝင်တင်သွင်းလာသော မျိုးအာလူး (၁၅%)အခွန် ကောက်ခံမှု အခွန်ကင်းလွတ်အောင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နည်းဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ စိုက်ပျိုးရေးဦးစီးဌာနမှ အချို့သီးနှံများကို ပြည်တွင်းမှာ စိုက်ပျိုး ရန် မျိုးအဖြစ် လျှောက်ထားလာပါက မျိုးကောင်းမျိုးသန့်များ ဖြစ်/ မဖြစ်၊ စိုက်ပျိုးရန် သင့်/ မသင့် ဆိုသည်များကို စမ်းသပ်စစ်ဆေးပြီးမှသာ သတ်မှတ်ချက် များနှင့်ညီညွတ်ပါက ပြည်ပမှတင်သွင်းရန် ခွင့်ပြုထောက်ခံချက် ထုတ်ပေးခဲ့ပြီး တရားဝင်လိုင်စင်လျှောက်ထား၍ ပြည်ပမှ တင်သွင်းခွင့်ပြု စေခဲ့ပါတယ်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့ ( World Customs Organization- WCO)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာ့ အကောက်ခွန်နှုန်းစာရင်း (Myanmar Customs Tariff)အား ၄ နှစ် တစ်ကြိမ် ၅ နှစ် တစ်ကြိမ် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြင်ဆင်ချက်များ ထည့်သွင်းလျက် ပြန်လည် ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ ယခုလက်ရှိ အသုံးပြုနေသည့် မြန်မာ့အကောက်ခွန် နှုန်းစာရင်း ၂၀၁၇ အား ပြင်ဆင်ရေးဆွဲစဉ်က သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်း များကို ခေါ်ယူညှိနှိုင်းလျက် အကောက်ခွန်လိုင်းများ ထည့်သွင်းခြင်း၊ အကောက်ခွန် နှုန်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ညှိနှိုင်း ဆောင်ရွက် ခဲ့စဉ်က ပြည်တွင်းအာလူးစိုက် တောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင် ရေးအတွက် အာလူးတင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းကို တိုးမြှင့်သတ်မှတ်ပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တောင်းဆိုချက်အရ

၁၅ ရာခိုင်နှုန်း သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိရန် လက်ငင်းဆောင်ရွက်နိုင်သည့် နည်းလမ်းအနေဖြင့် မျိုးအာလူးများတင်သွင်း လာချိန်တွင် တရုတ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ပါက တရုတ်နိုင်ငံ၏ပင်ရင်းဒေသ ထွက်ကုန်ဖြစ်ကြောင်း သက်သေခံလက်မှတ် (Form E)၊ အာဆီယံနိုင်ငံများမှ တင်သွင်းခြင်းဖြစ်ပါက အာဆီယံနိုင်ငံများ၏ ပင်ရင်းဒေသထွက်ကုန်ဖြစ် ကြောင်း သက်သေခံလက်မှတ် (Form D) တင်ပြပါက ASEAN -China Free Trade Area, ASEAN Free Trade Area အစီအစဉ်များအရ အကောက်ခွန် ကင်းလွတ်ခွင့် ရရှိနိုင်မှာဖြစ်ပါတယ်။ ပြည်ပမှတရားဝင်တင်သွင်းလာသော မျိုးအာလူးများကို ၁၅ ရာခိုင်နှုန်း အခွန်ကောက်ခံမှုနှင့် အခွန်ကင်းလွတ်ခွင့် ရရှိနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရကို တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရ က သဘောထားမှတ်ချက် ထောက်ခံပေးပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါတယ်။

(ဂ) အာလူးစိုက်တောင်သူများအတွက် အမှန်တကယ် လိုအပ်နေသည့် အအေးခန်း များ တည်ဆောက်နိုင်ရေးအတွက် မည်ကဲ့သို့ ပံ့ပိုးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အာလူးစိုက်တောင်သူများ သိုလှောင်နိုင်ရေးအတွက် ဟဲဟိုး အာလူးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးအောင်သန်းကျော်မှ ကိုယ်ပိုင်ငွေဖြင့် ဟဲဟိုးဒေသတွင် တန်ချိန် (၁၀၀၀)ဆန့် အာလူးအအေးခန်း သိုလှောင်ရုံကို (၂၁.၆.၂၀၁၉) ရက်နေ့တွင် ဆောက်လုပ်ထားရှိပြီးဖြစ်ကြောင်း သိရပါတယ်။ ဦးအောင်သန်းကျော်သည် SME အသင်းဝင်တစ်ဦးဖြစ်သည့်အတွက် လိုအပ်သည့် ငွေပမာဏကို ပုဂ္ဂလိက ဘဏ်များမှ အတိုးနှုန်း သက်သာစွာရရှိရေးအတွက် SME ဌာနမှ ကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ အာလူးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အနေဖြင့် အအေးခန်းများ တည်ဆောက်နိုင်ရေးအတွက် အတိုးနှုန်း သက်သာ သော SME ချေးငွေများရရှိနိုင်ရန်နှင့် သတင်းအချက်အလက်များ ဖြန့်ဝေ ပေးနိုင်ရေးအတွက် SME အသင်းဝင်လျှောက်ထားသင့်ပါတယ်။ သို့မှသာ ဒိန်းမတ်နိုင်ငံမှ ထောက်ပံ့သည့် RBF ကဲ့သို့သော ထောက်ပံ့ငွေများ ရရှိနိုင်

မည့်အပြင် အတိုးနှုန်းသက်သာသော ချေးငွေများရရှိ၍ ကိုယ်ပိုင်အအေးခန်းများ တည်ဆောက်နိုင်မည်ဖြစ်ပါတယ်။ ဒါ့အပြင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် ညှိနှိုင်းဆွေးနွေးပြီး နောင်တရားမြို့တွင် ကိုယ်ပိုင်အအေးခန်း တည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကုန်ထုတ်လမ်းဖောက်လုပ်ပေးခြင်း၊ လျှပ်စစ်မီးအတွက် ထရန်စဖော်မာ တည်ဆောက်ပေးခြင်း၊ ချေးငွေရရှိရေးအတွက် အကူအညီပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ်အအေးခန်းများ တည်ဆောက်နိုင်ရေးအတွက် အာလူးစိုက်တောင်သူ အစုအဖွဲ့များမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ အချက်အလက်များနှင့်တကွ တင်ပြလာပါက လိုအပ်ချက်ရှိသည်များကို တတ်စွမ်းသမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ် ရင်းမြှုပ်နှံမှုဖိုရမ် ၂၀၁၉ တွင် Investor များအားဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် အအေးခန်းစက်ရုံများ တည်ဆောက်နိုင်ရေး မက်လုံးပေးဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း ၂၀၁၉- ၂၀၂၀ မှ ၂၀၃၀- ၂၀၃၁ အား အတည်ပြုဆောင်ရွက်နေပြီ ဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အတွင်း တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်လာစေရေး စီမံချက်ပါအတိုင်း မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်ရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကျွန်မမေးမြန်းမဲ့မေးခွန်းကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် ပြဋ္ဌာန်းခဲ့ပြီးသော ဥပဒေများကို လက်ရှိအချိန်အထိ သက်ဆိုင်ရာဌာနသို့ ဖြန့်ဝေပေးထားခြင်းမရှိဘဲ ပြဋ္ဌာန်းထားတဲ့ ဥပဒေများဟာ အားနည်းနေသေးတာကို

တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သော ဥပဒေများ အသက်ဝင်ပြီး ဥပဒေ၏ အကာအကွယ်ကို ပြည်သူများရရှိနိုင်ရန် အများပြည်သူနှင့်သက်ဆိုင်သော ဥပဒေများအား အကောင်အထည်ဖော်ဆောင်ရမည့် သက်ဆိုင်ရာ ဌာနအဆင့်ဆင့်သို့ ဆက်လက်ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/ မရှိကို ကြယ်ပွင့်ပြ မေးခွန်းကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်ဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ဦး၊ ပြည်နယ်ဥပဒေချုပ်။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော် အရာထမ်း၊ အမှုထမ်းများ အားလုံး ကိုယ်၏ကျန်းမာမှု၊ စိတ်၏ကျန်းမာမှုအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်၏ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေများအား အကောင်အထည်ဖော်ဆောင်ရမည့် သက်ဆိုင်ရာ ဌာနအဆင့်ဆင့်သို့ ဆက်လက်ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဥပဒေချုပ် ဦးတင်ဦးက ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ဥပဒေများနဲ့ စပ်လျဉ်းပြီးတော့ ဌာန(၇)ခုဖြစ်တဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ခဲ့တဲ့ ဥပဒေများနဲ့ပတ်သက်ပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် ၂၂.၉.၂၀၁၆ ရက်နေ့က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၆/၂၀၁၆)ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ နှင့် ၃၀.၅.၂၀၁၈ ရက်နေ့ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၃/၂၀၁၈)

ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်းဥပဒေတို့ဖြစ်ပြီး သက်ဆိုင်သည့် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပြည်နယ်ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန တို့ကို ဆက်လက် ဖြန့်ဝေပေးပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယဌာနဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၄/ ၂၀၁၉)ဖြင့် အတည်ပြုပြီးဖြစ်သော ရှမ်းပြည်နယ် ကြက်မွေးမြူရေး ဥပဒေစာအုပ်(၁၆၀)အုပ်ကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၃.၁၁.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၅၁၁၄/ ဖ-၆၃၃/ အစရ(ရှမ်း)ဖြင့် ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေပုဒ်မ(၇)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ ၊ ခရိုင်/ မြို့နယ် ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဖွဲ့စည်းဆောင်ရွက်ရန်နှင့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၇.၁၁.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၅၉၀၈/ ဖ-၆၃၃/ အစရ(ရှမ်း)ဖြင့် ဥပဒေစာအုပ်ပူးတွဲလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသဦးစီးအဖွဲ့များနှင့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီအားလုံးသို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေအား သိရှိလိုက်နာဆောင်ရွက်ရန်အတွက် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၂.၁၀.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ပကမ (ရှမ်း)/ ၁/၈/၂၀၁၉(၁၁၈၃)ဖြင့် ခရိုင်/ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနများသို့ လည်းကောင်း ပေးပို့အကြောင်းကြား ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယဌာနဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့) ၁၇.၁၂.၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ အမှတ်(၆/၂၀၁၉)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေကို သက်ဆိုင်ရာ ရှမ်းပြည်နယ်လမ်းဦးစီးဌာနရုံးများသို့ ဖြန့်ဝေဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုဥပဒေ၊ ပြည်နယ်ဥပဒေနှင့်အညီ ဌာနများမှ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

စတုတ္ထဌာနဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၂၃.၉.၂၀၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၄/၂၀၁၆)ဖြင့်

အတည်ပြုထားသည့် ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ်(၁-၁/၂၀၁၈) ဆုံးဖြတ်ချက် အပိုဒ် ၄(ပ)အရ ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေကို အတည်ပြုထားပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာ ဌာနအဆင့်ဆင့်သို့ ဖြန့်ဝေပေးထားပြီး ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ(၂၀၁၇ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ၊အမှတ် ၅) ကို ၇.၉.၂၀၁၇ တွင်ပြဋ္ဌာန်းခဲ့ပြီး ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၆)အရကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကို စီမံခန့်ခွဲဆောင်ရွက်မည့်လုပ်ငန်းကြီးကြပ်ရေး ကော်မတီတွင်ပါဝင်သည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ၂၅.၉.၂၀၁၈ ရက်နေ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၅)ဖြင့်အတည်ပြုပြဋ္ဌာန်းထားသည့် ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေကို ၂၄.၁.၂၀၂၀ ရက်စွဲပါစာအမှတ်၊ စီမံ/ ဥပဒေ/ ၄၂၆- ၄၂၇/၂၀၂၀ ဖြင့်ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် နည်းဥပဒေရေးဆွဲရေးစတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဖြန့်ဝေခဲ့ပါကြောင်း၊ ၁၆.၁၂.၂၀၁၉ ရက်နေ့တွင်ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၅)ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ရှမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်း ကာကွယ်ရေးဥပဒေကို ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်နည်း ဥပဒေရေးဆွဲရေး စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ဖြန့်ဝေခဲ့ပါကြောင်း၊ ၁၉.၁၂.၂၀၁၉ ရက်နေ့ ရှမ်းပြည်နယ် လွှတ်တော်ဥပဒေအမှတ် (၈)ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် အင်းလေးကန်ဒေသထိန်းသိမ်း ကာကွယ်ရေးဥပဒေကို ၂၆.၁၂.၂၀၁၈ ရက်စွဲပါစာအမှတ်၊ စီမံ/ ဆမရ/ ၈၄၉၀ -၉၁/၂၀၁၈ ဖြင့်ဆက်စပ်ဌာနများသို့ ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်းဖြေကြား တင်ပြအပ်ပါတယ်။

ပဋ္ဌမဌာနဖြစ်တဲ့ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ၁၈.၁၂.၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဥပဒေအမှတ် (၇/၂၀၁၉)ဖြင့် အတည်ပြုပြီးဖြစ်ပါ၍ ၂၀၁၃ ခုနှစ်ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအပိုဒ်(၁၅၆)အရ နိုင်ငံတော် ပြန်တမ်းတွင်ထုတ်ပြန်ကြော်ငြာနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၃.၂.၂၀၂၀ ရက်စွဲပါစာအမှတ်

(၂၀၉၇) / ၈-၁၁၄/ အစရ(ရှမ်း)ဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့ပြီးဖြစ်ကြောင်းနှင့် ၁၄.၂.၂၀၂၀ ရက်စွဲပါစာအမှတ်၊ (၂၀၉၇)/ ၈-၁၁၄/ အစရ(ရှမ်း)ဖြင့် နည်းဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆဋ္ဌမဌာနဖြစ်တဲ့ လူမှုရေးဝန်ကြီးဌာနအနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၁၈.၂.၂၀၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်(၁/၂၀၂၀)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် (ပဥ္စမနေ့) ၂၁.၂.၂၀၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၂/၂၀၂၀)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေတို့ကို ရှမ်းပြည်နယ်အတွင်းရှိ တိုင်းစစ် ဌာနချုပ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီများသို့ ဖြန့်ဝေ ပေးသွားမည့် အစီအစဉ်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

သတ္တမအဖွဲ့အစည်းဖြစ်တဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ရှမ်း ပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၁၀/၂၀၁၃)ကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့ တွင်ပြဋ္ဌာန်းခဲ့သည့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို သက်ဆိုင်ရာ စည်ပင်သာယာ ရေးဌာနများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ၊ ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဥပဒေအမှတ်(၆/၂၀၁၄)ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်ကုန်တင် ကုန်ချလုပ်ငန်း နည်းဥပဒေများ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာဌာနများမှလည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် အညီ လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး၊ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ “တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ” ပါပြဋ္ဌာန်းချက်များကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့မှုများ အခြေအနေမည်သို့ရှိသည်ကို သိရှိလို၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း(၁၃၅)မျိုးတို့က ဥမကွဲသိုက်မပျက်ဘဲ စည်းလုံးညီညွတ်စွာ အတူလက်တွဲ နေထိုင်လျက်ရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများ မျှော်လင့်တောင့်တနေတဲ့ ပြည်ထောင်စုအဆင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုလည်းပဲ အောင်မြင်စွာ ဖွဲ့စည်းပေးခဲ့တဲ့အတွက် များစွာဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ တိုင်းရင်းသား လူမျိုးပေါင်း (၃၀)ကျော်မှီတင်းနေထိုင်လျက်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးများအားလုံး တပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် “တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ”ကို ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ ၂၄-၂-၂၀၁၅ နေ့တွင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်-၈ဖြင့် အတည်ပြုပြီးပြဋ္ဌာန်းခဲ့ပါတယ်။ ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးက ဝမ်းသာစွာကြိုဆိုထောက်ခံခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေမှာအခန်းပေါင်း (၉)ခန်း၊ ပုဒ်မပေါင်း(၃၄)ခုနှင့် ပုဒ်မခွဲပေါင်း(၄၇)ခုပါရှိပါတယ်။ ထိုဥပဒေ ရည်ရွယ်ချက်များကတော့-

(က) တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်။

( ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သောပြည်ထောင်စု စိတ်ဓာတ် အခြေခံ၍ထာဝစဉ် အတူတကွလက်တွဲနေထိုင်ကြစေရန်။

( ဂ) တိုင်းရင်းသားလူမျိုးများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့်သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်။

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းလာစေရန်။

( င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်။

( စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝ ရရှိစေရန်တို့ဖြစ်ပြီး အထူးကောင်းမွန်လှပါတယ်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေပါပြဋ္ဌာန်းချက်များကို လက်ရှိရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေ မည်သို့ရှိသည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**ဒေါက်တာထွန်းလှိုင်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါ သော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်ဦးခွန်ဒီဂေါလ်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေ မည်သို့ရှိသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ အခန်း (၅) “ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ” အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနရုံးချုပ်များ၏ ညွှန်ကြားချက်များနှင့်အညီ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ခဲ့ပါတယ် -

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း (၅)၊ ပုဒ်မ ၉ (ဂ)၊ “တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေ ဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း” နှင့်စပ်လျဉ်း၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ဦးစီးဌာန (ရုံးချုပ်)၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ “ထနော့” တိုင်းရင်းသားနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ “မြောင်ဇီး” တိုင်းရင်းသားများနေထိုင်ရာ ဒေသများသို့ ကွင်းဆင်းသွားရောက်၍ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအား မှတ်တမ်းတင် ရိုက်ကူးခြင်း ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန(ရုံးချုပ်)မှ တိုင်းရင်းသားကလေးငယ်များ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်ရှိ ရှမ်း၊ တအာင်း (ပလောင်)၊ ပအိုဝ်း၊ ဓနု၊ လားဟူ၊ အာခါ၊ ‘ဝ’၊ ကယန်းနှင့် မြန်မာဘာသာပြန်ဆိုထားသည့် “တိုင်းရင်းသားပုံပြင်ပုံပြစာအုပ်များ” စုစုပေါင်း (၂၈၄,၆၅၈) အုပ်တို့ကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားများ ထံအောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြန့်ဝေပေးပို့ခဲ့ပါတယ် -

(၁) ရှမ်း - (၁၀) မျိုး - (၁၁၄,၇၅၀) အုပ်၊

(၂) တအာင်း (ပလောင်) – (၆) မျိုး - (၂၃,၁၆၀) အုပ်၊

(၃) ပအိုဝ်း - (၉) မျိုး - (၃၈,၈၈၀) အုပ်၊

(၄) ဓနု - (၁၀) မျိုး - (၅၈,၈၈၀) အုပ်၊

(၅) လားဟူ - (၈) မျိုး - (၂၄,၄၈၀) အုပ်၊

(၆) အာခါ - (၆) မျိုး - (၈,၇၅၀) အုပ်၊

(၇) ‘ဝ’ – (၁၀) မျိုး - (၉,၁၀၀) အုပ်၊

(၈) ကယန်း - (၉) မျိုး - (၆,၂၁၀) အုပ်၊

(၉) မြန်မာ - (၈) မျိုး - (၄၄၈) အုပ် တို့ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း (၅)၊ ပုဒ်မ ၉ (ဃ)၊ “တိုင်းရင်းသားအချင်းချင်း စည်းလုံး ညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း”နှင့် စပ်လျဉ်း၍ တိုင်းရင်းသား စာပေ နှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ဦးစီးဌာန (ရုံးချုပ်) ၏အစီအစဉ်ဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်း၊ အဖွဲ့၊ ကော်မတီ စုစုပေါင်း (၁၅) ဖွဲ့ မှ (၄၅) ဦးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်း၊ အဖွဲ့၊ ကော်မတီ စုစုပေါင်း (၈) ဖွဲ့ မှ (၄၈)ဦးတို့အား နေပြည်တော် နှင့် ရန်ကုန်မြို့များသို့ လေ့လာရေးခရီးစဉ်သွားရောက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း (၅)၊ ပုဒ်မ ၉ (င)အရ “ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသား လူမျိုးများ၏ လူမှုဘဝ မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း” နှင့်စပ်လျဉ်း၍ တိုင်းရင်းသားစာပေ သင်ကြားပေးမည့် ဆရာ၊ ဆရာမများ ခန့်အပ်နိုင်ရေးနှင့် ဒေသခံ တိုင်းရင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် Teaching Assistant နှင့် Language Teacher များကို ခေါ်ယူရာတွင် တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ညွှန်ကြားချက်အရ မန္တလေးမြို့၊ ဆုထူးပန်ကုမ္ပဏီမှ ဖွင့်လှစ်သော “ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ရေးနှင့် အသက်မွေးမှု အတတ်ပညာသိပ္ပံသင်တန်းကျောင်း”သို့ (အခမဲ့)အဖြစ်နဲ့ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူငယ်(၁၄)ဦး တက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း(၅)၊ ပုဒ်မ ၉ (ဈ)၊ "တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်စေမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း" တွင် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ဦးစီးဌာန(ရုံးချုပ်)၏အစီအစဉ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပျောက်ကွယ်လုနီးပါးဖြစ်နေသော လူနည်းစု တိုင်းရင်းသားများဖြစ်သည့် ထနော့၊ တရဲ (တိုင်းလိုင်း)၊ ယင်းကြား၊ ယင်းနက် တိုင်းရင်းသား မျိုးနွယ်စုများနှင့် တောင်ရိုးတိုင်းရင်းသားများနေထိုင်ရာ ဒေသများသို့ ကွင်းဆင်း သွားရောက်ပြီးတော့ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၏ အစီအစဉ်အရ နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ လေ့လာရေး သွားရောက်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်း၊ အဖွဲ့ (၁၅) ဖွဲ့ နှင့် ရှမ်းပြည်နယ် တောင်ပိုင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်း (၂)ဖွဲ့၊ စုစုပေါင်း (၁၇)ဖွဲ့မှ (၇၃)ဦး တို့အား "တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း" အစီအစဉ် (၁)ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။ ပျောက်ကွယ်လုနီးပါးဖြစ်သော လူနည်းစု "မြောင်ဇီး" တိုင်းရင်းသားမျိုးနွယ်စုများနေထိုင်ရာ နောင်ချိုမြို့နယ်နှင့် လားရှိုး မြို့နယ်သို့လည်း ကွင်းဆင်းသွားရောက်ပြီး တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အသိပညာ ပေးခြင်း၊ ဥပဒေစာအုပ်များ ဖြန့်ဝေပေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းများမှာ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ဥပဒေ၊ နည်းဥပဒေ စာအုပ်များ ဖြန့်ဝေပေးခြင်းအား (၂၂) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရှမ်းပြည်နယ်) မှ ဆောင်ရွက်သော အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Eastern States Agribusiness Project – ESAP) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထောက်ခံချက်ပေးနိုင်ရန် ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးခရိုင်အတွင်း၊ မြို့နယ် (၅)မြို့နယ်ရှိ ကျေးရွာ(၂၀)သို့ ကွင်းဆင်းစိစစ်ခဲ့ပြီးဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း (၅)၊ ပုဒ်မ ၉ (ည) အရ "လူနည်းစုဖြစ်သော ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း" နှင့်စပ်လျဉ်း၍ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ပျောက်ကွယ်လုနီးပါးဖြစ်နေသော လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်သည့် "ထနော့" နှင့် "တရဲ (တိုင်းလိုင်း)" တိုင်းရင်းသား မျိုးနွယ်စုများ အနေဖြင့် စာပေယဉ်ကျေးမှု အသင်းများဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည်များ လမ်းညွှန်အကြံပြုမှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ် က ဒုတိယ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ ကမ္ဘာ့လူကုန်ကူးခံရမှုမြင့်မားသော နိုင်ငံစာရင်းမှာ ပါရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတွင်း ပြန်ကြည့်မည်ဆိုပါက ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် လူကုန်ကူးခံရမှု ပိုမို မြင့်မားနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယခုကဲ့သို့ဖြစ်ရခြင်းမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် ဟာ အခြေခံလုပ်သားလိုအပ်ချက် မြင့်မားသော အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ရှည်လျား စွာ ထိစပ်ပြီး ကူးလူးဆက်ဆံမှုများပြား၍လည်းကောင်း၊ ပြည်တွင်းတွင်ဆင်းရဲမွဲတေမှု များပြား ပြီး အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါး၍လည်းကောင်း၊ လယ်ယာထွက်ကုန်သီးနှံများ၏ ဈေးနှုန်းနှင့် တည်ငြိမ်သောဈေးကွက် ဖန်တီးပေးနိုင်မှု အားနည်းခြင်းကြောင့်လည်းကောင်း ပြည်ပ သို့ အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်များနည်းမျိုးစုံဖြင့် ထွက်ခွာသွားကြပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်နယ်အတွင်းရှိ ပြည်သူများ၏ စားဝတ်နေရေးအကြပ်အတည်းနှင့် ဆင်းရဲမွဲတေမှုများဟာ လူကုန်ကူးသူတို့၏ မျက်စိကျစရာ အခွင့်ကောင်းတစ်ရပ်အနေဖြင့် ဖန်တီးကျူးလွန်တတ်ကြပါတယ်။ သာဓကအားဖြင့် ၂၀၀၈ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းအလွန်ကာလတွင် ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသား အများအပြား

လူကုန်ကူးခြင်းကို ခံခဲ့ရပါတယ်။ အဲ့ဒီလိုဘဲ ယခုနှစ် ၂၀၂၀ မှာလည်း COVID- 19 ကပ်ရောဂါ ဆိုးကြောင့် အတိဒုက္ခရောက်နေရသော ပြည်သူ၊ ပြည်သားများ လူကုန်ကူးခြင်းခံရမှု များပြားလာနိုင်ပါတယ်။ တရုတ်နိုင်ငံသို့ တရုတ်မယားအဖြစ် ရောင်းစားခံရမှုများလည်း ပေါ်ပေါက်နေပြီးဖြစ်ပါတယ်။ ဒါကြောင့်မလို့ အထူးသတိပေးကာကွယ်တားဆီးရမှာ ဖြစ်ပါ တယ်။

"ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ၃၅၈မှာလည်း နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်" ဟု အတိအလင်းပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယနေ့ပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် အစည်းအဝေးမှာ-

(က) လက်ရှိအစိုးရသက်တမ်းကာလ၊ ရှမ်းပြည်နယ်အတွင်းတွင် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးလုပ်ငန်းများမည်ကဲ့သို့ဆောင်ရွက်နေသည်နှင့် ကျန်ရှိတဲ့ အစိုးရသက်တမ်းကာလမှာ အစီအမံများမည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။

(ခ) ပြန်လည်ကယ်ဆယ်ထားနိုင်ခဲ့သော လူကုန်ကူးခံရသူများကို လူမှုအဝန်းအဝိုင်း သို့ ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြန်လည်ပြုစုပျိုးထောင်ပံ့ပိုးပေးခြင်း လုပ်ငန်းများ မည်ကဲ့သို့ လုပ်ဆောင်ပေးနိုင်ခဲ့သည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်မှ မေးမြန်းလာသည့် လက်ရှိအစိုးရ၏ သက်တမ်းကာလတွင် ရှမ်းပြည်နယ်အတွင်းရှိ လူကုန်ကူးမှု

တားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုများနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ (၅)နှစ် စီမံကိန်း ၂၀၁၇ ခုနှစ် မှ ၂၀၂၁ ခုနှစ်အထိကို မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ (၃)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး(၄)ရပ်တို့ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လူကုန်ကူးမှုများ မဖြစ်ပွားစေရေးအတွက် လူမှောင်ခို/ လူပွဲစားများအား သတင်းစုံစမ်းဖော်ထုတ်ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ပြည့်နှစ် လက်ရှိကာလအထိ ဌာနဆိုင်ရာ၊ ပြည်သူလူထုနှင့် ကျောင်းသား/ ကျောင်းသူတို့အား အသိပညာပေးဟောပြောခြင်း(၄၂၆၆)ကြိမ်မှ လူဦးရေ (၄၁၁၁၅၃)ဦးအား အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး လက်ကမ်းစာစောင် (၄၀၂၉၄၃)စောင် ဖြန့်ဝေပေးခြင်း၊ ကယ်တင်/ တားဆီး ပြန်လွှတ်မှု (၁၉၅)ကြိမ်၊ ကျား (၄၇၈)ဦး၊ မ (၆၆၃)ဦး၊ ပေါင်း (၁၁၄၁)ဦးတို့အား အသိပေးဟောပြော၍ နေရပ်သို့ပြန်လည်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တရားစွဲဆိုမှုအပိုင်းအနေဖြင့် ၁၃- ၅- ၂၀၀၅ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းပြီးနောက်ပိုင်း တရားစွဲတင်ပို့သည့် အမှု(၂၆၈)မှုမှ တရားခံ ကျား (၁၇၇)ဦး၊ မ(၄၂၁)ဦး၊ စုစုပေါင်း(၅၉၈) ဦးတို့အား အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ကဏ္ဍအနေဖြင့် လူကုန်ကူးခြင်းခံရသူများအား မိဘရပ်ထံ အပ်နှံပေးခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း၊ ဘဝရပ်တည်မှု ခိုင်မာစေရန် ပြန်လည်ထူထောင်ရေးစရိတ်များ ထောက်ပံ့ပေးခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ အသက်မွေးမြူရေးသင်တန်းကျောင်းများတွင် ပညာသင်ကြားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများအား ဌာနဆိုင်ရာများ၊ ပြည်သူလူထုနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ကဏ္ဍကြီး (၄)ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းကဏ္ဍများအနက်မှ **ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင်** ပါဝင်သည့်

လူကုန်ကူးခံရသူများ လူမှုပတ်ဝန်းကျင် အသိုင်းအဝန်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးစရိတ် ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြန်လည်ထူထောင်ရေးစရိတ်များပေးအပ်ရာတွင် လူကုန်ကူးခြင်း ခံရသူ၏ အခွင့်အရေးနှင့် ဆန့်ကျင်မှုမရှိစေဘဲ ပတ်ဝန်းကျင်မှ လူကုန်ကူးခြင်းခံရသူဟု သိသာထင်ရှားမှု မရှိစေရန်အတွက် လူကုန်ကူးခြင်းခံရသူ၏ ဂုဏ်သိက္ခာကို စောင့်စည်း၍ အမည်နှင့် နေရပ်လိပ်စာတို့အား ဖော်ပြပေးမှု မရှိခြင်း၊ သတင်းနှင့် မီဒီယာတို့တွင် အကျယ်တဝင့် ထည့်သွင်းဖော်ပြစေခြင်းတို့ မပြုလုပ်စေဘဲ ပြန်လည်ထူထောင်ရေး စရိတ်များကို ထောက်ပံ့ပေးအပ်လျက်ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်း လူကုန်ကူးခံရသူ အမျိုးသမီး (၆)ဦး အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၏ ရန်ပုံငွေဖြင့် လူကုန်ကူးခြင်းခံရသူများ၏ သဘောဆန္ဒအရ နွားမွေးမြူရန်အတွက် ထောက်ပံ့ငွေပေးအပ်ရန်စီစဉ်ထားရှိပါကြောင်းနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများအား လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ချက် နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (တတိယနေ့)မှတ်တမ်း

# ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

# ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်

# [သောကြာနေ့]

# နေ့လယ်ပိုင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ထင်ကျော်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီး ထင်ကျော်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ထင်ကျော် ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် အင်းလေးကန်အကျယ်အဝန်းနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အင်းလေးကန်အကျယ်အဝန်းမှာ ယခင်နှစ်ကာလ များထက် ယနေ့အချိန်ကာလတွင် ဧရိယာ ပိုမိုကျဉ်းမြောင်းလာလျက်ရှိပါတယ်။ အကြောင်း အရင်းမှာ အင်းလေးကန် ရေသိုလှောင်နိုင်မှုပမာဏ လျော့နည်းလာခြင်း၊ အင်းလေးကန် အတွင်းသို့ စီးဝင်နေသော ချောင်းများမှ သဲနုန်းပို့ချမှု များပြားလာခြင်း၊ စိုက်ပျိုးရေးခြံများ ချဲ့ထွင်လာခြင်း၊ လူနေအဆောက်အဦများ တိုးချဲ့ဆောက်လုပ်လာခြင်း၊ ကန်အတွင်းစီးဝင် သောရေပမာဏ လျော့နည်းလာခြင်းတို့ကြောင့် အင်းလေးကန်ဧရိယာဟာ ကျဉ်းမြောင်းလာ လျက်ရှိပါတယ်။

အင်းလေးကန်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်မှာ တည်ရှိပြီးတော့ အကျယ်အဝန်းအားဖြင့် ၆၃ စတုရန်းမိုင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၀၀ ပေ အထက်မှာတည်ရှိသော ကန်တစ်ကန် ဖြစ်ပါတယ်။ ခြောက်သွေ့သော နွေရာသီတွင် ရေ အနက် ၇ ပေ၊ ရေနက်သော နေရာများတွင် ၁၂ ပေခန့်ရှိပြီးတော့ မိုးရာသီမှာ ၅ ပေခန့် ရေ မျက်နှာပြင် မြင့်တက်လျက်ရှိပါတယ်။ တောင်ပေါ်အင်းအိုင်ကြီးတစ်ခုဖြစ်ပြီးတော့ တောင်နှင့် မြောက် ၉ မိုင်ခန့်ရှည်လျားပြီး အရှေ့နှင့် အနောက် ၃ မိုင်ခန့်ရှိသော ကန်တစ်ခုဖြစ်ပါတယ်။ အင်းလေးကန်အတွင်းသို့ ချောင်းပေါင်း ၂၉ ချောင်း စီးဝင်လျက်ရှိပြီး မိုးရွာသွန်းမှုအနေဖြင့် ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တိုင်းတာချက်များအရ နှစ်စဉ် မိုးရေချိန် ၃၆.၅ လက်မ ခန့်ရရှိခဲ့ပါတယ်။ အင်းလေးကန်အတွင်းသို့ မြောက်ဘက်မှ ချောင်း (၁)ချောင်း၊ အရှေ့ဘက်မှ ချောင်း(၁၇)ချောင်းနှင့် အနောက်ဘက်မှ ချောင်း(၁၁)ချောင်း စီးဝင်လျက်ရှိပြီး နှစ်စဉ် သဲနုန်း ပို့ချမှုအနေဖြင့် ကျင်းပေါင်း ၃ သိန်းမှ ၅ သိန်းဝန်းကျင် ပို့ချလျက်ရှိနေပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တစ်နှစ်လျှင် သဲနုန်းကျင်းပေါင်း တစ်သိန်းကျော်သာ ဆယ်ယူမှု ပြုလုပ်ပေးနိုင်သည်ကို သိရှိရပါတယ်။ ရေဝေရေလဲဒေသများအနေဖြင့် ညောင်ရွှေ

မြို့နယ်၊ တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်တို့ ပါဝင်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ သိရှိမေးမြန်းလိုသည်မှာ အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် အင်းလေးကန်အတွင်းသို့စီးဝင်သော ချောင်းများမှ ပို့ချသော သဲနုန်းများပို့ချမှုနည်းပါးစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါတယ်။ ရေဝေရေလဲ ဒေသများတွင် သစ်ပင်များ၊ မျိုးစေ့များ နှစ်စဉ် စိုက်ပျိုးသော်လည်း ရှင်သန်မှုနည်းသဖြင့် စိုက်ပျိုးသည့် သစ်ပင်များ၊ မျိုးစေ့များ ရှင်သန်ပေါက်ရောက်စေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ နှစ်စဉ် ကျွန်းမျောရိုင်းများ၊ မြေစာများ၊ အမှိုက်များ ဆယ်ယူလျက်ရှိသော်လည်း စွန့်ပစ်ရန် နေရာအခက်အခဲရှိပါသဖြင့် နေရာသတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိကို သိရှိလိုပါတယ်။ အင်းလေးကန်အကျယ်အဝန်းမှာ ရှေ့ယခင်ကထက် ကျဉ်းမြောင်းတိမ်ကောလာနေပြီး ယခု အချိန်တွင် ကန်ရေပြင်အကျယ်၊ ကျွန်းမျောစိုက်ခင်းဧရိယာအကျယ်၊ ဘေးမဲ့ဧရိယာအကျယ်၊ လူနေဧရိယာမည်မျှရှိပြီး လူနေဧရိယာများအလိုက် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ အင်းလေးကန်အတွင်းနေထိုင်သော ပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ယနေ့တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးထင်ကျော်မေးမြန်းတဲ့ အင်းလေးကန်ရေ သိုလှောင်နိုင်မှုပမာဏ လျော့နည်းလာခြင်း၊ အင်းလေးကန်အတွင်းသို့ စီးဝင်နေသော ချောင်းများမှ နုန်းပို့ချမှု များပြားလာခြင်း၊ စိုက်ပျိုးရေးခြံများ ချဲ့ထွင်လာခြင်း၊ လူနေအဆောက်အဦများ တိုးချဲ့ဆောက်လုပ်လာခြင်းနှင့် ကန်အတွင်း စီးဝင်သော ရေပမာဏ

လျော့နည်းလာခြင်းတို့ကြောင့် အင်းလေးကန်ဧရိယာ ကျဉ်းမြောင်းလာမှုအပေါ် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုတဲ့မေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးတာဝန်ယူထားတဲ့ ကျွန်တော် ဦးစိုင်းလုံကျော်က အောက်ပါအတိုင်း ဆောင်ရွက်ထားမှု များကို ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် အသုံးပြုခွင့် ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် အင်းလေးကန်အတွင်းသို့ စီးဝင်သော ချောင်းများမှ ပို့ချသော သဲနုန်းများ နည်းပါးစေရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်ပြီး အင်းလေးကန်အတွင်းသို့ စုစုပေါင်းချောင်း (၂၉)ချောင်း စီးဝင်လျက်ရှိပါတယ်။ အဆိုပါချောင်းများသည် ရေပမာဏများစွာကို ဖြည့်ဆည်းပေးသကဲ့သို့ ရေဝေရေလဲဧရိယာအတွင်း မြေဆီလွှာတိုက်စားခံရမှုကြောင့် ဖြစ်တည်လာသည့် သဲနုန်း ထုထည်ပမာဏ အမြောက်အများကိုလည်း သယ်ဆောင်စီးဆင်းလာခဲ့ပါတယ်။ ပြည်တွင်း ပြည်ပမှ သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်များအရ နှစ်စဉ် တိုက်စားပို့ချ ခံရသည့် သဲနုန်းထုထည်ပမာဏမှာ တန်ချိန်အားဖြင့် (၃)သိန်းမှ (၅)သိန်းအတွင်း ရှိနိုင် ကြောင်း လေ့လာသိရှိရပါတယ်။ ဒီလိုတိုက်စားသယ်ဆောင်လာသည့် သဲနုန်းပမာဏ၏ (၆၂) ရာခိုင်နှုန်းသည် အင်းလေးကန်ပတ်လည်ရှိ စိုက်ပျိုးမြေပြင်ကျယ်ဧရိယာများတွင် အနည် ပို့ချပြီး၊ ကန်စပ်နှင့် အနီးစပ်ဆုံး ရွံ့နွံဧရိယာများတွင် (၂၀)ရာခိုင်နှုန်း ပို့ချပါတယ်။ ကန်စပ်နှင့် ထိစပ်နေသော ချောင်းဝများတွင် (၁၂)ရာခိုင်နှုန်း ပို့ချတာ ရှိပါတယ်။ ကန်အတွင်းပိုင်းတွင် (၁)ရာခိုင်နှုန်း ပို့ချပြီးတော့ အင်းလေးကန်အောက်ပိုင်း စံကားအင်းဘက်သို့ (၅)ရာခိုင်နှုန်း ဆက်လက်စီးဆင်းသွားတာ ဖြစ်ပါတယ်။ ဖော်ပြပါ မြေပုံကတော့ အပြာလေးနဲ့တင်ပြတာ ကတော့ နုန်းပို့မြေပြင်ဧရိယာ (၆၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။ အဝါရောင်နဲ့ တင်ပြထားတဲ့ ဧရိယာကတော့ ကန်စပ်ရွံ့နွံတောများ (၂၀)ရာခိုင်နှုန်း ဖြစ်ပါတယ်။ အနီရောင်တြိဂံနဲ့ တင်ပြ ထားတဲ့ နေရာတွေကတော့ ကန်စပ်ချောင်းဝမှာ (၁၂)ရာခိုင်နှုန်းပို့ချတာဖြစ်ပြီး အင်းထဲကို တော့၊ ကန်ထဲကိုတော့ (၁)ရာခိုင်နှုန်းနဲ့ စံကားဘက်ချောင်းကိုတော့ (၅)ရာခိုင်နှုန်း ပို့ချတာကို ပုံနဲ့တကွ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အဓိကထား တူးဖော်ဆောင်ရွက်လျက်ရှိသော

နမ့်ကတ်ချောင်းတစ်လျှောက်၊ ငါးဖယ်ချောင်းရေလမ်းတစ်လျှောက်၊ သာစည်ကန်၊ နဒီကန် တို့၌ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ကန်အတွင်းသို့ မရောက်မီ ရေဝင်ချောင်းများ တစ်လျှောက် တူးဖော်ခြင်းတို့ကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပြီး ကန်ရေပြင်နှင့် ထိစပ် နေသည့် နမ့်ကတ်ချောင်းအဝတွင် သောင်တူးစက်ကြီးများဖြင့် တူးဖော်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

၁၉၉၂ ခုနှစ်မှ စတင်တူးဖော်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအချိန်ထိ တူးဖော်ပြီး သဲနုန်းကျင်းပေါင်း ၃၃ သိန်းခန့်ရှိပြီးဖြစ်ပါတယ်။ နှစ်စဉ် ကျင်း(တစ်သိန်းခွဲ)ခန့် တူးဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများအား သောင်တူးစက် (၄)စီး၊ မြေတူးစက်(၂)စီးနှင့် ကုန်းရေနှစ်ထွေသွား မြေတူးစက် Amphibious Excavator (၂)စီးဖြင့် ဆောင်ရွက်ပေးလျက်ရှိတာ ဖြစ်ပါတယ်။ ဒါလက်ရှိ တင်ပြပါမြေပုံများကတော့ လုပ်ငန်းများဆောင်ရွက်နေတဲ့ နေရာများနဲ့ အသုံးပြုတဲ့စက်များနဲ့ ဆောင်ရွက်နေတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ အလယ်စက်ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေရယ်၊ ရှမ်းပြည်နယ်အင်းလေးကန်ရန်ပုံငွေနဲ့ နိုင်ငံတော်ရန်ပုံငွေနဲ့ ဆောင်ရွက်ထားတဲ့ ကျပ်သိန်းပေါင်း ၁၀,၀၀၀ တန်စက်၊ သောင်တူးစက်ဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီလုပ်ငန်း များအတွက် နုန်းထိန်းတမံ(၆)ခုနှင့် နုန်းဖမ်းဆည်(၂၈၀)ခုကိုလည်း တည်ဆောက်ပေးခဲ့ပြီး နှစ်စဉ် နုန်းဖမ်းဆည်များကို ဆက်လက်တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒါတင်ပြပါပုံများ ကတော့ နုန်းဖမ်းဆည်ရယ်၊ နုန်းတားတမံတွေရဲ့ ဆောင်ရွက်ထားတဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

ထိုနည်းတူ အင်းလေးကန်ပတ်လည်တွင် ရှေးယခင်ကတည်းက တူးဖော်ထားရှိသည့် နုန်းထိန်းနုန်းစစ်ကန်များဖြစ်သည့် သာစည်ကန်၊ နဒီကန်အပါအဝင် ကန်(၉)ကန်မှ သဲနုန်း များအား တူးဖော်ဖယ်ရှားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း နုန်းဖမ်းဆည်(၅)ခု တည်ဆောက်ခြင်းနှင့် သဲနုန်းတူးဖော်ခြင်း လုပ်ငန်း (၁၆၀၀၀၀)ကျင်း တူးဖော်ဆောင်ရွက်နိုင်ရန် ရေးဆွဲတင်ပြထားပြီး ဖြစ်ပါတယ်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် လကုန်)ထိ သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းများကို အောက်ပါဇယား အတိုင်း တင်ပြအပ်ပါတယ်-

| စဉ် | လုပ်ငန်း | ပမာဏ |
|---|---|---|
| ၁။ | **သဘာဝတောထိန်းသိမ်းခြင်း** | |
| | (က) ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း | ၈၉ မိုင် |
| | (ခ ) ဓမ္မတာမျိုးဆက်ခြင်း | ၂၈၀၀ ဧက |
| | (ဂ ) စခန်းတဲဆောက်လုပ်ခြင်း | ၂၆ လုံး |
| | (ဃ) စစ်ဆေးလမ်းဖောက်လုပ်ခြင်း | ၁၆၇ မိုင် |
| | (င ) သဘာဝတောများ ကင်းလှည့်စစ်ဆေးခြင်း | ၁၀၃၆ ကြိမ် |
| | (စ ) မီးကာကွယ်ခြင်း | ၃,၀၀၀ဧက |
| | (ဆ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း | ၃၈၀၈.၃၉ ဧက |
| | (ဇ ) ထင်းအသုံးပြုအဆင့်မြင့်မီးဖိုဖြန့်ဖြူးခြင်း | ၅၀၀၀ လုံး |
| ၂။ | **သစ်ပင်စိုက်ပျိုးခြင်း** | |
| | (က) ရေဝေရေလဲစိုက်ခင်း | ၁၃၄၀ ဧက |
| | (ခ ) ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း | ၄၀၀ ဧက |
| | (ဂ) လေကာတန်း၊ ယာကန်သင်း၊ ယာစည်းရိုး သစ်ပင်စိုက်ပျိုးခြင်း | ၃၃၇,၀၀၀ ပင် |
| | (ဃ) သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း | ၅၀,၀၀၀ ပင် |
| | (င ) လူထုဖြန့်ပျိုးပင်ဖြန့်ဝေခြင်း | ၅၃၂,၈၀၀ ပင် |
| ၃။ | **ရေနှင့်မြေဆီလွှာတိုက်စားမှုကာကွယ်ထိန်းသိမ်းခြင်း** | |
| | (က) ကမ်းပါးပြိုထိန်းသိမ်းခြင်း | ၅၀ ခု |
| | (ခ ) ကွန်တိုကန်သင်းကန့်ပြုလုပ်ခြင်း | ၁၈၇၀၀၀ ပေ |
| | (ဂ ) နုန်းထိန်းတမံငယ်ပြုလုပ်ခြင်း | ၂၅၇ ခု |
| | (ဃ) သဘာဝရေထွက်များထိန်းသိမ်းခြင်း | ၁၅၀ ခု |
| | (င ) ဇီဝအင်ဂျင်နီယာနည်းဖြင့် ထိန်းသိမ်းခြင်း | ၆၀၀ ခု |
| ၄။ | **အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း** | |
| | (က) သင်တန်းများဖွင့်လှစ်ခြင်း | ၈၆ ကြိမ် |
| | (ခ ) ပိုစတာ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း | ၃၁၀၀၀ စောင် |
| | (ဂ ) မြေစိုက်ပိုစတာစိုက်ထူခြင်း | ၁၄၀ ခု |
| | (ဃ) ကွင်းဆင်းပညာပေးစည်းရုံးဟောပြောခြင်း | ၁၄၆၄ ကြိမ် |

သစ်တောဦးစီးဌာန၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအစီအစဉ်ဖြင့်လည်း ရေထွက်စမ်းများထိန်းသိမ်းရေးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတရဲ့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့ ရှမ်းပြည်နယ်ခရီးစဉ်တွင် အင်းလေးကန်ရေဝေရေလဲ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ခြင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ရီလ (၁၃)ရက်နေ့ ရှမ်းပြည်နယ်ခရီးစဉ်တွင်လည်း အင်းလေးကန်ရေရှည် တည်တံ့စေရေးအတွက် ရေမြေတောတောင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ခြင်းများကြောင့် အင်းလေးကန် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစီမံကိန်းကို နှစ် ၃၀ ရည်မှန်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကနဦး ပထမ(၁၀)နှစ် အင်းလေးကန်ရေရှည်စီမံကိန်းကို (၂၀၂၀ - ၂၀၂၁ ခုနှစ် မှ ၂၀၂၉ - ၂၀၃၀ ခုနှစ်ထိ)ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အဆိုပါ စီမံချက်တွင် သဘာဝတောများကာကွယ်နိုင်ရန် (က) ရေဝေရေလဲဂေဟစနစ်များ ရေရှည်တည်တံ့စေခြင်း၊ သဲနုန်းများပို့ချမှု လျော့နည်းစေခြင်း၊ (ခ)သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ မြေဆီလွှာတိုက်စားမှုသက်သာစေခြင်း၊ (ဂ) ရေနှင့်မြေဆီလွှာကာကွယ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေးဥပဒေကိုလည်း ၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် (၈)ဖြင့် ၁၉- ၁၂- ၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနည်းဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲပြီးဖြစ်ပါတယ်။ အပြီးသတ်ထုတ်ပြန်နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရေဝေရေလဲဒေသများတွင် သစ်ပင်/မျိုးစေ့များ နှစ်စဉ်စိုက်ပျိုးသော်လည်း ရှင်သန်မှုနည်းသဖြင့် စိုက်ပျိုးတဲ့ သစ်ပင်တွေ၊ မျိုးစေ့တွေ ရှင်သန်ပေါက်ရောက်စေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိလိုတဲ့မေးခွန်းနဲ့ပတ်သက်၍ ရေဝေရေလဲဒေသများတွင် နှစ်စဉ်စိုက်ပျိုးသည့် သစ်ပင်/ မျိုးစေ့များ ရှင်သန်ပေါက်ရောက်စေရန် ရှမ်းပြည်နယ်အစိုးရ၏ စီမံဆောင်ရွက်နေမှု အခြေအနေများကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း ၁,၃၄၀ ဧက၊ စီးပွားရေးစိုက်ခင်း ၇၅၀ ဧက၊ စက်မှုကုန်ကြမ်းစိုက်ခင်း ၂၂၅ ဧကကို စိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။ သစ်ပင်ပေါက်ရောက်မှုမရှိသော တောင်ကတုံးများကိုတော့ ၂၀၁၉ ခုနှစ်၊ မိုးရာသီ၌ သစ်စေ့မြေလုံး (၁၄၆,၂၉၇)လုံး၊ ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီတွင် သစ်စေ့မြေလုံး (၃၀၀,၀၀၀)လုံးတို့ကို ရဟတ်ယာဉ်များဖြင့် ကြဲချခဲ့ပြီး သစ်စေ့မြေလုံး (၁၇၀,၀၀၀) လုံးကို ဆူးထိုးချ စိုက်ပျိုးခြင်းကို ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ဆောင်ရွက်ခဲ့ပါတယ်။

ရေဝေရေလဲဒေသများတွင် သစ်ပင်/ မျိုးစေ့များ ရှင်သန်ပေါက်ရောက်မှု ကောင်းစေရန် သစ်တောဦးစီးဌာနမှ နှစ်စဉ် တည်ထောင်စိုက်ပျိုးလျက်ရှိသော စိုက်ခင်းများမှာ ရာသီအလိုက် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်း၊ လူ၊ ကျွဲ၊ နွား အန္တရာယ်များ ဖျက်ဆီးမှုမရှိစေရန် ဆောင်ရွက်ခြင်း၊ မီးကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကြောင့် ရှင်သန်ပေါက်ရောက်မှုရာခိုင်နှုန်း ကောင်းမွန်ပြီး လူထုဖြန့်ပျိုးပင်များသစ်စေ့များ ရှင်သန်ပေါက်ရောက် အောင်မြင်ရန်မှာ ရာသီအလိုက်လုပ်ငန်းများ လူ၊ ကျွဲ၊ နွား အန္တရာယ်များမှ ပြည်သူများ ပူးပေါင်းပါဝင်ပေါင်းစပ်၍ စိတ်ဝင်စားစွာဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒါတွေကတော့ သစ်တောဦးစီးဌာနကဆောင်ရွက်လျက်ရှိတဲ့ မှတ်တမ်းဓာတ်ပုံများပဲ ဖြစ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ အင်းလေးကန်အကျယ်အဝန်းမှာ ရေးယခင်ကထက် ကျဉ်းမြောင်းတိမ်ကောလာနေပြီး ယခုအချိန်တွင်ကန်ရေ ပြင်အကျယ်၊ ကျွန်းမျောစိုက်ခင်းဧရိယာ၊ ဘေးမဲ့ဧရိယာ၊ လူနေဧရိယာမည်မျှရှိပြီး ဧရိယာများအလိုက် နယ်နိမိတ်မှတ်တိုင်များစိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်းမေးခွန်းနဲ့ပတ်သက်ပြီး အင်းလေးကန်အတွင်း ၂၀၁၇ ခုနှစ် မတိုင်မီက ကျွန်းမျောစိုက်ခင်းဧရိယာနှင့် လူနေထိုင်သည့် ရွာမြေအချို့တို့ကို ဆည်မြောင်းဦးစီးဌာနမှ သစ်သားတိုင်များစိုက်ထူပြီး သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈- ၂၀၁၉ ခုနှစ် နောက်ပိုင်းမှစတင်ပြီး သစ်သားနယ်နိမိတ်မှတ်တိုင်များရဲ့ မြေနေရာတွေမှာ ကွန်ကရစ်တိုင်များ ပြောင်းလဲစိုက်ထူပေးခဲ့ပါတယ်။ အင်းလေးကန်၏ လက်ရှိရေပြင်အကျယ်သည် (၁၇.၄၉၅) စတုရန်းမိုင်ရှိပြီး ဧရိယာအားဖြင့် (၁၁၂၀၀)ဧကခန့် သာကျန်ရှိပါတယ်။ ကျွန်းမျောစိုက်ခင်းဧရိယာ၊ ဘေးမဲ့ဧရိယာတို့ကို နယ်နိမိတ်မှတ်တိုင်များ

စိုက်ထူထားပါကြောင်းနှင့် အင်းလေးကန် တိမ်ကောရခြင်းအကြောင်းအရင်းမှာ (က) ရေဝေရေလဲဧရိယာအတွင်း သစ်တောများပြုန်းတီးမှုကြောင့် မိုးရေတိုက်စား၍ သဲနုန်းများကျရောက်ခြင်း၊ (ခ) မမှန်ကန်သော ထွန်ယက်စိုက်ပျိုးမှုများဖြစ်သည့် ရွှေ့ပြောင်းတောင်ယာစနစ်အရ တောခုတ်မီးရှို့ခြင်း၊ (ဂ) ကုန်းစောင်းများတွင် ကွန်တိုအလိုက်မဟုတ်ဘဲ အထက်အောက် ဒေါင်လိုက် ထွန်ယက်စိုက်ပျိုးခြင်း၊ (ဃ) မတ်စောက်သည့် တောင်စောင်းများတွင် ထွန်ယက် စိုက်ပျိုးခြင်းတို့ကြောင့် ဖြစ်ပါတယ်။

အင်းလေးကန်အတွင်း ကျွန်းမျောစိုက်ခင်းများ ထပ်မံတိုးချဲ့စိုက်ပျိုးခြင်းမရှိစေရန် ၂၀၀၇ ခုနှစ်မှစပြီး တိုင်းတာသတ်မှတ်စိုက်ထူထားသည့် နေရာများအား ပြန်လည်စိစစ်ဆောင်ရွက်နိုင်ရန်နှင့် ဌာနဆိုင်ရာများပါဝင်သော ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်း၍ ဆည်မြောင်းဦးစီးဌာနမှ အင်းရေပြင် နယ်နိမိတ်ဘုတ်တိုင်များ ပြန်လည်စိုက်ထူခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ ဘေးမဲ့တောဧရိယာ (၁၃၁၈၈၄.၄၇)ကေအား နယ်နိမိတ်ဘုတ်တိုင်များကို ၂၀၁၉- ၂၀၂၀ ခုနှစ်မှ ၂၀၂၆- ၂၀၂၇ ခုနှစ်အထိ နှစ်စဉ်လုပ်ငန်းလျာထားချက်များအတိုင်း စိုက်ထူဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ဧရိယာမှာ ရှေးယခင်က (၁၀၄)စတုရန်းမိုင်ကျယ်ဝန်းခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ပြန်လည်တိုင်းတာချက်များအရ (၆၃)စတုရန်းမိုင်သာတည်ရှိဆဲဖြစ်ပါတယ်။ အဆိုပါ (၆၃)စတုရန်းမိုင်တွင် မြေအသုံးချမှုများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| **စဉ်** | **အသုံးချမှုပုံစံ** | **ဧရိယာ (ဧက)** | **ဧရိယာ (စတုရန်းမိုင်)** |
|---|---|---|---|
| ၁။ | အင်းရေပြင်ဧရိယာ | ၁၅၆၆၉ | ၂၄ |
| ၂။ | ကျွန်းမျောရိုင်းဧရိယာ | ၈၂၄၁ | ၁၃ |
| ၃။ | ကျွန်းမျောစိုက်ခင်းဧရိယာ | ၉၂၅၄ | ၁၅ |
| ၄။ | လူနေထိုင်သည့်ဧရိယာ | ၂၀၉၅ | ၃ |
| ၅။ | ရေကျချိန်စိုက်ပျိုးမြေဧရိယာ | ၄၈၇၁ | ၈ |
| **လက်ရှိနယ်နိမိတ်ဧရိယာ** | | **၄၀၁၃၀** | **၆၃** |

ရေကျချိန်မှာ စိုက်ပျိုးမြေဧရိယာသည် နွေရာသီရေနည်းချိန်ကာလတွင် စိုက်ပျိုးလုပ်ကိုင်နိုင်ပြီး မိုးရာသီတွင် ရေပြင်အဖြစ် တည်ရှိသည့်ဧရိယာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အင်းလေးကန်ရေပြင်ဧရိယာ၊ စံကားအင်းနှင့် ဖယ်ခုံအင်းဧရိယာတို့အား ၁၉၈၆ ခုနှစ်မှစတင်၍ အင်းလေးကန်ဘေးမဲ့တောအဖြစ် နိုင်ငံတော်မှ တရားဝင်သတ်မှတ်၍ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ် ထိန်းသိမ်းလျက်ရှိပါတယ်။ အင်းရေပြင်အတွင်း ၂၀၁၇ ခုနှစ်မတိုင်မီက ကျွန်းမျောစိုက်ခင်း ဧရိယာအပြင်ဘက်တစ်လျှောက် အင်းရေပြင်နှင့် ထိစပ်နေသည့်အပိုင်းတို့တွင် ကျွန်းမျောများ၊ ရေခြံများ တိုးချဲ့ဆောင်ရွက်လုပ်ကိုင်ခြင်းကို ထိန်းသိမ်းနိုင်ရန် ယခင်က ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးတို့မှ စစ်ဆေးတိုင်းတာပေးသည့်နေရာများတွင် ဆည်မြောင်းဦးစီးဌာနမှ သစ်သား(မျော)တိုင်များနှင့် စိုက်ထူပေးခဲ့ပြီး နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ဆွေးမြေ့ပျက်စီးမှုများဖြစ်ပေါ်လာခဲ့သဖြင့် ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာနှစ်မှစတင်၍ ကွန်ကရစ်တိုင်များဖြင့် ပြောင်းလဲစိုက်ထူပေးခြင်းကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ဖော်ပြပါမြေပုံကတော့ အနီနဲ့တင်ပြထားတဲ့အပိုင်းကတော့ ကွန်ကရစ်တိုင်များ စိုက်ထူထားသည့်အပိုင်းဖြစ်ပြီး၊ အပြာနဲ့တင်ပြထားတဲ့အပိုင်းကတော့ နယ်နိမိတ်ဧရိယာဖြစ်ပါတယ်။ အဲဒီနေရာတွေကတော့ တိုင်းတာပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်မဲ့ အနေအထားဖြစ်ပါတယ်။ ဒီလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာလည်း သက်ဆိုင်ရာကိုယ်စားလှယ်များ၊ မြို့နယ်ကြီးကြပ်ရေးကော်မတီများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်းလေးကန် ရေပြင်ကျယ်ဧရိယာတစ်လျှောက်တွင် စိုက်ထူပြီးခဲ့တဲ့ ကွန်ကရစ်တိုင်ပေါင်းဟာ ၁၂၅၃ တိုင် စိုက်ထူပေးပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့်ဧရိယာများအား နယ်နိမိတ်ကွန်ကရစ်တိုင်များ စိုက်ထူနိုင်ရေးအတွက် သက်ဆိုင်ရာ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော မြို့နယ်ထိန်းသိမ်းရေးကော်မတီတို့မှ ပြန်လည်စိစစ်တိုင်းတာပြီး ညှိနှိုင်းတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်

ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုမွန်ကောင်း တောင်းပေးအပ်ပါတယ်။ ကျွန်တော်ဟာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ ဘာသာရေးကျောင်းတိုက်များသို့ ပစ္စည်း(၄)ပါး ဆက်ကပ်လှူဒါန်းမှုအခြေအနေနဲ့စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ရှမ်းပြည်နယ် အတွင်းရှိ ပရဟိတစာသင်ကျောင်းတိုက်များ၊ ပရိယတ္တိစာသင်တိုက်များနှင့် ပဋိပတ္တိတရား အားထုတ်ကျောင်းများတို့အား လိုအပ်နေသည့် ပစ္စည်း(၄)ပါးတို့ကို သဒ္ဓါထက်သန်ကြတဲ့ အစိုးရအဖွဲ့ကော၊ အဖွဲ့အစည်းများ၊ အလှူရှင်များပါ တတ်အားသရွေ့ အခါအားလျော်စွာ ဆက်ကပ် လှူဒါန်းနေသည်ကို လေ့လာသိရှိရပါသဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုအပ်ပါတယ်။

သို့ပါ၍ အောက်ဖော်ပြပါ အချက်အလက်များအား အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ပံ့ပိုးဆက်ကပ်ပေးသည်ကို သိရှိလိုပါသဖြင့် ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ် -

(က) ရှမ်းပြည်နယ်အတွင်း ပရဟိတစာသင်တိုက် မည်မျှရှိပြီး ပစ္စည်း (၄)ပါး မည်မျှ လှူဒါန်းနိုင်ခဲ့ပါသနည်း။

( ခ) ရှမ်းပြည်နယ်အတွင်း ပရိယတ္တိစာသင်တိုက် မည်မျှရှိပြီး ပစ္စည်း (၄)ပါး မည်မျှ ဆက်ကပ်လှူဒါန်းနိုင်ခဲ့သနည်း။

( ဂ) ရှမ်းပြည်နယ်အတွင်း ပဋိပတ္တိကျောင်းတိုက် မည်မျှရှိပြီး ပစ္စည်း(၄)ပါး မည်မျှ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပါသနည်း။

သို့ဖြစ်ပါ၍ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ ဘာသာရေးစာသင်တိုက်များ၊ တရားအားထုတ်ကျောင်းတိုက်များတို့အား အစိုးရအဖွဲ့မှ ဦးစီးဦးဆောင်ဖြင့် ပစ္စည်း(၄)ပါး ဆက်ကပ်လှူဒါန်းမှုအတွက် သိရှိလိုပါသဖြင့် အထက်ဖော်ပြပါ အချက်အလက်များအား ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းထားတဲ့ COVID-19 ရောဂါဖြစ်ပွားနေသည့်အချိန်ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ ပရဟိတ၊ ပရိယတ္တိနဲ့ ပဋိပတ္တိကျောင်းတိုက် မည်မျှရှိပြီးတော့ ပစ္စည်း(၄)ပါး မည်မျှလှူဒါန်းနိုင်ခဲ့ပါသနည်း ဆိုပြီး တော့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်း (၆၂၄၅) ကျောင်းရှိပြီး ပရဟိတ စာသင်တိုက်ကျောင်းပေါင်း (၅၀)ကျောင်း၊ ပရိယတ္တိစာသင်တိုက်ကျောင်းပေါင်း (၅၀၂) ကျောင်း၊ ပဋိပတ္တိကျောင်းတိုက် (၉၉)ကျောင်းရှိပါတယ်။ ကျောင်းတိုက်များအတွက်ကို COVID-19 ရောဂါဖြစ်ပွားနေသည့် အချိန်ကာလအတွင်း ထောက်ပံ့မှုအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၁၂၁၃)ကျောင်းအား ဝတ္ထုငွေကျပ် ၉၇.၇၇၅ သန်းကို သာသနာ့နုဂ္ဂဟအသင်း(ဗဟို)မှ ဆက်ကပ်လှူဒါန်းပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ရှိစာသင်တိုက်များအား COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပေါ်မူတည်၍ ထောက်ပံ့ ပေးရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော၂၀၂၀- ၂၀၂၁ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အမည်စာရင်းပေးပို့တဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ယခု ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အပေါ် ကော်မတီက စိစစ်သုံးသပ်တင်ပြသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)ကို နှစ်အလိုက်ဈေးနှုန်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်ကုန်ခန့်မှန်း တန်ဖိုး ကျပ် ၆၅၈၀ ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းမှာ ကျပ် ၇၁၄၅ ဘီလီယံ ရရှိရန်နှင့် ၈.၆ ရာခိုင်နှုန်း တိုးတက်ပြောင်းလဲရန် ရည်မှန်းထားသည်ကို တွေ့ရှိပါတယ်။

၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းတန်ဖိုးကျပ် ၅၄၅၁ ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းတွင် ကျပ် ၅၇၁၈ ဘီလီယံ ရရှိရန်နှင့် တိုးတက်မှုနှုန်း ၄.၉ ရာခိုင်နှုန်းဖြစ်ပေါ်ရန် ရည်မှန်းထားပြီး လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၀၉၄,၈၀၀ ကျပ် ဖြစ်ပေါ်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဗဟိုအဖွဲ့အစည်းများအနေဖြင့် ကျပ် ၅၉.၃၈၄ ဘီလီယံ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ကျပ် ၂.၅၀၀ ဘီလီယံ၊ ပြည်ထဲရေးဝန်ကြီးဌာန ကျပ် ၃.၉၆၉ ဘီလီယံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကျပ် ၀.၉၅၄ ဘီလီယံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကျပ် ၀.၀၂၄ ဘီလီယံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျပ် ၁.၇၅၆ ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ကျပ် ၁.၃၆၀ ဘီလီယံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ကျပ် ၄၁.၁၀၀ ဘီလီယံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျပ် ၃.၉၈၀ ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျပ် ၉၀.၇၃၄ ဘီလီယံနှင့် စည်ပင်သာယာရေးအဖွဲ့ ကျပ် ၂၁.၅၅၈ ဘီလီယံ၊ စုစုပေါင်း ၂၂၇.၃၂၃ ဘီလီယံကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ရင်းနှီး မြှုပ်နှံရန် အဆိုပြုလျာထားသည်ကို စိစစ်တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်၏ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းများတွင် ကဏ္ဍ(၁၂)ခု ဖြစ်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှု ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေး ကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်ရရှိရန် ရည်မှန်းထားပြီး သစ်တောကဏ္ဍတွင် လျော့နည်း ရန် ရည်မှန်းထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥပဒေကြမ်းတွင် ပြည်နယ်တွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်း မြင့်မားစေရေးအတွက် မြင့်မားသောစီးပွားရေး

လုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်အတွင်း ပုဂ္ဂလိက ကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲထားသည့် ဥပဒေကြမ်း ဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မေရီချို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ရှေးဦးစွာဂါ၀ရပြုအပ်ပါတယ်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ အဖွဲ့ဝင် ဒေါ်မေရီချို ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်း ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ၂.၉.၂၀၂၀ ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀- ၂၀၂၁

ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို ၂၇.၈.၂၀၂၀ ရက်နေ့ တွင် ပြုလုပ်ခဲ့ပြီး၊ နည်းဥပဒေ ၆၄ နှင့်အညီ ဌာန/ အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ၃၁.၈.၂၀၂၀ ရက်နှင့် ၁.၉.၂၀၂၀ ရက်တို့တွင် ဌာနဆိုင်ရာကြားနာပွဲ ပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးကာ နည်းဥပဒေ ၆၆ အရ အစီရင်ခံစာ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့) ၂.၉.၂၀၂၀ ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၉)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ကဏ္ဍကြီး(၃)ခု၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၄.၉ ရာခိုင်နှုန်း တိုးတက်ရန် လျာထားပါတယ်။ ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍ ၀.၉ ရာခိုင်နှုန်း၊ သားငါးကဏ္ဍ ၆.၇ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ၃.၅ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍ ၃.၄ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ ၅.၀ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍ ၄.၂ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၈.၂ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ ၉.၁ ရာခိုင်နှုန်း၊ ငွေရေးကြေးရေး ကဏ္ဍ ၅.၉ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ ၁.၇ ရာခိုင်နှုန်း၊ အခြားဝန်ဆောင်မှု ကဏ္ဍ ၉.၀ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ ၆.၉ ရာခိုင်နှုန်း တိုးတက်ရန်နှင့် သစ်တောကဏ္ဍ ၆.၆ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါတယ်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာ ကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂.၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၃.၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇.၃ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၁.၆ ရာခိုင်နှုန်း မှ ၃၀.၄ ရာခိုင်နှုန်း၊ စက်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅.၂ ရာခိုင်နှုန်း မှ ၂၅.၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၃.၂ ရာခိုင်နှုန်း မှ ၄၄.၃ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂.၃ ရာခိုင်နှုန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂.၉ ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃.၅ ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄.၆ ရာခိုင်နှုန်း၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၂.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါတယ်။

လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)မှာ နှစ်အလိုက် စျေးနှုန်းအရ ကျပ် ၁,၀၉၄,၈၀၀ ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၂၇.၃၂၃ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားခြင်းသည် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်း နောက်ဆက်တွဲ- ၂၊ ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအဆိုပြုလျာထားချက်တွင်ပါရှိသည့် ဌာန၊ အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းစီမံကိန်းများ၏ အဆိုပြုလျာထားသည့် ငွေရပ်များသည် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ဌာန၊ အဖွဲ့အစည်းအသီးသီး၏ ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် ဆက်စပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၂၇,၃၂၂.၇၄၃ သန်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၂၅.၇၂ ရာခိုင်နှုန်း၊ ဗဟိုအဖွဲ့အစည်း(၃)ခု ၀.၄၀ ရာခိုင်နှုန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အောက်ရှိ ဌာန(၁)ခု ၁.၁၀ ရာခိုင်နှုန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု ၁.၇၅ ရာခိုင်နှုန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာန (၃)ခု ၀.၄၂ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု ၀.၀၁

ရာခိုင်နှုန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု ၀.၇၇ ရာခိုင်နှုန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခု ၀.၆၀ ရာခိုင်နှုန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု ၁၈.၀၈ ရာခိုင်နှုန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု ၁.၇၅ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာန (၃)ခု ၃၉.၉၁ ရာခိုင်နှုန်း၊ စည်ပင်သာယာရေးအဖွဲ့ ၉.၄၈ ရာခိုင်နှုန်း လျာထားကြောင်း တွေ့ရှိရပါတယ်။

ရင်းနှီးမြှုပ်နှံရန်ရည်မှန်းချက်တွင် ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၄၁.၉ ဘီလီယံ သုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၅၉.၄ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၃.၃ ဘီလီယံ သုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၂.၅ ဘီလီယံ သုံးစွဲရန်လျာထားကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၁.၈ ဘီလီယံ သုံးစွဲပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၄.၀ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၁.၈ ဘီလီယံ သုံးစွဲပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၁.၈ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၁.၁ ဘီလီယံ သုံးစွဲပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၁.၄ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၃၆.၁ ဘီလီယံ သုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၄၁.၁ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၃.၈ ဘီလီယံ သုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၄.၀ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၁.၀ ဘီလီယံ သုံးစွဲပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၁.၀ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၂၄.၄ သန်းသုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၂၄.၃ သန်းသုံးစွဲရန် လျာထားကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၈၀.၉ ဘီလီယံ

သုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၉၀.၇ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၁၆.၅ ဘီလီယံ သုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၂၁.၆ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း၊ ပြည်နယ်ချုပ် စုစုပေါင်းအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျပ် ၁၈၈.၁ ဘီလီယံ သုံးစွဲပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၂၂၇.၃ ဘီလီယံ သုံးစွဲရန် လျာထားသဖြင့် ကျပ် ၃၉.၂ ဘီလီယံ ပိုမို သုံးစွဲမည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်၏ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုမှာ လယ်ယာကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၅.၀ ရာခိုင်နှုန်း ၊ ဆောက်လုပ်မှုကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း ၊ ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၁.၇ ရာခိုင်နှုန်း၊ အခြားဝန်ဆောင်မှု ကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍတွင် ၆.၉ ရာခိုင်နှုန်း တိုးတက်ရန်နှင့် သစ်တောကဏ္ဍတွင် (-) ၆.၆ ရာခိုင်နှုန်းလျော့နည်းရန် လျာထားပြီး ကဏ္ဍကြီး(၁၃)ခု၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP သည် နှစ်အလိုက်ဈေးနှုန်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေတွင် ကျပ် ၆၅၈၀ ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတွင် ကျပ် ၇၁၄၅ ဘီလီယံ ရရှိရန်နှင့် ၈.၆ ရာခိုင်နှုန်း တိုးတက်ပြောင်းလဲ ရန်ရည်မှန်းထားသည်ကို တွေ့ရှိပါတယ်။

**တင်ပြချက်**

ဥပဒေကြမ်း နောက်ဆက်တွဲ - ၃ တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် ရည်မှန်းချက်များတွင် ရှမ်းပြည်နယ်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇,၁၄၄.၇ ဘီလီယံ ရရှိရန်၊ စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၄.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂.၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၃.၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှု နှုန်းကို ၇.၃

ရာခိုင်နှုန်းသို့ အသီးသီးတိုးတက်စေရန်၊ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (Per Capita GDP)မှာ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၀၉၄,၈၀၀ သို့ရရှိစေရန် ရေးဆွဲထားသည့် ဥပဒေကြမ်းဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နဲ့ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉၀ (ခ)နှင့်အညီ ၂- ၉- ၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်သွင်းခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၏ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)

နှင့်စပ်လျဉ်း၍ အတည်ပြုနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အမည်စာရင်းပေးပို့တဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၂ အရ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ မှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ အတွင်းရေးမှူး၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာစိစစ်ရေးကော်မတီ။** အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာ သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါ၀ရပြုအပ်ပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ အတွင်းရေးမှူး

ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း) အပေါ် ကော်မတီက စိစစ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်းရငွေကျပ် ဝ.ဝ၂ဝ သန်း၊ စုစုပေါင်းရငွေ ၅၇,၉၃၄.၅၇၉ သန်းဖြစ်ပြီး သာမန် အသုံးစရိတ် ကျပ် ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေ ကျပ် ၃၃၉,၉၈ဝ.၃၃၆ သန်း ဖြစ်သဖြင့် လိုငွေ ကျပ် ၂၈၂,ဝ၄၅.၇၅၇ သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရငွေစုစုပေါင်းမှာ အခွန်အကောက် ရငွေ ကျပ် ၃,၉၆၁.၂၈၉ သန်း၊ အခြားသာမန်ရငွေ ကျပ် ၄၇,၉၇၃.၂၇ဝ သန်း၊ ငွေလုံးငွေရင်း ရငွေ ကျပ် ဝ.ဝ၂ဝ သန်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ် သန်း ၅,ဝဝဝ.ဝဝဝ ၊ အရေးပေါ်ရန်ပုံငွေအတွက် ရငွေ ကျပ်သန်း ၁,ဝဝဝ.ဝဝဝ ဖြစ်သဖြင့် ရငွေစုစုပေါင်းမှာ ကျပ် ၅၇,၉၃၄.၅၇၉ သန်း ဖြစ်သဖြင့် ဘတ်ဂျက်လိုငွေအတွက် ကျပ် ၂၈၂,ဝ၄၅.၇၅၇ သန်းကို ပြည်ထောင်စုမှ ဖြည့်ဆည်းပေးထား ကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဗဟိုအဖွဲ့အစည်းများ၏ ရငွေ ကျပ် ၃၂,၁၉၅.၅၇၄ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ရငွေ ကျပ် ၂၈၇,၈၇၉.၁၉၉ သန်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ ကျပ်သန်း ၃ဝ.ဝဝဝ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေကျပ် ၁၉,၈၇၅.၅၆၃ သန်း၊ စုစုပေါင်းရငွေ ကျပ် ၅၇,၉၃၄.၅၇၉ သန်း ဖြစ်ပြီး ဗဟိုအဖွဲ့အစည်းများ၏ အသုံးစရိတ်မှာ ကျပ် ၇၆,၃၆၃.ဝ၉ဝ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ အသုံးစရိတ်ကျပ် ၁၉၁,၃၄၈.ဝ၈ဝ သန်း၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ အသုံးစရိတ်ကျပ် ၄၁,၁ဝ၅.ဝဝဝ သန်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ် ကျပ် ၃၁,၁၆၄.၁၆၆ သန်း၊ စုစုပေါင်း အသုံးစရိတ် ကျပ် ၃၃၉,၉၈ဝ.၃၃၆ သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အခွန်အကောက်ရငွေ ခန့်မှန်းခြေစာရင်းတွင် ပြည်နယ် အစိုးအဖွဲ့၏ ရေခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုပစ္စည်းခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁၁၆.၆၉၅ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁,၂၃၆.၉၀၁ သန်း၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် ကျပ် ၆၆၀.၃၂၄ သန်း၊ ဓာတ်သတ္တု ပစ္စည်းခွန် ကျပ် ၃၁၅.၅၈၁ သန်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ အင်းအိုင်ခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁၁.၆၀၀ သန်း၊ သစ်တောဦးစီးဌာန၏ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အခွန် ကျပ် ၁၃၃.၄၃၀ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ပစ္စည်းခွန် ကျပ် ၁,၁၁၂.၁၆၅ သန်း၊ ဘီးခွန် ကျပ် ၃၇၄.၅၉၃ သန်း၊ စုစုပေါင်း ကျပ် ၃,၉၆၁.၂၈၉ သန်း လျာထားကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်တွင် ၀၁- လစာစရိတ်ချီးမြှင့်ငွေ ကျပ် ၄၀,၆၅၅.၆၆၆ သန်း၊ ၀၂- ခရီးသွားလာစရိတ် ကျပ် ၁,၁၀၃.၆၆၈ သန်း၊ ၀၃- ပစ္စည်းများ၊ လုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ် ကျပ် ၁၈,၁၃၁.၁၂၇ သန်း၊ ၀၄-ပြင်ဆင် ထိန်းသိမ်းစရိတ် ကျပ် ၄၄,၆၂၁.၈၂၄ သန်း၊ ၀၅- ပညာရေးနှင့် လူမှုရေးအသုံးစရိတ် ကျပ် ၁,၃၉၂.၄၀၁ သန်း၊ ၀၆- ဧည့်ခံကျွေးမွေးစရိတ် ကျပ် ၃၀၂.၆၉၃ သန်း၊ ထောက်ပံ့အသုံးစရိတ်/ တိုင်းရင်းသားရေးရာကိစ္စရပ်အတွက် ကျပ် ၅,၀၁၅.၀၀၀ သန်း၊ စီမံစရိတ်နှင့် အရေးပေါ်ရန်ပုံငွေ ကျပ် ၁,၀၀၅.၀၀၀ သန်း၊ ပင်စင်လစာများအတွက် ကျပ် ၄၃၀.၂၁၄ သန်း၊ စုစုပေါင်း ကျပ် ၁၁၂,၆၅၇.၅၉၃ သန်း လျာထားကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ် တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်း ကျပ် ၂၂၂,၅၆၇.၅၄၁ သန်း၊ စက်ကိရိယာ၊ ပရိဘောဂနှင့် ယာဥ်များ ကျပ် ၄,၁၀၀.၁၃၆ သန်း၊ အခြား ကျပ် ၆၅၅.၀၆၆ သန်း၊ စုစုပေါင်း ကျပ် ၂၂၇,၃၂၂.၇၄၃ သန်း ဖြစ်တာကို တွေ့ရှိရပါတယ်။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ဌာန၊ အဖွဲ့ အစည်း အသီးသီး၏ ငွေလုံးငွေရင်းအသုံးစရိတ်များ ကျပ် ၂၂၇,၃၂၂.၇၄၃ သန်းသည် ရှမ်း ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေပါ ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလျာထားချက် တွင် ပါဝင်သည့် ဌာန၊ အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းစီမံကိန်းများနှင့် ဆက်စပ်လျက်ရှိနေ ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ၂.၉.၂၀၂၀ ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် စုစုပေါင်းရငွေကျပ် ၃၃၉,၉၈၀.၃၃၆ သန်း၊ စုစုပေါင်း သုံးငွေကျပ် ၃၃၉,၉၈၀.၃၃၆ သန်းဖြစ်သဖြင့် ဥပဒေကြမ်းအား ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၄ ရက် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကော်မတီအသီးသီးမှ ကော်မတီ ဥက္ကဋ္ဌများနဲ့ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းတဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အပေါ်မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ်တင်ပြတဲ့ အစီရင်ခံစာကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်းပိုင်းအနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့) ၂.၉.၂၀၂၀ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ကို ကြိုတင်စိစစ်နိုင်ရန် ကော်မတီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၆၅ နှင့်အညီ ၂၇.၈.၂၀၂၀ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။

နည်းဥပဒေ ၆၄ နှင့်အညီ ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတို့ ပူးပေါင်း၍ ၃၁.၈.၂၀၂၀ ရက်နှင့် ၁.၉.၂၀၂၀ ရက်တို့တွင် ကျပ်သန်း ၁,၀၀၀ (သိန်းပေါင်း ၁၀,၀၀၀)အထက် သုံးစွဲမည့် ဌာန/ အဖွဲ့အစည်း(၁၅)ခုနှင့် ဌာနဆိုင်ရာ ကြားနာပွဲပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးကာ နည်းဥပဒေ ၆၆ အရ အစီရင်ခံစာ ပြုစုတင်ပြရခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်တွေအနေနဲ့ကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၂.၉.၂၀၂၀ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် အပိုင်း(၅)ပိုင်း ပါဝင်ပါတယ်။ ပုဒ်မပေါင်း(၁၅)ခုနဲ့ ဇယား(၈)ခု ပါဝင်ကြောင်း တွေ့ရှိရပါတယ်။ အပိုင်း(၁)မှာတော့ အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်၊ အပိုင်း(၂)မှာတော့ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၊ အပိုင်း (၃)မှာတော့ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေ များ၊ အပိုင်း (၄)မှာတော့ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် သုံးငွေများ၊ အပိုင်း(၅) အရေးပေါ်ရန်ပုံငွေ ဆိုပြီး ပါဝင်တာဖြစ်ပါတယ်။

အပိုင်း(၁)မှာ အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်အပိုင်းတွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကုန်ဆုံးသည့်ကာလအတွက်ဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်ဟု ဖော်ပြထားပါတယ်။ အပိုင်း(၂)မှာတော့ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၊ အခန်း(၁)မှာ ရငွေများနှင့် သုံးငွေများ၊ အခန်း(၂)တွင် ငွေချေးယူခြင်းနှင့် အခန်း(၃)တွင် ပြည်ပအကူအညီ

ရယူခြင်းများ ပါဝင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အပိုင်း(၃)မှာတော့ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများတွင် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အပိုင်း(၄)မှာတော့ စည်ပင်သာယာရေးအဖွဲ့ များ၏ ရငွေများနှင့် သုံးငွေများ ဖြစ်ပါတယ်။ ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရငွေများကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်ဖြစ်ကြောင်း ဖော်ပြ ထားတာ ဖြစ်ပါတယ်။ အပိုင်း(၅) အရေးပေါ်ရန်ပုံငွေနဲ့ ပတ်သက်လို့ကတော့ ကြိုတင် မမျှော်မှန်းနိုင်တဲ့ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ် များအတွက် အရေးပေါ်ရန်ပုံငွေ တင်ပြသုံးစွဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖော်ပြထား ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဇယား(၁)မှာတော့ ဗဟိုအဖွဲ့အစည်း(၅)ခုဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့ ပါဝင်ပါတယ်။ ရငွေအနေနဲ့ ကျပ်သန်းပေါင်း ၂၇,၁၉၅.၅၇၄ သန်း ဖြစ်ပြီး၊ ပြည်နယ်အစိုးရ၏ ပြည်ထောင်စုထောက်ပံ့ငွေမှရရှိတဲ့ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကတော့ ကျပ်သန်း ၅,၀၀၀.၀၀ ဖြစ်ပါတယ်။ ဖော်ပြပါဇယားနဲ့ အသေးစိတ်ဖော်ပြပေးပြီး ဖြစ်ပါတယ်။

ဇယား(၂)မှာတော့ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့ သုံးစွဲမဲ့ငွေများ ဖြစ်ပါတယ်။ ကျပ်သန်းပေါင်းနဲ့ ဖော်ပြထားတာဖြစ်ပါတယ်။ သာမန်သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း ၁၁,၉၇၈.၆၄၈ သန်း၊ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ထောက်ပံ့ငွေကျပ်သန်း ၅,၀၀၀.၀၀၀၊ ငွေလုံးငွေရင်းသုံး ငွေ ကျပ်သန်းပေါင်း ၅၉,၃၈၄.၄၄၂ သန်း၊ စုစုပေါင်း ဗဟို အဖွဲ့အစည်းများအနေနဲ့ ကျပ်သန်း ပေါင်း ၇၆,၃၆၃.၀၉၀ သန်း သုံးစွဲရန် လျာထားတာကို တွေ့ရှိရပါတယ်။ ဖော်ပြပါဇယားကတော့ ဥပဒေကြမ်းမှာ ပါလာတဲ့ဇယားအတိုင်း တင်ပြခြင်း ဖြစ်ပါတယ်။

ဇယား(၃)မှာတော့ ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်နယ်အဆင့်ဦးစီးဌာန များ၊ စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်တွင်ပါဝင်သည့် ပြည်တွင်းထွက်ကုန်နှင့်

ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်မှာ ကောက်ခံရရှိတဲ့ အခွန်အကောက်ကို ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲ့မှာ ကျပ်သန်းပေါင်းနဲ့ ဖော်ပြပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ယစ်မျိုးခွန်အတွက် ကောက်ခံရရှိသည့်အခွန်အကောက်ရငွေမှာ ကျပ်သန်းပေါင်း ၁,၂၃၆.၉၀၁ သန်း၊ နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် ငွေကျပ်သန်းပေါင်း ၁,၂၃၇.၆၃၀ သန်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် ကျပ် ၆၆၀.၃၂၄ သန်း၊ အစိုးရအဖွဲ့မှ ရေခွန်နှင့် တာတမံခွန် ကောက်ခံငွေ ကျပ် ၆၆.၁၇၅ သန်း၊ သစ်တောဦးစီးဌာန၏ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် ကျပ် ၁၃၃.၄၃၀ သန်း၊ အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် ကျပ်သန်းပေါင်း ၃၆၆.၁၀၁ သန်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ခံသည့် အင်းအိုင်ခွန် ကျပ် ၁၁.၆၀၀ သန်းတို့ ပါဝင်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့်အခွန်ငွေ ကျပ် ၁,၄၈၆.၇၅၈ သန်းတွင် ပစ္စည်းခွန်အတွက် ရငွေကျပ် ၁,၁၁၂.၁၆၅ သန်း၊ ဘီးခွန်အတွက် ရငွေကျပ် ၃၇၄.၅၉၃ သန်းဖြစ်ပါတယ်။ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃,၉၆၁.၂၈၉ သန်း ကောက်ခံရန် လျာထားတာကို တွေ့ရှိရပါတယ်။

ဥပဒေကြမ်း၏ ဇယား(၃)မှာတော့ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ အခြားသာမန်ရငွေများ ဖော်ပြထားတာ ဖြစ်ပါတယ်။ ပြည်နယ်အနေနဲ့ ရငွေများဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ရှိ ဌာန (၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၆၇.၈၀၀ သန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂) ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၈.၂၅၀ သန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၀.၆၂၈ သန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၀.၅၀၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၄၀၀.၃၄၅ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၁၅.၉၆၁ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၁၀၀.၅၅၆ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ၂၇၈.၁၁၃ သန်း၊ စုစုပေါင်း အခြား

သာမန်ရငွေ ကျပ် ၈၇၂.၁၅၃ သန်း ရရှိမှာဖြစ်ပါတယ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ရငွေတွင်ပါဝင်သော အရေးပေါ်ရန်ပုံငွေအတွက် ကျပ်သန်း ၁,၀၀၀.၀၀၀ ဖြစ်ပါတယ်။ ပြည်ထောင်စုမှ ထောက်ပံ့ပေးမဲ့ရငွေကတော့ ကျပ်သန်းပေါင်း ၂၈၂,၀၄၅.၇၅၇ သန်း ဖြစ်ပါတယ်။ ဒါကြောင့် ရငွေစုစုပေါင်းဟာ ကျပ်သန်းပေါင်း ၂၈၇,၈၇၉.၁၉၉ သန်း လျာထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဖော်ပြပါဇယားအတိုင်း ဖြစ်ပါတယ်။

ဥပဒေကြမ်း၏ ဇယား(၄)မှာ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးစွဲမှုနဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၁၆,၆၈၂.၂၁၇ သန်း သုံးမှာ ဖြစ်ပါတယ်။ ထောက်ပံ့ငွေ ကျပ် ၁၅.၀၀၀ သန်း အပါအဝင် ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်း ၂,၅၀၀.၀၀၀၊ စုစုပေါင်း ငွေကျပ် ၁၉,၁၉၇.၂၁၇ သန်း သုံးစွဲမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၇,၅၇၅.၅၁၀ သန်း ၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃,၉၆၉.၇၄၀ သန်း ၊ စုစုပေါင်း ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ ငွေကျပ် ၁၁,၅၄၅.၂၅၀ သန်း သုံးစွဲမှာဖြစ်ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု ဖြစ်ပါတယ်။ သာမန်သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း ၂,၁၃၇.၃၄၇ သန်း သုံးမှာဖြစ်ပါတယ်။ ငွေလုံးငွေရင်းအနေနဲ့ကတော့ ကျပ်သန်းပေါင်း ၉၅၄.၃၄၇ သန်း သုံးစွဲမှာဖြစ်ပါတယ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ စာရင်းတွင် ပါဝင်တဲ့ အရေးပေါ်ရန်ပုံငွေအတွက် သုံးငွေကတော့ ကျပ်သန်း ၁,၀၀၀.၀၀၀ ဖြစ်ပါတယ်။ ဒါကြောင့် မလို့ စုစုပေါင်း ငွေကျပ် ၄,၀၉၁.၆၉၄ သန်း သုံးစွဲမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ သာမန်သုံးငွေ ကျပ် ၉၁.၃၃၇ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂၄.၃၃၀ သန်း၊ စုစုပေါင်းငွေကျပ် ၁၁၅.၆၆၇ သန်း သုံးစွဲမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဌာန(၅)ခု ဖြစ်ပါတယ်။ သာမန်သုံးငွေကျပ်သန်းပေါင်း ၁၀,၂၂၂.၆၇၂ သန်း သုံးစွဲမှာဖြစ်ပြီး၊ ငွေလုံးငွေရင်း သုံးစွဲငွေအနေနဲ့ ကျပ် ၁,၇၅၆.၈၂၂ သန်း သုံးစွဲမှာဖြစ်ပါတယ်။ စုစုပေါင်း ငွေကျပ် ၁၁,၉၇၉.၄၉၄ သန်း သုံးစွဲမှာဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၃)ခု၏ သာမန်သုံးငွေ ကျပ် ၃,၄၀၁.၁၂၁ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၃၅၉.၉၆၃ သန်း ၊ စုစုပေါင်းငွေကျပ် ၄,၇၆၁.၀၈၄ သန်း သုံးစွဲမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခုအနေနဲ့ သာမန်သုံးငွေကျပ် ၂,၈၅၇.၃၈၈ သန်း၊

ငွေလုံးငွေရင်း သုံးငွေကျပ် ၃,၉၈၀.၀၀၀ သန်း ဖြစ်ပါတယ်။ စုစုပေါင်း ငွေကျပ် ၆,၈၃၇.၃၈၈ သန်း သုံးစွဲသွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၃)ခု အများဆုံး သုံးမှာ ဖြစ်ပါတယ်။ သာမန်သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း ၄၂,၀၇၃.၃၃၀ သန်း သုံးပါတယ်။ ငွေလုံးငွေရင်းသုံးငွေအနေနဲ့ ကျပ်သန်းပေါင်း ၉၀,၇၃၄.၃၁၆ သန်း၊ စုစုပေါင်း သုံးစွဲငွေ ကျပ်သန်းပေါင်း ၁၃၂,၈၀၇.၆၄၆ သန်း ဖြစ်ပါတယ်။ ကုန်တင်ကုန်ချကော်မတီရုံး၏ သာမန် သုံးငွေ ကျပ် ၁၂.၆၄၀ သန်း၊ စုစုပေါင်း ကျပ် ၁၂.၆၄၀ သန်း သုံးမှာဖြစ်ပါတယ်။ ပြည်နယ်အဆင့် ဦးစီးဌာနများအနေနဲ့ကတော့ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၈၅,၀၅၃.၅၆၂ သန်းသုံးမှာ ဖြစ်ပြီး၊ အရေးပေါ်ရန်ပုံငွေအနေနဲ့ ကျပ် သန်း ၁,၀၀၀.၀၀၀၊ ထောက်ပံ့ငွေ ကျပ် ၁၅.၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၁၀၅,၂၇၉.၅၁၈ သန်းနဲ့ သုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၉၁,၃၄၈.၀၈၀ သန်း သုံးစွဲဖို့လျာထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဖော်ပြပါဇယားများ ကတော့ အသေးစိတ်ဇယားများ ဖြစ်ပါတယ်။

ဥပဒေကြမ်း၏ ဇယား(၅)မှာတော့ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အခြားသာမန်ရငွေ ကျပ်သန်း ၃၀.၀၀၀ ရရှိဖို့ လျာထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဖော်ပြပါဇယား ဖြစ်ပါတယ်။

ဥပဒေကြမ်း၏ ဇယား(၆)မှာတော့ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများရဲ့ သုံးစွဲမှုနဲ့ပတ်သက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဒုတိယ လိုက်ပါတယ်။ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၅.၀၀၀ သန်း သုံးမှာ ဖြစ်ပါတယ်။ ငွေလုံး ငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၄၁,၁၀၀.၀၀၀ သန်း သုံးမှာ ဖြစ်ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း ၄၁,၁၀၅.၀၀၀ သန်း သုံးစွဲမှာ ဖြစ်ပါတယ်။ ဖော်ပြပါဇယားအတိုင်း ဖြစ်ပါတယ်။

ဥပဒေကြမ်း၏ ဇယား(၇) စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်ပြီးတော့ အခြား သာမန်ရငွေတွင် ကျပ်သန်းပေါင်း ၁၉,၈၇၅.၅၄၃ သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းရငွေတွင် ကျပ် ၀.၀၂၀ သန်း ဖြစ်ပြီး၊ စုစုပေါင်း ကျပ်သန်းပေါင်း ၁၉,၈၇၅.၅၆၃ သန်း ရရှိဖို့ လျာထားတာဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ရငွေဖြစ်ပါတယ်။ ဖော်ပြပါဇယား အတိုင်း ဖြစ်ပါတယ်။

ဥပဒေကြမ်း၏ ဇယား(၈)မှာတော့ စည်ပင်သာယာရေးအဖွဲ့များ သုံးစွဲမဲ့ငွေဖြစ် ပါတယ်။ သာမန်သုံးငွေအနေနဲ့ဆိုရင် ကျပ်သန်းပေါင်း ၉,၆၀၅.၃၈၃ သန်း သုံးမှာဖြစ်ပြီး၊ ငွေလုံးငွေရင်းသုံးငွေနဲ့ပတ်သက်ပြီးတော့ ကျပ်သန်းပေါင်း ၂၁,၅၅၈.၇၈၃ သန်း သုံးမှာ ဖြစ်ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း ၃၁,၁၆၄.၁၆၆ သန်း သုံးစွဲရန် လျာထားတာ ဖြစ်ပါတယ်။ ဒါ စည်ပင်သာယာရေးကဏ္ဍ ဖြစ်ပါတယ်။ စတုတ္ထလိုက်ပါတယ်။ ဖော်ပြပါဇယား ကတော့ အသေးစိတ်ဖော်ပြထားတာ ဖြစ်ပါတယ်။

စိစစ်ချက်အရ ပြင်ဆင်သည့်လုပ်ငန်းများ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ စိစစ်ချက်အရ အောက်ဖော်ပြပါဌာန(၄)ခု၏ လုပ်ငန်းများအား ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ နံပါတ်(၁) မူဆယ်နှင့် တာချီလိတ်တို့မှာ ဖွံ့ဖြိုးပြီး မြို့များဖြစ်သည့်အပြင် One State Ten Townships လုပ်ငန်း စီမံကိန်းနှင့် Clean and Green Cities ခရိုင်(၁၀)ခု လျာထားရာတွင်လည်း ပါဝင်နေသည့်အတွက် One State Ten Townships လုပ်ငန်းစီမံကိန်းများကို ကျေးသီးမြို့နယ်နှင့် မန်တုံမြို့နယ်သို့ ပြောင်းလဲလျာထားခဲ့ဖို့ သဘောတူညီ ခဲ့ပါတယ်။ အပိုဒ် (၂)အနေနဲ့ One State Ten Townships လုပ်ငန်းစီမံကိန်း တွင် မိုင်းယန်းမြို့နယ်အတွက် ကျပ်သန်း ၃၀၀ ခွဲဝေလျာထားခြင်း (ကျပ် သိန်းပေါင်း ၃,၀၀၀)အား မိုင်းယန်းမြို့နယ်နှင့် မိုင်းခတ်မြို့နယ်တို့သည် လူဦးရေပါဝင်မှုမှာ တစ်မြို့နယ်လျှင် ၂၀၀၀၀ ခန့်သာရှိသဖြင့် အဆိုပါမြို့နယ် (၂)ခုအတွက် တစ်မြို့နယ်လျှင် ကျပ်သန်း ၁၅၀ စီ ခွဲဝေပေးရန် ပြောင်းလဲ လျာထားပေးခဲ့ပါတယ်။ အစိုးရအဖွဲ့ကလည်း သဘောတူပြီးဖြစ်ပါတယ်။

(ခ) ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မှာ ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သည့် ပန်လင်-နားလင့်(၅/၀)မိုင် တွင် (၂/၀)မိုင်မှာ ခွင့်ပြုပြီး ကျန်ရှိသည့် (၃/၀)မိုင်အနက် (၁) မိုင် (၄)ဖာလုံ ကျောက်ချောခင်းခြင်း ဆောင်ရွက်ရန် လျာထားငွေ ကျပ် ၂၀၃.၅၁၄ သန်းကို လျှော့ချပြီး လုပ်ငန်းသစ် ဖြစ်သည့် တော့ဆန်- မင်းကုန်း- နမ့်ခွန်- လွယ်ပျက်- ကောက်ကွက်လမ်း ကျောက်ခင်းခြင်းအတွက် လျာထားငွေ ကျပ် ၁၃၅.၆၇၆ သန်းတွင် ထပ်မံ ဖြည့်စွက် ပြောင်းလဲ လျာထားခဲ့ပါတယ်။ ဒါကတော့ လျာထားတဲ့ လုပ်ငန်းသစ်

နေရာကတော့ လယ်စိုက်ကေပေါင်း ၆၀၀ ကျော်ရှိပြီးတော့မှ ပိုပြီးတော့မှလည်း သုံးတာ များတာဖြစ်တဲ့အတွက် အသုံးများတဲ့လမ်းကို ဦးစားပေးဖို့အတွက် ညှိနှိုင်းတာ နတလအနေနဲ့ သဘောတူတာဖြစ်တဲ့အတွက် ပြောင်းလဲပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။

(ဂ) ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖြစ်ပါတယ်။ မဘိမ်းမြို့၊ ရမ်းဘိုကျေးရွာအဝင်လမ်း (1.65km)အား (150mm, 75mm) ထုကျောက်မှ ကတ္တရာခင်းခြင်းအတွက် ကျပ် ၁၇၈.၅၆၀ သန်း လျာထားသော်လည်း လမ်းဟာ တော်တော် ဆိုးဆိုးရွားရွား ပျက်စီးနေတာဖြစ်တဲ့အတွက် ကျောက်လမ်း အဆင့်မမီတဲ့ ကတ္တရာလမ်းဖြစ်မှာစိုးလို့ ကျောက်ချောလမ်းအဖြစ် ပြောင်းလဲပေးပါဆိုတဲ့ လျာထားချက်ကိုလည်း သဘောတူခဲ့တာဖြစ်ပါ တယ်။

(ဃ) ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဖြစ်ပါတယ်။ ပင်လုံမြို့၊ ဘော်ဒါလမ်း ကတ္တရာခင်းခြင်း (၅၀၀' × ၁၂' × ၉" ) လုပ်ငန်းသည် ၂၀၁၉-၂၀၂၀ ဖြည့်စွက်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ပြီးလုပ်ငန်းဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းအတွက် လျာထားငွေ ကျပ် ၉.၉၆၀ သန်းအား လွိုင်လင်မြို့နယ်၊ မိုင်းပွန် အ.မ.က ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လျာထားငွေ ကျပ် ၈.၉၇၅ သန်းတွင် ထပ်မံဖြည့်စွက်ပြောင်းလဲရန် လျာထားခဲ့တာဖြစ်ပါတယ်။ ဒါပြီးတဲ့ လုပ်ငန်း၊ လုပ်ငန်းထပ်တာဖြစ်တဲ့အတွက် ပြောင်းတာဖြစ်ပါတယ်။

သုံးသပ်တင်ပြချက်အနေနဲ့ကတော့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါတယ်-

(က) လမ်းဦးစီးဌာနတွင် ကျပ်သိန်း ၁၀၀ အောက်လုပ်ငန်းများ တင်ဒါခေါ်ယူရန် မလိုအပ်သော်လည်း တင်ဒါခေါ်ယူနေကြောင်း တွေ့ရှိရသဖြင့် နောင်တွင် ဌာနမှဦးစီးပြီး လုပ်ငန်းကော်မတီဖွဲ့၍ လုပ်ငန်းများဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

( ခ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ပတ်သက်၍ အချို့ဒေသများတွင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းမရှိသေးဘဲ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းထားခြင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးသည့် ဒေသများတွင်မူ ဓာတ်အားလိုင်းသွယ်တန်းမှု မရှိခြင်းတို့ကြောင့် အဆိုပါ ဒေသများတွင် လျှပ်စစ်ဓာတ်အား မရရှိနိုင်သေးကြောင်း လေ့လာတွေ့ရှိရတဲ့အတွက် လျှပ်စစ်မီးလင်းရန် လိုအပ်ချက် အနည်းငယ်သာရှိသည့် ဒေသများကို ဦးစားပေးစိစစ် လျာထားဖို့ ညှိနှိုင်းခဲ့ပါတယ်။

( ဂ) တောင်ကြီးမြို့မဈေးနှင့် Ocean Center ပေါင်းကူး ဥမင်လှိုဏ်ခေါင်း လုပ်ငန်းကဲ့သို့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲသော၊ ဖြစ်နိုင်ခြေနည်းပါးသော လုပ်ငန်းများကို အဆိုပြုတင်ပြခြင်း၊ ဘတ်ဂျက် တောင်းခံခြင်း မပြုဖို့ ညှိနှိုင်းခဲ့ပါတယ်။

(ဃ) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်ရာ ဥပဒေကို ဖြည့်စွက်ပြင်ဆင်နိုင်ရေးနှင့် နည်းဥပဒေ အမြန်ဆုံးထွက်ရှိနိုင်ရေး ဆောင်ရွက်ဖို့ ညှိနှိုင်းခဲ့ပါတယ်။

( င) မြို့နယ်များတွင် ဆောင်ရွက်ရန် လျာထားသည့် One State Ten Townships နှင့် ခရိုင်မြို့များတွင် ဆောင်ရွက်ရန် လျာထားသည့် Clean and Green Cities တွင် ဒေသတစ်ခုတည်း ထပ်တူမဖြစ်စေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ၊ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရေးရန်ပုံငွေ၊ စည်ပင်သာယာရေး ဌာနဝင်ငွေများဖြင့် မဆောင်ရွက်နိုင်သော ဒေသများအတွက် ဦးစားပေး ရွေးချယ်ဆောင်ရွက်ဖို့ အကြံပြုဆွေးနွေးခဲ့ပါတယ်။

( စ) ကုန်းမြင့်လယ်ယာဖော်ထုတ်မည့် အဆိုပြုနေရာများအား ဒေသခံပြည်သူလူထု အတွက် ရေရှည်အကျိုးဖြစ်ထွန်း စိုက်ပျိုးနိုင်မည့်နေရာများကို ကွင်းဆင်း စိစစ်ချထားပေးနိုင်ဖို့ ညှိနှိုင်းခဲ့ပါတယ်။

(ဆ) သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းအနေဖြင့် ဆားလုပ်ငန်းဌာနခွဲ ဖွဲ့စည်း ဆောင်ရွက်နေရခြင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ တာဝန်နှင့် အကောင်

အထည်ဖော်လုပ်ဆောင်နိုင်မှုအပေါ် ပြန်လည်စိစစ်သုံးသပ်ပြီး နှစ်စဉ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ လျော့နည်းဆုံးရှုံးမှု မရှိစေရေးအတွက် အနီးကပ် ကြပ်မတ်ကြီးကြပ် ပြန်လည်ပြင်ဆင်ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့လည်း ညှိနှိုင်းခဲ့ပါတယ်။

အကြံပြုတင်ပြချက်များ ဆက်လက်တင်ပြပါမယ်။ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) နတလလုပ်ငန်းများ လျာထားရာတွင် ပါဝင်ခြင်းမရှိသည့် မဘိမ်းမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့အတွက် လျာထားချက်တွင် ပါဝင်နိုင်ရေး တင်ပြဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

(ခ) ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းရှိ လမ်း၊ တံတားများအား ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ တည်ဆောက်ရေး(၃)မှ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

(ဂ) မိုင်းပျဉ်းမြို့ အားကစားကွင်းမြေနေရာသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပိုင်မြေဖြစ်သော်လည်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ နှစ်စဉ် မြေအခွန်အခ ပေးဆောင်နေရခြင်းအား ပြန်လည်သုံးသပ်စိစစ်ပေးရန်နှင့် ဌာနပိုင်မြေ ရရှိရေး ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

(ဃ) မဘိမ်းမြို့နယ်အတွင်း လမ်းများဖောက်လုပ်ရာတွင် လမ်းချဲ့ရန် လုံလောက်သော မြေသားရှိသည့်အတွက် လမ်းအကျယ်ကို ၃၅ ပေ သို့မဟုတ် ပေ ၄၀ ဆောင်ရွက်ပေးနိုင်ဖို့ကို အကြံပြုပါတယ်။

(င) စည်ပင်သာယာရေးဌာန၏ ပြည်နယ်အတွက် မြို့တွင်းလမ်းများအား AC လမ်းများအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ကတ္တရာဝယ်ယူရန် လျာထားငွေ ကျပ်သန်း ၅,၀၀၀ ကို ဌာနအနေဖြင့် ပြည်နယ်ရှိ မြို့တွင်းလမ်းများအား ကတ္တရာလမ်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ပြောင်းလဲလျာထားရန်နှင့် မြို့နယ်အားလုံးပါဝင်စေရေး လုပ်ငန်းစီမံချက်များရေးဆွဲပြီး လွှတ်တော်

ကိုယ်စားလှယ်များသို့ ဖြန့်ဝေပေးသည့်အတိုင်း ဆောင်ရွက်ဖို့ဆိုတာလေး အကြံပြုတာဖြစ်ပါတယ်။ စည်ပင်သာယာရေးဌာနအနေနဲ့ ကျပ်သန်း ၅,၀၀၀ ကို ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်ပေါင်း ၄၀ လောက်ကို ပေ ၁၅၀၀ ကတ္တရာလမ်းတွေ ခင်းပေးနိုင်တာဖြစ်တဲ့အတွက် စည်ပင်သာယာရေးဝန်ကြီး ဌာနကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

( စ) လမ်းဦးစီးဌာနပိုင်၊ ပုံဝိုး- နောင်လုံ- နောင်ဝိုးလမ်းပေါ်ရှိ အထက်ရဲရွာ စီမံကိန်းမှ နောင်ဝိုးလမ်းပိုင် ၁၂ မိုင်အား ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် အတွက် လာမည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးနိုင်ဖို့ အကြံပြု ပါတယ်။

(ဆ) မိုးကုတ်- မိုးမိတ်- ကုန်းဝက်- မဘိမ်း- စီဦလမ်းသည် မြစ်ကြီးနား- ဗန်းမော်- မဘိမ်း- မိုးမိတ်- မိုးကုတ်- မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်း ဖြစ်ရာ မဘိမ်း- စီဦလမ်း ၃၄ မိုင်အား အဆင့်မြှင့်တင်ပေးရန်နှင့် လိုအပ်သော ပေ ၆၀ အထက် တံတား ၈ စင်း၊ ပေ ၆၀ အောက် တံတား ၃၃ စင်း၊ Box Culvert ၂၈ စင်းအား လာမည့်ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စု သို့မဟုတ် ပြည်နယ် ဘတ်ဂျက် စသည်အားဖြင့် ထည့်သွင်းလျာထားပေးနိုင်ရန် အကြံပြုပါတယ်။

( ဇ) မိုးမိတ်- မဘိမ်း- စီဦလမ်းရှိ လက်ရှိ မိုင်တိုင်အမှတ်သည် မိုးကုတ်မြို့မှ တိုင်းတာထားသော မိုင်တိုင်ဖြစ်သဖြင့် ပြည်နယ်ရဲ့ မိုင်တိုင်ဖြစ်အောင် ပြန်လည် စိစစ်ပေးဖို့ ညှိနှိုင်းခဲ့ပါတယ်။

( ဈ) မဘိမ်းမြို့နယ်၊ မိုးလှိုင်းချောင်းတံတားအား RC တံတားအဖြစ် ဆောင်ရွက် နိုင်ခြင်း မရှိသေးပါက ဘေလီတံတားအဖြစ် ဆောင်ရွက်ပေးဖို့ အကြံပြုတင်ပြ လိုပါတယ်။

(ည) ကျောက်မဲမြို့နယ် ဘောလုံးကွင်းအား ပြုပြင်နိုင်ရေးအတွက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။

( ဋ) မြို့တွင်းလမ်းသွယ်များ ပြုပြင်ခြင်းလုပ်ငန်းတွင် စည်ပင်သာယာရေးအဖွဲ့၊ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မည့်လမ်းများကို ကတ္တရာလမ်းအစား ကွန်ကရစ်လမ်းများ

ဆောင်ရွက်ပေးနိုင်ရေး ဘီလပ်မြေအိတ်များ ထောက်ပံ့ပေးနိုင်ဖို့ အကြံပြု တင်ပြလိုပါတယ်။

( ၄) ဌာန/ အဖွဲ့အစည်းများအနေဖြင့် တင်ဒါခေါ်ယူရာတွင် ကုမ္ပဏီတစ်ခုတည်းကို လုပ်ငန်းအများအပြားအပ်နှံခြင်း မပြုလုပ်ရန်နှင့် လုပ်ငန်းအရည်အသွေး ပြည့်မီစေရေး အထူးဂရုပြုကြပ်မတ် စစ်ဆေးဆောင်ရွက်ပေးနိုင်ဖို့ အကြံပြု လိုပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်း ဆိုင်ရာဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် အတည်ပြု ပြီးဖြစ်၍ နောင်လာမည့် ဘဏ္ဍာရေးနှစ်များအတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေများ ရေးဆွဲတင်ပြရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက် သွားရမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော် မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာ နယ်မြေဒေသရှိ လွှတ်တော် ကိုယ်စားလှယ်များနှင့် နယ်မြေဒေသခံပြည်သူများ ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည် ဟုဖော်ပြထားတာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ မှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သော ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် ညှိနှိုင်းခွင့်ရှိသည် ဟုဖော်ပြထားတာ ဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များမှလည်း မိမိဒေသဖွံ့ဖြိုးရေးအတွက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့အတွက်လည်း အကြံပြုတင်ပြ လိုပါတယ်။

နိဂုံးချုပ်တင်ပြချက်အနေနဲ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် လျာထားသော အစိုးရအဖွဲ့အပါအဝင် ဗဟို အဖွဲ့အစည်း (၅)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၉)ခု၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ (၁)ခုတို့မှ ရငွေကတော့ ကျပ်သန်းပေါင်း

၃၃၉,၉၈၀.၃၃၆ သန်း ရရှိရန်လျာထားပြီး ဗဟိုအဖွဲ့အစည်း(၅)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၉)ခု၊ ကော်မတီရုံး(၁)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း(၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ(၁)ခုတို့၏ သုံးငွေ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နှင့် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)နှင့်အညီ ၂-၉-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တင်သွင်းခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ၃၁-၈-၂၀၂၀ ရက်နေ့နှင့် ၁-၉-၂၀၂၀ ရက်နေ့တို့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတို့နှင့် ဌာန၊ အဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေး၍ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြုရေးဆွဲထားတဲ့

ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုတင်ပြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်ပြီးဖြစ်တဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အတည်ပြုရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး နိုင်မာသော ဈေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး နိုင်မာသော ဈေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။

ပထမဦးစွာ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုင်းနောင့်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်ချီးမြှင့်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင် တင်သွင်းသော အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခု ဖြစ်သည်သာမက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင်လည်း ပေါကြွယ်ဝသော အဆင့်များထဲမှ ပြည်နယ်တစ်ခုပါဝင်နေသည်ဟု ဆိုရင်လည်း မမှားပါ။ ကျွန်တော်တို့ ရှမ်းပြည်နယ်တွင် စိုက်ပျိုးမြေဧက (၅)သန်းကျော် ရှိပါလျက်နှင့် အဘယ်ကြောင့် ဧက (၂)သန်းခန့်သာ စိုက်ပျိုးရေးလုပ်ကိုင်နေသည်ကို အစိုးရမှ သုတေသနများပြုလုပ်သင့်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဒီထက်မက ပိုမို ဖွံ့ဖြိုးတိုးတက်လာအောင် အစိုးရဘက်ပိုင်းမှ ပိုမိုပံ့ပိုးဖို့လည်း လိုအပ်လျက်ရှိပါတယ်။ တစ်ဖန် တရားမဝင် တင်သွင်းရောင်းချနေကြသော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့် ပဲအမျိုးမျိုးတို့ကိုလည်း ထိရောက်စွာ အရေးယူပေးဖို့ လိုအပ်ပါတယ်။ တခြား အိမ်နီးချင်းနိုင်ငံများမှ အမျိုးအစားပေါင်း မြောက်များစွာသော ကုန်စည်များကို ကျွန်တော်တို့ နိုင်ငံအတွင်း တင်သွင်းလာနေကြသည်ကိုလည်း လေ့လာတွေ့ရှိရပြီး ကျွန်တော်တို့ ရှမ်းပြည်နယ် ဒေသထွက်ကုန်ပစ္စည်းများမှာ ပြန်လည်တင်ပို့ရန် မရှိသည့်အတွက် ယခုအချိန်မှာ ဈေးကွက်ပျောက်လုနီးပါး ရှိနေပါတယ်။

ရွှေလီမြစ်တွင် ပြောင်းဖူးအချို့များ သွန်ပစ်လိုက်ရသောအဖြစ်မျိုးလည်း လူကြီးမင်းများအားလုံး အသိပဲဖြစ်ပါတယ်။ အစိုးရမှ စီမံကိန်းရေးဆွဲရာတွင် မဟာဗျူဟာ၊ နည်းဗျူဟာများ အလွန်ကောင်းမွန်နေပါသော်လည်း လက်တွေ့မှာ ပြည်သူများ ခုထိ ဒုက္ခဆင်းရဲတွင်းမှ

ထွက်မလာနိုင်သေးကြောင်း တင်ပြလိုပါတယ်။ အစိုးရမှ တရားမဝင်တင်သွင်းလာသော သီးနှံများကို မည်သို့မည်ပုံအရေးယူဆောင်ရွက်မည်ကိုလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်ပြည်သူလူထုတွေက စောင့်ကြည့်နေကြပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးခွန်စောအောင်၏ တင်ပြထားသည့်အတိုင်း မွေးမြူရေးဆိုင်ရာထုတ်ကုန်များ ဈေးကွက်၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် ဝန်ကြီးဌာနမှ မွေးမြူရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများ၊ တိရစ္ဆာန် အစာအာဟာရဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သင့်ပေသည်။

ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ထုတ်ကုန်အရည်အသွေး တိုးတက်စေရန် ဝန်ကြီးဌာန၏ ဈေးကွက်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ပြည်ပတင်ပို့ရောင်းချခြင်းဆိုင်ရာမူဝါဒအရ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန် ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေး စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များ ညှိနှိုင်းရေးဆွဲခြင်း၊ ဈေးနှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များကို တောင်သူများအား ဖြန့်ဝေခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းဖြန့်ဖြူးခြင်း၊ စိုက်ပျိုးမွေးမြူသူများ ဝင်ငွေတိုးမြှင့်ရေး၊ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း ပြုလုပ်သင့်ပါတယ်။ စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်း၊ ပြည်ပပို့ကုန်ပစ္စည်းများအတွက် အစားအစာသန့်ရှင်းစင်ကြယ်ခြင်း၊ ပိုးမွှားများ သန့်စင်ခြင်း၊ ပိုးမွှားရောဂါများ ပြန့်ပွားမှုကို ထိန်းချုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ယင်းလုပ်ငန်းဆိုင်ရာ သတင်းထုတ်ပြန် ကြေညာခြင်းလုပ်ငန်းများအား ပြည်သူများသိရှိနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါတယ်။ ရောဂါများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရန် ကူညီဆောင်ရွက်ခြင်း၊ အချိန်မီ၊ အရည်အသွေးမီသော တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တိရစ္ဆာန်အစာအာဟာရဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်သင့်ပါတယ်။ ဈေးကွက်ခိုင်မာရေး၊ ဈေးနှုန်းအာမခံချက်ရရှိရေးနှင့် ဈေးကွက်တွင် ကြားခံကုန်ကျစရိတ်များ လျော့နည်းစေရေးတို့အတွက် လက်ကားဈေးနှင့် ကုန်စည်ဒိုင်များ

ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသင့်ကြောင်း ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင် တင်သွင်းသော **“ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန် တိုးတက်ရေး ခိုင်မာသော ဈေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်း ကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည့်တော်များ၊ တာဝန်ကျ လွှတ်တော်ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်အနေဖြင့် ပင်လောင်းမြို့နယ် မဲဆန္ဒယ်အမှတ်(၂)၊ ဦးခွန်စောအောင် တင်သွင်းသော **“ရှမ်းပြည်နယ် အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသော ဈေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်သည် ဧရိယာ ၆၀၁၅၅ စတုရန်းမိုင် ကျယ်ဝန်းပြီး တိုင်းနှင့် ပြည်နယ်(၁၄)ခု အနက် ဧရိယာအားဖြင့် အကြီးဆုံးလည်း ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်၊ လာအိုနိုင်ငံများနှင့် ထိစပ်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို ဆွေးနွေးမည် ဆိုပါက သယံဇာတအခန်းကဏ္ဍ၊ နယ်စပ်ထွက်ပေါက်၊ ဝင်ပေါက် ကုန်စည်စီးဆင်းမှု သွင်းကုန်/ ထွက်ကုန်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့် အခြားကဏ္ဍများ

ထဲမှ ကျွန်တော့်အနေဖြင့် အချိန်ငဲ့ညှာသောအားဖြင့် မိမိတို့လက်လှမ်းမီသလောက် အပြုသဘောဆောင် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး၊ ခိုင်မာသော ဈေးကွက်ဖော်ဆောင်ရေးအတွက်ဆိုရင် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ ယခုလို အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ ပြည်နယ်အနေဖြင့် လုပ်ဆောင်မှုအားနည်းနေတာကို တွေ့ရပါတယ်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြား ဖွဲ့စည်းပုံရှင်းလင်းမှုမရှိခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများ ကွဲကွဲပြားပြားမရှိခြင်းတို့ကြောင့် ဗဟိုမှ တိုက်ရိုက်ညွှန်ကြားချက်များကိုသာ အကောင်အထည်ဖော် ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်နယ်အစိုးရက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရတွင်သာ အဓိကတာဝန်ရှိသည်ဟု မှတ်ယူနေတာကိုလည်း တွေ့ရှိရပါတယ်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ပိုင်ခွင့်ကို သိရှိမှုအားနည်းနေတာ တွေ့ရှိရတဲ့အတွက် အသေးစား၊ အလတ်စား ဖွံ့ဖြိုးတိုးတက်ဖို့နေရာမှာ အဟန့်အတားဖြစ်ပေါ်နေတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း အသေးစား၊ အလတ်စား ဖွံ့ဖြိုးတိုးတက်ဖို့ ဥပဒေပြုခြင်း၊ အဆိုတင်သွင်းခြင်းများ အားနည်းမှုဟာလည်း ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အားနည်းချက်တစ်ခုဖြစ်တယ်လို့ ယူဆသုံးသပ်မိပါတယ်။

ဒေသတွင်း စီးပွားရေးအသင်းအဖွဲ့များ အားကောင်းလာစေရန် အစိုးရအနေဖြင့် ပံ့ပိုးကူညီလုပ်ဆောင်မှုများ၊ ထိန်းကျောင်းပေးမှုများ ဖော်ဆောင်ရန် လိုအပ်ပါတယ်။ အသေးစား၊ အလတ်စားကဏ္ဍဆိုင်ရာ လုပ်ဆောင်ချက်များ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် မျှော်မှန်းအောင်မြင်မှုများကို လူထုမှသိရှိအောင် သတင်းအချက်အလက် ထုတ်ပြန်ပေးကာ လူထုပါဝင်လာအောင် လှုံ့ဆော်ပေးသော အစီအစဉ်များ ပြုလုပ်သင့်တယ်လို့ အကြံပြုလိုပါတယ်။

ယခုလက်ရှိ စိုက်ပျိုးရေးကဏ္ဍ ချေးငွေများဟာလည်း ထိရောက်မှုနည်းပါးပြီး ပံ့ပိုးကူညီရုံလောက်သာ ရှိတာကို တွေ့ရှိရပါတယ်။ ပုံစံ(၇)ရရှိပြီး လယ်ယာမြေများကို တခြားလုပ်ငန်းများဖြစ်သော အသေးစား၊ အလတ်စားလုပ်ငန်းများ လုပ်ဆောင်ရာ၌ ချေးငွေရရှိဖို့

လိုအပ်ချက်မှာ အခြားနည်းသုံးစွဲခွင့်ရရှိဖို့ လိုအပ်ပါတယ်။ အခြားနည်းသုံးစွဲခွင့်များကိုလည်း အမှန်တကယ်လုပ်ဆောင်သော လုပ်ငန်းရှင်များကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်နယ်အတွင်းနေထိုင်ကြသော ပြည်သူလူထု ၇၅ ရာခိုင်နှုန်းကျော်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှာ လုပ်ကိုင်လျက် ရှိကြောင်း သိရှိရပါတယ်။

ထိုကဲ့သို့ ၇၅ ရာခိုင်နှုန်းကျော် လုပ်ကိုင်ဆောင်ရွက်နေသော စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်နယ်အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များ အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးပါတယ်။ ယခုလို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ဖို့ ချေးငွေကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင် ချမှတ်ထားသော မူဝါဒ၊ စည်းကမ်း များကို ပြည်သူလူထုများ လုပ်ဆောင်နိုင်သည့် အတိုင်းအတာထိ ရောက်ရှိအောင် ဖြေလျှော့ပေးသည့်ကဏ္ဍများကို ဖြေလျှော့ပေးမှသာလျှင် ရှမ်းပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်စောအောင် တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသော ဈေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အမှန်တကယ် ဖော်ဆောင်သင့်ပါကြောင်း ထောက်ခံဆွေးနွေး အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်

ဝန်ကြီးချုပ်နှင့်တကွ ယနေ့လွှတ်တော်ကို တက်ရောက်ကြတဲ့ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်လောင်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးခွန်စောအောင်မေးမြန်းတဲ့ **"ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသော ဈေးကွက်ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ကျွန်တော် ဦးစိုင်းလုံကျော်က အောက်ပါအတိုင်း ရှင်းလင်းစွာ တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့်လည်း အသုံးပြုခွင့်ပြုရန် တင်ပြအပ်ပါတယ်။

ရှေးဦးစွာ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုများကို ဦးစွာတင်ပြလိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနဟာ သီးနှံအလိုက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော သီးနှံပုံစံရေးဆွဲဆောင်ရွက်ခြင်း၊ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် အဆင်ပြေစေရေးနှင့် ဈေးကွက်သေချာမှုရှိစေရေး အတွက် Contract Farming စနစ်ဖြင့်ဆောင်ရွက်စေခြင်း၊ တောင်သူများမှ စိုက်ပျိုးနည်းပညာများကို အချိန်နှင့်တစ်ပြေးညီ သိရှိ၍ လက်ခံကျင့်သုံးလိုက်နာနိုင်စေရေးအတွက် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ အစားအစာဘေးကင်းလုံခြုံရေး၊ အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်ရေးတို့အတွက် GAP နည်းလမ်းများအတိုင်း ပညာပေးဆောင်ရွက်စေခြင်း၊ တောင်သူပညာပေး စံပြကွက်များ/ စမ်းသပ်ကွက်များ ပြုလုပ်ပြသခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ စိုက်ပျိုးရေးဆိုင်ရာဥပဒေများကို တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသိရှိ၍ လိုက်နာနိုင်ရေး ပညာပေးဆွေးနွေးခြင်း၊ စစ်ဆေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီနည်းပညာများ၊ မျိုးစေ့၊ မြေအသုံးချရေး၊ သီးနှံကာကွယ်ရေးဆိုင်ရာနည်းပညာများ၊ သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် တောင်သူနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီထောက်ပံ့ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးသီးနှံထုတ်ကုန်များ အရည်အသွေးကောင်းစေရန်နှင့် ဈေးကွက်တွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAP စနစ်အတိုင်း စိုက်ပျိုးထုတ်လုပ်စေရေး ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိသည့်အပြင် GAP အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးလျက်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ရှမ်းပြည်နယ်တွင် စိုက်ပျိုးသောသီးနှံများအနက် သီးနှံအမျိုးပေါင်း (၃၆)မျိုးကို စိုက်ကေပေါင်း (၁၃၀၂၂)ကေ၊ တောင်သူပေါင်း (၃၃၆၇)ဦးတို့အား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ စတင်ဆောင်ရွက်သည့် ၂၀၁၆- ၂၀၁၇ ခုနှစ်မှစ၍ ယနေ့အထိ သီးနှံ(၄၁)မျိုးအတွက် တောင်သူပေါင်း(၄၆၂၁)ဦး၏ စိုက်ကေ(၁၈၆၀၆)ကေအား GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများစိုက်ပျိုးသော သီးနှံများအတွက် အရည်အသွေးစံချိန်စံညွှန်း အာမခံချက်တစ်ခုဖြစ်စေပြီး စိုက်ပျိုးသူ၊ လုပ်ကိုင်သူ၊ စားသုံးသူနှင့် ပတ်ဝန်းကျင်များအတွက်လည်း ဘေးအန္တရာယ်ကင်းရှင်းမှာ ဖြစ်ပါတယ်။ ၎င်းအပြင် GAP စနစ်တွင် နောက်ကြောင်းပြန် ပြန်လည်စစ်ဆေးမှုစနစ်ပါဝင်သည့်အတွက် ဈေးကွက် ဝယ်လိုအားရှိပါက ထုတ်လုပ်သည့် တောင်သူများသို့ ဆက်သွယ်မှာယူနိုင်မှာဖြစ်ပါတယ်။ GAP စနစ်အပြင် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ချက်တစ်ခုဖြစ်စေနိုင်သည့် Organic စံချိန်စံညွှန်းကိုလည်း ရေးဆွဲဆောင်ရွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

GAP စနစ်နည်းလမ်းအတိုင်း ဆောင်ရွက်တဲ့နေရာမှာလည်း တောင်သူများစိုက်ပျိုးတဲ့ မြေ၊ ရေများကို နမူနာဓာတ်ခွဲစမ်းသပ်ခြင်း၊ သီးနှံဓာတ်ကြွင်းစစ်ဆေးခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူများ စိုက်ပျိုးမည့် မြေနှင့် သီးနှံစိုက်ခင်းတွင် အသုံးပြုမည့်ရေတို့တွင် အန္တရာယ်ဖြစ်စေမဲ့ မြေတွင်းအဆိပ်အတောက်ပါဝင်မှုနှုန်း (Heavy Metal) ပါဝင်မှု ရှိ/ မရှိကို စစ်ဆေးပေးနိုင်ပြီ ဖြစ်ပါတယ်။ ထောက်ခံချက်ပေးခြင်းနှင့် ထွက်ရှိလာသည် သီးနှံများတွင်လည်း အမြင့်ဆုံးပါဝင်ရမည့် ဓာတ်ကြွင်းပါဝင်မှု (MRL) စစ်ဆေးပေးမှုများကိုလည်း ပြည်နယ်မှာ ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဓာတ်ခွဲခန်းတွင် မြေဆီတွင်း အာဟာရဓာတ်ပါဝင်မှု၊ မြေချဉ်ငံကိန်း (PH)စသည်တို့ကို တိုင်းတာစစ်ဆေးပေးနေပြီ ဖြစ်ပါတယ်။ တောင်သူများ၏

စိုက်ပျိုးမြေတွင် လိုအပ်သော အာဟာရဓာတ်များကိုလည်း ထည့်သွင်းရန် အကြံပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း စိုက်ပျိုးရေးဦးစီးဌာန၏ မြေအသုံးချရေး၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းများအတွက် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲစမ်းသပ်ရာတွင် လိုအပ်သည့် ဓာတုပစ္စည်းများကို ထောက်ပံ့ဖြည့်တင်းလျက်ရှိပြီး ပြည်နယ်ဓာတ်ခွဲခန်း (တောင်ကြီး)အပြင် မူဆယ်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ဓာတ်ခွဲခန်းများ တည်ဆောက်ဖွင့်လှစ်ပေးခြင်း၊ သီးနှံအရည်အသွေး စစ်ဆေးပေးရေး၊ သီးနှံထောက်ခံပေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

တောင်သူများမှ အရည်အသွေးစံချိန်စံညွှန်းပြည့်ဝသည့် သွင်းအားစုများ စံချိန်စံညွှန်းပြည့်ဝသည့်သွင်းအားစုများ ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါတယ်။ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့ဥပဒေများအရ ရှမ်းပြည်နယ်အတွင်းရှိ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့အရောင်းဆိုင်များမှာ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့များ ရောင်းချခြင်းမရှိစေရန်အတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးပြီး လစဉ်စစ်ဆေးခြင်း၊ သတိပေးအရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ပါက ဆက်စပ်ဌာနများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူများကိုလည်း မြန်မာစာအညွှန်းပါသည့် မှတ်ပုံတင်ထားရှိသော မြေသြဇာ၊ ပိုးသတ်ဆေးများကိုသာ သုံးစွဲရန်၊ အသုံးပြုရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ အသုံးပြုရာတွင်လည်း လိုအပ်မှသာ အညွှန်းအတိုင်း စနစ်တကျသုံးစွဲရန်၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများ၊ ဓာတ်မြေသြဇာများ အချိန်ကိုက် အချိုးကျသုံးစွဲနည်းများကို ပညာပေးဆွေးနွေးဟောပြောပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သီးနှံဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူများရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ရှမ်းပြည်နယ်အတွင်း တောင်ကြီး၊ အောင်ပန်း၊ အင်းလေး၊ လားရှိုး

စသည့်ကုန်စည်ဒိုင်များမှ ဈေးကွက်အချက်အလက်များကိုကောက်ယူ၍ လယ်ယာစီးပွားတွင် အပတ်စဉ် ထည့်သွင်းဖော်ပြပေးလျက်ရှိပါတယ်။ ထို့ပြင် တောင်သူများမှ ဈေးကွက်ဝင် သီးနှံများ၊ ဝင်ငွေတွက်ချေကိုက်မည့် သီးနှံစိုက်ပျိုးတတ်စေရန် တောင်သူအခြေပြု ဈေးကွက် သတင်းအချက်အလက်စနစ်ကို ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိပါတယ်။ ယနေ့ခေတ် သည် နည်းပညာခေတ်ဖြစ်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ သတင်းအချက် အလက်များ၊ ဈေးကွက်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ Mobile Application များကို တောင်သူများ အသုံးပြုတတ်စေရန် ဖြန့်ဝေဆွေးနွေးပေးလျက်ရှိ ပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ Mobile Application များတွင် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ ရာသီဥတုခန့်မှန်းချက်များ၊ သီးနှံစိုက်ပျိုးရေးဆိုင်ရာ အကြံပြုချက်များ၊ နှိုးဆော်ချက်များ၊ သီးနှံပိုးမွှားရောဂါ သတိပေးချက်များ၊ သွင်းအားစုနှင့် သီးနှံဈေးနှုန်း ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူများ အလွယ်တကူ လက်လှမ်းမီ သိရှိနိုင်စေရန် ဖော်ပြပေးထားပါတယ်။

ရှမ်းပြည်နယ်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက် စေရေးအတွက် ကုန်ကြမ်းမှ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်နိုင်ရေးအတွက် သီးနှံအခြောက်ခံ စက်များ၊ သိုလှောင်ရုံများ၊ တန်ဖိုးမြှင့်ထုတ်ကုန်စက်ရုံများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူ များ၊ လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ရိတ်သိမ်းချိန်လွန် အလေအလွင့်နည်းစေရန်အတွက် သီးနှံသိုလှောင်ရုံများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ သန့်စင်စက်များကို တည်ထောင်နိုင်ရန်အတွက်လည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ကော်ဖီ၊ အာလူး၊ ဟင်းသီးဟင်းရွက်၊ ကြံ၊ လက်ဖက်၊ ပိုးစာ၊ စပါး၊ အစေ့ထုတ်ပြောင်းစသည့် သီးနှံများအား Contract Farming စနစ်ဖြင့် တောင်သူများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များမှ အကျိုးတူ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ သီးနှံများအား Contract Farming စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တောင်သူစိုက်ပျိုးသော သီးနှံများအတွက် တိကျသေချာသော ဈေးနှုန်းတစ်ခုအား စတင်စိုက်ပျိုးသည့်အချိန်မှ ခံစားကြ ရမှာပင် ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအလိုက် မျိုးစေ့ထုတ်အသင်း (Seed Grower

Association-SGA)၊ မျိုးစေ့ထုတ်သမဝါယမအသင်း၊ သီးနှံအလိုက် တောင်သူအစုအဖွဲ့များ ဖွဲ့စည်းစေပြီး တောင်သူများစိုက်ပျိုးထားသည့် သီးနှံများဈေးကွက် ချိတ်ဆက်ရောင်းချနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်ရရှိလာနိုင်မည်ဖြစ်သည့်အတွက် တောင်သူများ အစုအဖွဲ့တွင် ပိုမိုပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခု ၂၀၁၉-၂၀၂၀ ခုနှစ်အထိ ရှမ်းပြည်နယ်အတွင်း သီးနှံအလိုက် တောင်သူအစုအဖွဲ့ပေါင်း (၄၄)ဖွဲ့ရှိပြီး အဖွဲ့ဝင်များ၊ တောင်သူများက ဈေးကွက်ချိတ်ဆက်ရေး၊ ဈေးကွက်ခိုင်မာမှုရရှိရေး စသည့် အကျိုးရလဒ်များကို ရရှိခံစားနေရပြီ ဖြစ်ပါတယ်။

ဒေသအတွင်း စိုက်ပျိုးထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေး စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက် ညှိနှိုင်းရေးဆွဲခြင်းကို SSSCCI ရုံးတွင် ထောပတ်သီးနှံနှင့် ဆိုင်သော အရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေး အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးမှုကို (၆-၉-၂၀၁၉) ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ ဈေးကွက်အလားအလာရှိသော သီးနှံများကိုလည်း အရည်အသွေး စံချိန်စံညွှန်းရေးဆွဲနိုင်ရန်အတွက်လည်း ဆက်လက် ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်းပြည်နယ်အပါအဝင် အခြား တိုင်းဒေသကြီး/ ပြည်နယ်များ ၏နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းနှင့် ဈေးကွက်သတင်းအချက်အလက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ရဲ့ (Website)တွင် လွှင့်တင်ထားပေးတာရှိပါတယ်။ ပြည်တွင်းပြည်ပ ဈေးနှုန်းဈေးကွက်အခြေအနေများကို Commerce Journal များတွင် ထည့်သွင်းရေးသားထားပါတယ်။ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှလည်း သီးနှံဈေးနှုန်းဈေးကွက်နှင့် ပြည်တွင်းပြည်ပတင်ပို့မှုအခြေအနေ စာအုပ်နှင့် လက်ကမ်းစာစောင်များကို တောင်သူနှင့် ကုန်သည်အသင်းအဖွဲ့များသို့ ဖြန့်ဝေလျက်ရှိပါတယ်။ တောင်သူများ ရိတ်သိမ်းချိန်တွင် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာဌာနမှ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ လာရောက်ပို့ချပေးလျက် ရှိပါတယ်။ ထို့ပြင် လယ်ယာထုတ်ကုန်သီးနှံများ တန်ဖိုးမြှင့် (value added) ထုတ်လုပ်နိုင်ရေး အတွက် အသေးစားနှင့် စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းများဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဈေးကွက်ခိုင်မာရေး၊ ဈေးနှုန်းအာမခံချက်ရရှိရေးနှင့် ဈေးကွက်ကြားခံ ကုန်ကျစရိတ်များလျော့နည်းစေရေးအတွက် သီးနှံဆိုင်ရာအသင်းအဖွဲ့ပေါင်း (၂၇)ဖွဲ့နှင့် ကုန်စည်ဒိုင်(၁၄)ခု

တို့ကို ဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူများ အနေဖြင့် ဈေးနှုန်းဈေးကွက် မှန်ကန်တည်ငြိမ်စေရေးအတွက် သတ်မှတ်ထားသည့် အရည် အသွေးစံချိန်စံညွှန်း ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သကဲ့သို့ ရှမ်းပြည်နယ်မှ ထွက်ရှိသည့်သီးနှံများကို Organic ၊ GAP ၊ GMP စသည့်စနစ်များဖြင့် ထုတ်လုပ်နိုင်ရန် အတွက် ဦးစီးဌာနများနှင့် အသင်းအဖွဲ့များမှ နည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိပါတယ်။ သီးနှံများ ဈေးနှုန်းဈေးကွက်မှန်ကန်ရေး၊ ရောင်းဝယ် ဖောက်ကားမှုပြုရာတွင် လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ သီးနှံ အလိုက် အသင်းအဖွဲ့များ၊ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသအလိုက် သီးနှံဇုန်များ၊ သီးနှံအစုအဖွဲ့များကိုလည်း ဖွဲ့စည်းနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆက်လက်ပြီး မွေးမြူရေးကဏ္ဍဆောင်ရွက်မှုများကို တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ် အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထုတ်ကုန်အရည်အသွေးတိုးတက်စေရန် ဈေးကွက်၊ တန်ဖိုးမြင့်ကုန်ထုတ်လုပ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းဆိုင်ရာမူဝါဒအရ အရည်အသွေး စံချိန် စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များ စစ်ဆေးခြင်း၊ ရောဂါများဆိုင်ရာ စည်းမျဉ်းစည်းကမ်း နှင့်အညီတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကျွဲ၊ နွား အရှင်များ တစ်ဖက်နိုင်ငံသို့ တရားဝင် တင်ပို့မည့် ကျွဲ၊ နွားများရောဂါ ကင်းရှင်းရေးအတွက် မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်တွင် ကျွဲ၊နွားများအား ယာယီစောင့်ကြည့်စစ်ဆေးရေးစခန်းကို ၂၂-၄-၂၀၁၉ ရက်နေ့တွင် ဖွင့်လှစ်၍ တိရစ္ဆာန်ရောဂါစောင့်ကြည့် စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ်၊ မတ်လအထိ ကျွဲ၊ နွားကောင်ရေ စုစုပေါင်း(၅၀၀၇၆၂) ကောင်အား စစ်ဆေးပေးနိုင်ခဲ့ပြီး အခွန်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ (၆၀၆.၁၃၇၇)သန်း ရရှိခဲ့ပါတယ်။ ကွတ်ခိုင်မြို့နယ် တိရစ္ဆာန်ရောဂါစောင့်ကြည့် စစ်ဆေးရေးစခန်းအား ဗဟိုပြု၍ (၅)ကီလိုမီတာပတ်လည်တွင် ရောဂါကင်းရှင်းရေးဇုန်နှင့် (၅၀)ကီလိုမီတာပတ်လည်တွင် ရောဂါထိန်းချုပ်ရေးဇုန်တို့အား အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တင်ပြပါပုံနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။ အဆိုပါ ဇုန်များမှာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် ပြည်နယ်၊ ခရိုင် လုပ်ငန်းကြီးကြပ်ရေးကော်မတီများ၊ မြို့နယ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။

နွားမျိုးကောင်းမျိုးသန့်များ ပွံ့ဖြိုးတိုးတက်ရေးအနေဖြင့် ဒေသနွားများအား မေထုန်မှဲ့သားစပ်ဆောင်ရွက်ခြင်းဖြင့် မျိုးကောင်းမျိုးသန့်နွားမျိုးများဖြစ်လာရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ခိုင်းနွား (၁၀၁၄)ကောင်၊ နို့စားနွား (၃၉၉၁)ကောင်နှင့် အသားစားနွား (၁၀၀၇)ကောင်၊ စုစုပေါင်း (၆၀၁၂)ကောင်အား ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သဘာဝလွှတ်ကျောင်းစနစ်အား လျော့ချနိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ပြည်နယ်ရန်ပုံငွေမှ ကျခံသုံးစွဲ၍ ဝယ်ယူခဲ့သော မွှန်ဘားဆား မြက်မျိုးစေ့များကို မွေးမြူသူတောင်သူများသို့ ဆက်လက်ဖြန့်ဝေပေးခဲ့ပြီး သရုပ်ပြ စားကျက်မြက်စိုက်ခင်းများ ထူထောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အရည်အသွေးပြည့်မီသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူသူတောင်သူ(၁၆၄၅၀)ဦးသို့ မွေးမြူရေးဆိုင်ရာသင်တန်းပေါင်း (၁၀၂) ကြိမ်၊ တိရစ္ဆာန်အဟာရဗေဒသင်တန်း (၁၁၅)ကြိမ်၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း (၁၁၂)ကြိမ်၊ စုစုပေါင်း(၃၂၉)ကြိမ်ရေ ပို့ချပေးနိုင်ခဲ့ပါတယ်။

ညောင်ရွှေမြို့နယ်တွင် ရှမ်းရိုးမမွေးမြူရေးဇုန်(၁)၊ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ နမ့်ကွတ်ကျေးရွာတွင် ရှမ်းရိုးမမွေးမြူရေးဇုန်(၂)နှင့် ကျောက်မဲမြို့နယ်တွင် ကျောက်မဲမွေးမြူရေးဇုန်(၃)တို့ကို တည်ထောင်၍ ဥစားကြက်မွေးမြူရေးလုပ်ငန်းကို အောင်မြင် ဖြစ်ထွန်းစွာ မွေးမြူဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ မွေးမြူရေးဇုန်များ၌ ဥစားကြက်မွေးမြူထားရှိမှုနှင့် ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါတယ် -

| **စဉ်** | **ဇုန်အမည်** | **အကျယ်အဝန်း (ဧက)** | **မွေးမြူသူဦးရေ** | **ခြံ အရေအတွက်** | **မွေးမြူကောင်ရေ** | **တစ်ရက်ထုတ်လုပ်နိုင်မှု** |
|---|---|---|---|---|---|---|
| ၁ | ရှမ်းရိုးမမွေးမြူရေးဇုန်(၁) | ၄၂၉.၉ | ၈၈ | ၂၃၉ | ၁၀၄၈၀၀၀ | ၆၀၀၀၀၀ |
| ၂ | ရှမ်းရိုးမမွေးမြူရေးဇုန်(၂) | ၅၀၀.၀ | ၂၁ | ၂၇ | ၁၆၀၀၀၀ | ၈၀၀၀၀ |
| ၃ | ကျောက်မဲမွေးမြူရေးဇုန် | ၇၈.၀ | ၂၃ | ၁၂၀ | ၃၆၉၅၀၀ | ၂၃၀၀၀၀ |
| **စုစုပေါင်း** | | **၁၀၀၇.၉** | **၁၆၄** | **၃၆၅** | **၁၅၃၄၅၀၀** | **၉၈၀၀၀၀** |

အဆိုပါ ဇုန်(၃)ခုမှ ကြက်ခြံလုပ်သား (နေ့စား/ အမြဲတမ်း)ဝန်ထမ်း (၅၅၀)ခန့်ကို အခြေခံလစာ (၁၀၈၀၀ဝ)နှုန်းဖြင့် ခန့်ထားပေးကာ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းအတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးလျက်ရှိပါတယ်။ ဈေးကွက် အနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယား၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ နေပြည်တော်၊ ရခိုင်၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများသို့ ဖြန့်ဖြူး ရောင်းချလျက်ရှိပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်း ဥစားကြက်မွေးမြူရေးလုပ်ငန်းများ စနစ်တကျမွေးမြူ၍ ထုတ်ကုန်များ တိုးတက်စေရေးအတွက် ရှမ်းပြည်နယ်ကြက်မွေးမြူရေး ဥပဒေကို ၂၃-၉-၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄ ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း မွေးမြူသူဦးရေ(၁၄၆၀)ဦးနှင့် ငါးမွေးကန်ဧရိယာ (၃၃၈၃.၀၈၁) ဧကရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး၊ ခိုင်မာသောဈေးကွက် ဖော်ဆောင်နိုင်ရန်အတွက် နှစ်စဉ် သင်တန်း များ၊ ပြခန်းများဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် သင်တန်း(၆)ကြိမ် ပို့ချဆောင်ရွက် နိုင်ခဲ့ပြီး တစ်နိုင်တစ်ပိုင် ငါးမွေးမြူခြင်းလုပ်ငန်းမှ အဆင့်မြင့်စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ငန်း ဖော်ဆောင်နိုင်ရေးနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်ကို ဖော်ဆောင် နိုင်ရေးအတွက် စည်းရုံးပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ပေး နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ငါးသယံဇာတပေါများစေရန်နှင့် ဒေသတွင်းငါးစားသုံးမှု ဖူလုံစေရန် အတွက် သဘာဝရေပြင်များ၊ ဆည်၊ တာတမံ၊ ကန်၊ အင်းများအတွင်းသို့ နှစ်စဉ် ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးလျက်ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငါးသားပေါက်ကောင်ရေ (၈)သိန်းကျော် မျိုးစိုက်ထည့်ပေးနိုင်ခဲ့ပါတယ်။ ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ရေသယံဇာတပျက်စီးခြင်းများ မရှိစေရေးအတွက် အင်း/ တင်ဒါချက်များ ကြိုတင်ပြင်ဆင်ချိန်ဖြစ်သည့် နှစ်စဉ် မတ်လနှင့် ဧပြီလတွင်လည်းကောင်း၊ ငါးရစ်ငါးသန် မဖမ်းဆီးရ တားမြစ်ချိန်ဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လများတွင်လည်းကောင်း၊ အင်း/တင်ဒါချက် လုပ်ငန်းရာသီဖြစ်သည့် ဩဂုတ်လမှ မတ်လအထိ ကာလများတွင် စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ကြီးကြပ်ဆောင်ရွက်

လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တရားမဝင်ငါးဖမ်းဆီးမှု နှင့် ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်အတွက် ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တားမြစ်ထားပြီး တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် အသိပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းနှင့် ပညာပေးပိုစတာများ စိုက်ထူခြင်း ဆောင်ရွက်လျက်ရှိပြီး ဥပဒေပါတားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်အရင်းမပျောက်မတည် ရန်ပုံငွေအား ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း(၃၀၀)နှုန်းဖြင့် ကျေးရွာ(၁၈)ရွာအား မတည်ဆောင်ရွက်ပေးလျက်ရှိပြီး ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး၊ ခိုင်မာသော ဈေးကွက်ဖော်ဆောင်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ ဩဂုတ်လအထိ စီမံကိန်းငါးထုတ်လုပ်မှုမှာ မွေးမြူရေးလုပ်ငန်းတွင် ပိဿာချိန် ထောင်ပေါင်း (၃၈၉၅.၇၃၀)၊ အင်းလုပ်ငန်းတွင် ပိဿာချိန်ထောင်ပေါင်း (၁၃၈၇.၂၉)နှင့် ဘုံငါးဖမ်းလုပ်ငန်းတွင် ပိဿာချိန်ထောင်ပေါင်း (၇၀၅.၄၄၃)၊ စုစုပေါင်း ငါးထုတ်လုပ်မှု ပိဿာချိန်ထောင်ပေါင်း (၅၉၈၈.၄၆၃) ထုတ်လုပ်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ ခင်ဗျား။ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင် မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေးနှင့် ခိုင်မာသော ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများသည် လက်ရှိမှာလည်း ဆောင်ရွက်လျက်ရှိပြီး ရေရှည်မှာလည်း ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပါသဖြင့် အဆိုပါ အဆိုအား အတည်ပြုသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းစွာ ပြန်လည်ရှင်းလင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်စောအောင် တင်သွင်းတဲ့အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၃)ဖြစ်ပါတယ်။ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန် အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"**အဆိုနှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထား ပါတယ်။ ပထမဦးစွာ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး သက်ဦးစံက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီး သက်ဦးစံ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** အားလုံး ပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး သက်ဦးစံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်**

**အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်ဆိုရာမှာ နိုင်ငံသူ၊ နိုင်ငံသားများ၏ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုအနုပညာဆိုင်ရာ အသိပညာဗဟုသုတ ကြွယ်ဝမှုများ အတတ်ပညာ၊ ကျွမ်းကျင်မှုများ၊ လေ့လာအားထုတ်မှုများနှင့် တီထွင်ကြံဆမှုများအပေါ် များစွာမူတည်နေပါတယ်။ တိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်ပုံဖော်ရန် အခြေခံအုတ်မြစ်မှာ မှန်ကန်ကောင်းမွန်သည့် ပညာရေးစနစ်နှင့် ပညာရတနာသိုက်ဖြစ်သော စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးဖြစ်ပါတယ်။ နောင်အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းပြီး ဖွံ့ဖြိုးရင့်ကျက်သော နိုင်ငံသားများ ဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးသွားရန် အထူးပင်လိုအပ်လှပါတယ်။

ယနေ့ မြန်မာနိုင်ငံသည် ပညာရေးကို ပြုပြင်ပြောင်းလဲ အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိပြီး တစ်ဖက်တွင်လည်း စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာစေရန် ကြိုးပမ်းအားထုတ်လျက်ရှိတာကို တွေ့ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းအနေဖြင့်လည်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ဝါသနာ၊ စာဖတ်အလေ့အထ တိုးတက်မြင့်မားရေးနှင့် တိုးတက်ခေတ်မီသော စာကြည့်တိုက် နည်းပညာများပြန့်ပွားရေးအတွက် အာရှဖောင်ဒေးရှင်းအပါအဝင် ပြည်တွင်း/ ပြည်ပအသင်းအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆရာ/ ဆရာမများ၊ မိဘဆရာအသင်း များ၊ ပြည်သူများနှင့် ပူးပေါင်း၍ အောင်မြင်မှုရရှိအောင် ဆောင်ရွက်နေတာကိုလည်း သိရှိကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ထိရောက်သော ကျောင်းစာကြည့်တိုက်များသည် ကျောင်းသား/ ကျောင်းသူများ၏ သင်ယူမှုရလဒ်၊ အရည်အသွေးများကို ကောင်းစွာအဆင့်မြှင့်တင်ပေးနိုင်ပါတယ်။ ကျောင်းစာကြည့်တိုက်များသည် တစ်သက်တာပညာသင်ကြားရေးကို သတင်းအချက်အလက်နှင့် စာတတ်မြောက်ရေးတို့အတွက် ပူးပေါင်းချိတ်ဆက်ထားသော ကျောင်းသင်ခန်းစာများမှတစ်ဆင့် အထောက်အကူပေးပါတယ်။ ဒါ့အပြင် ကျောင်းစာကြည့်တိုက်များသည် ဝေဖန်စဉ်စားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ သတင်းအချက်အလက်နှင့် ၎င်း၏ ပုံစံမျိုးစုံ ဆက်စပ်မှု၊ အရည်အသွေးမြင့်မားသည့် သင်ကြားမှုနှင့် ပညာရေးဆိုင်ရာ အမြင့်မားဆုံး

စွမ်းဆောင်မှုရရှိစေရန်အတွက် ပညာရေးစနစ်အသစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေပါတယ်။ မြန်မာ့ပညာရေးစနစ်သည် ယခင်က မိဘ/ ဆရာဗဟိုပြု သင်ကြားရေးစနစ်ဖြစ်ခဲ့သော်လည်း ယခုအခါ ကျောင်းသား ဗဟိုပြုသင်ကြားရေးအဖြစ် ပြောင်းလဲကျင့်သုံးလာသည်ကိုလည်း တွေ့ရှိကြရမှာဖြစ်ပါတယ်။ ကျောင်းသား/ ကျောင်းသူများအနေဖြင့် မိမိတို့၏ ကြိုးစားအားထုတ်မှု၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်မှုများသည် မလွဲမသွေများစွာ လိုအပ်လာတော့မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သင်ကြားမှုများ၏ အထောက်အကူပြုဖြစ်သော အချက်အလက်များ ရှာဖွေစုဆောင်းရရှိရေး အတွက် ကျောင်းစာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် အရေးတကြီးလိုအပ်လာမှာ ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်များသည် ပညာသင်ကြားရေးကဏ္ဍအတွက် အရေးပါရုံ သာမက ကျောင်း၏ ရည်မှန်းချက်ပန်းတိုင်နှင့် သင်ရိုးညွှန်းတန်းများကိုလည်း များစွာ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသင်ခန်းစာများအတွက်သာမက အခြားသော သုတ၊ ရသ အသိပညာများ၊ စိတ်ဝင်စားဖွယ်ရာ အထွေထွေဗဟုသုတများ၊ ပညာရပ်အမျိုးမျိုး တို့အတွက်လည်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

ကျောင်းစာကြည့်တိုက်များသည် မြန်မာမှုနယ်ပယ်တွင် ခေတ်အဆက်ဆက် သွန်သင် လေ့ရှိတဲ့ ဗလငါးတန်ဖွံ့ဖြိုးစေမှုမှာ ပဓာနကျစွာ ပါဝင်လျက်ရှိပါတယ်။ အထူးသဖြင့် ဉာဏ ဗလနှင့် စာရိတ္တဗလတို့ကို တိုးပွားစေသည့်အလျောက် နိုင်ငံတော်တည်ဆောက်ရေး အတွက် အထောက်အပံ့ဖြစ်စေမယ်လို့ ယုံကြည်မိပါတယ်။ ကျောင်းစာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်မှာ စာကြည့်တိုက်ရပ်တည်မှု အခြေခံမှုဖြစ်သည့် စာအုပ်၊ အဆောက်အဦ၊ ဦးနှောက် (Book, Building, Brain) ဟူသော “B” သုံးလုံးလိုအပ်ချက်အပြင် စေတနာ၊ စည်းကမ်း၊ (Power Book) ခေါ် စက်ယန္တရားစာအုပ်များပါ ခေတ်နှင့်အညီ လိုအပ်နေမည် ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတကာ စာကြည့်တိုက် ဆောင်ပုဒ်ဖြစ်သည့် (Read, learn, Connect) ဆိုသည့်အတိုင်း စာကြည့်တိုက်သုံးစွဲသူ ကျောင်းသား/ ကျောင်းသူများ စာဖတ် သင်ကြားရုံသာမက စာကြည့်တိုက်များနှင့် ဆက်သွယ်ကာ ပညာဗဟုသုတတိုးပွားအောင် လေ့လာနေကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ထို့ကြောင့် “ပညာရှာသူ တို့ဝိုင်းကူ” ဆိုသည့် ဆောင်ပုဒ်အတိုင်း စာကြည့်တိုက် ဖြစ်ထွန်းတိုးတက်စေရေးအတွက် မွန်မြတ်သော စိတ်ထားနှင့် အင်အားရှိသမျှ ရေရှည်

စီမံချက်ချမှတ် ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား/ ကျောင်းသူများ အသိပညာ၊ ဗဟုသုတ တိုးပွားစေနိုင်ပါသဖြင့် သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုင်းဝန်းဆမ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်း ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် ဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏အဆိုဖြစ်သော **"ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး စီမံချက် ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း "** အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင် တင်သွင်းသွားသည့်အတိုင်း ယခုအချိန်မှာ ကျွန်တော်တို့နိုင်ငံသည် ပညာရေးကိုပြုပြင်ပြောင်းလဲအဆင့်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည် ထွန်းကားလာစေရန်နှင့် အရည်အသွေးပြည့်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးနှင့် ၎င်းစာကြည့်တိုက်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက် ရန်လည်း အထူးဂရုစိုက်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်သည်

ကျောင်းသူ /ကျောင်းသားများအတွက် တစ်နေရာတည်းနှင့် သင်ယူခြင်း၊ မှတ်သားခြင်း၊ ဗဟုသုတရစေခြင်း၊ အတွေးအခေါ်အမျှော်အမြင်တိုးပွားစေခြင်း၊ အသိဉာဏ်ကြွယ်ဝလာစေခြင်း စသည့်အချက်များကို ဝန်ဆောင်မှုပေးနိုင်သည့် အဓိက အစိတ်အပိုင်းနေရာပင်ဖြစ်ပါတယ်။ နောက်ဆုံးပေါ်ဆန်းသစ်သော နည်းပညာနှင့် အခမဲ့ အသုံးပြုနိုင်သော အရင်းအမြစ်များကို ကျောင်းသူ/ ကျောင်းသားများအား လက်လှမ်းမီစေလိုပါတယ်။

အသိပညာရရန်နှင့် ဦးနှောက်ဖွံ့ဖြိုးရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် ကျောင်းသူ/ ကျောင်းသားများ လက်လှမ်းမီရလောက်အောင် လွယ်ကူမှုရှိသည့် ပညာရှာမှီးရာ အရပ်သည် စာကြည့်တိုက်ပင်ဖြစ်ပါကြောင်းနှင့် ကျောင်းသူ / ကျောင်းသားများ လွတ်လွတ်လပ်လပ် ပညာဗဟုသုတရှာမှီးနိုင်သည့် နေရာသည် ကျောင်းစာကြည့်တိုက်များပင် ဖြစ်ပါတယ်။

ဒီနေရာမှာ စာကြည့်တိုက်အမျိုးမျိုးရှိကြောင်း လေ့လာသိရှိရပါတယ်။ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ ရည်ညွှန်းစာစာကြည့်တိုက်၊ အများပြည်သူစာကြည့်တိုက်နှင့် ကျေးလက်စာကြည့်တိုက်ဟူ၍ စာကြည့်တိုက်အမျိုးမျိုးလည်းရှိကြောင်း သိရှိရပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို ဒီထက်မက တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေးနှင့် အရည်အသွေးပြည့်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရန်အတွက် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အထူးလိုအပ်မှာဖြစ်ပါတယ်။ ကျောင်း စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပေးပါက ကျောင်းသူ / ကျောင်းသားများအတွက် အကျိုးရှိသော လုပ်ငန်းလည်းဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ နိုင်ငံတော်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပညာတတ်လူငယ်များ များစွာပေါ်ထွန်းလာမှာ ဖြစ်သည့်အတွက် သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသော “**ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း**” အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အသီးသီးထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်**(၁)**မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီရဲ့ **"ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း**" အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ် ရှမ်းပြည်နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (၂၉၄) ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၂၀၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၂၉၇)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၃၉၁) ကျောင်း၊ မူလတန်းလွန်ကျောင်း (၈၅၅)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၃၇၅၀) ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၆၅၉) ကျောင်းနှင့် တွဲဖက်အခြေခံပညာမူလတန်းကျောင်း(၁၀)ကျောင်း၊ စုစုပေါင်း စာသင်ကျောင်း(၆၄၆၀)ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။

အခြေခံပညာကျောင်းများတွင် သင်ကြားသင်ယူမှု ထိရောက် အောင်မြင်ရေးအတွက် ဆရာ/ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လေ့လာဆည်းပူးနိုင်ရန် စာကြည့်တိုက်များကို ပညာရေးမြှင့်တင်မှုအစီစဉ်အရ ဖွင့်လှစ်ထားရှိပါသည်။ တချို့ကျောင်းများတွင် သီးသန့်အဆောက်အဦဖြင့် ဖွင့်လှစ်ထားရှိခြင်း၊ တချို့ကျောင်းများ အခန်းတစ်ခန်းတွင် ဖွင့်လှစ်ထားရှိခြင်း စသည့်အခြေအနေအမျိုးမျိုး ရှိပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၆၇၃)ကျောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၁၂၈၃)ကျောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၄၉၇)ကျောင်း၊ စုစုပေါင်း ကျောင်းပေါင်း (၂၄၅၃)ကျောင်း၊ ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရှိပြီး ကျန်ကျောင်းများတွင်လည်း တစ်နိုင်တစ်ပိုင် စာအုပ်စင်များထားရှိ၍ စာကြည့်တိုက်တွေကို ဖွင့်လှစ်ထားရှိပါတယ်။

ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရှိခြင်း၏ ရည်ရွယ်ချက်များမှာ-

(က) ကျောင်းသားများ၊ ဆရာများ သင်ကြားသင်ယူမှုတွင် အထောက်အကူပြုစေရန်၊

(ခ) စာကြည့်တိုက် အသုံးပြု၍ ကျောင်းသား၊ ကျောင်းသူများ ကိုယ့်အားကိုယ်ကိုး ကာ ပညာဗဟုသုတ ရှာမှီးသော အလေ့အထရရှိစေရန်၊

(ဂ) ဆရာနှင့် ကျောင်းသားများသည် ပြဋ္ဌာန်းစာအုပ် သက်သက်သာ မဟုတ်ဘဲ ဆက်နွယ်နေသည့် အကြောင်းအရာများကိုပါ ကျယ်ဝန်းစွာ လေ့လာနိုင်ရန်၊

(ဃ) စာပေဘာသာရပ်များ အတွက်သာမဟုတ်ဘဲ (စာစီစာကုံး၊ ပန်းချီ၊ ဟောပြောပွဲ၊ အားကစား၊ နိုင်ငံတကာစာပေ၊ အနုပညာပြိုင်ပွဲစသည်) တို့အတွက်ပါ အထောက်အကူပြုနိုင်ရန်၊

(င) ယခုအခါ e-Libray တွင် ပုံနှိပ်စာအုပ်များ သာမက cassette, T.V, computer တို့ကို အသုံးပြု၍ ကျောင်းသင်ခန်းစာ၊ Dictionary ၊ ဗဟုသုတဖြစ်ဖွယ်များကို ရှာဖွေလေ့လာနိုင်ရန်၊

(စ) ကျောင်းသားများ အားလပ်ချိန်ကို စည်းကမ်းတကျ မှန်ကန်စွာအသုံးချ တတ်ရန်၊

(ဆ) ကျောင်းသား၊ ကျောင်းသူများ ရသစာပေခံစားမှု အလေ့အထရရှိစေရန်၊

(ဇ) ကျောင်းသား၊ ကျောင်းသူများသည် စာကြည့်တိုက်မှတစ်ဆင့် အမျိုးသား ယဉ်ကျေးမှု မြတ်နိုးစေရန်နှင့် အမျိုးသားဇာတိမာန် ထက်သန်စေရန်၊

(ဈ) ကျောင်းသား၊ ကျောင်းသူများ စာရိတ္တမြင့်မားစေရန် ဆိုပြီးတော့ ရည်ရွယ်ချက်တွေ ပြဋ္ဌာန်းထားပါတယ်။

ကျောင်းအားလုံးတွင် ကျောင်းစာကြည့်တိုက်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ် -

| | | |
|---|---|---|
| (က) | ကျောင်းအုပ်ကြီး | ဥက္ကဋ္ဌ |
| (ခ) | အတန်းမှူးများ | အဖွဲ့ဝင် |
| (ဂ) | ဘာသာရပ်မှူးများ | အဖွဲ့ဝင် |
| (ဃ) | ကျောင်းကောင်စီအတွင်းရေးမှူး | အဖွဲ့ဝင် |
| (င) | မိဘဆရာအတွင်းရေးမှူး | အဖွဲ့ဝင် |
| (စ) | စိတ်ပါဝင်စားသူ စာကြည့်တိုက်တာဝန်ခံဆရာ၊ ဆရာမ | အတွင်းရေးမှူး |
| (ဆ) | အခြားသင့်လျော်သူ ဆရာ၊ ဆရာမ | တွဲဖက်အတွင်းရေးမှူး |

ဆိုပြီးတော့ ကော်မတီဖွဲ့ထားပါတယ်။

ကော်မတီမှ ကျောင်းစာကြည့်တိုက်လုပ်ငန်း လည်ပတ်နိုင်ရေးအတွက် စာအုပ်များစုဆောင်းခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ ကျောင်းသားများ စာဖတ်ချင်စိတ်ရှိအောင် စည်းရုံးခြင်း၊ စာအုပ်များ ငှားရမ်းခြင်းဖြင့် လုပ်ငန်းရှင်သန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ ဖွင့်လှစ်ပေးခဲ့သည့် စံပြစာကြည့်တိုက်အနေနဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၂)ကျောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၂)ကျောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၂)ကျောင်း၊ စုစုပေါင်း စာသင်ကျောင်း(၆)ကျောင်းသည် စံပြစာကြည့်တိုက်အနေဖြင့်သာ ဖွင့်လှစ်ထားရှိပါတယ်။ ၎င်း(၆)ကျောင်းကို နမူနာယူပြီး အခြေခံပညာကျောင်းအားလုံးတွင် ဖွင့်လှစ်ထားသော ကျောင်းစာကြည့်တိုက်လုပ်ငန်း ပိုမိုရှင်သန်အောင် လုပ်ငန်းပိုမိုလည်ပတ်နိုင်အောင် လက်ရှိစာကြည့်တိုက်ဦးရေထက် ပိုမိုများပြားလာအောင် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)တွင်ပါရှိသော လူမှုရေးကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်က ပြတိုက်နှင့် စာကြည့်တိုက်များကို စီမံခန့်ခွဲပိုင်ခွင့်ရှိသော်လည်း အခြေခံပညာကျောင်းများမှ စာကြည့်တိုက်လုပ်ငန်းများအတွက် ဆောင်ရွက်ရန် လိုအပ်သော ရန်ပုံငွေများကို အခြေခံပညာဦးစီးဌာန၊ နေပြည်တော်မှ နှစ်စဉ် ပြည်ထောင်စု ဘတ်ဂျက်မှ

ခွဲဝေချထားပေးလျက်ရှိပါတယ်။ လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် အခြေခံပညာကျောင်းများတွင် စာကြည့်တိုက်များ တည်ဆောက်နိုင်ရေးအတွက် (၄၀)ပေ၊ (၃၀)ပေ စာကြည့်တိုက်အတွက် (၁၅)ကျောင်း၊ (၆၀)ပေ၊ (၃၀)ပေ စာကြည့်တိုက်အတွက် (၇)ကျောင်း၊ စုစုပေါင်း စာသင်ကျောင်း (၂၂)ကျောင်းမှာ စာကြည့်တိုက် ဆောက်လုပ်ရန် ရန်ပုံငွေ ကျပ် ၅၈၆.၆၂ သန်း လျာထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုဟာ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးရေးအတွက် တိုက်တွန်းတဲ့အဆိုဖြစ်တဲ့အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီး ရန်ပုံငွေပိုမိုရရှိရေး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် အဆိုကို အတည်ပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းသောအဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။ ယခုကျင်းပတဲ့ ပုံမှန်အစည်းအဝေး အပါအဝင် ပုံမှန်အစည်းအဝေးစုစုပေါင်း(၂၀) ကြိမ်၊ ဒုတိယသက်တမ်းအတွင်း ကျင်းပခဲ့တဲ့ အရေးပေါ်

အစည်းအဝေး(၃)ကြိမ်၊ အထူးအစည်းအဝေး(၂)ကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး စုစုပေါင်း (၂၅)ကြိမ် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ရှမ်းပြည်နယ်အကျိုးကို ဦးတည်ပြီး လွှတ်တော်မှာ ဥပဒေပြုခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း စသည်တို့ကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ယခုဆိုရင် သက်တမ်း (၅)နှစ် ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေးကို ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း (၆) ပါ အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ ဥပဒေ ၃၃ မှ ၄၅ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များကလည်း သတ်မှတ်ထားတဲ့ နည်းဥပဒေများအတိုင်း အစည်းအဝေးများကို အောင်အောင်မြင်မြင်ဖြစ်အောင် ပူးပေါင်းဆောင်ရွက်တဲ့အတွက် ကျွန်တော့်အနေနဲ့များစွာ ဂုဏ်ယူမိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဒီအစည်းအဝေးမှာ အဓိကထားပြီး ဆောင်ရွက်ခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)တို့ကို အတည်ပြုဆောင်ရွက်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)ကိုလည်း အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယသက်တမ်းအတွက် ဥပဒေကြမ်းများ အတည်ပြုခြင်းဟာ ဒါနောက်ဆုံးဖြစ်ပါလိမ့်မယ်။

သက်တမ်း(၅)နှစ်အတွင်း ကျွန်တော်တို့ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေများမှာ ဆိုလို့ရှိရင် ဒေသန္တရစီမံကိန်းဥပဒေ(၅)ခု၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာဥပဒေ (၁၀)ခုနှင့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ (၁၄)ခု၊ စုစုပေါင်း (၂၉)ခု ဖြစ်ပါတယ်။ အများပြည်သူနှင့် သက်ဆိုင်သောဥပဒေများကို အတည်ပြုပြဋ္ဌာန်းလိုက်တဲ့အခါမှာ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်နဲ့ သက်ဆိုင်ရာဌာနတို့က နည်းဥပဒေများကို ဆက်လက်ရေးဆွဲကြရမှာဖြစ်ပါတယ်။ ယခု အတည်ပြုပြဋ္ဌာန်းတဲ့ ဥပဒေ(၁၄)ခုအတွက် ရေးဆွဲနိုင်ခဲ့တဲ့ နည်းဥပဒေဟာ (၃)ခုဖြစ်ကြောင်းဖော်ပြလိုပါတယ်။

အဆိုအနေနဲ့ ဒီအစည်းအဝေးမှာ အဆို(၄)ခုစလုံးကို တင်သွင်းခဲ့ပြီး အဆို(၄)ခုစလုံးကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ သက်တမ်း(၅)နှစ် နီးပါးကာလအထိ လွှတ်တော်ကိုယ်စားလှယ်

(၃၆)ဦးတို့က အဆိုပေါင်း (၆၇)ခု တင်သွင်းခဲ့ရာ အတည်ပြုဖြစ်သော အဆိုမှာဆိုလို့ရှိရင် စုစုပေါင်း(၃၉)ခု ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် အများဆုံးပါဝင်ဆောင်ရွက်တဲ့ ကဏ္ဍကတော့ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍပဲဖြစ်ပါတယ်။ ယခု(၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၂၁)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၃၇)ခုမေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

လွှတ်တော်သက်တမ်း(၅)နှစ်အတွင်း ယနေ့အထိ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၀၇)ဦးတို့ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်းဟာ (၁၀၉၇)ခု ဖြစ်ပါတယ်။ လွှတ်တော်သက်တမ်းဖြစ်တဲ့ ၂၀၁၆ ခုနှစ်မှာ ယခု ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ၊ နှစ်စဉ်အလိုက် လွှတ်တော်မှာ မေးမြန်းဆောင်ရွက်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းဦးရေမှာ ၂၀၁၆ ခုနှစ်မှာ(၁၇၀)ခု၊ ၂၀၁၇ ခုနှစ်မှာ (၂၃၀)၊ ၂၀၁၈ ခုနှစ်မှာ (၂၇၆)၊ ၂၀၁၉ ခုနှစ်မှာ (၂၇၈)ဖြစ်ပြီး ယခု ၂၀၂၀ ပြည့်နှစ် (၄)ကြိမ်အထိ ကျင်းပသော အစည်းအဝေးများမှာ (၁၄၃)ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကြယ်ပွင့်မပြမေးခွန်းအနေနဲ့ ယခု အစည်းအဝေးကာလအထိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၅၉)ဦးတို့က မေးခွန်းပေါင်း (၇၈၂)ခု မေးမြန်းခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများအနေနဲ့ ပြည်သူတို့၏ တင်ပြ တိုင်ကြားစာများအရ သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်သက်တမ်း(၅)နှစ်အတွင်း ရေးရာကော်မတီ(၈)ခုတို့ ကွင်းဆင်းဆောင်ရွက်သည့်အကြိမ်ပေါင်းမှာ (၄၁) ကြိမ်ဖြစ်၍ စိစစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့သော အမှုတွဲပေါင်းမှာ (၁၃၅)မှု ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်အဖွဲ့အစည်းများဖြစ်ကြတဲ့ ရေးရာကော်မတီများဟာ လွှတ်တော်ကို တာဝန်ခံ၍လည်းကောင်း၊ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံပြီးလည်းကောင်း၊ မိမိတာဝန်များကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်တဲ့အတွက် ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ပါကြောင်း ပြောကြားလိုပါတယ်။

ယခု အစည်းအဝေးမှာ အသစ်ခန့်အပ်တာဝန်ပေးသည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အသစ်(၂)ဦး ကတိသစ္စာပြုခြင်း၊ လစ်လပ်လျက်ရှိသော ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး(၂)ဦးခန့်ထားခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းနှင့် ကတိသစ္စာပြုခြင်းတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်အစည်းအဝေးများမှာ ရှမ်းပြည်နယ်တရားလွှတ်တော်က လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ(၄)ကြိမ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးက ယခု အစည်းအဝေးမှာတင်ပြခဲ့တဲ့ အစီရင်ခံ အပါအဝင်ပေါင်း (၄)ကြိမ် တင်ပြခဲ့ပြီး အစီရင်ခံစာများကို လွှတ်တော်မှ မှတ်တမ်းထားရှိပါကြောင်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်၏ ဒုတိယသက်တမ်းအတွင်း ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများကို သီးခြားရုံးဝန်ထမ်းများအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပြီး ယနေ့အထိ အရာထမ်း (၁၆)ဦး၊ အမှုထမ်း (၄၅)ဦး၊ ရုံးဝန်ထမ်းစုစုပေါင်း(၆၁)ဦးတို့ဖြင့် လွှတ်တော်ရုံးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်၏ အရင်းအမြစ်ဖြစ်သော ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားစေရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ရုံး၏ သုတေသနဝန်ဆောင်မှုကဏ္ဍအနေနဲ့ ရုံး၏ စာကြည့်တိုက်၊ မော်ကွန်းတိုက်နှင့် သုတေသနဌာနမှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှစပြီး လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းထားတဲ့ အဆိုများ၊ မေးခွန်းများအပေါ်မူတည်၍ ရှမ်းပြည်နယ်လွှတ်တော်ကိန်းဂဏန်းအခြေပြု သုတေသနစာတမ်းများကို အမှတ်စဉ်(၄)အထိ ပြုစုပြီး ရှမ်းပြည်နယ်လွှတ်တော် Website တွင် ထုတ်ပြန်ဖော်ပြနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

အဆောက်အဦပိုင်းဆိုင်ရာအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းအဖြစ် ရှမ်းပြည်နယ်လွှတ်တော်၏ အထင်ကရ အဆောက်အဦဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ်ကို တည်ဆောက်နိုင်ခဲ့ပြီး၊ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ထို့အတူ ရှမ်းပြည်နယ် လွှတ်တော် ဧည့်ရိပ်သာတစ်ဆောင်နှင့် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းအိမ်ရာ(၃)လုံး တို့ကို ယခုသက်တမ်းကာလအတွင်း တည်ဆောက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အဆောက်အဦများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းသွားဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကို လာမဲ့ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားပြီးဖြစ်ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် လက်ရှိ ကိုယ်စားလှယ်များထဲက ပြန်လည်ဆန္ဒပြုအမည်စာရင်း တင်သွင်းတဲ့ ပုဂ္ဂိုလ်များရှိသလို ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဆန္ဒပြုထားတဲ့ ကိုယ်စားလှယ်များလည်းရှိကြောင်းသိရှိရပါတယ်။ကျွန်တော်တို့ တစ်တွေဟာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တာဝန်ကိုရေစက်ပါလို့ အတူတကွ ဆောင်ရွက်ခဲ့တာ (၅)နှစ်ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ လွှတ်တော်သက်တမ်းတစ်လျှောက်လုံးမှာ ကြုံတွေ့ရတဲ့ လွှတ်တော်ဆိုင်ရာ အခက်အခဲများနှင့်စိန်ခေါ်မှုများကို အေးအတူ၊ ပူအမျှဆိုသလို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရသည့် ရဲဘော်ရဲဘက်များဖြစ်ကြပါတယ်။

နိဂုံးချုပ်အားဖြင့် လာမည့်သက်တမ်းအတွက် ပြန်လည်ရွေးချယ်ရန် ဆန္ဒမပြုသောကိုယ်စားလှယ်များအနေနဲ့ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်တဲ့ လွှတ်တော်တာဝန်ကိုအောင်မြင်စွာ ထမ်းဆောင်ပြီးဖြစ်ကြောင်း မှတ်တမ်းတင်ပြောကြားလိုပါတယ်။ ဒါကြောင့်မိမိတို့ဒေသ အသီးသီးမှာ မိမိတို့ ပြန်လည်၍ ဆောင်ရွက်မည့် လုပ်ငန်းဆောင်တာများကိုအဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ကြပြီး ပြည်သူ့အကျိုးအတွက်လည်း တတ်နိုင်သည့်ဘက်မှ အုတ် တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ ဆက်လက်သယ်ပိုးနိုင်ကြပါစေလို့ ဆန္ဒပြုပြောကြားလိုပါတယ်။

ထို့အတူ ပြန်လည်အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများအားလုံးတို့ဟာလာမည့် အထွေထွေရွေးကောက်ပွဲကြီးမှာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားသောနည်းလမ်းများဖြင့် ယှဉ်ပြိုင်အနိုင်ရကြပြီး လွှတ်တော်တာဝန်များကိုဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးနိုင်ကြပါစေ။ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင်ပြည်သူပြည်သားများ အားလုံး ရောဂါဘေးအန္တရာယ်အသွယ်သွယ်မှ အမြန်ဆုံးကင်းဝေးကြပြီးအစဉ်ထာဝရ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားရင်းနှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန် အစည်းအဝေးအား ၁၃၈၂ ခု၊ ဝါခေါင်လပြည့်ကျော်(၂)ရက်၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၄)ရက် မွန်းလွဲ(၄)နာရီအချိန်မှာ အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာ ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါ တယ်ရှင်။

**ရှမ်းပြည်နယ်လွှတ်တော်**

**မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့ထိ**

**(ခရစ်သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှ စက်တင်ဘာလ ၄ ရက်နေ့ထိ)**

**တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဆုံးဖြတ်ချက်များ**

**ပထမနေ့ (၂- ၉- ၂၀၂၀) ဗုဒ္ဓဟူးနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၁၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး၊ ခွင့်မဲ့ ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်း"** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

၄။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသော ရှမ်းပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်သည့် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး(၂)ဦးခန့်ထားခြင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

**ဒုတိယနေ့ (၃- ၉- ၂၀၂၀) ကြာသပတေးနေ့**

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၂၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ခွင့်မဲ့ ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လက်ရှိထက် ပိုမိုကောင်းမွန်သော စနစ်ဖြင့် ရေတို ရေရှည်စီမံချက်များ ချမှတ်ကာ အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်း ကြောင်း"** အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေစွာရရှိနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှုအား မြှင့်တင်ခြင်းကို ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ် မြေယာခွန် ဥပဒေကြမ်းကို လွှတ်တော်က ဆုံးဖြတ်ထားသည့် အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးက တင်ပြသည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းအား မှတ်တမ်း တင်ကြောင်း ဆုံးဖြတ်သည်။

**တတိယနေ့(၄- ၉- ၂၀၂၀) သောကြာနေ့**

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၂၃)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ခွင့်မဲ့ ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို အစည်းအဝေး (တတိယနေ့)တွင် လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုသည်။

၁၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို အစည်းအဝေး (တတိယနေ့) တွင် လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုသည်။

၁၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဈေးကွက်နှင့် ထုတ်ကုန်တိုးတက်ရေး ခိုင်မာသော ဈေးကွက် ဖော်ဆောင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော် က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ် အတွင်းရှိ အခြေခံ ပညာကျောင်းများတွင် ပညာသင်နှစ်အလိုက် ကျောင်းစာကြည့်တိုက်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်က အတည်ပြု ကြောင်း ဆုံးဖြတ်သည်။

၁၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **“ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ”** အား ရှင်းလင်းတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။